www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်အကြောင်းကို

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို အခြေခံ၍ စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဆုအာဒူလီ

နှလုံးသားတံခါးဖွင့်ထားသည်

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း<br>မင်္ဂလာတောင်ညွန့် ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးစိုးသိမ်း (မြ - ၀၂၀၇၉)<br>သုခပုံနှိပ်တိုက်<br>အမှတ်(၁၄၈)၊ ၄၅-လမ်း(အထက်)၊<br>ဗိုလ်တထောင်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

ဆုအဥ္စလီ
နှလုံးသားတံခါးဖွင့်ထားသည်/ ဆုအဥ္စလီ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) နှလုံးသားတံခါးဖွင့်ထားသည်

## အခန်း (၁)

လူ့လောက၊ လူ့ဘဝကြီးဆိုတာက ရတာမလို လိုတာမရကြသည့်လူတွေ အများကြီး။ တချို့ လိုတရပြည့်စုံသူတွေလည်း ရှိပါသည်။ သို့သော် ထိုလူစုက လူနည်းစုဖြစ်သည်။ လိုချင်တိုင်းမရ။ တမ်းတတိုင်း မဖြစ်ကြသူတွေထဲမှာ ဒေါ်ရှိစီတို့ ဇနီးမောင်နှံလည်းပါသည်။ လင်မယားနှစ်ယောက်စလုံး မိမိရင်မှဖြစ်သော ရင်သွေးရတနာ သားသားမီးမီးကို ရှူးနေအောင် လိုချင်ပေမဲ့ မရ။ သူများမိသားစုတွေ ပျော်ရွှင်နေကြတာ မြင်ရတိုင်း တစ်ယောက်တည်း ကျိတ်ခွေးပြီး မျက်ရည်ကို တိတ်တိတ် အဖော်ပြုနေရသူက ဒေါ်ရှိစီဖြစ်သည်။

ခင်ပွန်းသည် စိတ်ဆင်းရဲမှာစိုး၍ နှုတ်က ထုတ်မပြောသော်လည်း ဒေါ်ရှိစီရင်ထဲက ခံစားချက်တိုင်းကို ခင်ပွန်းဖြစ်သူက သိထားတော့ ဒေါ်ရှိစီကွယ်ရာမှာ သက်ပြင်းတွင်တွင်ချနေရသူ ဖြစ်သည်။ လင်မယားနှစ်ယောက်စလုံး တစ်ယောက် စိတ်ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ူကို တစ်ယောက် လိုက်လျောချင်ကြသည်။ တစ်ယောက်နှင့် တစ်ယောက် ချစ်လွန်းလို့၊ မြတ်နိုးလွန်းလို့ ယူထားကြသူတွေ။ နောက်ဆုံး သူတို့နှစ်ယောက် တိုင်ပင်ဆွေးနွေးကြသည်က ဘယ် တုန်းကမှ မလုပ်ဘူးသည့် အလုပ်တစ်ခုကို လုပ်ကြရန် ဖြစ်သည်။

အစတော့ နှစ်ယောက်စလုံး အင်တင်တင်။ ကိုယ့်စိတ်ကူး၊ ကိုယ့်အကြံအစည်ကို ကိုယ့်ဘာသာ သဘောမကျ။ စိတ်ကူးထဲ မှာပဲ ပယ်လိုက်၊ ဖျက်လိုက်။ သက်ပြင်းကိုယ်စီချလိုက်နှင့်။ စိတ်ကူးထဲက အကြံအစည်ကို အကောင်အထည်အထိ ဖြစ်လာ လိမ့်မည်ဟု မထင်။ သူစိမ်းကလေးတစ်ယောက်ကို ကိုယ့်ရင်က ဖြစ်သော သားသမီး သွေးသားအရင်းအချာလို အလွယ်တကူ သဘောမထားနိုင်ကြတာကိုလည်း ထည့်တွက်စဉ်းစားရသေးသည်။ တစ်ဖက်ကလည်း အိမ်၏ ကျက်သရေဆောင် သမီး သားလေး တွေနဲ့ နွေးထွေးပျော်ရွှင်သည့် မိသားစုဘဝကို လိုလားနေတာလည်း ထိန်းမနိုင် သိမ်းမရဆိုတော့ သားသမီးမွေးစားဖို့ လင်မယား နှစ်ယောက် စိတ်တူကိုယ်တူ ဆုံးဖြတ်လိုက်ကြသည်။

"မင်း အလုပြင်နေတာ ဒီနေ့ ပြီးဦးမှာလား မာမိကြီး"

"ပြီးပါပြီ ဒယ်ဒီရဲ့၊ နှုတ်ခမ်းနီလေး ဆိုးရုံပါ"

"ကဲ... ပြီးပြီ၊ သွားကြမယ်"

ဒေါ်ရိုစီက မှန်ထဲကို ရှေ့နောက်တစ်ချက် တစ်ကိုယ်လုံး လှည့်ပတ်ကြည့်ပြီး စိတ်ကျေနပ်မှ သူမကိုင်နေကျ မိကျောင်း သားရေလက်ဆွဲအိတ်ကို ကောက်ယူ၍ ပြောလိုက်ခြင်းဖြစ်သည်။

လင်မယားနှစ်ယောက် ကားနှင့်ချိန်းဆိုထားသည့် နေရာသို့



ထွက်လာသော်လည်း ဒေါ်ရိုစီရင်ထဲမှာ အနည်းနှင့်အများဆိုသလို လှုပ်ရှားနေ၏။ စိတ်ထဲကလည်း သူတို့ မွေးစားခွင့်ရသည့် ကလေးလေး၏ပုံစံမှာ ဘယ်လိုဖြစ်လာမလဲဆိုတာ တစ်လျှောက်လုံး စဉ်းစားစိတ်ကူးယဉ်လာသဖြင့် ခင်ပွန်းသည်ကိုပင် စကား မပြောနိုင်။

"ရို့စ်"

"ဘာလဲ... ကို"

"မင်းကြည့်ရတာ သိပ်ပြီး စိတ်လှုပ်ရှားနေသလိုပဲကွာ၊ စိတ်ကို အေးအေးထားစမ်းပါ"

ခင်ပွန်းသည်စကားကြောင့် ဒေါ်ရိုစီ သက်ပြင်းတစ်ချက် ချရင်း ခင်ပွန်းသည်ကို လှပစွာ ပြုံးပြီးကြည့်လိုက်သည်။

"ရို့စ်လည်း ကို ပြောသလို စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ကြိုးစားနေပါတယ် ကို၊ ဒါပေမဲ့ ရို့စ်တို့ မိသားစု ဘဝလေးထဲကို ဝင်လာမဲ့ သမီးလေးဟာ ဘယ်လိုကလေးမျိုး ဖြစ်မလဲ၊ ဘယ်လိုပုံစံလေးလဲဆိုတာ တွေးမိပြန်တော့ ရို့စ် စိတ်ကူး ထဲကအတိုင်း ဖြစ်မှဖြစ်ပါ့မလားလို့ စိုးရိမ်စိတ်က ဖြစ်လာပြန်ရော ကိုရယ်"

"ဘာကိုမှ သိပ်မျှော်လင့်မထားတာ အကောင်းဆုံးပဲ ရို့စ်၊ ကိုယ်တို့ဘက်က အကောင်းဆုံးဖြစ်အောင် ကြိုးစားမယ်၊ ကျန်တာ ကတော့ ကိုယ်တို့ကံလို့ပဲ သဘောထားလိုက်၊ ဒါမှ အဆင်ပြေမှာ"

"ကို ပြောတာလည်း မှန်ပါတယ်၊ ရို့စ်လည်း အများ ကြီးတော့ မျှော်လင့်မထားပါဘူး၊ လောကကြီးက ကိုယ်ဖြစ်ချင်

www.burmeseclassic.com

www.burmeseclassic.com



သလိုမဖြစ်ဘဲ သူ ဖြစ်ချင်တာတွေချည်း လျှောက်ဖြစ်နေတာ ရိ့စ်တို့ ကိုယ်တွေ့ပဲလေ”

ထိုစကားကို ဒေါ်ရိုစီရင်ထဲက ဖြစ်ပေါ်လာသော နက်ရှိုင်းပြင်းထန်သော စိတ်ခံစားချက်ဖြင့် လေးနက်စွာ ဆိုလိုက်ခြင်းဖြစ်သည်။ ဒေါ်ရိုစီ သိပ်လိုချင်တဲ့ ကိုယ့်သွေးသားရင်းချာနှင့် မိသားစုဘဝဆိုတာ ဒီဘဝ ဘယ်တော့မှ ဖြစ်လာနိုင်စရာအကြောင်းမရှိတာ သူတို့လင်မယားနှစ်ယောက်လုံး သိထားပြီးသားဖြစ်သည်။

“ကံတရားကလည်း ကိုတို့အတွက် သားသမီးတစ်ယောက်လောက်တောင် လက်ဆောင်အဖြစ် မပေးခဲ့ဘူးနော် ရိ့စ်”

“ဘယ်တတ်နိုင်ပါ့မလဲ ကိုရယ်၊ ရှေးအတိတ်ဘဝတုန်းက ရိ့စ်တို့ ဘာတွေလုပ်ခဲ့မိမှန်းမှ မသိတာ”

ပြောရင်း ဒေါ်ရိုစီအသံက ငိုသံစွက်သွားသည်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ယောကျ်ားဖြစ်သူထက် သူမရင်ထဲက ခံစားချက်က ပိုမိုပြင်းထန်တာ သူမပဲ သိသည်။ ကိုယ်ကိုယ်တိုင်ကလည်း မြူနေသူမဟုတ်။ ကိုယ်တိုင် ကိုယ်ဝန်ဆောင်ဖူးပါလျက် ရင်ခွင်မှာပိုက်ထွေးခွင့်မရခဲ့တာတော့ သူလည်း မတတ်နိုင်။

“စိတ်မကောင်းစရာတွေ ပြန်တွေးမနေနဲ့တော့ ရိ့စ်၊ အခုချိန်ကစပြီး ကိုယ်တို့လိုချင်တဲ့ မိသားစုဘဝလေး ပိုင်ဆိုင်ရတော့မှာပါကွာ၊ နောက်ဆို ဟောဒီက မာမီကြီးရယ်၊ ဒယ်ဒီရယ်၊ သမီးလေးရယ် ဘယ်လောက် ပျော်စရာကောင်းလဲ”

“သမီးလေး”



“ဟုတ်တယ်၊ ကိုတို့ရဲ့ သမီးလေးဟာ ရိ့စ်လို သိပ်လှပြီး သိပ်ချစ်စရာကောင်းတဲ့ သမီးအလိမ္မာလေး ဖြစ်မယ်လို့ ကိုတော့ ယုံတယ်”

“ဘုရားပေးတဲ့ သမီးလေးပေါ့”

ဘုရားပေးတဲ့ သမီးလေး။

ဟုတ်တယ်။

ရိ့စ်ရဲ့သမီးလေးဟာ ဘုရားသခင်က ရိ့စ်အတွက် ပေးအပ်လိုက်တဲ့ ချစ်စရာအကောင်းဆုံး လက်ဆောင်လေးပါ။

“ရိ့စ်”

“ရှင်... ကို”

“ကိုယ်တို့သမီးလေးကို အကောင်းဆုံး ပြုစုပျိုးထောင်ပေးကြမယ်... ဟုတ်လား”

“ကျေးဇူးတင်ပါတယ်ကို”

“ကိုကလည်း ကိုယ့်ချစ်ဇနီးကို သိပ်ကျေးဇူးတင်ပါတယ်တဲ့ဗျာ”

“ဘာဖြစ်လို့လဲ ကို”

“ကိုယ်တို့ဘဝထဲကို ချစ်စရာသမီးလေးတစ်ယောက် ခေါ်လာပေးလို့လေ”

“ကိုရယ်”

ဇနီးသည် ကြံဖန်ပြီး စိတ်ချမ်းသာအောင် ပြောတတ်သည့် ခင်ပွန်းဖြစ်သူ၏ ကြီးမြတ်သော စိတ်သဘောထားကို လေးစားမြတ်နိုးစိတ်ဖြင့် ချစ်မဝနိုင်စွာ ခင်ပွန်းသည်မျက်နှာကို နူးညံ့

www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့စွာ ကြည့်လိုက်သည်။ ဒီအကြံအစည်ကို လင်မယား နှစ်ယောက် စိတ်တူကိုယ်တူ တိုင်ပင်ဆွေးနွေးပြီးမှ အသေအချာ ဆုံးဖြတ်ခဲ့ကြရခြင်းပါ။

ဒေါ်ရိုစီတစ်ယောက်တည်း၏ အကြံဉာဏ်မဟုတ်ပေမဲ့ ခင်ပွန်းသည်က ဒေါ်ရိုစီကို ကျေးဇူးတင်စကား ဆိုခဲ့တာကိုက ဒေါ်ရိုစီရင်ထဲ တသိမ့်သိမ့် လှုပ်ခတ်စေခဲ့တာပါ။

"ကဲ… မာမီကြီး၊ ရှေ့နားဆို မာမီကြီးသမီး ရှိတဲ့နေရာကို ရောက်ပြီဗျာ့နော်၊ ကိုယ့်စိတ်ကို အခုကတည်းက အဆင်သင့် ဖြစ်အောင် ပြင်ဆင်ထားဦး"

"ဒယ်ဒီကြီးကရော"

"ဩော်… ကိုက အစကတည်းက ကြိုတင်ပြင်ဆင် ထားပြီးသား၊ သမီးလေးကို ကိုယ်တို့ဘဝထဲ ခေါ်တော့မယ် ဆိုကတည်းကလေ၊ ရို့စ်သမီးဟာ ဒယ်ဒီ့သမီးပေါ့"

"ဟော… ရောက်ပြီ၊ မာမီကြီး… အိုခေတယ်နော်"

"အိုခေပါတယ် ဒယ်ဒီရယ်"

ဒေါ်ရိုစီက လှုပ်ရှားနေသည့်စိတ်ကို ထိန်းချုပ်ပြီး အလှဆုံး အပြုံးနှင့် ပြောလိုက်သည့်အခိုက်မှာပဲ သူတို့စီးလာသည့်ကားက အဆောက်အဦတစ်ခုရှိရာသို့ ချိုးကွေ့ဝင်ရောက် ရပ်တန့်လိုက်ပြီ ဖြစ်သည်။

"ကျွိ"

"ဩော်… ဧည့်သည်တွေ ရောက်လာကြပြီပဲ၊ ကြွပါရှင်… ကြွပါ"



သူတို့နှစ်ယောက် ကားပေါ်ကအဆင်းမှာ တာဝန်ရှိသူတွေက အပြုံးနှင့် ဧည့်ခံကြိုဆိုကာ နေရာချပေးကြသည်။ အရင်ကလည်း ဒီနေရာကို ရောက်ပေမဲ့ အခုချိန်လောက် ဒေါ်ရိုစီ ရင်မခုန်မိသလို စိတ်လည်းမလှုပ်ရှားမိ။ အခုတော့ ဒေါ်ရိုစီ ရင်ခုန်သလို စိတ်လည်း လှုပ်ရှားနေ၏။ ဒါကိုသိသည့် ခင်ပွန်းသည်က ဒေါ်ရိုစီနားမှာ အတူကပ်ထိုင်ရင်း ဒေါ်ရိုစီ လက်လေးတစ်ဖက်ကို ကြင်နာစွာ ဆုပ်ကိုင်ထားလျက် အားပေးအပြုံးနှင့်အတူ ရှိနေသည်။

"ကလေးကို ခေါ်ခဲ့လိုက်ပါ ဒေါ်အဲလစ်"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

ဒေါ်အဲလစ်ဆိုသူက သူတို့နားက ထွက်သွားသည်။ အချိန် သိပ်မကြာလိုက်။ ဒေါ်အဲလစ်နှင့်အတူ ချစ်စရာကောင်းသည့် ကလေးမလေးတစ်ယောက် ပါလာသည်။

"မေရီဆိုတာ သူလေးပါပဲ ဒေါ်ရိုစီ"

ဆရာမကြီးအသံအဆုံးမှာ ဒေါ်ရိုစီအကြည့်တွေက ချစ်စရာ ကောင်းသည့် ကလေးမထံ ရူးရူးနှစ်နှစ် ရောက်ရှိသွားသည်။ ကော်ပတ်ရုပ်လေးတစ်ရုပ်လို ချစ်စရာကောင်းသည့် ကလေးမ လေး၏ ရုပ်သွင်က မြင်မြင်ခြင်း ဒေါ်ရိုစီရင်ကို ငြိမ်းချမ်းအေးမြ သွားစေရုံမက ချစ်ခင်မှုတို့ပါ ဖြစ်ပေါ်လာစေအောင် စွမ်းဆောင် နိုင်ခဲ့သည်က ကလေးနှင့် သူတို့ကြားက ဆန်းကြယ်သော ကံ တရားဖြစ်သည်။

"အန်တီ့ဆီ လာပါဦး သမီးလေးရယ်"

ဒေါ်ရိုစီက မေရီဆိုသည့် ကလေးမလေးကို ကြင်နာစွာ

www.burmeseclassic.com

www.burmeseclassic.com



လက်ကမ်းခေါ်ပေမဲ့ ကလေးက သူ့ထံ ချက်ချင်းမလာပါ။ လုပ ဝိုင်းစက်သော မျက်ဝန်းကြီးများဖြင့် သူနားက ဒေါ်အဲလစ်နှင့် ဆရာမကြီးကို အပြစ်ကင်းစွာ လှမ်းကြည့်၍ ဆရာမကြီးနှင့် ဒေါ်အဲလစ်က မေရီကို ကြင်နာစွာ ပြုံးပြလိုက်ကြကာ မေရီကို ဒေါ်ရိုစီထံ ညင်သာစွာ တွန်းပို့ပေးလိုက်၏။

"သွားလေ မေရီ၊ အဲဒါ သမီးရဲ့ မာမီနဲ့ ဒယ်ဒီပဲ"

ကလေးမလေးက သူ့မာမီနှင့် ဒယ်ဒီဆိုသူ နှစ်ယောက်ကို အကဲခတ်သလို မျက်လုံးဝိုင်းကြီးတွေနှင့် တစ်လှည့်စီကြည့်ပြီး လက်ကမ်းပေးသည့် ဒေါ်ရိုစီထံ ဖြည်းညင်းစွာ ရောက်လာ၏။

"ကြည့်ပါဦး ကိုရယ်၊ သမီးလေးက ချစ်စရာကောင်းလိုက်တာ၊ အသားလေးက ဆွတ်ဆွတ်ဖြူနေတာနော်"

"ပန်းရောင်သမ်းတာပါကွ"

"အဟွန်း… ရိုစီတော့ တကယ် ချစ်သွားပြီ၊ သမီးလေးက ဘိုမလေးကျနေတာပဲ"

"ဟုတ်တယ်၊ သူက ဘိုမရုပ်လေးနဲ့ တကယ်တူတာ၊ ပြီးတော့ စပီကင်ဆိုရင်လည်း သိပ်ခက်ခက်ခဲခဲ မသင်ရဘူး၊ ဒီမှာက ချာ့(ချ်)နဲ့ပါ တွဲရှိတော့လေ၊ သူက အင်စတူမင့်(န်)နဲ့ ပတ်သက်တာမှန်သမျှ… ဥပမာ ပီယာနိုတို့ ဘာတို့ဆိုရင်လည်း ခဲခဲယဉ်းယဉ်း မသင်ရဘူး"

"တော်လိုက်တာကွယ်၊ တကယ့် ဘရိုက်(ထ်)ဖြစ်တဲ့ ကလေးလေးပဲ၊ ကဲ… ကို ရိုစီတော့ မြင်မြင်ချင်း ချစ်မိသွားပြီ"

မေရီ့မေးဖျားလေးကို ချစ်စနိုး ဖျစ်ညှစ်ပြီးပြောတဲ့ သံအမတ်



ကြီးရဲ့ဇနီးကို မာသာကြီးက ကြည်နူးစိတ်နှင့် ငေးကြည့်နေရင်း တစ်ဖက်ကို မျက်နှာပြန်အမူမှာ မေရီ့လက်ဖဝါးတစ်ဖက်ကို ညှပ်ဆုပ်ကိုင်ထားသော ဒေစီ၏ သနားစဖွယ် မျက်နှာလေးကို မြင်လိုက်ရသည်။

မေရီနှင့် ဒေစီ့ဆိုတာ သာသနာပြု မိဘမဲ့ဂေဟာသို့ တစ်ရက်တည်း ရောက်လာပေမဲ့ ရောက်လာပုံချင်း မတူညီ။ မေရီက မိဘနှစ်ပါးစလုံး တေ… ဘလယ်ခုတ်လုပ်သော တောင်ပေါ် သားတွေ။ ရာသီဥတုဖောက်ပြန်ပြီး တောင်ပြိုကျ၍ မေရီ့ မိဘနှစ်ပါးစလုံး မြေပိပြီး သေဆုံးသွားခဲ့ကြသည်။

ရွာလူကြီးလည်းဖြစ်၊ ဆွေမျိုးမကင်းသူက မေရီကို လသား အရွယ်တည်းက ခေါ်ယူစောင့်ရှောက်ခဲ့သည်။

မေရီ တစ်နှစ်သမီးရောက်တော့ မေရီကို မွေးစားသူမှာ စီးပွားရေး အဆင်မပြေတော့၍ မတတ်သာသည့်အဆုံးမှာ မေရီ လေးကို မာသာကြီးတို့ထံ လာအပ်ပေမဲ့ သံယောဇဉ်ကမပြတ်။

"ကျုပ်တူမလေးပါ မာသာကြီးရယ်၊ ဘယ်လိုမှ ရပ်တည်လို့ မရတဲ့ စီးပွားရေးကြောင့် ကျုပ်ကိုယ်တိုင် အလုပ်ထွက်လုပ်နေရ တော့ ဒီကလေးကို ကြည့်ရှုစောင့်ရှောက်ဖို့ ဘယ်လိုမှ မတတ်နိုင် လို့ လာအပ်ရတာပါဗျာ၊ ကျုပ်တူမလေးကို မချစ်လို့ ပစ်ရတာ မဟုတ်ပါဘူး၊ မတတ်သာလွန်းလို့ လာအပ်တာပါ၊ ကျုပ် တစ်လ တစ်ခါဆိုသလို လာကြည့်မှာပါ၊ ဂရုစိုက်ပါ မာသာကြီးရယ်၊ ကျုပ် အပ်ပါတယ်"

မေရီ့ ဦးလေးတော်သူ တောင်ပေါ်သားကြီးမှာ ခေါင်းပေါင်း

www.burmeseclassic.com

www.burmeseclassic.com



စကိုဖြည်ကာ ယောကျ်ားတန်မဲ့ မျက်ရည်ကျလာတာကို တရှုံ့ရှုံ့နမ်းသွားတာတောင် အားမရခြင်း၊ စိတ်မချခြင်းတွေများစွာဖြစ်ထွန်းနေသော မျက်နှာကို မာသာကြီးကိုယ်တိုင် ယနေ့အထိ မမေ့။

မာသာကြီးကိုယ်တိုင်ကလည်း မေရီ့ ပန်းရောင်သမ်းသော အသားအရည်မှာ မျက်အိမ်ကျယ်ကျယ်၊ မျက်တောင်ကော့တွေ ထူပိတ်ခြင်းဖြစ်စေလျက် နှုတ်ခမ်းပါးလေးနှင့် ဘိုဆန်ဆန်ချောသော မျက်နှာလေးကို မြင်မြင်ချင်း ချစ်သွားခဲ့သည်။

မေရီ ရောက်လာပြီး ထိုနေ့မှာပဲ ဒေစီကို မာသာကြီးတို့က မိဘမဲ့ဂေဟာအပြင်ဘက် စည်းရိုးမှာ လာပစ်သွားတာ တွေ့ရခြင်းဖြစ်သည်။ ရောက်တာချင်းတူပေမဲ့ မတူညီတာကတော့ ကံကြမ္မာဖြစ်သည်။

"သမီးလေးနာမည် ပြောပါဦးကွယ်"

"မေရီပါ"

"အို်း… သမီးလေးအသံလေးကလည်း ချိုနေတာပဲကိုရယ်၊ ကြည့်စမ်း"

ဒေါ်ရိုစီက မေရီပါးဖောင်းဖောင်းလေးကို ဖွဖွလေး မနာအောင် ဖျစ်ညှစ်သည်။

"လာပါဦး… ဆွိတီလေးရယ်"

ဒေါ်ရိုစီက မေရီလေးကို ချစ်ခင်မြတ်နိုးစွာ ပြုံးရယ်လျက် လက်ကမ်းခေါ်ကာ ပေါင်ပေါ်တင်ထိုင်လိုက်သည်။

ဒေါ်ရိုစီ အိမ်ထောင်ကျတာ ဆယ်နှစ်ကျော်မှာ ကိုယ်ဝန်



နှစ်ကြိမ်ဆောင်ဖူးသည်။ ကိုယ်ဝန်ဆောင်တိုင်း မွေးဖွားသည်အထိ မမြဲခဲ့။ ကလေးမွေးစားဖို့ စဉ်းစားခဲ့ဖူးပေမဲ့ ကလေးမွေးစားခြင်း အမှုကို သိပ်မလုပ်ချင်။

ဒေါ်ရိုစီရင်ထဲ စွဲနေခဲ့တာက ဝမ်းနဲ့မလွယ် သားမမည် ဆိုသည့်စကား ဖြစ်နေသော်ငြား ဒီကလေးကို တွေ့ရတဲ့အချိန်မှာ ဒေါ်ရိုစီရင်ထဲ ထူးခြားစွာ ဖြစ်ပေါ်လာသည့် ချစ်ခြင်းမေတ္တာတရားကို ဒေါ်ရိုစီကိုယ်တိုင် ယုံကြည်နိုင်အောင် ခံစားလာခဲ့ရတာကလည်း မေရီနှင့် ဒေါ်ရိုစီတို့ကြားက ထူးခြားသည့် ရေစက်တစ်မျိုးဖြစ်သည်။

ဘယ်တုန်းကမှ သူစိမ်းကလေးတစ်ယောက်ကို မိမိရင်က သားကဲ့သို့ ချစ်လာနိုင်လိမ့်မည်ဟု ထင်မထားခဲ့သည့် ဒေါ်ရိုစီ။ မေရီလေးကိုတော့ မြင်မြင်ချင်း မေတ္တာသက်ဝင် ချစ်ခင်ခဲ့ရုံမက မိမိရင်က သားသမီးကဲ့သို့ ခံစားရသည့် မေတ္တာစိတ်ဖြင့် မေရီကို မွေးစားဖို့အထိ ဆုံးဖြတ်ချက် ချခဲ့သူ။

ဒါပေမဲ့ တစ်ခုထူးခြားနေတာက ဒေါ်ရိုစီ့ပေါင်ပေါ် ထိုင်လာသူက မေရီတစ်ယောက်တည်းမဟုတ်။ မေရီ့လက်ကို မလွှတ်တမ်းဆွဲထားသည့် ဒေစီက မေရီနှင့်အတူ ပါလာခြင်း ဖြစ်သည်။

"ဒေစီ"

"မေရီ့လက်ကို လွှတ်လိုက်လေ၊ ဒီအချိန်က ဒေစီတို့ ကာယလေ့ကျင့်ချိန် မဟုတ်ဘူးလား၊ သွားလေ့ကျင့်"

မာသာကြီးက မေရီ့လက်ကို ဆွဲထားသည့် ဒေစီ့လက်ကို ဖြုတ်ပြီး ကာယလေ့ကျင့်ခန်းလုပ်ဖို့ ပြောဆိုအမိန့်ပေးလိုက်မှ

www.burmeseclassic.com

www.burmeseclassic.com



ဒေစီက ဒေါ်ရိုစီမျက်နှာကို တစ်လှည့်၊ မေရီမျက်နှာကိုတစ်လှည့် ကြည့်နေပြန်သည်။

ဒေစီက အသားဖြူဖြူ ချစ်စဖွယ်လေးပေမဲ့ ဒေါ်ရိုစီက မေရီကိုပဲ သဘောအကျကြီးကျ၊ အချစ်ကြီးချစ်ခဲ့တာမို့ ဒေစီကို ဂရုမစိုက်။ မေရီ့ကိုယ်လေးကို ပေါင်ပေါ်ဆွဲတင်ထိုင်ရင်း မေရီ့ မျက်နှာကို ပြုံးကြည့်လျက် စကားတွေ ဆိုနေပါသည်။

"သမီးလေး"

"သမီးလေး··· အန်တီတို့နဲ့ လိုက်နေမယ် မဟုတ်လားဟင်၊ သမီးလေးသာ အန်တီတို့နဲ့ လိုက်နေရင် အန်တီက သမီးကို ဂါဝန်လှလှလေးတွေရော၊ မုန့်တွေရော၊ အရုပ်ကြီးကြီးတွေပါ အများကြီး ဝယ်ပေးမှာ"

"ဩော်··· ပြီးတော့လေ ကျောင်းတက်ရင် ကားလှလှလေးနဲ့ သွားမှာ၊ ချောကလက်တွေ၊ ရေခဲမုန့်တွေလည်း အများကြီး အများကြီး ဝယ်ကျွေးဦးမှာ၊ ကဲ··· ဘယ့်နှယ်လဲ သမီးလေး၊ အန်တီတို့နဲ့ လိုက်နေမလား"

"သမီးလေးဆိုတာထက် ဘေဘီဒေါ(လ်)လေးလို့ခေါ်တာ ပိုသင့်တော်မယ် ဟန်နီရ၊ မင်းသမီးရုပ်က လှလည်းလှတယ်၊ သိပ်ချစ်စရာလည်းကောင်းတယ်"

"ဟုတ်တယ် ဒယ်ဒီကြီးရေ··· ဟုတ်တယ်"

"အဟင်း··· ဟင်း"

သံအမတ်ကြီး ဇနီးမောင်နှံက မေရီကိုကြည့်ပြီး ချစ်စနိုး ရယ်လိုက်ကြပြန်သည်။ မေရီကို ဤမျှ ချစ်မိသွားလိမ့်မည်ဟု



သူတို့ ထင်မထားခဲ့။ အခုတော့ မေရီကို သူတို့ သဘောကျနေကြပြီဖြစ်သည်။

မေရီက သူမ အခုမှ မြင်ဖူးသည့် ဉပမိရုပ် ခန့်ညားသော အဖိုးတန်အဝတ်အစား အပြင်အဆင်များနှင့် ဒေါ်ရိုစီတို့ဇနီးမောင်နှံ နှစ်ယောက် သူ့ကိုကြည့်ပြီး ရယ်နေတာကို အလွန်အင်မတန် လှပပိုင်းစက်သော မျက်ဝန်းနက်ကြီးတွေ တလည်လည်နှင့် အပြစ် ကင်းစင်စွာ ချစ်စရာကောင်းအောင် ပြန်ကြည့်ရင်း မျက်တောင် ကော့ကြီးတွေ တဖျတ်ဖျတ် ခတ်သွားပုံကအစ မျက်စိမလွှဲချင်စရာ ဖြစ်နေ၏။ ဒေါ်ရိုစီက အသည်းတယားယားနှင့် ရင်ခွင်ထဲ ကလေးကိုယ်လုံး နွေးအိအိလေးကို ဆွဲကျုံးသိမ်းပွေ့ထားရာက မေရီ့ပါးဖောင်းဖောင်းလေးကို ဖွဖွလေး ထိနမ်းမိလျက်သား ဖြစ်သွားသည်။ ရှေးရေစက်ဆိုတာ ဒါမျိုးကို ပြောတာထင်သည်။

"သမီးလေးက လိမ္မာပါတယ်၊ အန်တီတို့ကို ချစ်တယ် မဟုတ်လား၊ အန်တီတို့နဲ့ အတူလိုက်နေနော် ဟုတ်လား၊ လိုက်နေ မယ်နော် ဘေဘီလေး၊ အဟင်း··· ဟင်း"

"ခေါင်းညိတ်ပါဦး သမီးရဲ့၊ ခေါင်းညိတ်ပြပါဦး"

မေရီက ဒေါ်ရိုစီထံ မော့ကြည့်နေပြီး ဆတ်ခနဲ ခေါင်းညိတ် ပြလိုက်ချိန်မှာ ကြည်နူးကျေနပ်စွာ ပျော်ပျော်ရွှင်ရွှင် ရယ်မော သံတွေ တိတ်ဆိတ်ခြင်းကို ချိုးဖျက်လိုက်၏။

"တွေ့လား··· ကို၊ ကို့သမီးက သိပ်လိမ္မာတာပဲ"

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်"

"ကဲ··· မာသာကြီး၊ လိုအပ်တာတွေသာ စီစဉ်ပေးပါတော့

www.burmeseclassic.com

www.burmeseclassic.com



ရှင်၊ ရှီစီတို့ တစ်ခါတည်းပဲ မေရီလေးကို ခေါ်သွားတော့မယ်"

"ဒေစီကိုလည်း အတူတူခေါ်ချင်တယ်"

"ဘာပြောတယ် သမီး"

တိုးတိတ်သော မေရီ့စကားကို ရုတ်တရက် ဒေါ်ရှီစီက နားမလည်၍ မေရီ့ကို ထပ်မေးသည်။

"ဒေစီကိုပါ အတူတူခေါ်ချင်တယ်"

"အို..."

ခေါင်းညိတ်ခေါင်းခါနှင့် မေးမှဖြေသော မေရီ့ထံမှ ထင်မှတ်မထားသည့် စကားကြောင့် ပြုံးနေသော မာသာကြီးမျက်နှာပေါ်မှ အပြုံးတွေ ဖျတ်ခနဲ တည်တံ့ပျောက်ဆုံးသွားသလို ရှီစီတို့မောင်နှံကိုယ်တိုင်လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အံ့သြထူးဆန်းခြင်းတွေ ဖြစ်ကုန်သည်။ သူတို့လိုချင်တာက သမီးတစ်ယောက်တည်းပါ။ ကလေးနှစ်ယောက် မွေးစားဖို့ အစီအစဉ်ထဲမှာလည်း မရှိ။

အခန်းထဲ အတော်ကြာအောင် တိတ်ဆိတ်သွားပြီးမှ ဒေါ်ရှီစီက မေရီ့မျက်နှာလေးကို ချစ်စနိုး ငုံ့ကြည့်လိုက်၏။ သူတို့ချစ်သည့် သူတို့သဘောကျသည့် ကလေးလေးက တောင်းဆိုမှုတွေ လုပ်လာတော့ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

"ဘာလို့လဲ သမီးရဲ့၊ ဒေစီနဲ့ မခွဲနိုင်လို့လား"

"ဟုတ်"

"ကြည့်စမ်း၊ ကို့သမီးက ချက်ချင်းကို ခေါင်းညိတ်တာပဲ၊ သူ့သူငယ်ချင်းကို ဘယ်လောက်ချစ်လဲ မသိ[illegible]၊ ဒီအရွယ်လေးနဲ့



သံယောဇဉ်ကြီးတတ်လိုက်တာကွယ်"

"ကဲ... ပြောပါဦး၊ သမီးလေးက ဒေစီမပါရင် အန်တီတို့နဲ့ အတူမလိုက်တော့ဘူးလား"

"မေရီနဲ့အတူတူ ဒေစီကိုပါ ခေါ်ခဲ့ပါနော် အန်တီ"

"ဟယ်တော့... သမီးလေးက တကယ်ပြောနေတာ ကိုရေ၊ ရှီစီတို့ ဘယ်လိုလုပ်ကြမလဲ၊ ရှီစီကတော့ သမီးလေးကို လုံးဝ မခွဲနိုင်တော့ဘူးနော် ကို"

"ဒါဆိုလည်း နှစ်ယောက်စလုံး မင်း သမီးတွေ လုပ်လိုက်ပေါ့ကွာ"

"အို"

ဒုတိယအကြိမ် ရယ်သံတွေ ဝေါခနဲ ပြေးထွက်လာပြန်သည်။ ဒေါ်ရှီစီက ထိုသူတွေထဲမှာ မပါ။ မေရီ၏ ချစ်စရာမျက်နှာလေးကို အသာအယာ ငုံ့ကြည့်လိုက်၏။

"ရှီစီက သမီးတစ်ယောက်တည်းပဲ လိုချင်တာ ကိုရဲ့"

ပြတ်သားစွာ ပြောလိုက်သည့် ဒေါ်ရှီစီစကားအဆုံးမှာ အားလုံးအကြည့်က မေရီ့ထံ စုပြုံရောက်သွားသည်။

"မေရီတစ်ယောက်တည်းဆို မလိုက်ဘူးနော်"

"အိုကွယ်"

ဒေါ်ရှီစီတို့လင်မယားနှစ်ယောက် အကြည့်ချင်းဆုံသွားသည်။ ဘယ်လိုလုပ်ကြမလဲဆိုသည့် အကြည့်။

"ကျွန်မတို့ ခဏလောက် တိုင်ပင်ပါရစေ"

"ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်ပြီး လင်မယားနှစ်ယောက် တိုင်ပင်ကြသည်။

"ဘယ်လိုလုပ်ကြမလဲ ကို"

"ကိုလည်း မပြောတတ်ဘူး ရီ့စ်၊ ကလေးက သူတစ်ယောက်တည်းဆို မလိုက်ဘူး ပြောနေတာ မင်းလည်း ကြားတာပဲ"

"ခက်လိုက်တာ ကိုရယ်၊ ရီ့စ်အစီအစဉ်ထဲမှာ နှစ်ယောက်မပါဘူး ကိုရဲ့၊ ပြီးတော့ ဟိုတစ်ယောက်ကိုလည်း မေရီ့လို မချစ်ဘူး"

"ကိုလည်း ရီ့စ်လိုပါပဲ၊ ဒါပေမဲ့ ကိုယ်တို့သဘောနဲ့ချည်း မပြီးဘူး ရီ့စ်၊ ကလေးသဘောက ရှိသေးတယ်၊ သူမလိုက်ချင်တာကို ဇွတ်ခေါ်ဖို့မရတာလည်း ရီ့စ် ထည့်စဉ်းစားဦး"

"စိတ်ညစ်လိုက်တာ ကိုရယ်၊ ဒီတစ်ခါတော့ ရီ့စ်လိုချင်တဲ့ မိသားစုဘဝလေး ရပြီလို့မှတ်ထားတာ၊ အခု ရီ့စ် ဘာဆက်လုပ်ရမှာလဲ"

လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဘာစကားမှ မပြောနိုင်ဘဲ အချိန်အတော်ကြာ ငိုင်တွေနေပြီးမှ ဦးနေမင်းကပဲ စိတ်ညစ်နေသည့် ဇနီးသည်မျက်နှာကိုကြည့်ကာ သက်ပြင်းရှိုက်လိုက်သည်။

"ကိုယ်တို့ ဒီကလေးနှစ်ယောက်စလုံးကို မွေးစားလိုက်ကြမယ်ဆိုရင်ရော"

"ဖြစ်ပါ့မလား ကို၊ ရီ့စ်ချစ်တာက မေရီလေး တစ်ယောက်တည်း"

"ဒါက ကိုယ်တို့အပိုင်းလေ၊ မေရီဘက်မှာကြတော့ သူက



သူ့သူငယ်ချင်းဒေစီကို မခွဲနိုင်ရှာဘူး မဟုတ်လား၊ သူပြောသလို ဒေစီ့ကိုပါ မွေးစားလိုက်ရင် မေရီအတွက်လည်း အဖော်ရ၊ သူလည်း စိတ်ချမ်းသာ မကောင်းဘူးလား"

ဦးနေမင်းက ဒေါ်ရီစီကို အကျိုးသင့် အကြောင်းသင့် ရှင်းပြနေပေမဲ့ ဒေါ်ရီစီထံမှ တော်တော်နှင့် အသံမထွက်။ ကလေးနှစ်ယောက်စလုံး တစ်ပြိုင်တည်း မွေးစားဖို့ သူ စဉ်းစားရင်း ငြိမ်သက်နေ၏။

"ကိုယ်ပြောတာ ဘယ်လိုလဲ ရီ့စ်"

"ရီ့စ်လည်း မပြောတတ်တော့ဘူး ကို၊ မေရီလေးကို ရီ့စ်ချစ်တာပဲ သိတယ်"

"ကိုလည်း မေရီကို ချစ်ပါတယ်၊ ပြီးတော့ ရီ့စ်ကိုရော မေရီကိုပါ စိတ်ချမ်းသာစေချင်တယ်"

"ကို"

"ပြောလေ ရီ့စ်"

"ဟိုကလေးကို မွေးစားလိုက်လို့ ရီ့စ်တို့ မမှားလောက်ပါဘူးနော်"

"ဒါကတော့ ကံတရားပေါ့ ရီ့စ်ရယ်"

"အင်းလေ… အခုမှတော့ မထူးတော့ပါဘူး၊ နှစ်ယောက်စလုံးကိုပဲ မွေးစားလိုက်ကြတာပေါ့ ကိုရယ်"

"ရီ့စ်ဖြစ်ချင်တဲ့ မိသားစုဘဝလေး အခုချိန်ကစပြီး ဖြစ်ခွင့်ရပြီ၊ ကိုယ်တို့မိသားစုလေး သမီးနှစ်ယောက်နဲ့ ပျော်ပျော်ရွှင်ရွှင်နေကြရအောင်… ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မေရီကြောင့် ဒေစီကိုပါ သူတို့မိသားစုဘဝလေးထဲ ဝင်ရောက်ခွင့်ပြုခဲ့ကြသည်။ ဤနည်းဖြင့် ဒေါ်ရီစီတို့မှာ မြေးသားနှင့် မြေးသားဆိုသည့် သမီးနှစ်ယောက် ပေါ်ပေါက်ဖြစ်ထွန်းလာခဲ့သည်။

## အခန်း (၂)

"ဟင့်အင်း… မြေးသား မာမီနဲ့ မခွဲနိုင်ဘူး"

"အမလေးဟယ်… ပြောပုံက ကလေးပိစိလေး ကျနေတာပဲ"

ဒေါ်ရီစီက ငြီးတွားခြင်းမမည်သော အသံထဲမှာ ပီတိတွေ ပါနေတာ ဖုံးမရဖိမရ။ ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ ခါးကိုပါ ဖက်ထားတဲ့ သမီးကို လက်မောင်းရင်းနှစ်ဖက်က ဆွဲထူကာ ဒယ်ဒီကြီးဘက်သို့လှည့်၍ မျက်စပစ်ပြသည်။

"တွေ့လား ဒယ်ဒီ၊ ဒယ်ဒီ့သမီးက အမေကို ဘယ်လောက်ချွဲနေလဲ… ကြည့်ဦး"

"အချွဲမလေး"

"မာမီကလဲ"

"ဘာ မာမီကလဲ၊ ဒီမှာကြည့်စမ်း သမီး"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရိုစီက ရွှေသားမေးဖျားကို ဆွဲမော့တော့ ချစ်စဖွယ် မျက်နှာလေးက မော့မော့လေး ပါလာသည်။ ရွှေသားက ကြီးလေ လှလေ၊ ချစ်စရာကောင်းလေမို့ ရွှေသားက မိသားစုအသည်းကျော် ဖြစ်သည်။

ရွှေသားရဲ့ ပါးရိုးလေးတွေက ကားပေမဲ့ မေးဖျားကျတော့ သွယ်သွားသဖြင့် ဘဲဥပုံမျက်နှာလေးက အလိုလို ပုံပေါ်လာသည်။ ထိုမျက်နှာလေးထဲမှာ မျက်ဝန်းအိမ်ကျယ်ကျယ်နှင့် နှာတံကျတော့ အဖျား၌ ကော့ချွန်တက်သွားတာမို့ နှုတ်ခမ်းပါးတွေက နီမြန်းကာ ဖောင်းဖောင်းပြည့်ပြည့်လေးဖြစ်ကာ မြင်ရသူအတွက် တစ်မျိုး အသည်းယားစရာ၊ စွဲမက်စရာဖြစ်နေ၏။

ရွှေသားက သေချာကြည့်လျှင် မိန်းမချောလေးဖြစ်ကာ ရုတ်တရက်ကြည့်ရင်တော့ ဘိုမရုပ်လေးနှင့် တူလွန်းသဖြင့် ကလေးဘဝက ဘေဘီဒေါ(လ်)ရယ်လို့ ခေါ်ခဲ့သေးတာပင်။ အရွယ်လေးရောက်ကာမှ ဝင်းဝင်းစက်စက် လှနိုင်လွန်းသော သမီးအား ရွှေသားအသွင်ရယ်လို့ ပြောင်းခေါ်ခဲ့တာတော်င် ဒေါ်ရိုစီစိတ်ထဲ သမီးလေးက လူမမယ်လေးအဖြစ် မြင်နေဆဲဖြစ်သည်။

ရွှေသားက အိမ်မှာနေရင်း ဂျင်းဘောင်းဘီတိုတိုနှင့် တီရှပ် တစ်ထည် စွပ်ချကာ တစ်ခါတလေ ကားရေဆေးခြင်းကို ဒရိုင် ဘာနှင့် ကူလုပ်ရင် လုပ်တတ်သည်။ ဘယ်တော့မှ အငြိမ်မနေ။ အိမ်မှုကိစ္စတွေမှာလည်း ပါသည်။ တစ်ခုမဟုတ်တစ်ခု လုပ်နေရမှ ကျေနပ်သူ။

များသောအားဖြင့် ဂိမ်းဆော့လိုက်၊ တစ်ယောက်တည်း



ဘောလုံးကန်လိုက်နှင့် လုပ်တတ်သောကြောင့် ဒီသမီးကို လူကြီး တစ်ယောက်ရယ်လို့ ဒေါ်ရိုစီ မမြင်ခဲ့တာ သူမအပြစ် မဟုတ်ဟု ထင်သည်။ ရွှေသားကလည်း ဘယ်လိုနေနေ ချစ်စရာကောင်းသူ လေးဖြစ်သည်။

အခုလည်း အရုပ်ကြီး ရင်ဘတ်၌ပါသော ဂါဝန်ရှည်က ပေါင်လယ်လောက် အရှည်ရှိတာကို အသားကပ်ဘောင်းဘီက ဒူးကျအဖြူလေးနှင့် တွဲဝတ်ထားသော သမီးအား ဒေါ်ရိုစီမှာ ကြည့်မဝ ရှုမဝဖြစ်နေ၏။ သမီးနဲ့နေရတာ စိတ်ချမ်းသာသည်။ ပျော်သည်။ ဖြစ်နိုင်လျှင် သမီးနှင့် မခွဲချင်။

"မာမီနဲ့ဒယ်ဒီက သမီးကို အင်တာနေရှင်နယ်နောလိ(ချ်) ရစေချင်လို့ လွှတ်တာလေ၊ ပြီးတော့ သမီးက ကတိအတိုင်း ကြိုးစားခဲ့တာပဲ၊ ဖိုးဒီတောင် ပါတဲ့ဥစ္စာ၊ စင်ကာပူနဲ့ ဒီနဲ့ ဘာကြာတာ မှတ်လို့၊ လေးဆယ့်ငါးမိနစ်ဆို ရောက်ပြီ၊ ဟိုရောက်ရင် ဒယ်ဒီ့ အစ်မ အန်တီမော်လီတို့ လာကြိုနေမဲ့ဥစ္စာ၊ သမီးစိတ်ကြိုက် ရှော့ပင်(န်)ထွက်လေ၊ မာမီနဲ့ဒယ်ဒီက သမီးလေးတော်လို့ ပေးတဲ့ ဆု"

"ဟင့်အင်း… မာမီပါ လိုက်ခဲ့"

"နောက်တော့ လိုက်ခဲ့မှာပေါ့၊ အခုတော့ ဒီမှာက အလုပ် တွေ ထားခဲ့လို့မဖြစ်ဘူး သမီးရဲ့"

"ကိုင်း… ဒီသားအမိ စကားပြောလို့ ပြီးပြီလား"

ဦးနေမင်း စကားဝိုင်းထဲ ဝင်လာတော့ သားအမိနှစ်ယောက် အကြည့်က ပြိုင်တူ ဦးနေမင်းထံ ရောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"မာမီမလိုက်ရင် ဒယ်ဒီ လိုက်ခဲ့"

"ဒယ်ဒီ မအားဘူးကွ"

"ရွှေသားတစ်ယောက်တည်းဆို မသွားဘူး"

"သမီးနဲ့တော့ ခက်နေပြီ ဒယ်ဒီရေ"

"ဘာမှ မခက်ဘူး၊ ပြောမရရင် နှစ်ယောက်စလုံး သွားကြ၊ ရိုစီလည်း မမမော်လီတို့နဲ့ မတွေ့တာကြာပြီ မဟုတ်လား၊ ရှော့ပင်(န်)ထွက်ရင်း မြန်မာပြည်က ဆယ်လီဘရစ်တီတွေ အကြောင်း အတင်းတုတ်ရင်းနဲ့ သမီးနဲ့ လိုက်သွားပေါ့"

"ဟေး… ဒါမှ ရွှေသားဒယ်ဒီကွ၊ ကဲ… မာမီပါ ရွှေသားနဲ့ လိုက်ခဲ့တော့ ပျော်စရာကြီး"

"ခစ်… ခစ်"

နဂိုက သံအမတ်မို့ နိုင်ငံတကာ လှည့်ခဲ့ရသော ဦးနေမင်းက အခုတော့ လေကြောင်းလိုင်းနှင့် ဘဏ်လုပ်ငန်းတစ်ခု ထူထောင်ထားတာမို့ တော်ရုံခရီးထွက်ရန်က အချိန်မရှိသလောက် ရှားပါးလှသည်။ ဒေါ်ရိုစီက ခင်ပွန်းသည်ဆီ ဒေါသမပါသော မျက်စောင်း ဝေ့သည်။

"သွား ဗိုလည်း သွားရုံပေါ့၊ တစ်ခုတော့ ဒယ်ဒီကို မကျေနပ်ဘူး"

"ဘာလဲ မာမီကြီး"

"လူကို ပြောလိုက်တာများ နိုင်ငံလှည့်ပြီး အတင်းတုတ်နေတဲ့အတိုင်း၊ ဒီနိုင်ငံက ဆယ်လီဘရစ်တီတွေအကြောင်း ရိုစီ မပြောခင်ကတည်းက အင်တာနက်မှာ ပွထနေပြီးသား"



"အေးပါ၊ အဲဒီလို ရည်ရွယ်ရင် ဆောရီး"

ဒယ်ဒီက ထပ်တောင်းပန်တော့ မာမီက ဟွန့်ခနဲ မဲ့ပြတာကို ကြည့်ပြီး ရွှေသားက ချစ်စရာကောင်းအောင် အားပါးတရ ရယ်သည်။ ထိုမြင်ကွင်းကို လိုက်ကာအကွယ်ကနေကြည့်ပြီး ဝမ်းနည်းမှုတွေနှင့် အံကြိတ်နေသူက ငွေသားအသွင်။ သူတို့တွေကတော့ ပျော်နေလိုက်ကြတာ။ ငွေသား ရှိတယ်လို့တောင် သတိရကြရဲ့လားမသိ။

ကြည်နူးစရာကောင်းသော မိသားစုဘဝ ဆိုပေမဲ့ ငွေသားဆိုတာ ဘယ်အခန်းကဏ္ဍက ပါဝင်မှန်း ကိုယ်တိုင်တောင် မသိခဲ့ပေ။ သူများသားသမီးတွေ မြန်မာဆန်ဆန် ဝတ်တာမြင်လျှင် မာမို့ထံမှ အားကျချီးမွမ်းသံ ညံနေရုံမက အားကျသော မျက်လုံးလက်လက်တွေနှင့် လိုက်ကြည့်တတ်သည်။

"ယဉ်လိုက်တာ၊ ကြည့်စမ်း… ကိုယ်လုံးပေါ်အောင် တအားကြီး ကျပ်ထုပ်ထားတာလည်း မဟုတ်တော့ ကြည့်ရတာ မျက်စိအေးလိုက်တာ"

မြန်မာဆန်တာကို သဘောကျတတ်သည့် မာမီ။

မာမို့ထံမှ အားပါးတရ မှတ်ချက်ချသံ ဝ္ဟာ အရွယ်ရောက်လာသော ငွေသားအတွက် ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းဆီ ဦးတည်ခဲ့သည်။ ကိုးတန်းအောင်တဲ့နှစ်မှာ သူမ အိမ်နေရင်း ဂါဝန်တွေ၊ တီရှပ်၊ ရှော့ပင်(န်)တွေကို [illegible]ခန်း ဖြတ်ပစ်သည်။ ပြီးတော့ မာမီအကြိုက်၊ မာမီသဘောကျအောင် မြန်မာဆန်ဆန်နေဖို့ ဆုံးဖြတ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငွေသား ဗမာဝတ်စုံတွေပဲ ချုပ်ဝတ်တော့မယ် မာမီ၊ ပြီးတော့ ဆံပင်အရှည်လေးပဲ ထားတော့မယ်နော်"

မာမ့်ကို ငွေသား အသိပေးခြင်းထဲမှာ မာမီကိုယ်တိုင် ငွေသားဆန္ဒကို ဝမ်းမြောက်စွာ ခေါင်းညိတ်လိမ့်မည်ဟု သူမ ကိုယ်တိုင် ယုံကြည်မျှော်လင့်ခဲ့ပေမဲ့ တကယ့် လက်တွေ့မှာ ငွေသား ထင်သလို ဖြစ်မလာ။

"အေး... ငွေသား သဘောကျရင် လုပ်ကြည့်လေ၊ ကိုယ် ကိုယ်တိုင် ကျေနပ်ရင် သဘောကျရင် ပြီးတာပဲ"

မာမ့်အဖြေက အေးစက်စက်။ ဝတ်ကျေတန်းဆန်ဆန်။

ငွေသား ဒီလိုလုပ်တာ သဘောကျဟန်လည်း မပြ။ ဝမ်းပန်းတသာ ကြိုဆိုလက်ခံခြင်းလည်း မရှိ။ ငွေသားအပေါ် မာမီ ဆက်ဆံပုံက ရွှေသားနှင့်မတူ။ ရွှေသားအပေါ် ထားရှိသည့် မာမ့် သဘောထားက အမြဲ လှိုက်လှဲနွေးထွေးနေတတ်သော်လည်း ငွေသားနှင့် ပတ်သက်လာလျှင်တော့ မာမ့်ပုံစံက အေးစက်လွန်းသည့်အတွက် ငွေသားမှာ ရွှေသားနှင့် သူမဘဝကို နှိုင်းယှဉ်ကြည့်မိတိုင်း ကျိတ်၍ စိတ်ဆင်းရဲ ဝမ်းနည်းကြေကွဲခဲ့ရချိန်တွေကလည်း အများကြီးပါ။

တကယ်ဆို မာမီကိုယ်တိုင်လည်း မြန်မာဆန်တာ၊ မြန်မာမှုကို ချစ်မြတ်နိုးတတ်တာ ငွေသား သိသည်။ သိ၍လည်း မာမီသဘောကျသည့် ပုံစံမျိုးဖြစ်အောင် သူမဘက်က ကြိုးစားခဲ့တာ မာမ့်ထံမှ ငွေသားကို အသိအမှတ်ပြုတာ၊ ချစ်မြတ်နိုးတာကို လိုချင်၍ ခံယူချင်၍ဆိုတာ ငွေသားကိုယ်တိုင် ဝန်ခံပါသည်။



ငွေသားနေရာမှာ ရွှေသားဆိုလျှင် မာမ့်ပုံစံက ဒီလိုနေမည် မဟုတ်။

လှိုက်လှိုက်လှဲလှဲ ပျော်ရွှင်ကျေနပ်သွားမှာ သေချာသည်။ အခုတော့ ငွေသားဘက်က မာမီ အသိအမှတ်ပြုစေချင်၍ ကြိုးစားမှုတိုင်း အမြဲလို အချည်းနှီးဖြစ်ခဲ့ရတာ ဒီတစ်ကြိမ်တည်းမဟုတ်။ မာမီမသိအောင် မျက်ရည်ကျခဲ့ရသည့် အချိန်တွေ ငွေသားဘဝမှာ အကြိမ်ဘယ်လောက်ရှိမှန်းမသိ။ ဒယ်ဒီကတော့ မာမ့်လို မဟုတ်ပါ။ ရွှေသားအပေါ်မှာရော ငွေသားအပေါ်မှာပါ တန်းတူ ဆက်ဆံသလို တန်းတူအခွင့်အရေးပေးတတ်သူဖြစ်၍ တရားမျှတသူဟု ဆိုရမည်။

"လိုအပ်တဲ့ အဝတ်အစားတွေ မာမီ ဝယ်ပေးမယ်၊ တခြား လိုချင်တာလည်းပြော"

"မာမီ"

"လာပြီ ရွှေသားရေ"

ငွေသား ကဏ္ဍက ဒီမျှနှင့် ပြီးသွားသည်။

မာမီနှင့် ခုန်ပေါက်မြူးပျော်ပြီး သားအမိနှစ်ယောက် ကားနှင့် ထွက်သွားတာကို ပြတင်းပေါက်က ရပ်ကြည့်နေမောရင်း ဝမ်းနည်းမှုတွေနဲ့ ကျန်ခဲ့သူက ငွေသား။ ရင်ထဲမှာ ဝမ်းနည်းမှုတွေ လှိုင်းထန်နေသလို နှလုံးသားတွေလည်း နာကျင်နေသည်။ ဘယ်အချိန်၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် မိသားစုထဲမှာ ငွေသား မရှိသလို အမြဲမေ့နေတတ်ကြတာ အခံရအခက်ဆုံးဖြစ်သည်။

အခုလည်း ရယ်မောပျော်ရွှင်နေတာ မိသားစုသုံးယောက်တည်း

www.burmeseclassic.com



ရှိတဲ့အတိုင်း။ ခံပြင်းစိတ်နဲ့ ငွေသားအသွင် အောက်နှုတ်ခမ်းတွေကို ဖိကိုက်ကာ မီးဖိုခန်းထဲ လှည့်ဝင်ရန် အပြင်မှာ ရွှေသားထံက အသံကို ကြားလိုက်ရ၍ ငွေသား ခြေအစုံ နေရာရပ်တန့်သွား၏။

"မာမီ"

"ပြော… သမီး"

"မာမီနဲ့ ရွှေသားက ဒီနိုင်ငံမှာပဲ ဘုရားစုံသွားဖူးမယ်လေ၊ ပုဂံ၊ ပုပ္ပါး၊ ပြင်ဦးလွင်အစုံလေ၊ ဒီနိုင်ငံထဲဆိုရင် ဒယ်ဒီပါ လိုက်လို့ ရတာပေါ့၊ မကောင်းဘူးလား မာမီ"

"ဒါဆို စင်ကာပူသွားမဲ့ အစီအစဉ်တွေကရော"

"ငွေသားကို သွားခိုင်းလိုက်မယ်လေ မာမီရဲ့"

"ဘယ်လို သမီး"

"ငွေသားကို လွှတ်လိုက်လို့ ပြောတာ"

"သမီးရူးနေလား ရွှေသား"

ရွှေသား စကားအဆုံးမှာ မာမီက အလန့်တကြား သူ့ရင်ဘတ် ဖိကာ မျက်နှာပျက်သွားသည့် မာမီကို အခန်းအကွယ်မှ ချောင်းကြည့်ပြီး ငွေသား ပြုံးမိတာ မထိတရီ။ မျက်လုံးချင်း စကားတွေ ပြောပြီး တိတ်ကျသွားသည့် မိဘနှစ်ပါးကို ရွှေသားက တစ်လှည့်စီ ကြည့်သည်။ ညက ရွှေသားကို ငွေသား ပြောခဲ့သည့် စကားတွေကြောင့် ရွှေသား သက်ပြင်းကျိတ်ချလိုက်သည်။ ညက ငွေသား ငိုနေတာ သူ့ကိုယ်တိုင် မြင်ခဲ့ရသည်။

"ဘာဖြစ်တာလဲ ငွေသား"

"ဝမ်းနည်းလို့"



"ဘာကို ဝမ်းနည်းတာလဲ ငွေသားရယ်"

"ရွှေသားကို ပြောပါဦး"

"ငွေသားကိုယ်တိုင် စင်ကာပူသွားချင်လွန်းလို့ မဟုတ်ဘူး ရွှေသားရယ်၊ ဒါပေမဲ့ မာမီတို့ ခွဲခြားတာကိုတော့ ငွေသားစိတ်ထဲမှာ ဝမ်းနည်းစိတ်နဲ့ မခံချင်ဘူး၊ ရွှေသားက ဆယ်တန်းမှာ ဖိုးဒီပါမှာပေါ့၊ ရွှေသားအတွက် ဂိုက်(ဒ်)က နှစ်ချိန်တောင်ပေးတာ၊ ရွှေသားရတာ ဘာဆန်းလို့လဲ"

"ဟိုလေ… အဲဒါက"

"တော်ပါ၊ ရွှေသား ဘာပြောပြော အဖြေက ရှင်းနေတာပဲ၊ ငွေသားကို မာမီတို့ ရွှေသားလောက် မချစ်ဘူး၊ တန်းတူအခွင့်အရေး မပေးဘူး၊ ဒါကို ငွေသား ဝမ်းနည်းတာ သိလား"

ရွှေသားက ငွေသားကို ဆင်ခြေကန်ဖို့ ကြိုးစားတာမဟုတ်။ အဖြစ်မှန်ကို ရှင်းပြချင်တာမျိုးဖြစ်ပေမဲ့ ငွေသားက ခါးခါးသီးသီး လက်မခံဘဲ မျက်ရည်ကျတော့ ရွှေသားရင်ထဲ မောသွားသည်။

တကယ်တော့ ကျောင်းက သူမကို အများကြီးအားထားတာရော၊ တစ်နိုင်ငံလုံးရဲ့ တော့(ပ်)တန်းထဲ ပါစေချင်တာရောနှင့် အတန်းပိုင်ဆရာမကပါ ဂိုက်(ဒ်)တစ်ချိန်၊ အချိန်ပိုခေါ်သဖြင့် ဂိုက်(ဒ်)နှစ်ချိန် ဖြစ်သွားသည်။ ဒါကိုပဲ ငွေသားမှာ ပြောမဆုံးနိုင်ဖြစ်နေတာမို့ စိတ်မကောင်းတာလည်း ပါသည်။ မိသားစုအပေါ် အထင်လွဲနေတာလည်း ဝမ်းနည်းမိသည်။

မီးရောင်အောက်မှာ မျက်ရည်စိုလက်သော မျက်ဝန်းညို တွေကို တွေ့ရတဲ့အခါ ရွှေသား ဘယ်လိုမှ တောင့်မခံနိုင်။ ပိုင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



တာအားလုံး ပုံပေးချင်တဲ့အထိ ငွေသားကို သနားကရုဏာတွေက ပြုကျဆင်းခဲ့တာ နေထိသော ရေခဲတောင်လိုဖြစ်သည်။

"စင်ကာပူကို နင် သွားချင်သွားလေ"

"ပြောတော့ လွယ်လိုက်တာ၊ ဘယ်သူက ငွေသားကို သွားနိုင်းမှာလဲ"

"ရွှေသားက သွားနိုင်းမှာပေါ့"

"ဘာ"

မျက်လုံးပြူးပြီး ရွှေသားကို ငွေသားက မယုံနိုင်သလို ကြည့်တော့ ရွှေသားက ချစ်စရာကောင်းအောင် လှပစွာ ရယ်သည်။

"ငွေသား မယုံဘူးလား"

"ယုံနိုင်စရာမှ မရှိတာ"

"ရွှေသားမှာ အကြံရှိပါတယ် ငွေသားရဲ့"

"ဘာအကြံလဲ"

"နောက်တော့ သိမှာပေါ့"

ရွှေသားအကြံ ဘာလဲဆိုတာ အခုမှ ငွေသား သဘောပေါက်သွားသည်။

ရွှေသားက သူ့မအကြံကို မာမီတို့မသိအောင် သက်ပြင်းနိုးရှိုက်ရင်း မာမီ့လက်မောင်းမှာ ပါးအပ်သည်။

"နော်... မာမီ၊ ရွှေသားအစား ငွေသား သွားပါစေ၊ ရွှေသားက မာမီတို့နဲ့ အတူနေခဲ့မယ်လေ၊ ဘုရားစုံဖူးပြီး အလှူအတန်းတွေ လုပ်မယ်၊ အဲဒါ မကောင်းဘူးလား မာမီ"



"မဖြစ်နိုင်တာ သမီးရယ်"

"ဖြစ်ပါတယ် မာမီရဲ့"

"ရွှေသားကို မချစ်ဘူးလား"

"ချစ်လို့ အခုလို စီစဉ်တာပေါ့ သမီးရဲ့"

"ဒါဆို ရွှေသား စင်ကာပူမသွားဘူး၊ မာမီနဲ့ ဘုရားစုံ ဒီမှာပဲ ဖူးမယ်"

"ဒယ်ဒီ... ရှင့်သမီးကို ကြည့်ပြောဦး"

"ဒယ်ဒီက အစတည်းက ရွှေသားသဘော၊ ဟုတ်တယ်နော်... ဒယ်ဒီ"

"ဟုတ်ပါသတဲ့ဗျာ... ဟုတ်ပါသတဲ့"

"ဟေး... ဒါမှ ရွှေသားဒယ်ဒီ၊ မာမီလည်း ကြားတယ်နော်"

"ရှင်ကလည်း သမီးကို ဘာတွေလျှောက်ပြောနေတာလဲ ဒယ်ဒီကြီးရဲ့၊ ရှင့်သမီး လျှောက်ပြောနေတာ ရှင်ကပါ ခွင့်ပြုဦးမလို့လား"

"မရဘူး၊ နောက်မှ မာမီနဲ့ မြန်မာပြည်အနှံ့ ဘုရားစုံဖူး၊ အခု မာမီ စီစဉ်ထားတဲ့အတိုင်း သမီး စင်ကာပူခရီး သွားကို သွားရမယ်"

"ဒါဆို ရွှေသားတစ်ယောက်တည်းတော့ မသွားချင်ဘူး မာမီ၊ ငွေသားနဲ့မှ သွားမယ်"

"သမီး ရွှေသား"

"မရဘူးနော် မာမီ၊ ရွှေသားကို တကယ် သွားစေချင်ရင်"

www.burmeseclassic.com

www.burmeseclassic.com



ငွေသားကို ရွှေသားနဲ့ အတူထည့်ပေး၊ ငွေသားမပါရင် ရွှေသားလည်း ဘယ်မှ မသွားဘူး"

နောက်ဆုံးတော့ ရွှေသားနှင့်အတူ ငွေသားကိုပါ စင်ကာပူခရီး သွားခွင့်ပြုလိုက်ရသည်။ သမီးနှစ်ယောက်မရှိမှ လင်မယားနှစ်ယောက် ရွှေသားအကြောင်း ပိုပြောဖြစ်ကြသည်။

"ရှင့်သမီးက ငွေသားမှငွေသား သိလား ဒယ်ဒီကြီး၊ သူတို့နှစ်ယောက်ကို ခွဲခြားခွဲခြား လုပ်လို့ကို မရဘူး"

"သမီးရွှေသားက စိတ်ထား နူးညံ့သိမ်မွေ့တာကိုး မာမီကြီးရဲ့၊ သမီးက သံယောဇဉ်လည်း ကြီးတတ်တော့ ပိုဆိုးတာပေါ့၊ ငွေသားလည်း မဆိုးပါဘူး၊ လိမ္မာပါတယ်"

"စာတော်တာကြတော့ ရိုစ်သမီး ရွှေသားက ပိုတော်တာပေါ့နော်၊ ရုပ်ချောတာလည်း သမီးက ရိုစ့်ကိုတူတာပဲ၊ သမီးနဲ့ ဘယ်နေရာသွားသွား အမြဲ ဂုဏ်ယူနေရတာ၊ ငွေသားနဲ့တော့ တခြားစီ"

"ငွေသားအပေါ်မှာ ရိုစ့်ဆက်ဆံပုံကို နည်းနည်းပြင်ဦးကွာ၊ ကလေးတွေက အရွယ်ရောက်လာပြီ"

"ရောက်တော့ ဘာဖြစ်လဲ၊ အစတည်းက ရိုစ့်က ငွေသားကို မွေးစားချင်တာ မဟုတ်ဘူး၊ သမီးက သူမပါရင် မလိုက်ဘူးဆိုလို့ ရိုစ့်က ခေါ်ခဲ့ရတာ"

"ဘာပဲဖြစ်ဖြစ် သူကလည်း ကိုယ်တို့သမီးပဲလေ ရိုစ့်"

"ဟုတ်ပါတယ်၊ ဘယ်သူကရော ငြင်းနေလို့လဲ၊ သမီးရွှေသားလောက် မချစ်ပေမဲ့ သူ့ကိုလည်း လိုအပ်တာတွေ ဖြည့်ဆည်းပေးနေတာ ဘာလိုလို့လဲ"



"အေးပါကွာ၊ ကိုယ်ကလည်း မာမီကြီးကို သတိပေးတာပါ၊ သမီးစိတ်လည်း မာမီကြီး သိရဲ့သားနဲ့"

သမီးရွှေသားရဲ့စိတ်ကို သိပါသည်။

သိလို့လည်း ရွှေသားအလိုကျ ငွေသားကို သူတို့မိသားစုဘဝထဲ ဆွဲသွင်းခဲ့ရတာ မဟုတ်လား။ အဲဒီတည်းက ငွေသားကို ဒေါ်ရိုစီ မခေါ်ခဲ့ရင် သမီးရွှေသားလည်း ဒေါ်ရိုစီတို့ဘဝထဲ ရောက်လာမည်မဟုတ်ပေ။ သမီးကြောင့် ငွေသားက သူတို့ မိသားစုဘဝထဲ ရောက်လာခဲ့ရသူ။ ဒေါ်ရိုစီ အာရုံတွေက မေရီဆိုသည့် ကလေးမလေးက ဒေစီဆိုသည့် ကလေးမလေးလက်ကို ဆွဲပြီး သူတို့ရှေ့ ရောက်လာသည်ကို ပြန်သတိရ မြင်ယောင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဒေစီနဲ့ မခွဲနိုင်ဘူး"

အသံပိစိညှောက်တောက်လေးကို ပြန်ကြားယောင်လာသောအခါ၊ ဒေါ်ရိုစီရဲ့ စိတ်အစဉ်က အတိတ်ဆီ တဖျုတ်ဖျုတ် ပြေးလွှားသွားရသည်။ အဲဒီကတည်းက သမီးဟာ ဒေစီမှဒေစီ အဖော်မင်တာမျိုး။ သမီးအလိုလိုက်ပြီး မွေးစားတော့ ဒေစီပါ နှစ်ယောက်မို့ မာသာကြီးကတောင် ရိုစီတို့လင်မယားကို အားနာသည်။

"အမြဲ အဲဒီလို မေရီကလုပ်လို့ တချို့မိဘတွေဆို လက်လွှတ်ရပေါင်းများပြီ၊ မေရီကတော့ မျက်နှာလေးက ဆွဲဖြစ်တော့ လူချစ်လူခင်များတာတော့ အမှန်ပဲ"

"ဒါပေမဲ့ တချို့ကျတော့လည်း ဘယ်လောက် ချမ်းသာချမ်းသာ၊ မွေးစားမှာ တစ်ယောက်ဆိုတစ်ယောက်ပဲလို့ ရည်ရွယ်ထားတာမျိုးလေ၊ ကလေးတစ်ယောက်ရဲ့ ဟာ၀န်ကလည်း လွယ်တာမှ မဟုတ်တာ"



သမီးဟာ ဒေစီကြောင့် တခြားမိဘတွေကို လက်လွှတ်ခဲ့ရဟန် တူသည်။ ရိုစီကတော့ ဘာဘာညာညာ သိပ်မတွေးခဲ့။ စတွေ့ကတည်းက သမီးကို ရင်ခွင်ထဲမှာ မချချင်လောက်အောင် ချစ်ခဲ့တာမို့ သမီးဘာပြောပြော ခေါင်းညိတ်ဖို့သာ ဖြစ်ခဲ့သည်။ ဤမျှ ရွှေသားအသွင်ဆိုသည့် သမီးကို ချစ်ခဲ့မြတ်နိုးခဲ့တာ သမီးသိချင်မှသိမည်။

သူမတို့ မွေးစားပြီးမှ မေရီ၊ ဒေစီမှာ အမည်ပြောင်းခဲ့တာ ရွှေသားအသွင်နှင့် ငွေသားအသွင်အဖြစ်သို့။ အခု သမီးကြောင့် အတွေးနက်နက်ထဲ မွန်းကျပ်လာသဖြင့် သက်ပြင်းရှိုက်မိသည်။ ဘယ်အချိန်အထိ သမီးက ငွေသားကို နေရာတကာ ဦးစားပေးနေဦးမည် မသိ။

"မာမိကြီး"

"ရှင်"

"အိပ်ရာဝင်ချိန်အထိ စိတ်ပိစီးစရာတွေ မတွေးနဲ့ မာမိကြီးရဲ့၊ အဲဒါ ဆံပင်တွေ အဖြူမြန်တတ်တယ်"

"ဒယ်ဒီကြီး"

"ပြော"

"သမီးအကြောင်း စဉ်းစားမိလို့ပါ"

"ဘာတွေ စဉ်းစားမိတာလဲ"

ခေါင်းအုံးနှစ်လုံးဆင့်ပေါ် ခပ်မှိုမှို ကျောဆန့်ရင်း ဦးနေမင်းက လှည့်ကြည့်တော့ အေးအေးဆေးဆေး။ သို့ပေမဲ့ မအေးဆေးနိုင်သည့် အရိပ်တွေ ဇနီးသည်ရဲ့မျက်နှာပေါ်မှာ တွေ့နေရတော့

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချမိသည်။ ရွှေသားကို လင်မယားနှစ်ယောက် ရင်ထဲ အသည်းထဲက လှိုက်လှဲသော ချစ်ခြင်းမေတ္တာစိတ်တွေ သူ့အလိုလို ပေါက်ဖွားလာခဲ့တာကို ဝန်ခံပေမဲ့ သမီးနဲ့ နှစ်ယောက်အတူ ပါလာသည့် ငွေသားအပေါ်မှာ ရွှေသားလောက် မချစ်နိုင်ခဲ့တာတော့ သူတို့လည်း မတတ်နိုင်။ တမင် ခွဲခြားဆက်ဆံတာမျိုး မဟုတ်ပေမဲ့ ငွေသားအမြင်မှာတော့ ထိုသို့ဖြစ်ခဲ့တာ လင်မယားနှစ်ယောက်လုံး မသိ။

"ဘာပြောမလို့လဲ၊ ဘာတွေဖြစ်နေတာလဲ မာမီ"

"ရွှေသားကိုချစ်တဲ့ မာမီတို့အချစ်က ငွေသား အကြပ်ကိုင်တိုင်း ခေါင်းညိတ်ဖို့ ဖြစ်နေသလားလို့ ဒယ်ဒီကြီး"

"ဘယ်လို ရိုစီ၊ ဘာကို ပြောတာလဲ"

"ငွေသားလေ"

"သူက ဘာဖြစ်နေလို့လဲ"

အသက်တွေက လေးဆယ်ကျော် ငါးဆယ်ထဲဝင်ပြီ ဆိုပေမဲ့ တစ်သက်လုံး မတောင့်မတ၊ မကြောင့်မကြ နေခဲ့ရသော ရိုစီ မျက်နှာပေါ် အပူရိပ်တွေ ယှက်သန်းနေ၏။

ညဝတ်အင်္ကျီပန်းရောင်ကြောင့် မျက်နှာပေါ် ပန်းရိပ်ရောင် မသမ်းနိုင်သော ဇနီးသည်ကြောင့် ဦးနေမင်းက ဒီတိုင်း ဆက်လှဲမနေနိုင်။ ထထိုင်တော့ ရိုစီနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။

ရိုစီကတော့ အမောပြေဟန်မရှိသော ရင်ဘတ်ထဲ ပင့်သက်ကို တဝကြီး ရှိုက်သွင်းသည်။

"ဒယ်ဒီကြီး မှတ်မိမလားဘဲ၊ ရွှေသား လေးတန်းနှစ်တုန်းက



လူရည်ချွန်ဆု ရတယ်လေ"

"အင်း… မှတ်မိတယ်လေ၊ တစ်ကျောင်းလုံး၊ တစ်မြို့နယ်လုံး၊ တစ်တိုင်းလုံးလေ၊ တို့သမီးလေးကြောင့် ဒယ်ဒီတို့ မျက်နှာပွင့်ခဲ့ရတာပဲ"

"အဲဒီဆု ရတုန်းက ရွှေသားကို ဘန်ကောက်အထိ အလည်ပို့မယ်ဆိုတုန်းကလေ ငွေသားကြောင့် ချောင်းသာနဲ့ပဲ ပြီးခဲ့ရတာလေ"

"သမီးကိုယ်တိုင်က ချောင်းသာပဲ သွားချင်တယ်လို့ တောင်းဆိုခဲ့တာမို့လား"

"မဟုတ်ဘူး"

"အဲဒါ ငွေသားကြောင့်"

"ဘယ်လို"

"သမီးက အသည်းနုတော့ ငွေသားက နေရာတိုင်း သမီးကို သနားအောင်ပြောပြီး ကြိုးကိုင်နေတာ"

"ဟုတ်ရဲ့လားကွာ"

"သိပ်ဟုတ်တာပေါ့၊ ရို့စ်ကိုယ်တိုင် တွေ့တာ"

"ဘယ်တုန်းကလဲ"

ဒေါ်ရိုစီက ပြတ်ပြတ်သားသား ငြင်းတော့ ဦးနေမင်းက မျက်မှောင်ကျုံ့ပြီး စဉ်းစားသည်။ ကိုယ်တိုင်က အိမ်ထောင်ဦးစီးမို့ အပြင်လောကနှင့်သာ ဆက်ဆံရတာများ၍ အိမ်တွင်းရေးကို သိပ်ပြီး စေ့စေ့စပ်စပ် မသိခဲ့။

"ဟိုတစ်ခါ ဘန်ကောက်သွားဖို့ ပြင်ဆင်ပြီးခါမှ သမီးနဲ့

www.burmeseclassic.com



ရှိစီတို့ ချောင်းသာပဲ သွားလိုက်ရတယ်၊ ဘန်ကောက်ကို တကယ်တမ်း သွားဖြစ်သွားတာ သမီးမဟုတ်ဘူး၊ ငွေသားလေ၊ သူ့လူရည်ချွန် မဖြစ်လို့ ဘာညာနဲ့ ရွှေသားကို မျက်ရည်ခံထိုးပြတော့ သမီးက သနားပြီး သူနဲ့ နေရာချင်း ချိန်းခဲ့တာဖြစ်မယ်''

''ဒါ မာမီကြီးရဲ့အတွေး မဟုတ်လား''

''ဒါဆို… အခုကရော''

ဒေါ်ရှိစီ မေးခွန်းထုတ်တော့ ဦးနေမင်း မဖြေနိုင်။ အကြာကြီး ငိုင်သွားသည်။ အကြောင်းတွေက တိုက်ဆိုင်လွန်းသည်။ သူ့ရှေ့မှာ ရွှေသားခမျာ စင်ကာပူသွားရန် ဘယ်လောက်တက်ကြွခဲ့သလဲ၊ ဘယ်လောက် ပျော်ခဲ့လဲဆိုတာ သူကိုယ်တိုင် အသိဆုံးဖြစ်သည်။ ဟိုမှာရှိတဲ့ ကြီးတော်၊ ဘကြီးတွေအတွက် မြန်မာလက်ဆောင်တွေ တစ်နေ့တစ်နေ့ ဝယ်ခြမ်းရတာ မမောနိုင် မပန်းနိုင်။

''အင်တာနက်ထဲမှာ ဟိုက ကျောင်းတွေထဲက နှစ်ခုလောက်တော့ ရွှေသား သဘောကျတယ် ဒယ်ဒီ၊ ဟိုရောက်မှ အန်တီမော်လီခေါ်ပြီး ကိုယ်တိုင် သွားစုံစမ်းကြည့်မယ်လေ၊ ရွှေသား စိတ်တိုင်းကျရင် ဒယ်ဒီနဲ့ မာမီ့ဆီ ကွန်ပလိန်းပြန်လုပ်မယ်၊ ပြီးရင် ဟိုမှာ ကျောင်းဆက်တက်ဖို့ ဒယ်ဒီ စီစဉ်ပေးနော်''

နှစ်ရှည်လများ ကျောင်းတက်ရန် စီမံကိန်းတွေ ဆွဲတုန်းက အနားမှာ ငွေသားလည်း ရှိသည်။ ရွှေသား တက်ကြွနေတာကို ဘာတစ်ခုမှ ဝင်မပြော။ တိတ်ဆိတ်ငြိမ်သက်နေခဲ့သူ။

ရွှေသားက အိမ်မှာ ကလေးဆန်ဆန်နေသလောက် ငွေသားကတော့ ကျောလယ်ထိရှည်တဲ့ ဆံပင်ကို ရွှေရောင်တောက်တောက်



ဆိုးကာ အဖျားမှာ အလိပ်အခွေလေးတွေကို ရင်ဘတ်မှာ စုံချထားသည်။ ကိုယ်ပေါ်တင်သမျှ ဗမာဝတ်စုံဆိုပေမဲ့ စီးကွင့်(န်)ထိုးတာတွေရော၊ ချည်နဲ့ ဒီဇိုင်းဖော်တာတွေ၊ အလုံးစုံကို ဝတ်စုံချုပ်ခတင် တစ်စုံ တစ်စုံကို သောင်းချီသည်။ ထို့ကြောင့် ရှိစီက မကြာခဏ ညည်းသည်။

''ပိုက်ဆံမတတ်နိုင်လို့ မဟုတ်ပေမဲ့ တတ်နိုင်တာထက် ပိုလွန်နေတော့ မခက်ဘူးလား ဒယ်ဒီကြီးရယ်''

''ကိုယ့်သမီးတွေပဲကွာ၊ ဝတ်ပါစေ၊ တို့ရှာတာ တို့သမီးတွေအတွက်''

''ရှင်ပဲပြောတော့''

သမီးနှစ်ယောက်အပေါ်မှာ ဦးနေမင်းက ဒီလို သဘောထားသူပါ။ အဲဒီတုန်းကလည်း မထင်မှတ်ဘဲ ငွေသားက ရွှေသားကို ပြောသည့်စကားကို ဦးနေမင်း ကြားခဲ့ရဖူးသည်။

''ရွှေသားကတော့ ပြောလိုက်ရင် အပိုင်ပဲနော်၊ နင်က ဟိုမှာ ကျောင်းတက်ဖို့ပါ စီစဉ်ခိုင်းနေတာဆိုတော့ ငါကတော့ အိမ်မှာ မီးဖိုချောင်ကိစ္စ အုပ်စီးပြီးတော့ နေရမယ်ပေါ့… ဟုတ်လား''

''အဲလိုလည်း မဟုတ်ပါဘူး ငွေသားရယ်''

''မဟုတ်ရင် နှ[illegible]စ်ယောက်တည်း မသွားနဲ့၊ ငါနဲ့မှ အတူသွား''

''အေးပါဟယ်၊ နင် မပါဘဲ မသွားတော့ပါဘူး၊ [illegible]နော်''

ရွှေသားနဲ့ ငွေသားက အသက်ချင်းရွယ်တူ[illegible] ရုစ်တန်း၊

www.burmeseclassic.com

www.burmeseclassic.com



ကိုးတန်းကတည်းက ငွေသားက ချက်ရေးပြုတ်ရေးအပြင် ဇာထိုး၊ ပန်းထိုးပါ တတ်မြောက်ခဲ့ပေမဲ့ ရွှေသားက ခုန်ပေါက်ပြေးလွှား ဆော့ကစားဆဲဖြစ်သည်။

ဦးနေမင်းက အတိတ်နေ့ရက်ဆီ ပြန်တွေးရင်း သက်ပြင်းမော ချကာ ကြားခဲ့သမျှ ပြန်ပြောမိလျှင်လည်း ရိုစီမှာ ဒေါသတွေ ဆောင့်တိုးရုံသာ ရှိသည်။ ငွေသားကို ပိုမုန်းသွားမှာမျိုးလည်း မဖြစ်စေချင်။

"ငွေသားလည်း ရောက်ဖူးချင်လို့ နေမှာပေါ့ကွ၊ ပေးသွားလိုက်ပါ၊ ဘယ်သူသွားသွား တို့သမီးတွေပဲဥစ္စာ၊ ရွှေသားက ဒီလိုပြောပေးတာ ငွေသား သိချင်မှ သိမှာ"

"ရွှေသားက ရိုးသားသလောက် ငွေသားက မလွယ်ဘူးနော် ဒယ်ဒီကြီး"

ပြောတော့ ရိုစီက နှုတ်ခမ်းကို ကျကျနန မဲ့ရွဲ့ပစ်သည်။ မသိသလို မတတ်သလိုနဲ့။ ဒီအိမ်မှာ ဆရာမကြီးဖြစ်နေတာ ငွေသားအသွင်ဆိုရင် ရွှေသားအတွက် တွေးတိုင်း ရင်လေး စရာချည်းဖြစ်နေ၍ ဒေါ်ရိုစီရင်ထဲ အလိုမကျခြင်းများစွာ တစ်ဖက်သို့ ကိုယ်ကို ဘေးစောင်းလှည့်အိပ်တော့ ခင်ပွန်းသည်ကို ကျောခိုင်းထားလိုက်သည်။

## အခန်း (၄)

"ဟယ်"

"ဟိုဘက်ခြံထဲက ပန်းက လှလိုက်တာ အရမ်းပဲ"

တစ်ဖက်ခြံရဲ့ နှင်းဆီခင်းထဲမှာ ဖွားဖွားစွင့်စွင့် ပွင့်နေတဲ့ အဝါရောင်နှင်းဆီတွေကိုကြည့်ပြီး မိန်းကလေးပီပီ ပန်းမြင်ရင် လိုချင်ခဲ့က ရွှေသား။

ရွှေသားမှာ ပါးစပ်က ရေရွတ်သံထွက်သွားပြီးတာနှင့် မျက်ဝန်းတွေက ဟိုဟိုဒီဒီ ပြေးထွက်သွားတာ နှစ်ဖက်ခြံအကြားက စည်းရိုးတစ်လျှောက်ဖြစ်သည်။ ပန်းကို လိုချင်တော့ အကြံထုတ်ဖြစ်သွားသည်။ တွေ့ပါပြီ။ ခြံအလယ်မှာ ပေါက်ပြဲနေတဲ့ သံဇကာ။ ရွှေသားက ဘာဘာညာညာ စဉ်းစားနေတတ်သူမဟုတ်။ နေရာတကာ ကလေးစိတ်။ ကလေးအတွေးနှင့် သူဖြစ်ချင်တာ၊ သူလုပ်ချင်တာကို တွေးတတ်၊ လုပ်တတ်သူဖြစ်သည့်အတိုင်း ထိုနေရာကို အပြေးရောက်သွားသည်။ ပြီးတော့ တစ်ဖက်ခြံထဲမှာ လူရှိ၊ မရှိ တစ်ချက် မျက်လုံးဝေ့ကြည့်လိုက်သေးသည်။ လူမရှိတာ

www.burmeseclassic.com

www.burmeseclassic.com



သေချာသည်နှင့် သူမလိုချင်သည့် ပန်းလှလှတွေကို လူအလစ်မှာ ပြေးခူးဖို့ စဉ်းစားပြီးသား ဖြစ်သွားသည်။ ဘာမှ နောက်ထပ် စဉ်းစားခြင်း မပြုတော့။

လုပ်ချင်ပြီဟော့ ဆိုတာနဲ့ စိတ်စေရာအတိုင်း ခြေလှမ်းတွေ ပြေးလွှားသွားတာက ပေါက်ပြဲကာ ဆွေးမြေ့နေတဲ့ သံဇကာအနား ရောက်သွားသည်။ မြေကြီးပေါ် ဒူးထောက် ထိုင်ချလိုက်တာနှင့် မြေမှုန့်တွေ၊ အမှိုက်သရိုက်တွေက အသားမှာ ကပ်ကုန်တာလည်း အမှုမထားနိုင်။ ရွှေသားက သံချေးတွေ တက်နေသည့် ဆွေးမြည့်နေသော သံဇကာကို လက်နှစ်ဖက်နှင့် အားကုန်ဖြဲပစ်သည်။ အလိုက်သင့် ကားထွက်သွားတဲ့ သံဇကာက လူတစ်ကိုယ်စာ ဝင်ပေါက်ရသွားမှ လေးဘက်ထောက်ပြီး တစ်ဖက်ခြံထဲဆီ တွား သွားဝင်ခဲ့၏။ ဘယ်သူမှ တားဆီးမည့်သူ မရှိ။ နှစ်ထပ်တိုက် အိမ်ကြီးကလည်း တိတ်ဆိတ်နေတော့ သူမအကြိုက် ဖြစ်သွားသည်။

လေအငွေ့နဲ့အတူ ပါလာတဲ့ လက်ဆတ်သော နှင်းဆီရနံ့ အား ရင်ဖွင့်ကာ အားကုန်ရှိုက်သွင်းတော့ မောပန်းသမျှ နွမ်းနယ် ခြင်း ပြေပျောက်သောအဖြစ်သို့ ရောက်လေသည်။ ရွှေသားက နှင်းဆီခြံကြီး၏ ရှေ့ဘက်ဆီက မိတ်ကပ်ရောင် နှစ်ထပ်တိုက်ဆီ တစ်ချက်လှမ်းကြည့်တော့ လိုချင်စိတ်က ပိုဖြစ်သွားသည်။

"ဒီခြံကြီးထဲ လူတွေ မရောက်သေးဘူးနဲ့တူတယ်၊ ဟို တစ်လောကတော့ ရောင်းမယ်လို့ ဆိုင်းဘုတ်ချိတ်ပြီး အခု ဆိုင်း ဘုတ်ဖြုတ်လိုက်တာ ရောင်းပြီးလို့လား၊ မရောင်းရလို့ ဖြုတ်တာ လား၊ တစ်ခုခုတော့ တစ်ခုခုပဲ"



သူမစိတ်ထဲ တွေးသမျှ ရွှေသားနှုတ်ဖျားက စကားလုံး အဖြစ် စီတန်းထွက်ကျသွားတာ ရွှေသားရဲ့အကျင့်။ ငွေသားကတော့ ဘာဖြစ်နေနေ ရင်ထဲမြိုသိပ် ခံစားတတ်လွန်းတဲ့ အုံ့ပုန်းဖြစ်သည်။ ရွှေသားလိုမဟုတ်။ ရွှေသားကတော့ သူမခံစားချက်ကို ဘာတစ်ခုမှ ရင်ထဲ မျိုသိပ်မထားတတ်သူဖြစ်သည်။

"အဲဒီငွေသားက နှင်းဂေါ်သီပ်ကြိုက်တာ၊ နှင်းဆီဆို သူ့လောက်ကြိုက်တာ သူပဲ၊ ဪ ဘာ့ မာမီကလည်း နှင်းဆီဆို နာမည်လေးကြားတာနဲ့ စိတ်လည်းကြည်၊ အားလည်းရှိသတဲ့၊ ဒီတော့ မာမီနဲ့ ငွေသားအတွက် သူတို့အကြိုက် နှင်းဆီပန်းလှလှ ခူးပြီး လက်ဆောင်ပေးရမယ်"

ရွှေသားက သူ့အတွေးနှင့်သူ နှင်းဆီခင်းနား ခုန်ပေါက် ပြေးသွားကာ အငွားစွင့်ဆုံး အဝါရောင် ပွင့်ဖတ်ကား နှင်းဆီကြီးကို ရိုးတံမှ လှမ်းချိုးသည်။

"ဂုတ်... ဂုတ်... ဝေါင်း"

"အမလေး... ခွေးသံပါလား"

"ခွေးက ဘယ်နေရာက ရောက်လာရတာလဲ"

ခွေးတစ်ကောင်၏ ကြောက်မက်ဖွယ်ရာ ကျယ်လောင်တဲ့ ဟောင်သံကြီးကြောင့် ချိုးပြီးသားနှင်းဆီ ကိုင်လျက်က ရွှေသား ဘက်လှည့်ကြည့်သည်။ လူမရှိဘူးလို့ ထင်ထားတဲ့ အိမ်ကြီးထဲ ဘယ်လိုလုပ်ပြီး ဒီခွေးက ရောက်လာရတာလဲ။

"ဟင်"

ရွှေသားမျက်နှာ လှလှလေး ဖွေးခနဲ ဖြစ်သွားရသည်အထိ

www.burmeseclassic.com

www.burmeseclassic.com



သူမတွေ့ရတဲ့မြင်ကွင်းက သွေးပျက်ချင်စရာ။ လူတစ်ရပ်နီးနီး ရှိတဲ့ လည်ဆံမွေးတဖွားဖွားနှင့် ခွေးကြီးတစ်ကောင်။ ရွှေသားရှိရာ အပြေးရောက်လာတာ မြင်လိုက်ရ၍ ရွှေသားတစ်ကိုယ်လုံး အေးခနဲ ဖြစ်သွား၏။

"ဝုတ်... ဝုတ်"

"အမလေး"

တစ်ချက် လှမ်းခုန်တာနှင့် သူမရှေ့ရောက်သည်အထိ မြန်ဆန်ကာ ရတ်တရက် မတ်တတ်ရပ်ပစ်တာက ရွှေသား မျက်နှာနားအထိမို့ ယောင်ကန်းပြီး မျက်ဝန်းတို့ကို မှိတ်ချကာ ပြေးဖို့လည်း သတိမရ။ ပြေးလည်း မလွတ်နိုင်တဲ့ အသိကြောင့် ငယ်သံပါအောင် အော်ပစ်သည်။ ထိုအခိုက်မှာပဲ အသံတစ်ခု ပြေးဝင်လာ၏။

"ရှူး"

"ဝုတ်... ဝုတ်"

"ရှူး"

လက်ခေါက်မှုတ်သံတစ်ခု။ နောက် အောင်မြင်ခန့်ညားသည့် ယောကျ်ားတစ်ယောက်၏အသံ။

"ဟေး... ဂျက်"

ဂျက်ဆိုသည့် ခေါ်သံကြောင့် ရွှေသားကို ဟောင်နေသည့် ခွေးဟောင်သံ ရပ်သွားပြီး ခွေးက ငြိမ်သွား၍ ပတ်ဝန်းကျင် တစ်ခုလုံး ရုတ်ခြည်း တိတ်ကျသွားသည်။

ဘာတွေဖြစ်သွားပြီလဲဆိုတဲ့ သိချင်စိတ်နှင့် မြင်လွှာတွေ



ဖွင့်ကြည့်တော့ သူမရှေ့မှာ ငုတ်တုတ်ထိုင်ချသည့် မိန်းမလှလေး လျှာကြီးတစ်လစ်ထွက်ကာ ငြိမ်ကြည့်နေပုံက ၁ပိုင်ရှင်မျိုးတော့ ကျန်းခဲ့သူ မဟုတ်တဲ့အတိုင်း။ ရွှေသားက ရင်ဘ ကြီးကို မျက်တောင် မခတ်ကြည့်ကာ အသက်ရဲရဲနိုးတဲ့ အပြင် ချိန်မှာ လူရိပ်တစ်ခု သူမတို့နား ရောက်လာ၏။ မှုမျိုး သူမမှာ

"အရမ်းလန့်သွားတယ်နဲ့ တူတယ်"

"ရှင်"

ဝါရောင်ကို

"ကိုယ့်ခွေးက အကောင်ကြီးဆိုတော့ မြင်တဲ့ ဘောင်းဘီ သူ့ကို လန့်ကြတာလေ"

ိုးရှူးအဖြူ

ဂျက်ဆိုတဲ့ ခွေးကြီးနား လာရပ်တဲ့သူကြောင့် ဗွ ကပ်နေ တအံ့တဩ မော့ငေးမိတာ ထိုလူရဲ့ ခြေဖျားမှ ဆံစအထိ ဖြ

ချည်သား အဖြူရောင်ရှပ်အင်္ကျီနှင့် နို့နှစ်ရောင် ဘောင်းဘီ ဖြူဖြူပွပွထဲ လက်နှစ်ဖက်စလုံး နှိုက်ထည့်ထားသည်။ ဖြူဝင်းသည့်မျက်နှာမှာ ဘာအဖုအပိန့်မှ မရှိဘဲ ချောမွေ့နေတာလည်း ယောကျ်ားတန်မဲ့ ငေးကြည့်ချင်စရာကောင်း၏။ အစိုဓာတ်တစ်မျိုးနှင့် တောက်ပစိုလက်နေသော ဆံပင်တွေကို နောက်သို့ လှန်သိမ်းထားသည့် ချိုသောအပြုံးနှင့် ယောကျ်ားပီသမှုတွေနှင့် ခန့်ညား ချောမောသော လူတစ်ယောက်။

"ချောလိုက်တာ"

အကျင့်ပါနေသော ရွှေသားနှုတ်ဖျားက လှုပ်ရုံ လှုပ်သွားပြီး အသံမထွက်ဘဲ ကျေးဇူးတင်ရမည်။

"မကိုက်မိဘူးမို့လား၊ ဂျက်က အဲဒီလိုပဲ၊ လူစိမ်းနဲ့ရရင်

www.burmeseclassic.com

www.burmeseclassic.com



သူမတွေ့ရတဲ့မြင်ကွင်းကွ၊ တအားသောင်းကျန်းတဲ့ကောင်ကြီး၊ ရှိတဲ့ လည်ဆံမွေးတခါ၊ ချက်ချင်း ဝပ်ကျသွားတာပဲ၊ သောင်ကျန်း အပြေးရောက်လာ လိမ္မာတယ်"

ခနဲ ဖြစ်သွားရှေ့ဦးခေါင်းကို ဖွဖွပုတ်ရင်း ပြုံးပြောတော့ ပါးပြင်

"ဝုတ် .ပါးချိုင့်ရာရှည်ရှည်လေးက ရွှေသား အသက်ရှူ

"အမသေိ ပြုစားသည်။

တစ်ချက်ခြကနဲ့ တူတယ်"

မြန်ဆန်ကာ

မျက်နှာနားဝန်းတွေ ဝိုင်းခနဲဖြစ်အောင် ရှင်သွားတဲ့ ကလေးမ ပြေးဖို့လည်းထက်ညုံက သွားတွေပေါ်အောင် ရယ်သည်။ ဘာပြော ငယ်သံပါရှင်ရှင် ဖြစ်နေသော သိပ်လှသည့် မိန်းမချောလေးပုံစံက မျှမျော်၊ အသည်းယားစရာဖြစ်တာ သူမကိုယ်သူမ သိချင်မှ သိမည်။

"အလန့်မပြေသေးဘူးနဲ့ တူတယ်"

"ဟို… မဟုတ်ဘူး"

"အိမ်ထဲမှာ ရေဝင်သောက်မလား၊ ဖရီဇာထဲတော့ မထည့်ရ သေးဘူးကွ၊ ကိုယ်က ဒီနေ့ အိမ်ရှင်းတာ လာကြည့်ပေးတာ ဆိုတော့ ရေဖူးတွေက ပါကင်မဖွင့်ရသေးဘူး"

"ရပါတယ်"

လှပသော နုငယ်သန့်စင်သည့် ချစ်စရာ ပန်းရောင်ရင့်နေတဲ့ မျက်နှာလေးကိုကြည့်ကာ မိုးထက်ညံမျက်နှာမှာ အပြုံးသဲ့သဲ့ ဖြစ်ထွန်းသွားသည်။ မိန်းမချော မိန်းမလှပေါင်းများစွာ မြင်ဖူး



တွေ့ဖူးပေမဲ့ သူ့မျက်စိရှေ့ အခု ရောက်နေသည့် မိန်းမလှလေး လောက် ရိုးသားအပြစ်ကင်းစင်သော အလှပိုင်ရှင်မျိုးတော့ ဒီတစ်ခါပဲ တွေ့ဖူးသည်။

ကိုယ့်ထက်ငယ်မှာ သေချာပေမဲ့ နုနယ်လွန်းတဲ့ အပြင် အဆင်ကြောင့် ကလေးတစ်ယောက်ရဲ့ အပြစ်ကင်းမှုမျိုး သူမမှာ တွေ့နေရသည်။

ရင်ဘတ်မှာ ဖောင်းကြွကြောင်ရုပ်က အဝါရောင်ကို အောက်ခံတီရှပ်က အနက်။ ပခုံးထိ ကြိုးသိုင်းထားတဲ့ ဘောင်းဘီ ဖြူက ပေါင်လယ်လောက်ပဲ အရှည်ရှိကာ ဝေါ့ကင်းရှူးအဖြူ စီးထားသော ခြေထောက်မှာ ရွှက်ခြောက်တွေ၊ ဖုန်မှုန့်တွေ ကပ်နေ တာကိုကြည့်ရင်း ခြံတိုးလာတာကို မဖြေဘဲ သိသည်။

အခုမှ ပိုင်ရှင်သိသွား၍ ဘယ်နားဖွက်ရမှန်းမသိတော့သော နှင်းဆီအဝါက ကျောနောက် အပို့ခံလိုက်ရတာနဲ့ ဘေးဘက် ကပ်ချထားလိုက်ရမလိုနှင့် ရှုပ်ယှက်ခတ်နေတာကိုကြည့်ပြီး သဘော တကျ ဖြစ်လာတာလည်း ဝန်ခံရမည်။ မိုးထက်ညံက သူမပုံစံကို အားရအောင်ကြည့်ပြီးမှ ရယ်ချင်လက်စကို သိမ်းသည်။

"ခြံချင်းကပ်ရက်ဆိုတော့ ဒီနေ့ကစပြီး မိတ်ဖွဲ့လို့ ရပြီပေါ့၊ ကိုယ့်နာမည်က မိုးထက်ညံ"

"ဟုတ်"

"မင်းနာမည် ပြောဦးလေ"

"ရွှေသားအဲသွင်"

"ဟား… နာမည်နဲ့လူ တစ်ထပ်တည်းပါလား"

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

အပြုံးနှင့် ကမ်းပေးလာတဲ့လက်ကို ရွှေသားက ထိတယ်ဆိုရုံလေးထိပြီး နှုတ်ဆက်တော့ မိုးထက်ညဲက မျက်နှာလှလှလေးကို စိုက်ကြည့်ပြီး ခပ်သဲ့သဲ့ ရယ်ဖြစ်သွားသည်။

"ပန်းလာချူးတာပေါ့... ဟုတ်လား"

"ဟုတ်"

"ဘယ်သူမှ မရှိဘူးထင်တာနဲ့"

"ဒီဘက်ခြံကို ဝယ်လိုက်တာလားဟင်"

ပန်းဆီရောင် ဘော့(ထ်)ဟဲယားဆံပင်နှင့် ခေတ်ရှေ့ပြေးလွှန်းသော ဘိုမရုပ်လေးအား မိုးထက်ညဲက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ လာမယ့် ဆန်းဒေး ကိုယ်တို့ ပြောင်းလာတော့မှာ"

"မိသားစု အများကြီးလား"

စပ်စုပုံက ရိုးရှင်းသည်။ အိမ်ကြီးဆီ ဝေ့ကြည့်ပြီးမှ သူ့ထံပြန်ကြည့်တော့ အားနာပြုံးနှင့် ဖြစ်သည်။

"အဟွန်း... မဖြေချင်လည်း ရပါတယ်၊ ရွှေသားက အဲဒီလိုပဲ၊ သူများ ပါဆင်နယ်တွေဆို တအား သိချင်လွန်းတာနဲ့ ငွေသားဆူတာ အမြဲခံရတယ်"

"ငွေသားဆိုတာ ရှိသေးတယ်လား"

ငွေသားဆိုသည့်အမည်ကြောင့် မိုးထက်ညဲ မျက်ခုံးပင့်ပြီး မေးတော့ ရယ်မြူးရိပ်သမ်းသော မျက်ဝန်းတွေက ပိုချိုသွားသည်။ ရွှေသားက ထိုမျက်ဝန်းတွေကို သဘောကျ နှစ်လိုစွာ ငေးကြည့်



ပြီးမှ သတိရပြီး အကြည့်ကို ချက်ချင်း ရုပ်သိမ်းလိုက်၏။

"ဟုတ်... ရွှေသားရဲ့အစ်မ ငွေသားအသွင်တဲ့"

"ရွှေသားရဲ့ အစ်မဆိုတော့ ရွှေသားလိုပဲ ချောမှာပေါ့"

ပြုံးနေသည့် သူ့မျက်နှာက ပါးချိုင့်အစုံက ငေးချင်စရာပါပဲ။

မိုးထက်ညဲဆိုသည့်လူ သူ ဘာပြောပြော မေးထောက်ပြီး ထိုင်ငေးချင်စရာကောင်းတာ အမှန်။ ရွှေသားက ကိုယ့်ကို ချောတယ်ပြောတာရော၊ သူ့အပြုံး သူ့အကြည့်မှာ ယစ်မူးတာရောနှင့် တခဏချင်း သူနှင့် ရင်းနှီးကျွမ်းဝင်သလို ဖြစ်သွားသည်။

"အဟွန်း.. ရွှေသားတို့တစ်အိမ်လုံး အချောတွေချည်းပဲ စုနေတာ"

"ဒါ့ဆို အပြင်သိပ်မထွက်နဲ့"

"ဟမ်... ဘာလို့"

ချစ်စရာကောင်းအောင် လုပနေသော အူကြောင်ကြောင် ဖြစ်သွားတဲ့ သူမမျက်နှာလေးကို သဘောကျစွာ မိုးထက်ညဲ ငုံကြည့်ရင်း ပြုံးသည်။

"ချောတဲ့လူတွေ လိုက်ဖမ်းနေတယ်တဲ့"

"ဟာ"

"အဟွန်း... ဟွန်း... ဟွန်း"

ပြောပြီး သူ ရယ်သည်။

ထိုအခါမှ ရွှေသား သဘောပေါက်သွား၏။

"ခစ်... ခစ်၊ ကိုကြီးက နောက်တတ်သားပဲ၊ မဆိုးဘူး၊ ရွှေသားနဲ့ ဂိုဏ်းဖွဲ့လို့ရပြီ"

www.burmeseclassic.com

www.burmeseclassic.com



လွတ်ခနဲ နှုတ်က သူ့ကို ကိုကြီးလို့ခေါ်ပြီးမှ ကြည်စင်လှပသော မျက်ဝန်းများနှင့် သူ့မျက်နှာကို မော့ကြည့်သည်။ ကြည်စင်လှပသော မျက်ဝန်းတွေ ရှင်းသန့်နေပုံက ကလေးတစ်ယောက်လို ချစ်စရာကောင်းနေတာကို မိုးထက်ညံ့ မြင်နေရ၏။

"ကိုကြီးလို့ ခေါ်မယ်နော်၊ ခေါ်လို့ရလားဟင်"

"သဘော"

"သင့်ခ်ယူး"

ရွှေသားဆိုသည့် မိန်းမလှလေးက ချစ်စရာကောင်းသော အရယ်အပြုံးနှင့် သူ့ကို ခွင့်တောင်းသလို မေးလာတော့ မိုးထက်ညံ့ ချစ်စနိုးနှင့် အသာတကြည်ပဲ ခွင့်ပြုလိုက်ရသည်။ ဘာပဲဖြစ်ဖြစ် မခေါ်စဘူး အခေါ်ထားတဲ့ ဒီအသုံးအနှုန်းကြောင့် သူ့မှာ ကြည်မွေ့သော ခံစားချက်က သူ့ရင်ထဲ လှိုင်းတစ်ခုလို ညင်သာသိမ်မွေ့စွာ ဖြတ်သန်းသွား၏။

# အခန်း (၅)

"မာမီ့သမီးလေ အခုမြင် အခုတွေ့တဲ့လူနဲ့ မိတ်ဆွေဖွဲ့ပြီးတော့ ဟိုက လာပါ ခူးပါဆိုတာနဲ့ အားတိုင်း ခြေဦးလှည့်တာ အဲဒီဘက်ခြံကိုပဲ"

"ရွှေသား ခူးတာကျတော့ သူပဲ ယူပြီးတော့"

သားအမိသုံးယောက် ခြံထဲမှာ ချထားတဲ့ ကြိမ်ခုံအဝိုင်းကြီးတွေမှာ ထိုင်နေတာ ရွှေသားက အလယ်ကပါ။ ငွေသားက ရွှေသား ခူးလာသည့် နှင်းဆီပန်းတွေကိုယူပြီး ရွှေသားအကြောင်း မာမီကို တိုင်နေခြင်းဖြစ်သည်။

ဒေါ်ရိုစီက လီမွှော်တောက်တောက်မှာ ပန်းခြမ်းတစ်ဖက်၌ ခရစ်စတယ်တွေကို သစ်ရွက်ပုံ ဒီဇိုင်းဖော်ထားပြီး ထောင့်အောက်ဖျားနားမှာလည်း သစ်ရွက် ခပ်ကျဲကျဲထိုးထားတဲ့ ဗမာဝတ်စုံနှင့် ငွေသားကို အသာငုံ့ကြည့်သည်။ ငွေသားခေါင်းမှာ ရွှေသား ခူးယူလာသည့်ပန်းက နေရာယူထားပေမဲ့ ငွေသားပုံစံက ရွှေသားကို သဘောမကျသည့်ပုံ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေသားကတော့ စားပွဲပေါ် ပူစူးလာချပေးတဲ့ ရေခဲမုန့်ခွက်ကို ဦးအောင်ယူရင်း ဇွန်းဖျားလေးနဲ့ခပ်ကာ ပါးစပ်ထဲ တစ်လုံးကြီးသွင်းပြီး မြုံကာ အရသာခံနေပုံက ဟန်ပန်တွေမရှိ။ သူမဘာသာ စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်အောင်နေတတ်သည့် အကျင့်အတိုင်း ငွေသား ဘာပြောပြော ဂရုမစိုက်။

"နင် ခူးလာမှတော့ ယူပြီပေါ့၊ ငါနဲ့ မာမီသာ မယူရင် နင့်ပန်းတွေခြောက်ပြီး လွှင့်ပစ်ရမှာ"

"အံမယ်… မလွှင့်ပစ်ရပါဘူး၊ ပွင့်ဖတ်တွေခြွေပြီး မွှေ့ယာအောက် ခင်းအိပ်မှာပေါ့၊ ဟွန်း… ရွှေသားတို့က ပန်းမကြိုက်ပေမဲ့ မွှေးတဲ့အနံ့တော့ ကြိုက်တတ်ပါတယ်နော်"

ရွှေသားက မုန့်စားမပျက်။ တစ်ဖက်လူမျက်နှာပေါ်က ခံစားချက်ကိုလည်း မကြည့်။ သူမ ပြောချင်တာပြောပြီး စားပွဲပေါ်မှာရှိနေသည့် နှင်းဆီပန်းတစ်ပွင့်ကို ကောက်ယူနမ်းရှိုက်လိုက်သည်။

"အား… ဒါက ရေမွှေးနှင်းဆီဆိုတဲ့အတိုင်း အနံ့လေးကိုသင်းနေတာပဲ"

"မွှေးကြည့်ပါဦး မာမီ"

"မွှေးပါတယ် သမီးရဲ့၊ ဒါပေမဲ့ နောက်ထပ် သွားမခူးနဲ့တော့"

"ဘာဖြစ်လို့လဲ မာမီ"

"အားနာလို့ပါကွယ်"

"နေ့တိုင်းဆိုတော့ ဘယ်ကောင်းမလဲ"

"မာမီမကြိုက်ရင် မသွားတော့ဘူးနော် မာမီ"



"မာမို့သမီးက လိမ္မာပါတယ်"

ငွေသားက စွပ်ကျယ်ချိုင်းပြတ်နှင့် ဘောင်းဘီတို ဝတ်ထားသည့် ရွှေသားကိုကြည့်သည်။

"နင့်ကို မာမီက ခြံစောင့်မာလီနဲ့ ဖူးစာဆုံမှာစိုးလို့ ပြောနေတာ"

"ကိုကြီးက ခြံစောင့်မှ မဟုတ်တာ"

"ဟော… ကိုကြီးတဲ့၊ တွေ့လား… မာမို့သမီးက"

ငွေသားက အခုထိ ရွှေသားကို ချိုသည် ခါးသည် တစ်ခွန်းမှ ဝင်မပြောသော မာမို့ကို လှမ်းတိုင်တာ အားမရခြင်းများစွာနဲ့ ဖြစ်သည်။ သူ ဘာပြောပြော မာမီက အရေးမလုပ်တာကို ငွေသားရင်ထဲ အခံရခက်နေ၏။ ရွှေသားတို့ကတော့ မာမို့ပခုံးပေါ် ကိုယ်တစ်ခြမ်းလုံး ပစ်မှီတင်ကာ သူမ ချွဲနွဲ့နေကြပုံစံအတိုင်း မာမို့နားမှာ ကပ်ချွဲနေ၏။

"သိလား မာမီ၊ ကိုကြီးနာမည်က မိုးထက်ညံ့တဲ့"

"ရွှေသားထက် အသက်အများကြီး ကြီးလို့ ရွှေသားက ကိုယ့်အစ်ကိုလို သဘောထားပြီး ကိုကြီးလို့ ခေါ်တာပါနော်"

"သူက တစ်ယောက်တည်း လာနေတာ မဟုတ်လား သမီးရဲ့"

မာမို့အသံက ချိုမြနေ၏။ ရွှေသားကိုကြည့်သည့် အကြည့်ထဲမှာလည်း ချစ်မြတ်နိုးမှုအပြည့်နှင့် ဖြစ်သည်။

မာမီတို့ ရွှေသားကို စစ်ဆေးမေးမြန်းပုံကလည်း ညြချလောက်ပါသည်။ ချော့သလို မြူသလိုနှင့်ဖြစ်ပြီး ရွှေသားကလည်း

www.burmeseclassic.com

www.burmeseclassic.com



မာမှီရင်ခွင်ထဲ တိုးဝှေ့လျက် မှန့်စားမပျက်။

"တစ်ယောက်နဲ့တစ်ကောင်ပါ မာမီရဲ့"

"ဟဲ့… အဲဒါက ဘယ်လိုတုန်း"

"တစ်ယောက်ဆိုတာ ကိုကြီး၊ တစ်ကောင်က ဂျက်၊ ကိုကြီးရဲ့ ခွေးလေ"

"ဪ"

"ရွှေသားနဲ့ဂျက် စတွေ့တုန်းက မတည့်ဘူး သိလား၊ ဒါပေမဲ့ အခု တွေ့ပါများလာတော့…"

"တည့်သွားပြီပေါ့"

"သတ်(ထ်)ရိုက်(ထ်)"

"ဂျက်က လိမ္မာတယ် မာမီရဲ့၊ သူ့သခင်အတိုင်းပဲ"

"ဘယ့်နှယ်… ခွေးနဲ့လူနဲ့ မနှိုင်းကောင်းဘူး သမီးရဲ့"

"ဘွာတေးနော် မာမီ… ခစ်… ခစ်"

ငွေသားက ထိုမြင်ကွင်းကို ဆက်မခံစားနိုင်သလို ဖျတ်ခနဲ ထရပ်သည်။ မာမီတို့များ ရွှေသားက ကောင်းကင်ပေါ် တက်ချင်ပါသည်ဆိုတာတောင် ငယ်တုန်းက လှေကားထောင်ပေးတဲ့အတိုင်း အလိုလိုက်ခြင်းက ယနေ့အထိ။ ရွှေသား ဘာပြောပြော ခေါင်းခါသည်ဆိုတာ မရှိခဲ့။ သူမမှာတော့ မာမီ့အကြိုက်ဖြစ်ရအောင် တစ်နေ့တစ်နေ့ စီမံချက်ပြုတ်ရသည်။ ဒယ်ဒီ့လုပ်ငန်း၌ အကူအညီရသည်မှာ နာမည်ထွက်အောင် စာရင်းစစ်ပေးရတာလည်း ညစဉ်ညတိုင်းဖြစ်သည်။ ဒါနဲ့တောင် မာမီ့အချစ်က ငွေသားထံမှာ မရှိ။



ငွေသားမှာသာ တစ်နေ့နဲ့တစ်နေ့ အလုပ်နဲ့လက် မပြတ်အောင် လုပ်နေရသည်။ ရွှေသားက ကားတစ်စီးနှင့် ရှော့ပင်ထွက်သည်။ ဂိမ်းဆော့သည်။ ဆယ်တန်းအောင်ပြီးကတည်းက တက်လိုက်သည့် သင်တန်းကလည်း ရတဲ့ ဆာတီဖိကိတ်(တ်)တွေ ထပ်ထားလျှင် ရွှေသားတစ်ရပ် ကျော်ထွက်သွားနိုင်သည်။ တကယ်ဆို လိမ္မာသူနှင့် မလိမ္မာသူက ဆီနှင့် ရေလိုပင်။ အပူပေးတာနဲ့ အသံမြည်ပြီး ပျောက်ထွက်သွားရမှာ ရေဖြစ်ပေမဲ့ ဒီမိသားစုရဲ့ လွဲနေသော သင်ရိုးများကြောင့် ဖြစ်သည်။

"ကလောင်… ကလောင်"

ခြံဝက လူခေါ်ခေါင်းလောင်းက အသံကြောင့် ခြံစောင့်ကြီး တံခါးသွားဖွင့်တာ မြင်သည်။ ဘယ်သူဘယ်ဝါရယ် မသိသေးဘဲ သိလိုစိတ်နှင့် အပြင်ကို ငွေသား လှမ်းကြည့်ပေမဲ့ စက္ကူအဖြူလို ခပ်တောင့်တောင့်ကတ်ပြားကြီးကိုင်ကာ အိမ်ထဲ ပြန်ဝင်လာသူက ခြံစောင့်ကြီးဖြစ်သည်။

"ဟိုဘက်ခြံက အိမ်တက်ဖိတ်စာပါ မမကြီး"

မာမီ့လက်ထဲ ရောက်လာသည့် အဖြူရောင်ဖိတ်စာကတော့ တခမ်းတနားဖြစ်သည်။

"တစ်အိမ်သားလုံး ကြွခဲ့ကြပါတဲ့ဗျ၊ ပြီးတော့ လာဖိတ်တဲ့ သူငယ်လေးက မှာသွားသေးတယ်"

"ဘာမှာတာလဲ ဦးမောင်"

ငွေသားတို့နား ပြောပြောမေးမေးနှင့် ရောက်လာသူက ရွှေသားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေသား ကြည့်မရတာလည်း အဲဒါတွေပဲဖြစ်၏။

ထစ်ခနဲဆို လှုပ်ခတ်နေရအောင် ကိုယ်က မိန်းကလေး ဆိုတာ မေ့နေရော့လားမသိ။ ငွေသားက အိမ်ထဲဝင်ရန် စိတ်ကူးကို အကောင်အထည်မဖော်ဖြစ်ဘဲ နေရာမှာတင် မတ်တတ်ရပ် လက်ပိုက်ကာ နားစွင့်နေမိသည်။

"မိုးထက်ညံဆိုတဲ့လူက ရွှေသားလေးဆီ ညကျမှ ဖုန်းသီးသန့်ဆက်ပြီး ထပ်ဖိတ်ပါ့မယ်တဲ့"

"အဲဒါ ကိုကြီးပေါ့ မာမီရဲ့"

ရွှေသားက မာမီ့ကို တစ်ဆက်တည်း လှည့်ပြောသည်။

"ဖိတ်စာက အမိုက်စားပဲနော် မာမီ၊ ဘယ်နေ့လဲဆိုတာ ရွှေသား ကြည့်လိုက်မယ်"

"နောက် ဘာမှာသွားသေးလဲ ဦးမောင်၊ အထဲတော့ မခေါ်ဘဲနဲ့"

"ခေါ်ပါတယ်၊ တခြားအိမ်တွေ ဖိတ်စရာရှိလို့ မဝင်တော့တာတဲ့၊ ခွေးကြီးတစ်ကောင်နဲ့ ဖိတ်စာကိုင်ထားတဲ့ ကောင်လေးပါပါတယ်"

"ဆန်းဒေးပဲ မာမီရဲ့၊ ဒယ်ဒီလည်း အားတယ်"

ရွှေသားတို့က အိမ်တက်သွားရမည့်အရေး တကယ့်ကို တက်တက်ကြွကြွ ရှိလှသည်။ ငွေ ား အိမ်ရှေ့ကို ထွက်ခဲ့တော့ ရွှေသားက မြင်သွားသည်။

"တစ်အိမ်လုံး ဖိတ်ထားတာဆိုတော့ ဒယ်ဒီပါ ခေါ်သွားမယ်နော် မာမီ၊ ငွေသား နင်လည်း လိုက်ရမယ်နော်"



"မလိုက်ပါဘူး၊ နင့်ဟာနင်သွား"

"အိမ်ချင်းကပ်နေတာကို"

"သူ မလိုက်ချင်လည်း နေပါစေ"

မာမီက ဒါပဲဖြစ်သည်။

ငွေသား ပြောပြီး အိမ်ဘက် ခြေဦးလှည့်သည်။ စိတ်ကူးနှင့် လက်တွေ့ကို အမြဲတံတားထိုးကာ လျှောက်ခဲ့သော သူမက သူမနှင့် မဆိုင်သည့်ကိစ္စ ဝင်မပါဖို့ ဆုံးဖြတ်ထားသည့်အတိုင်း မိုးထက်ညံဆိုသည့်လူကို တွေ့ချင်မြင်ချင်စိတ်ကို ကျိတ်မျိုသိပ်ပြီး ကျောခိုင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

သူမစိတ်ကူးက တကယ်တော့ အသုံးမဝင်မှန်း ငွေသား အသိနောက်ကျခဲ့ရသည်။ မာမီက ဖိတ်စာထဲက နာမည်တစ်ခုကို ဒယ်ဒီကို ပြသည်။

"ဖိတ်စာထဲမှာပါတဲ့ ဒေါက်တာညဏ်ထွန်းဆိုတာ ကလေး အထူးကုဆရာဝန်ကြီး မဟုတ်လား ဒယ်ဒီကြီးရဲ့"

"ဒေါက်တာညဏ်ထွန်းဆိုရင်တောင် နာမည်တူရှိနေလို့ မှားချင်မှားဦးမှာ၊ အခု ဒေါ်မိုးဦးခင်ဆိုတာပါ ပါလာတော့ ဒါ မလွဲတော့ဘူး မာမီကြီးရဲ့၊ သမီးတို့ သွေးလွန်တုပ်ကွေး ဖြစ်တုန်းက လိုလေသေးမရှိအောင် ဆေးရုံမှာ စီစဉ်ပေးခဲ့တာ ဆရာဝန်ကြီးလေ"

"မှတ်မိလား သမီး"

ဒေါ်ရီရီက အနီးတွင်ရှိသော ရွှေသားကို ပခုံးချင်း တိုက်မေး သည်။ ရွှေသားက မာမီ့မျက်နှာကို မျက်လုံးဝိုင်းကြီးတွေနှင့် အူကြောင်ကြောင်လေး မော့ကြည့်ပြီး မာမေ့အမေးစကားကို ခေါင်းလေး ခါပြသည်။



"ဟင့်အင်း… ရွှေသား မမှတ်မိဘူး မာမီ၊ ငွေသားရော မာမီပြောတဲ့ ဆရာဝန်ကြီးကို မှတ်မိလား"

"ဟင့်အင်း… ငွေသားလည်း မသိဘူး"

"အေးလေ… အဲဒီတုန်းက သမီးတို့က ငယ်သေးတော့ ဘယ်မှတ်မိပါ့မလဲ၊ ဒါပေမဲ့ ဒယ်ဒီတို့အတွက်တော့ မမေ့နိုင်တဲ့ ကျေးဇူးရှင်ပဲ၊ အခုလို အိမ်နီးနားချင်းဖြစ်ရတာ ဝမ်းသာစရာပါ၊ ဆရာက သဘောကောင်းတယ်"

ငယ်ငယ်တုန်းက သူမရော ရွှေသားပါ အကြီးအကျယ် ဖျားပြီး ဆေးရုံတက်ရတာတော့ မှတ်မိသည်။ သို့ပေမဲ့ ကိုယ့်ကို ဆေးကုပေးတဲ့ ဆရာဝန်ကြီးက ဘယ်သူဘယ်ဝါလို့ သတိမထားမိသလို ကလေးသဘာဝ မှတ်လည်း မမှတ်မိပါ။

"သမီးတို့ရဲ့ အသက်သခင်ပဲ၊ ဒီလို အိမ်နီးချင်းမျိုးက ဖိတ်တဲ့ပွဲကို မိသားစုအားလုံး သွားရမှာပေါ့၊ ဒယ်ဒီ့သမီးနှစ်ယောက် စလုံး အလှဆုံး ပြင်ကြရမယ်နော်… ကြားလား"

"အမလေး… ရှင်က သမီးနှစ်ယောက်ဆိုတော့ ရို့စ်တော့ မပါရဘူးလား"

"ကိုယ့်မိန်းမက ထိပ်ဆုံးကပါဗျာ၊ မာမီကြီးလည်း အလှဆုံး ပြင်စေ"

"ဟေး"

ဒယ်ဒီ့ တစ်ချက်လွှတ်အမိန့်ကြောင့် ငွေသား မငြင်းဆန် နိုင်ဘဲ တစ်ဖက်ခြံကို မိသားစုနှင့်အတူ ပါလာခဲ့ရတာ ဖြစ်သည်။ ခြံကြီးထဲ [illegible]နှင့် အရင်ဆုံး ဆီးကြိုပွေ့ဖက်တာ ကြိုင်လှိုင်

www.burmeseclassic.com

www.burmeseclassic.com



လွန်းတဲ့ နှင်းဆီရနံ့ဖြစ်ပြီး အိမ်လေးက ငွေသားတို့ရဲ့ ရွှေငွေစံအိမ်လောက် မခန့်ညားပေမဲ့ ပြည့်ပြည့်စုံစုံနှင့် ချစ်စရာလေး ဖြစ်သည်။

"ဟော… ရွှေသားတို့ လာပြီ"

ကော်ဇောနီခင်းထားတဲ့ ဧည့်ခန်းရှိ စားပွဲဝိုင်းတွေမှာ ငွေသားတို့ ရောက်သွားချိန်မှာ ဧည့်သည်တွေ ကျပါးစပြုနေပြီဖြစ်သည့်အတွက် ရွှေသားတို့မိသားစုကို မိုးထက်ညံကပဲ ဦးဆောင်၍ လိုက်လှဲစွာ ကြိုဆိုသည်။ ငွေသားစိတ်ထဲမှာတော့ ရွှေသားကို ခရီးဦးကြိုတဲ့ပုဂ္ဂိုလ်ဟာ ချောတော့အချောသားလို့ စိတ်ထဲသတ်မှတ်ရတဲ့အထိ ထိုလူက ကြွေရောင်တောက်လည်ကတုံးနှင့် အုန်းခွံရောင်ပိုးပုဆိုး တွဲဝတ်ထားသည်။ လှစ်ခနဲ ပြုံးပြတာနှင့် ပါးချိုင့်ရာလေးကြောင့် ငွေသားက တစ်ချက် ခိုးငေးပြီး ငွေသားရင်ထဲ ဘယ်တုန်းကမှ မဖြစ်ဘူးတဲ့ ခံစားချက်နဲ့ အခုန်မြန်လာတာ သူမကိုယ် သူမ ထူးဆန်းမဆုံး ဖြစ်နေ၏။

"ကြွပါခင်ဗျာ၊ ဒီဘက်ကို၊ ဒီမှာက ဧည့်သည်ရှင်းတယ်၊ ရှင်းဆို မွှီအိုင်ပီတွေပဲ ဧည့်ခံတာကိုး"

"အန်ကယ်နဲ့ အန်တီ ဒီမှာထိုင်ပါ"

"အပွန်း… ကိုကြီးက ရွှေသားတို့ မိသားစုကို မွှီအိုင်ပီလို့ သဘောထားတာပေါ့လေ"

"ဒါပေါ့ဗျာ"

အနီရဲရဲဂါဝန်က ဒူးကျရုံရှည်ကာ ရင်ဘတ်နားမှာ လိပ်ပြာပုံကြီးတစ်ပုံ ပါသည်။ ဒါကို အပေါ်ကနေ အနက်ရောင် ဇော့(စ်)



ကုတ် ထပ်ဝတ်ထားတာက ရွှေသားရဲ့ ပွဲတက်စတိုင်က ရှင်းပြီး လှချင်တိုင်း လှနေသည်။ ဖြူနုအုဖတ်နေသည့် ရွှေသားပုံစံလေးကလည်း ဆွဲဆောင်မှုအပြည့်။

ရွှေသားက လှချင်လွန်း၍ ဆံပင်တိုကပ်ကပ်ကို တစ်ခြမ်းသိမ်းကာ ရောင်စုံကလစ်တွေ စီတပ်ထားပုံကလည်း ကလေးတစ်ယောက်ကို လှစေချင်လွန်း၍ ဆွဲလွဲအလှပြင်ပေးထားတာနှင့် ဆင်တူလေသည်။ မိုးထက်ညံက တသီးတသန့် ပြင်ဆင်ထားသော စားပွဲဆီ ရွှေသားတို့မိသားစုကို ဦးဆောင်ခေါ်လာကာ ထိုင်စေသည်။

"ရွှေသားက မွှီအိုင်ပီမို့ ကိုယ့်အိမ်က ပန်းတွေလည်း အစစ်အဆေး အရေးအမြန်းမရှိ ခူးခိုင်းထားတာပေါ့"

"လူစုံပြီဆို ကိုကြီးတို့ အရှက်ခွဲပြီ၊ အဲဒါ ရွှေသားယူတာ မဟုတ်ဘူး။ …မိန့် ငွေသားအတွက် ရွှေသားက ပန်းတော်ဆက်သိလား"

"မာမိနဲ့ ဒယ်ဒီ… ဒါ ကိုကြီး မိုးထက်ညံတဲ့"

"ဆရာကြီး ဦးဉာဏ်ထွန်းရဲ့ သားလားကွ"

"ဟုတ်ပါတယ် အန်ကယ်၊ ကျွန်တော်က ဖေဖေ့သားပါ၊ အပေါ်ထပ်မှာ ဧည့်သည်တွေ ရောက်နေလို့ ဖေဖေ ဆင်းမလာနိုင်သေးတာပါ၊ ခဏနေရင် အန်ကယ်တို့ဆီ ခေါ်လာခဲ့ပါ့မယ်"

"ရပါတယ်ကွာ၊ ဖြည်းဖြည်းပေါ့၊ အိမ်နီးနားချင်းတွေပဲ"

မိုးထက်ညံနှင့် ဒယ်ဒီတို့ အဖွဲ့ကျသွားကာ စကားဝိုင်းဖွဲ့ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး"

"ဟင်"

"ရွှေသားအစ်မ ငွေသားက မလှဘူးလား"

"အမှန်အတိုင်းပြောရရင် ရွှေသားလောက်တော့ မလှဘူးကွ"

"သွားပါ၊ ကိုကြီးက ရွှေသားကို တမင် မြှောက်နေတာ ရွှေသား သိသားပဲ"

"သြော်… တကယ် ပြောနေတာကို မယုံဘဲကိုး"

"ဟော… ဟိုမှာ မေမေ လာပြီ"

"မေမေ… ဒီမှာ ဟိုဘက်ခြံက ဧည့်သည်တွေ"

"ဟယ်… ဒါ… ရှိစီ… ရှိစီပါနော်"

မိုးထက်ညီမိခင်က ဒေါ်ရှိစီကို တွေ့တွေ့ချင်း ရုတ်တရက် အနားရောက်လာပြီး အားရဝမ်းသာ ဝင်နှုတ်ဆက်ကာ ဒေါ်ရှိစီ ဘေးခုံမှာ ဝင်ထိုင်ချလိုက်၍ ဒေါ်ရှိစီလည်း ဝမ်းသာစိတ်နှင့် မျက်နှာတစ်ခုလုံး ပြုံးသွားသည်။

"ဟုတ်တယ် မမ၊ ရှိစီပါ၊ ကြည့်ပါဦး၊ မမက မှတ်မိတယ်နော်၊ ရှိစီကလေ ဖိတ်စာမှာ မမတို့နာမည် တွေ့မှပဲ ရှိစ်တို့ ခြံနီးချင်းဟာ မမတို့မှန်း သိရတယ်"

"သမီးလေးတွေကလည်း ချောလိုက်တာကွယ်"

"သားပြောပြောနေတဲ့ ရွှေသားဆိုတာတော့ နာမည်ချင်း တူသားဆိုပြီး ထင်နေတာ၊ အခု ရှိစီတို့နဲ့ တွေ့မှပဲ သိတော့တာ လမ်းမှာဆုံကြရင် ငယ်ရုပ် ဘယ်ဖမ်းမိပါ့မလဲ၊ ဒါလေးက ရွှေသားလား"



မိုးထက်ညီမေမေက မေးပြီး တရင်းတနှီး လက်ကို လှမ်းကိုင်တာ ငွေသားကို ဖြစ်၏။ ငွေသားမှာ လူမှား၍ ကိုယ်လေး တွန့်ခနဲ ဖြစ်သွားပေမဲ့ မိုးထက်ညီမာမီ၏ နွေးထွေးသော အထိအတွေ့မှာ ငွေသားလက်ဖဝါးမှတစ်ဆင့် သွေးကြောတွေဆီ စီးဆင်းသွားတာ အရှိန်အဟုန်ပြင်းပြင်းမို့ ငြင်းဆန်ဖို့ အင်အားမဲ့ နေချိန်မှာ လူမှားနေသည့်ကိစ္စကို မိုးထက်ညီက ဝင်ဖြေရှင်းဖို့ ကြိုးစားသည်။

"မေမေ… ရွှေသားက…"

"သမီးက တကယ့် လူကြီးလေးလိုပါပဲလား ရှိစ်ရယ်၊ ကြည့်ပါဦး ဝတ်ထားလိုက်တာလည်း ဗမာဆန်လိုက်တာ၊ အရမ်း ချစ်ဖို့ကောင်းတယ်၊ မမကလေ သားပဲမွေးထားတော့ သမီး မိန်းကလေးဆို ချစ်ပြီးသားကိုမှ ဒီလိုပုံစံမျိုးလေးက ဒီခေတ်မှာ တွေ့ရမြင်ရခဲနေပြီ ရှိစ်ရဲ့"

"ရွှေသားက ဒီမှာ မမရဲ့၊ မမ လူမှားနေတာ"

ဒေါ်ရှိစီစကားကြောင့် ဒေါ်မိုးဦးခင်က ငွေသားလက်ကို လွှတ်ပြီး ချစ်စရာကောင်းသည့် ရွှေသားမျက်နှာကို တအံ့တသြ ကြည့်သည်။

"ရွှေသားလေးကလည်း ချစ်စရာပါလား"

နွေးထွေးခြင်း လက်တစ်စုံထဲက ငွေသား ကင်းလွတ်သွား၍ သူမလက်ဖမိုးဟာ အေးစက်ခြင်းလွင်ပြင်ထဲမှာ တစ်ဦးတည်း အထီးကျန်စွာ ကျန်ရစ်သည်။ ဒေါ်ရှိစီက ဒေါ်မိုးဦးခင်ရဲ့လက်ထဲသို့ ရွှေသားလက်လေးကို ထည့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုက ငွေသား မမရဲ့၊ မမလာတာကို ဒေါက်တာလာတာ ထင်ပြီး ထွန့်ထွန့်လူး အော်ငိုတဲ့ ဒေါ်အာပြလေ"

"သြော်... ဟုတ်လား၊ ရှိ့စ်က သမီးချောတွေချည်း မွေးထားတာပဲကွယ်"

"မာမီကလည်း"

ငွေသား မျက်နှာပျက်သွား၍ အားနာမျက်ဝန်းနဲ့ ရွှေသားက သူမ မာမီကို ခပ်တိုးတိုးဟန့်ပေမဲ့ ဒေါ်ရှိစီက ဂရုမစိုက်။ သူတို့ လူကြီးချင်း ရှေးဟောင်းနှောင်းဖြစ် အကြောင်းအရာများကို ပြောကာ ရယ်မောနေကြ၍ စကားဝိုင်းက ထင်ထားတာထက် ပိုပြီး ရင်းနှီးနွေးထွေးသွားသည်။

ဒေါ်မိုးဦးခင်က အခုမှ ရွှေသားကို သတိထားမိသွားသည်။ ရွှေသားက ခေတ်မှီမှီလေး ဝတ်ထားပေမဲ့ သူမအလှက ထင်းနေ ရှင်းနေတာကိုလည်း သဘောကျနေ၏။

"ဆောရီး သမီးရယ်၊ အန်တီက ရုပ်ဖမ်းတာ မှားသွားတယ်၊ သမီးမှာ ဒီလို ပါးရိုးကားလေးနဲ့ မျက်လုံးပြာပြာလေး ရှိတာကို၊ ဒါပေမဲ့ မမက ငွေသားလေး ဒီလိုဝတ်ထားတာမြင်တော့ ငယ်တုန်းက ဒေါ်အာပြ ဖြစ်ခဲ့တာတောင် မေ့သွားရတယ်...အဟုတ်"

ဒေါ်မိုးဦးခင်က ရွှေသားကို တောင်းပန်အပြုံးနှင့် ပြောရင်း ငွေသားထံ ရောက်သွားတဲ့ အကြည့်တွေက အထင်ကြီး အားကျဟန်အပြည့်နှင့်။ ထိုအကြည့်တွေကြားထဲမှာ ငွေသားက ပီတိလှိုင်းထဲ မေ့မေ့မူးမူး ကူးခတ်ရင်း ရွှေသားရဲ့ ငယ်ကျသွားတဲ့ မျက်နှာလေးကို စိုက်ကြည့်သည်။



ငွေသားဝတ်စုံကလည်း လှသည်။ မရမ်းစေ့ရောင် ရင်ဖုံးက ရင်ဘတ်နှား အပါးသားခံပြီး ဝတ်ထားကာ နှုတ်ခမ်းနီကလည်း မရမ်းစေ့ရောင်နဲ့မို့ ငွေသားရဲ့ အသားရောင်က ဖြူသည်ဆိုခြင်းထက် ဟိုဘက်ကို ပိုရောက်သည်။ ဒေါ်မိုးဦးခင်နှင့် ဒေါက်တာကြီးပါ အတူရောက်လာကာ ရှေးဖြစ်ဟောင်းတွေ ပြောကြတော့ လူကြီးတစ်ဝိုင်း၊ လူငယ်တစ်ဝိုင်း သပ်သပ်ကြီး ခွဲခြားသွားသလို ဖြစ်သွားသည်။ လူငယ်ဝိုင်းမှာမှ မိုးထက်ညံ့နှင့် ရွှေသားက တစ်ဖွဲ့။ မိုးထက်ညံ့က ငွေသားကို ဂရုမစိုက်။ ရွှေသားကိုပဲ အရိပ်တကြည့်ကြည့်နှင့် ဂရုစိုက်နေ၏။

"လာလေ ရွှေသား၊ ဂျက်နဲ့ဆော့ရအောင်၊ လူကြီးချင်းလည်း ခင်နေပြီဆိုတော့ နှင်းဆီရူးခွင့်ပါမစ်လည်း တရားဝင် ရသွားပါပြီကွ... လာ"

"ကိုယ်ကိုယ်တိုင် ရွှေသားအတွက် ပန်းခူးပေးမယ်"

မိုးထက်ညံ့ခေါ်တာက ရွှေသားကိုဖြစ်ကာ တကယ်မတ်တပ်ထရပ်တော့ ငွေသားဖြစ်နေသည်။

"ငွေသားပါ အတူလိုက်ခဲ့လို့ ရမလားဟင်"

"နှင်းဆီတွေကို စိတ်ဝင်စားတာက ငွေသားပါ"

"သြော်... ငွေသားလည်း လိုက်ချင်လိုက်ခဲ့လေ၊ ရပါတယ်"

"သင့်ခ်ယူး ကိုမိုး"

"သြော်... ကိုမိုးလို့ ခေါ်မယ်နော်၊ ဖြစ်လား"

"ရပါတယ်၊ ကြိုက်သလိုခေါ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"လာ… ရွှေသား၊ သွားရအောင်"

ငွေသားက အလှဆုံး အပြုံးတစ်ပွင့်နှင့် မိုးထက်ညံ့ကို မေးချလိုက်ပုံက ကြောက်စရာကောင်းသော ကျိန်စာတစ်ခုအလား။ ရွှေသားရင်ထဲ အုံ့ညြခြင်းတွေနှင့် ငေးကြောင်နေပြီးမှ မိုးထက်ညံ့ခေါ်ဆောင်ရာသို့ ငွေသားနှင့်အတူ မလိုက်ဖို့ စိတ်က သူ့အလိုလိုဆုံးဖြတ်ပြီးဖြစ်နေ၏။

ငွေသားကိုယ်တိုင် ရွှေသားကို ခြံစောင့်မာလီ ဘာညာနှင့် ကင်ပွန်းတပ်ခဲ့ကာ ရွှေသားကို ပြောခဲ့တာ မှိုချိုးမျှစ်ချိုး။ အခုတော့ ရွှေသား ရင်ခုန်နေတဲ့ ကိုကြီးကို ရင်းနှီးဖို့ ကြိုးစားနေမှန်းသိ၍ ဝေ့သီလာတဲ့ မျက်ရည်တွေကို ရွှေသားက မျက်တောင်ကော့တွေနဲ့ ပုတ်ခတ်သိမ်းဆည်းရင်း မျက်စိရှေ့တည့်တည့် ကျောက်ကျောပန်းကန်ကို ဆွဲယူလိုက်၏။

"ဟုတ်တယ် ကိုကြီး၊ ငွေသားကိုပဲ ပန်းတွေရှုးပေးလိုက်ပါ၊ ရွှေသား မလိုက်တော့ဘူး၊ ငွေသားက နှင်းဆီတွေ ချစ်တာလေ၊ သူ့ပဲ ပြလိုက်ပါ"

"ငွေသားကိုလည်း ပန်းတွေပေးမှာပါ"

"ရွှေသားလည်း လိုက်ခဲ့လေ"

"ဟင့်အင်း… ဒီမှာ ကျောက်ကျောစားမလို့"

ရွှေသားက ကိုကြီးနဲ့ ငွေသားမျက်နှာကို မကြည့်ဖြစ်အောင် စိတ်ကိုထိန်းရင်း သူ့မရှေ့က ခက်ရင်းသေးသေးလေးကို ကောက်ကိုင်လိုက်သည့် ရွှေသားလက်ဖျားတွေ ရင်ထဲက ခံစားချက်တွေကြောင့် တဆတ်ဆတ်တုန်နေကြောင်း သူမမှတစ်ပါး မည်သူမှ



မသိလိုက်ကြပါ။

"သူ မလိုက်ချင် နေပါစေ ကိုမိုးရယ်၊ ငွေသားတို့ပဲ သွားရအောင်ပါနော်"

မိုးထက်ညံ့က ရွှေသားမျက်နှာလေးကို တစ်ချက်စိုက်ကြည့်ပြီး ငွေသားနှင့်အတူ ထွက်သွားသည်။

ရွှေသားမှာ သူမနားက လှည့်ထွက်သွားတဲ့ ကိုကြီးနှင့် ငွေသားကျောပြင်ကို ကြည့်ရင်း ဝမ်းနည်းစိတ်တွေနဲ့ အမြင်တွေဝေဝါးသွားခဲ့ရသည်။ ရင်ထဲမှာ ဗလောင်ဆူနေခြင်းက လက်လွှတ်ဆုံးရှုံးရတော့မည့် အရေးအား ကြိုမြင်နေသောကြောင့်ဆိုလျှင်…။ ရွှေသားက ငွေသားနှင့် ယှဉ်လျှင် မစခင်ကတည်းက ရှုံးခဲ့သူ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ငွေသားဖြင့် အခုပြန်ပြော အခုကြောက်တုန်းပဲ သိလား၊ အဲဒီ ဂျက်ကလေ တစ်ခါတည်း ခုန်ပြီး ပြေးလာတာများ ငွေသား မျက်နှာ ခုန်အုပ်တော့မတတ်ဘဲ သိလား"

"တော်သေးတယ်၊ ကိုမိုးက ငွေသားပခုံးကို ဆွဲလှည့်ပြီး သူ့ရင်ဘတ်မှာ ကပ်ထားလို့ ငွေသားဖြင့် ရင်တွေခုန်လိုက်တာ ဟယ်"

"ဂျက်ကို ကြောက်တာနဲ့ သူ့လက်ကို တစ်ချက်မလွှတ်ရဲဘူး၊ သူကိုယ်တိုင် ငွေသားကို ပန်းတွေခူးပေးလိုက်တာ ရောင်စုံပဲ သိလား"

ငွေသား ပြောသမျှ ကြားသမျှကို တော်ပါတော့လို့ ရွှေသား အော်ခွင့်ရှိက အော်ပစ်ချင်သည်။

ကိုကြီးနှင့် ငွေသားအကြောင်း ရွှေသား မကြားချင်ပေမယ့် ငွေသားက ပြောချင်ရာပြောပြီးမှ ရွှေသားအခန်းက ထွက်သွားမည့် ပုံစံရှိ၍ မကြားချင်လည်း ရင်နာနာနဲ့ နားထောင်ရသူက ရွှေသား



ဖြစ်သည်။ ငွေသားကတော့ ညအိပ်အင်္ကျီ အပြာရောင်နှင့် မလိုက်ဖက်စွာ မျက်နှာလေးပျက်နေသည့် ရွှေသားရင်ထဲက ခံစားချက်ကို ဘာမှမသိသည့်ပုံစံနှင့် အကဲခတ်သလို တစ်ချက်ကြည့်သည်။

"ရွှေသားကို ငွေသား တောင်းပန်ရဦးမယ်"

"ဘာအတွက်လဲ"

အဖြူခံပေါ် နှင်းဆီနီပွင့်ပါတဲ့ ချည်သားဝမ်းဆက်နဲ့ ငွေသားက ရွှေသားအနား လာထိုင်တော့ မွေ့ယာက အိခနဲ ဖြစ်သွားခြင်းနဲ့ ထပ်တူ မွှေးပျံ့လွှင့်တဲ့ နှင်းဆီရနံ့က ရွှေသားကို ကျီစယ်၏။ ညအိပ်ရာဝင်ချိန်ထိ မွှေးရနံ့ထုတ်ဆဲ ငွေသားကို ရွှေသားက သတိကင်းလွတ်သူလို ခပ်ငေးငေးကြည့်သည်။ ငွေသားပုံစံကိုမြင်တာနှင့် ရွှေသားချစ်သည့် ကိုကြီးကို သူမ စိတ်ဝင်စားနေမှန်း စိတ်က အလိုလိုသိနေ၏။

"ကိုမိုးအတွက်လေ"

"ကိုကြီးအတွက်... ဟုတ်လား"

"အထင်လွဲမိတဲ့ အကြောင်းပါ"

"ဘာအထင်လွဲတာလဲ"

"ရွှေသားကလည်းဟယ်၊ တစ်ခါတစ်ခါ သိပ်အတာပဲ၊ ရွှေသားကိုကြီးက နာမည်ကြီး အထူးကုဆရာဝန်ကြီးရဲ့သား ဖြစ်တာရော၊ အာခီတက်ဘွဲ့ ရထားတာရော၊ ပြီးတော့ နာမည်ကြီး ကွန်စရက်ရှင်တွေကို ဦးဆောင်နေတဲ့လူအဖြစ် ငွေသား မသိခဲ့လို့ပါ၊ တကယ် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်"

"ရွှေသားတောင် ငွေသားလောက် မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကို ပြောခြင်းပါ။ ကိုကြီးအကြောင်း ရွှေသား မသိ။ သိရန်လည်း ရွှေသား မကြိုးစားခဲ့ဘူး။ လူချင်း ခင်တာမင်တာပဲ။ နောက်ပါးက ဘွဲ့ထူးဂုဏ်ထူးတွေ ပါစရာမလိုဟု သူမ ယူဆခဲ့သည်။ ထို့ကြောင့်လည်း ကိုကြီးအကြောင်း ဘာတစ်ခုမှ မမေး။ ကိုကြီးပြောတာကိုပဲ နားထောင်ခဲ့သည့် ရွှေသားနှင့် ကိုကြီးကို ခဏလေးတွေ့ရုံနှင့် ကိုကြီးအကြောင်း အားလုံး သိလာခဲ့သည့် ငွေသားတို့က တကယ့်ကို ဆန့်ကျင်ဘက် အနေအထားဖြစ်သည်။ အနေအထိုင် အပြုအမူ အပြောအဆိုတွေ မတူသလို အတွေးအခေါ် အယူအဆတွေကလည်း ဘာဆို ဘာမှ မတူသူနှစ်ယောက် ဖြစ်သည်။ တစ်ခုတော့ တူသည်။ ရွှေသား လှသလို ငွေသားလည်း လှသည်။ ကိုကြီး မာမီကိုယ်တိုင်က မြန်မာဆန်သော ငွေသားကို သဘောကျနေကြောင်း ရွှေသား သိသည်။ ရုတ်တရက် ကိုရီးယား ဂဲ(လ်)ဘန်အဖွဲ့ရဲ့ သီချင်းသံနှင့်အတူ ငွေသားဖုန်းမှ ဆူဆူညံညံ ထွက်ပေါ်လာခဲ့သည်။ ငွေသားက ပေါင်ပေါ်တင်ထားတဲ့ ဖုန်းစခရင်ကို တစ်ချက်ကြည့်သည်။ ပေါ်လာသည့် ဖုန်းနံပါတ်ကို သူ မသိ။

"(၀၉·····)တဲ့၊ ဘယ်သူ့ဖုန်းလဲ မသိဘူး"

ငွေသား ရွတ်လိုက်တဲ့ ဖုန်းနံပါတ်က ရွှေသားနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့တာမို့ သူမက ချက်ချင်းခေါင်းထောင်သွားသည်။

"အဲဒါ ကိုကြီးဖုန်း"

"ကိုမိုးထက်ညံလား"

"အင်း"



ဝမ်းနည်းကြေကွဲခြင်းတွေနှင့် ရွှေသား ခေါင်းညိတ်ပုံက စိတ်မပါလက်မပါ။

"ဟောတော်··· ဘယ်လိုဖြစ်ပြီး ငွေသားဖုန်းကို ဆက်တာလဲ မသိဘူး"

"ငွေသားလည်း သူ့ကို နံပါတ်မပေးထားပါဘူး၊ ဪ··· ဧကန္တ သူ့အမေဆီကတောင်းပြီး ဆက်သလား မသိဘူး"

"ယောကျ်ားတွေများ အသည်းအသန် ဖြစ်ပြီဆိုရင်လေ တကယ် ရယ်ရတယ်၊ သိလား··· ရွှေသား"

ငွေသား ပြောသွားသည့်စကားက ရွှေသားနှလုံးသားတွေကို တစ်စစီ ဖွဲ့ခြွေသွား၏။ ဝရန်တာဘက် ထွက်သွားတာ ရွှေသားက မျက်စိတဆုံး လိုက်ကြည့်ရင်း မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြည့်လာသည်။

"ကိုကြီးရယ်"

ဝရန်တာတံခါးဖွင့်ထားပေမဲ့ မှန်တံခါးတစ်ချပ် ရှိသေးတာမို့ ငွေသားရဲ့ နောက်ကျောပိုင်း ကောက်ကြောင်းလှလှကို ရွှေသား မြင်နေရသည်။ အသံတော့ မကြားရတော့။ ကိုကြီးရဲ့ဖုန်းကို ငွေသားက သူမနား‚နား ကပ်ထူးတော့ ရွှေသားရင်ထဲ ဆွေးခနဲ ဖြစ်သွားသည်။

တကယ်တော့ ကိုကြီးနဲ့ ရွှေသားက ချစ်သူတွေမှ မဟုတ်တဲ့။ ဘာမှမဆိုင်ကြတဲ့ လူနှစ်ယောက်။

ညစဉ်တိုင်း တွေ့ရာလေးပါးပြောကြတဲ့ ကိုကြီးနှင့် ရွှေသားကြားက ဆက်သွယ်မှုကိုရိယာ ဖုန်းလေးက ရွှေသားရဲ့ မှန်တင်ခုံ

www.burmeseclassic.com

www.burmeseclassic.com



ပေါ် ငြိမ်ငြိမ်သက်သက်ရှိတာ လှမ်းကြည့်ရင်း ရွှေသားစိတ်ထဲ ဘယ်လိုမှ မခံစားနိုင်အောင် ကိုကြီးကို သတိရလာသည်။ ဖက်လုံးကြီးဖက်ကာ မွေ့ယာထက် လှဲအချမှာ ရွှေသားပါးပေါ် မျက်ရည်တွေ သူ့အလိုလို စီးကျလာ၏။

ရက်မရှည်ခဲ့ပေမဲ့ တိုတောင်းသောကာလမှာ ကိုကြီးကို ရွှေသားရင်ထဲ နှလုံးသားထဲက နက်ရှိုင်းသော ချစ်ခြင်းမေတ္တာနှင့် ချစ်ခင်တွယ်တာခဲ့တာကို ကိုကြီး မသိဘူးလားဟု မေးလိုက်ချင်သည်။

"ကိုယ်က ပဲများတဲ့ ကောင်မလေးတွေဆို သဘောမကျဘူး၊ ကိုယ်သဘောကျတဲ့ မိန်းကလေးက ကိုယ့်ထက် ငယ်ရင် ငယ်ပါစေ၊ ရတယ်၊ အလုပ်က ပင်ပင်ပန်းပန်း ပြန်လာတဲ့ ကိုယ့်အတွက် အမောပြေရင် ပြည့်စုံပြီ"

ကိုကြီး၏ စိတ်ကူးယဉ်ထဲက ချစ်သူကောင်မလေးအကြောင်း ပန်းခင်းတွေကြား ကြားခဲ့ရတုန်းက နုနယ်သော ရွှေသားရဲ့ ရင်ခုန်သံတွေကို ကတိမ်းကပါး ဖြစ်စေခဲ့သည်။

"ရွှေသားကလေးဆန်တာ တအားချစ်ဖို့ကောင်းတယ်"

"ကိုကြီးကလဲ"

"သြော်… ကို တကယ်ပြောနေတာ"

"မပြောနဲ့"

"ပြောမှာပဲ"

"ကိုကြီးနော်"

ရွှေသားကို ချိုရီတဲ့အပြုံးတွေနှင့် ကိုကြီး စိုက်ကြည့်ပြော



တုန်းကလည်း ရွှေသား ရင်တွေ ဆောင့်ခုန်ခဲ့တာ ကိုကြီးကို ရွှေသားကိုယ်တိုင် သိပ်ချစ်မိနေလို့ပါ ကိုကြီးရယ်။

"ရော့… ဒီမှာ ခြံထွက် မာလကာသီးစစ်စစ်"

"ဟာ… ပျော်စရာကြီး"

"ကြားဖူးလား"

"ဘာကိုလဲဟင် ကိုကြီး"

"စကားပုံတစ်ခုကို သတိရလို့ပါ"

"ဘယ်စကားပုံလဲ"

"ကလေးကို မုန့်ပေးတာ ဘာဖြစ်တယ်ဆိုတာလေ"

"အို… ကိုကြီး"

ရှက်ရိပ်စွန်းတဲ့မျက်နှာနှင့် ရွှေသားကို စိုက်ကြည့်ပြီး ရယ်မောနေတဲ့ ကိုကြီး။

အခုတော့ ထိုစကားတွေဟာ လေထဲပျောက်ကွယ်ခဲ့ပြီလား။ ရွှေသား မသိတော့ဘူး ကိုကြီးရယ်။ ငွေသားကတော့ ဖုန်းပြောရင်း ဝရန်တာကို ကျောခိုင်းကာ အိပ်နေသည့် ရွှေသားထံ တစ်ချက် ငဲ့ကြည့်လိုက်သည်။ ဖုန်းက မိုးထက်ညံ့ဖုန်းဆိုပေမဲ့ ငွေသား မျှော်လင့်ထားသလို သူမဆီဆက်သည့် ဖုန်းတော့မဟုတ်။ ရွှေသား ဆီဆက်သည့် ဖုန်းဖြစ်နေသည်။

"ရွှေသားနဲ့ ပြောချင်လို့ ဟုတ်လား"

"သူ ဖုန်းပိတ်ထားတာ ဟုတ်လား"

"အင်း… သူက အမြဲ ဖုန်းနဲ့လူ တခြားစီပဲလေ ကိုမိုးရဲ့၊ ဖုန်းခေါ်လို့ မရတာ ဖုန်းပိတ်ထားလို့ နေမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း… ငွေသားနားမှာ သူ မရှိဘူး၊ ဘယ်ရောက်နေမှန်း မသိဘူး၊ ပြောရင်လည်း တစ်အိမ်တည်းနေသူ အချင်းချင်းလို့ အပြစ်တင်လည်း ခံရမှာပဲ ကိုမိုးရေ၊ အဲဒီတစ်ယောက် ဖမ်းလို့မမိတာတော့ တကယ်ပဲ၊ ခြေထောက်က လှစ်လှစ်ပါသမျှ လူက ဒေါင်းဒေါင်းထအောင် ပြေးလွှားနေတာလေ"

ငွေသားရင်ထဲ ခပ်ဖျင်းဖျင်းဖြစ်စေတာ သူ့ဖုန်းကတစ်ဆင့် ရွှေသားကို ခေါ်နိုင်းလို့ပါ။ သူမမာနကို စော်ကားတာအပြင် တခြားမရှိ။

ဒါကြောင့် ငွေသားက နှစ်ယောက်စလုံးကို မုန်းသည်။ လိမ်လည်ခြင်း၊ ချောက်တွန်းခြင်းနှင့် ဟန်ဆောင်ခြင်းတွေက ငွေသားထံမှ အပြည့်အစုံ အပေါ်များဆုံးအရာဆိုတာ ရွှေသား မသိတာ အံ့ဩဖို့တောင် ကောင်းသေးသည်။ ရိုးအသည့် ရွှေသားကို ဒီနည်းနှင့် နိုင်လာခဲ့တာ ကြာပါပြီ။ ရွှေသား ဖုန်းလော့(ခ်)ကို သူမ ပိတ်ချထားတာမို့ ဒီညတော့ သိကြားမင်း ဖုန်းဆင်းခေါ်တောင် ဝင်နိုင်မည်မဟုတ်။ ငွေသား ဖုန်းနံပါတ်ကိုလည်း ကိုယ်တိုင်ပင် ကိုမိုးကို ပေးခဲ့တာမို့ ရွှေသားဖုန်း ခေါ်မရတာနှင့် သူမထံ အကျိုးအကြောင်း ဆက်မေးမယ်ဆိုတာ သိပြီးသား ဖြစ်သည်။

"ဘာမှာပေးခဲ့ရမလဲ၊ ပြောခဲ့လေ ကိုမိုး"

"ငွေသားက အလကား ကူညီချင်လို့တော့ မဟုတ်ဘူးနော်၊ နှင်းဆီပန်းအိုးတွေ ပေးခဲ့တာ ကျေးဇူးဆပ်ချင်လို့"

"အဲဒါ မေမေ ပေးခိုင်းတာပါ၊ ကျေးဇူးတင်ချင်းတင်



မေမေ့ကိုပဲတင်"

"မေမေ့သားကို တင်လို့မရဘူးပေါ့"

"ဗျာ"

"အဟင်း… ဟင်း ငွေသားက ကိုမိုးကို ခင်လို့ စတာပါ"

နားမရှင်းသလို ဗျာလုပ်တဲ့ ကိုယ်တော်ချောကြောင့် ငွေသားက ပခုံးတွေ့ လှုပ်အောင်ရယ်သည်။

"ရှားတယ်နော်၊ ကျေးဇူးကိုတောင် လက်လွှဲနေတဲ့သူ ဒီကမ္ဘာမှာ ဒီတစ်ယောက်ပဲ မြင်ဖူးသေးတယ်၊ ဘာလဲ တစ်ခေတ်ဆန်းချင်တာလား"

"အာ… မဟုတ်ပါဘူး၊ ကျွန်တော်ပြောတာက…"

"ရှိပါစေလေ"

"ထပ်ရှင်းလေ ရှုပ်လေဖြစ်သွားဦးမယ်၊ အန်တီ့ကို ပြောပေးနော်၊ မနက်ကျရင် မုန့်လုပ်ပြီး လာပို့မယ်လို့၊ အန်တီနဲ့ အန်ကယ်အတွက်အပြင် ကိုမိုးအတွက်ပါ ထည့်လာမှာ၊ တခြား ဘာမှ မစားထားနဲ့"

"ရပါတယ်၊ တကူးတကကြီး မလုပ်ပါနဲ့၊ အားနာစရာကြီး၊ ကျွန်တော်က အစားအသောက်လည်း ဇီဇာမကြောင်တတ်ဘူး၊ မိုးလင်းတာနဲ့ အပြင်ထွက်ပြီးစားတာများတော့"

"ငွေသားပြောသမျှ ငြင်းမယ်လို့ သစ္စာဆိုထားသလား ကိုမိုးရယ်"

"အာ… အဲဒီလို မဟုတ်ပါဘူး"

"ဒါဆို ပြီးရောလေ၊ ငွေသားလာရင်သာ ရှောင်မနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဠွတ်နိုက်နော် ကိုမိုး"

"ဠွတ်နိုက်"

ကျေနပ်ခြင်း ပီတိတွေနဲ့ ဖုန်းပိတ်ပြီး အောင်နိုင်သူ တစ်ယောက်လို သဘောကျစွာ ရယ်မောလိုက်သူက ငွေသားအသွင်။ မိုးထက်ညံဆိုတဲ့ ယောကျ်ားဟာ မိန်းကလေးတိုင်းအတွက် စိတ်ကူးယဉ်ရမဲ့ အိမ်မက်မင်းသားပဲ။ ငွေသားအသွင်ဆိုတဲ့ သူမကရော ဘာမို့လို့လဲ။ မိုးထက်ညံဆိုတာ သူမရဲ့ သတို့သားဖြစ်ခဲ့ရင် ငွေသားဆိုတဲ့ သူမဟာ အားလုံးကို အောင်နိုင်ပြီးသားပဲ မဟုတ်လား။

စိတ်ချ ရွှေသားရေ။ နင့်ရဲ့ကိုကြီးဟာ ငွေသားရဲ့ သတို့သားဖြစ်ကိုဖြစ်စေရမယ်။ ရွှေသား မျက်ရည်ကျိတ်ကျနေချိန်မှာ အပျော်ဆုံးလူက ငွေသား။ တွေဝေမှုတွေနှင့် မပြတ်သားသူလို ဖြစ်ခဲ့ရသည့် မိုးထက်ညံကတော့ ငွေသားကို ရွှေသားအစ်မတစ်ယောက်အနေနဲ့ အလျော့ပေး ဆက်ဆံမိတဲ့ သူ့ကိုယ်သူ အားမလို အားမရဖြစ်လျက် သက်ပြင်းချလိုက်သည်။ ကိုယ် ရွှေသား အထင်လွဲသွားမှာကို အစိုးရိမ်ဆုံးပဲ ရွှေသားရယ်။ ကိုချစ်တာ ရွှေသားတစ်ယောက်တည်းဆိုတာ ယုံပါ။

ရွှေသားအသွင်ဆိုတဲ့ မင်းကို ကိုကြီးချစ်တယ်။

## အခန်း (၈)

ငွေသားက သူမကိုယ်သူမ အလှဆုံးဖြစ်အောင် စိတ်ကြိုက်အချိန်ယူပြင်ဆင်ပြီးမှ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ ရပ်လိုက်သည်။ ဆံပင်ရှည်ကြီးနှင့် မြန်မာဆန်ဆန် နူးညံ့သိမ်မွေ့သော မိန်းမလှလေးတစ်ယောက်က ငွေသားကို မှန်ထဲကတစ်ဆင့် ပြန်ငေးကြည့်နေတာ မြင်ရတော့မှ သူမကိုယ်သူမ ကျေနပ်စွာ ငွေသား ပြုံးလိုက်သည်။

ကိုယ့်စိတ်က ကိုယ့်ကို အကျိုးပေးတယ်ဆိုတာ တကယ်ပဲလား။ အခုပဲကြည့်လေ။ မာမိဆီက ချစ်ခြင်းမေတ္တာ ရွှေသားလိုရယူပိုင်ဆိုင်ချင်လွန်းလို့ မာမိအကြိုက်၊ မာမိနှစ်သက်မြတ်နိုးသည့် မြန်မာဆန်ဆန်ပုံစံဖြစ်အောင် မာမိစိတ်ကြိုက် ဖန်တီးခဲ့ပေမဲ့ မာမိက ငွေသားကို သူချစ်သော ရွှေသားလို အသိအမှတ် မပြုခဲ့။ အေးတိအေးစက် တုံ့ပြန်ခဲ့ပေမဲ့ ငွေသားရဲ့ မြန်မာဆန်လှတဲ့အလှ၊ မြန်မာမှုကျက်သရေကို မိုးထက်ညံရဲ့မိခင် ဒေါ်ခင်မိုးဦးက အသိအမှတ်ပြု ချီးကျူးအားကျရုံသာမက သူမကို သမီး သမီးနှင့် နှုတ်ဖျားက မချနိုင်အောင် သဘောအကျကြီး ကျနေခဲ့တာကိုက ငွေသားရဲ့ အောင်မြင်မှုဖြစ်သည်။

www.burmeseclassic.com



မိုးထက်ညံရဲ့ အမေကိုယ်တိုင်က ငွေသားဘက်မှာ ရှိနေပြီ ဆိုမှတော့ မိုးထက်ညံဆိုသည့်လူကို ရယူပိုင်ဆိုင်ဖို့ဆိုတာ ငွေသား အတွက် လွယ်ကူသော အနေအထားဖြစ်သွားသည်။ သားရှင် ယောက္ခမဖြစ်မည့်သူတိုင်းက သူတို့ ချွေးမတော်ရမည့်သူကို အလိမ္မာအိမ်ပါ၊ အိမ်ထောင်မှုနိုင်နင်းသည့် အိမ်တွင်းက အိမ်ပြင် မထွက်သော မြန်မာဆန်ဆန် မိန်းကလေးမျိုးနှင့် သဘောတူကြတာ ဘာမှမဆန်း။ ငွေသားဆိုသည့် သူမမှာ သားရှင်တွေ ကြိုက်ချင် စရာ အရည်အချင်း အပြည့်ရှိနေတာကိုက သူမအတွက် ကံ ကောင်းခြင်းတစ်ရပ်ဟု ဆိုရမည်။

ဆံပင်အရှည်ကြီးနှင့် မြန်မာဆန်ဆန် ဝတ်စားပြင်ဆင်မှု တိုင်းမှာ ကျက်သရေရှိရှိ လှပသလို အိမ်မှုကိစ္စပိုင်းမှာ ငွေသား မတတ်တာ မသိတာ ဘာမှမရှိခြင်းကလည်း ရွှေသားနှင့် ငွေသား ကို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်မှု ဖြစ်လာစေသည်။

"သမီးငွေသားက တော်လိုက်တာကွယ်၊ ထမင်းချက် တာရော၊ အိမ်မှုကိစ္စရော အားလုံး နိုင်နင်းတဲ့အပြင် ကိုယ့်ကိုယ် ကိုလည်း မြန်မာဆန်ဆန် ကျက်သရေရှိရှိ နေနိုင်လိုက်တာ၊ ငွေသားကို အန်တီ သတိထားပြီး ကြည့်မိတာ ကြာပြီ"

"တစ်ခါမှ ဖြစ်သလိုနေတာ မရှိဘူး၊ အမြဲ ကျော့ရှင်းလှပ ပြီး သပ်ရပ်နေတာပဲကွယ်"

"ငွေသားရဲ့ အကျင့်ကိုက ကိုယ့်ကိုယ်ကိုရော ကိုယ်နေတဲ့ ပတ်ဝန်းကျင်ရော လှပသန့်ရှင်းသပ်ရပ်နေမှ နေတတ်တာဆိုတော့ ဒီလိုပဲ နေဖြစ်သွားတာပါ အန်တီ၊ ရွှေသားနဲ့တော့ မတူဘူးပေါ့"



"ရွှေသားလေးက ဘယ်လိုနေလို့လဲကွယ်"

ဒေါ်ခင်မိုးဦးက ငွေသားအကြောင်းပြီးတော့ မိန်မသားပီပီ သူ့သားသဘောကျနေသည့် ရွှေသားအကြောင်း စပ်စုသည်။ မေးမဲ့သာ မေးနေရပေမဲ့ ရွှေသား ဘယ်လိုနေတတ် ထိုင်တတ်လည်း ဆိုတာ မြင်နေတွေ့နေရတော့ သိသင့်သလောက်တော့ သိပြီးသား ဖြစ်သည်။ ငွေသားက လူကြီးဆန်ဆန် ဣန္ဒြေရရ နေတတ်သလို အိမ်မှုကိစ္စ ကျွမ်းကျင်နိုင်နင်းနေချိန်မှာ ရွှေသားက ကလေးဆန်ဆန် ချစ်စရာကောင်းနေတာပဲ ရှိသည်။

အိမ်မှုကိစ္စလည်း ဘာတစ်ခုမှ မလုပ်တတ်။ ဒါပေမဲ့ ငွေသား နဲ့ ယှဉ်ရင်တော့ ရွှေသား သိပ်လှတာ၊ ချစ်စရာကောင်းတာတော့ အမှန်ဖြစ်သည်။

"ရွှေသားက စာတော်တယ်လေ၊ မာမီက သူ့ကို စာပဲ လုပ်ခိုင်းတော့ သူ ဘာမှမလုပ်တတ်တာ အပြစ်လို့ ပြောလို့ မရဘူး ပေါ့ အန်တီရယ်၊ သူလိုတာ ငွေသားတို့က အသင့်ဖြည့်ဆည်း ပေးနေရတာကိုပဲ ငွေသားတို့က ကျေနပ်နေရတာ"

"သမီးကြီး အစ်မကြီး ပီသလိုက်တာကွယ်၊ ငွေသားကို ကြည့်ရတာ သူ့ညီမ ရွှေသားကို တော်တော်ချစ်ပုံပဲ"

"ဒီညီမပဲရှိတာ အန်တီ၊ ရွှေသားကို ငွေသားမှ မချစ်ရင် ဘယ်သူချစ်မှာလဲ"

သမီးလိမ္မာလေး ငွေသားအဖြစ် မိုးထက်ညံမာမီ ချီးကျူး နေသလို စိတ်ထဲကလည်း သားဖြစ်သူကို လှပ၍ ခေတ်ဆန်သော ကလေးဆန်သော ရွှေသားထက် ငွေသားနှင့် သမီးဖြစ်သူကို

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တခြား ပိုသဘောတူနေမိသူက မိုးထက်ညံ့မိခင် ဒေါ်ခင်မိုးဦး ဖြစ်သည်။ သားဖြစ်သူက ငွေသားကို ရှောင်ဖယ်ရှောင်ဖယ် လုပ်နေတာရှိရင်တောင် ဒေါ်ခင်မိုးဦးက သားဖြစ်သူကို ငွေသားရှေ့ အရောက် ခေါ်ထုတ်လာတတ်သူ ဖြစ်သည်။

"သားကို မာမီတော့ ငွေသားလေးနဲ့ပဲ သဘောတူတယ် ကွယ်"

"အာ… ဒါတော့ မဖြစ်ဘူး၊ မာမီ၊ ငွေသားကို သား မချစ်ဘူး၊ သားချစ်တာက ရွှေသား၊ ရွှေသားကိုပဲ ချစ်တယ်၊ ရွှေသားကိုပဲ လက်ထပ်မယ်၊ ဒီတစ်ခါတော့ သား စိတ်တိုင်းကျ ဆုံးဖြတ်ခွင့်ပေးပါ မာမီရာ၊ သား စိတ်ညစ်အောင် မလုပ်ပါနဲ့၊ မာမီကို သား တောင်းပန်ပါတယ်နော်… မာမီနော်"

"လှတာမက်ရင် ညစာခက်တယ်နော် သား"

"ရွှေသားနဲ့ဆိုရင် ညစာကိုတောင် ရှောင်ဦးမှာ"

"သားနဲ့တော့ ခက်နေပါပြီကွယ်"

"ဘာမှ မခက်ပါဘူး မာမီရ၊ မာမီ့ချွေးမကို ရွှေသားလို့ပဲ မှတ်ထားဗျာ"

"ပြောမရလည်း သားသဘော"

"ဟေး… ဒါမှ တို့မာမီကွ"

ကလေးတစ်ယောက်လို ပျော်သွားသည့် သားဖြစ်သူကို ကြည့်ပြီး ဒေါ်ခင်မိုးဦးရင်ထဲက ဖြစ်ချင်တာတွေကို မျိုသိပ်ထား လိုက်ရပေမဲ့ ငွေသားအိမ်ကို အဝင်အထွက်လုပ်နေတာကိုတော့ လက်ကမ်းကြိုဆိုထားသည့်အချိန်။ မိုးထက်ညံ့က သူ မြင်ချင်



တွေ့ချင်သော ရွှေသား၏ ချစ်စရာမျက်နှာလှလှလေးကိုလည်း မြင်တွေ့ခွင့် မရ။ ဖုန်းဆက်တော့လည်း ရွှေသားက သူမဖုန်းကို အမြဲလို စက်ပိတ်ထားတော့ လူက မနေတတ် မထိုင်တတ်နှင့် ရွှေသားမျက်နှာလေးကိုပဲ တစ်ချိန်လုံး တမ်းတနေမိသည်။

ဘယ်လိုဖြစ်လို့ သူ့အပေါ် ရွှေသားဘက်က အခုလို စိမ်းကား ရက်စက်သွားတာလဲဆိုတာ မိုးထက်ယံကိုယ်တိုင် နားမလည်နိုင် အောင် ဖြစ်နေ၏။ ရွှေသားအပေါ်မှာ သူ ဘယ်လောက် ချစ်ခဲ့၊ မြတ်နိုးခဲ့လဲဆိုတာ သူပဲ သိသလို ရွှေသားလည်း သိစေချင်သည်။ သူ့ရင်ထဲက ရွှေသားကို ချစ်သည့်အချစ်အကြောင်း တရားဝင် ထုတ်ပြောရန် သူ့ဘက်က ကြိုးစားနေချိန်မှာ သူနှင့် ရွှေသားတို့ နှစ်ယောက်ကြားသို့ ငွေသားအသွင်ဆိုသည့် သူမက အရှိန် ခပ်ပြင်းပြင်း ဝင်လာခြင်းဖြစ်သည်။

ငွေသားအသွင်ကတော့ ရွှေသားအစ်မဆိုပေမဲ့ ရွှေသားလို မဟုတ်။ ရွှေသားက လှပပြီး ချစ်စရာကောင်းသလို အပြုအမူတိုင်း က ရိုးသားအပြစ်ကင်းစင်မှုတွေနှင့် မိုးထက်ညံ့နှလုံးသားကို လှုပ်ရှားစေသည့် ကလေးမဖြစ်ပေမဲ့ ငွေသားကြတော့ မိုးထက်ညံ့ထက် မိုးထက်ညံ့မိခင်ကြီးကို အပိုင်စည်းရုံးထားသူ ဖြစ်နေသည်။ မေမေ ကိုယ်တိုင်က ရွှေသားကို ချစ်ပေမဲ့ ငွေသားအသွင်ရဲ့လူလုံးလုံး ဖြစ်နေတော့ ရွှေသားနှင့် အချစ်ရေးကိစ္စက အတော်ကို မလွယ်။

ဒီကြားထဲ ရွှေသားက တစ်မျိုး။

မိုးထက်ညံ့ပါးစပ် ထုတ်ဖော်မပြောသေးပေမဲ့ ရွှေသားကို မိုးထက်ညံ့ မြတ်နိုးချစ်ခင်နေတာတော့ သူမ သိလောက်ပါလျက်

www.burmeseclassic.com

သူ့ကို လူချင်းလည်း အတွေ့မခံ။ ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားနှင့် ငွေသားကြောင့်များ စိတ်ဆိုးစိတ်ကောက်ဖြစ်စေလားဟု တွေးရင်း ရွှေသားကို ချော့ချင်နေသည့်တိုင် ရွှေသားအိမ်ကို တစ်ခါမှ သွားမလည်ဘူးတော့ အခက်တွေ့နေသည်။

လူအလစ်ကိုစောင့်ပြီး ရွှေသားနှင့် နှစ်ယောက်တည်း ဆုံတွေ့ခွင့်ရအောင် မိုးထက်ညံဘက်က ကျိတ်ပြီး စောင့်ဆိုင်းနေချိန်မှာ ငွေသားက မိုးထက်ညံတို့အိမ်ကို ပုံစံမျိုးစုံ၊ အနေအထားမျိုးစုံဖြင့် အကြောင်းအမျိုးမျိုးပြပြီး ဝင်ထွက်နေသည်။ အခုလည်း မနက်မိုးမလင်းခင်တည်းက သူမအစီအစဉ်နှင့် သူမ မိုးထက်ညံ မိခင်ဒေါ်ခင်မိုးဦးအကြိုက်၊ မိုးထက်ယံအကြိုက် ဟင်းအမယ်တွေ ရွေးချယ်ပြီး တစ်ဖက်အိမ်ကို ချိုင့်ကြီးချိုင့်ငယ် အသွယ်သွယ်ဖြင့် သူမ ဟင်းချက်လက်ရာ ဘယ်လောက်ကောင်းလဲဆိုတာ အစွမ်းပြချက်ပြုတ်နေသည်။

ငွေသား ဘာတွေ ကြံစည်နေတာ၊ ဘာတွေလုပ်နေသည်ဆိုတာ ရွှေသား လုံးဝမရိပ်မိပေမဲ့ သူမချစ်သော ကိုကြီးနှင့် ငွေသားတို့ ဖုန်းပြောနေတာ၊ ငွေသား တစ်ဖက်အိမ်ကို သွားသွားနေတာ မြင်ရတိုင်း ရွှေသား နှလုံးသားတွေ နာကျင်မှုတွေနဲ့ ကြေကွဲဝမ်းနည်းနေမိသည်။

ကိုကြီးက ရွှေသားကို ချစ်သလိုလိုနဲ့ ငွေသားကိုလည်း ချစ်နေသူလား။ ယောကျ်ားအများစု နှစ်ခြိုက်သည့် ဆံပင်ရှည်ရှည်၊ မြန်မာဆန်ဆန်၊ ဣန္ဒြေရရ၊ အိမ်ထောင်မှုကျွမ်းကျင်၊ အချက်အပြုတ် ကျွမ်းကျင်တာမျိုးတော့ ရွှေသားမှာ မရှိ။ ငွေသားမှာ



တော့ ထိုအရည်အချင်း အားလုံးရှိသည်။ ဒါကြောင့်များ ကိုကြီးရဲ့ အချစ်စိတ်တွေက ရွှေသားဆီကနေ ငွေသားဆီကို ပြောင်းသွားတာများလား။

ရွှေသားအပေါ်မှာ ကိုကြီး သိပ်ရက်စက်တယ်။ ကိုကြီး အပေါ်မှာ ရွှေသား ချစ်နေမှန်း သိရက်နဲ့။

ခေါင်းအုံးဖြူဖြူလေးပေါ်မှာ ရွှေသား ကျခဲ့ရတဲ့ မျက်ရည်တွေ ကိုကြီး သိစေချင်ပေမဲ့ ကိုကြီးသိအောင် ရွှေသား ဘယ်တော့မှ ပြောပြတော့မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုကြီးနားမှာ ငွေသားရှိနေပြီဆိုတဲ့ အသိက ရွှေသားနှလုံးသားကို အခံရခက်အောင် နာကျင်စေလို့ပါ ကိုကြီးရယ်။ တစ်ချိန်လုံး ကိုကြီးစိတ်နှင့် ရွှေသား အပြင်မထွက်။ အခန်းထဲမှာပဲ တစ်နေ့တစ်နေ့ အချိန်ကုန်လွန်လို့ မာမီပင် သတိထားမိလာသည့်အထိ ရွှေသား ကိုကြီးတို့ခြံဘက်ကို ခြေဦးမလှည့်မိအောင် ကြိုးစားပြီးနေသည်။

ကိုကြီးမျက်နှာကို တွေးရင်း ရွှေသားနှလုံးသားထဲက ခံစားချက်တွေ ရင်ပွင့်ပေါက်ကွဲကုန်မှာ စိုးရိမ်လို့ပါ။ ကိုကြီးကို မတွေ့ရမြင်ရတော့လည်း ကိုကြီးကို အလွမ်းစိတ်နှင့် ရွှေသား ဘယ်လိုမှနေလို့မရ။

ကိုကြီးမသိအောင် ကိုကြီးအိပ်ခန်းလေးကို ငေးကြည့်ရင်း ကျိတ်မျက်ရည်ကျနေရတဲ့ ရွှေသားအဖြစ်က မကျွမ်းချင်ကလွမ်းနေရတဲ့အဖြစ်ပါ။ ကိုကြီးကို ခြံထဲမှာ တွေ့နေရပေမဲ့ အရင်လိုလှမ်းခေါ်ချင်စိတ်မရှိ။ ကိုကြီးက ခြံထဲကနေ ရွှေသားတို့အိမ်ကို လှမ်းလှမ်းကြည့်နေတာလည်း မြင်ရတော့ ဝိုင်ချင်သည်။ ကိုကြီး

www.burmeseclassic.com



ဒီဘက်ခြံကို လှမ်းမျှော်ကြည့်နေတာ ရွှေသားကိုလား။ ဒါမှမဟုတ် ငွေသားကိုပဲလား။

ရယူပိုင်ဆိုင်ရမှ အချစ်ဆိုရင် ကိုကြီးကို ပိုင်ဆိုင်ခွင့် ရွှေသားမှာ ရှိခွင့်ရချင်သည်။ အခုလည်း ကိုကြီးကို သူတို့ခြံထဲမှာ တွေ့နေရသည်။ ပြီးတော့ ရွှေသားတို့အိမ်ကြီးဘက်ကို လှမ်းလှမ်းကြည့်နေတဲ့ ကိုကြီးအကြည့်တွေက ဘယ်ကိုဦးတည်နေမှန်း မသိ။ ရင်နာနာနဲ့ အကြည့်ကိုလွှဲပြီး ရွှေသား အောက်ထပ်ကို ဆင်းလာတော့ အလှဆုံး အပြင်အဆင်တွေနဲ့ မီးဖိုချောင်ထဲမှာ တစ်ယောက်တည်း အလုပ်ရှုပ်နေတဲ့ ငွေသားကို မြင်လိုက်ရသည်။ အိမ်မှာ ဒယ်ဒီရော၊ မာမီပါ မရှိ။ အလုပ်ကိုယ်စီ သွားနေကြ၍ အိမ်မှာ ရွှေသားနှင့် ငွေသား၊ အိမ်ဖော် ဒေါ်ကြင်၊ အကူကောင်မလေး မိအေး၊ ခြံစောင့်မာလီ ကိုစိန်တို့ပဲ ကျန်ခဲ့သည်။

မွှေးကြိုင်သော ဟင်းနံ့ကို ရှူရှိုက်ရင်း ရွှေသား ငွေသားနားကို ရောက်သွားသည်။

"ဘာတွေချက်နေတာလဲ ငွေသား"

"ဘဲပေါင်းနဲ့ ကြံမဆိုင်လေ၊ ဒီဘက်က ပုဇွန်ခြောက်ဘာလချောင်ကြော်၊ ဆိတ်သားနှပ်"

"ဟာ… ဟင်းတွေက စုံလှချည်လား၊ ဘယ်သူ့အတွက်လဲ"

"ငွေသား ဘယ်သူ့အတွက် ချက်နေလဲဆိုတာ ရွှေသား မသိလို့ မေးတာလား၊ သိရဲ့သားနဲ့ မေးနေတာလား"

"ဘာကိုပြောတာလဲ ငွေသား"

"ရွှေသား အခု မေးတာကိုလေ"



ရွှေသားကို ကျောခိုင်းပြီး ငွေသားက ဟင်းတွေ ထည့်ထားသည့် ငါးဆင့်ချိုင့်ကို စနစ်တကျ စီထပ်သည်။

ပြီးတော့ ရွှေသားကို မျက်လွှာဝင့်ခနဲပင့်ပြီး မေးတဲ့ ငွေသားမျက်နှာဟာ အပြစ်ပြောစရာ မရှိအောင် မိတ်ကပ်ပြေပြေလေးနှင့် နုနုမွတ်မွတ်လေး လှနေ၏။ ရွှေသားက ပူစူးထည့်ပေးတဲ့ ထမင်းပန်းကန်ထဲ ဘာဟင်းမှ မထည့်သေးဘဲ ပန်းဆီရောင် ဗမာဝတ်စုံလေးနှင့် အလှကြီးလှနေသော ငွေသားအား ငေးကြည့်ရင်း ငွေသားမေးသည့် မေးခွန်းကို နားမလည်နိုင် ဖြစ်နေ၏။

"ငွေသားပြောတာ ရွှေသား တကယ်မသိဘူး"

"ဘာလဲ… ဒယ်ဒီ့ရုံးကို ငွေသား ထမင်းချိုင့်သွားပို့ မလို့လား၊ ဒါလည်း မဖြစ်နိုင်ပါဘူး၊ မာမီက ဒယ်ဒီနဲ့ လန်(ချ်)အတူတူစားဖို့ဆိုပြီး ထွက်သွားတာပဲ၊ ရွှေသားကိုတောင် ခေါ်သေးတယ်"

ရွှေသားတစ်ယောက်တည်း အမေးအဖြေတွေ လုပ်နေတာကို ငွေသားက စိုက်ကြည့်ပြီးမှ ထမင်းစားပွဲပေါ် လက်ထောက်ရပ်သည်။

"အရှုံးပေးပြီလား ရွှေသား"

"အင်း"

ငွေသားအမေးကို ပြီးစလွယ် ရွှေသား ခေါင်းညိတ်ကာ အမဲသားကို ပြုတ်ကာ ပွနေအောင်ထုပြီး ထောပတ်နှင့်မံ၍ ဆီပူထဲ အညှိုကြော်ထားသည့် ဟင်းခွက်ဆီ လက်လှမ်းသည်။

"ငွေသား ချက်နေတာအားလုံး ကိုမိုးအတွက်လေ"

www.burmeseclassic.com



"ဟင်"

ရွှေသား လှမ်းလက်စလက်က ရည်ရွယ်ရာဆီ မရောက်။ ဖလာဟာနယ်ထဲ တို့လို့တန်းလန်းနှင့် ငွေသားကို မော့ကြည့်တာ မယုံနိုင်ခြင်းများစွာနဲ့ပါ။ ဒီလောက် ရှော်ဟိုတိုလေးအတွင်း ကိုကြီးတို့တစ်မိသားစုလုံး ပစ်ကျအောင် ပေါင်းတတ်သည့် ငွေသားကို အားကျတာလည်း ပါလေသည်။ ငွေသားကတော့ ရွှေသားရဲ့ အံ့သြနေပုံကို ဂရုမစိုက်။ အဖျားမှာ လိပ်ထားတဲ့ ဆံပင်တွေကို ပခုံးတစ်ဖက်ဆီ ဆွဲယူ သိမ်းထားပြီး ရွှေသားမျက်နှာကို ခပ်ပြုံးပြုံး တစ်ချက်ကြည့်လိုက်သည်။

"ကိုမိုး စားချင်တဲ့ဟင်းတွေကို ဖွယ်ဖွယ်ရာရာဖြစ်အောင် ငွေသားက ချက်ပေးတာလေ၊ ကိုမိုး မေမေကလည်း ငွေသား လက်ရာကို သိပ်ကြိုက်၊ သိပ်ခံတွင်းတွေ့ဆိုတာနဲ့ ယောက္ခမကြီး အကြိုက် လိုက်လုပ်ပေးနေရတာ"

ငွေသားက ပြောလည်းပြော၊ မတ်မတ်ပြင်ရပ်တော့ အင်္ကျီအောက်နားအစကို ချပ်ချပ်ကပ်ကပ်ဖြစ်အောင် ဆွဲချသည်။

"ကဲ... ငွေသား လစ်ပြီ၊ ကိုမိုး ဆာနေမှာစိုးလို့၊ မာမီ ပြန်လာရင် ကိုမိုးဆီ သွားတယ်လို့ ပြောထားဦး"

ငွေသား ချိုင့်ဆွဲကာ အိမ်ထဲက လှှင့်ခနဲ ထွက်သွားပုံက တက်ကြွလန်းဆန်းခြင်းအပြည့်နှင့် ဖြစ်နေချိန်မှာ ရွှေသားရင်ထဲ ဝမ်းနည်းခြင်းတွေနှင့် ထမင်းစားချင်စိတ်ပါ ပျောက်သွားသည်။

ကျန်ရစ်သူ သူမမှာသာ ထည့်လက်စ ထမင်းပန်းကန်ကို ရှေ့သို့တွန်းထုတ်ပြီး စားပွဲမှ ထလာခဲ့သည်။



ဒီရက်ပိုင်းအတွင်း ရွှေသားနှင့် ငွေသားက ဆန့်ကျင်ဘက် ဖြစ်သွားကြတာ ကာယကံရှင်နှစ်ဦး အသိဆုံး။ အရင်ကဆို မိုးလင်းတာနဲ့ ရွှေသားက အပြင်ထွက်ဖို့ တာစူနေကာ ငွေသားကတော့ ချက်ပြုတ်စီမံမှုအဝဝနှင့် အိမ်ထဲ လုံးထွေးနေခဲ့ရသည်။ အခုတော့ ငွေသားက တစ်ချိန်လုံး တစ်ဖက်အိမ်ကို ကူးချင်နေ၍ အကြောင်းအမျိုးမျိုး ရှာနေချိန်မှာ ရွှေသားကိုယ်တိုင်က ဘယ်သူ့ဆီမှ မသွားချင်။ ဘယ်သူနဲ့မှ မတွေ့ချင်။ တစ်ယောက်တည်းရဲ့ ကမ္ဘာဟာ အမှောင်ထု ကြီးစိုးနေသလို ဖြစ်နေတာမို့ အခန်းအောင်း နေခဲ့တာကြာ၍ မာမီက အံ့သြနေ၏။

"နေကောင်းရဲ့လား သမီးလေး၊ ကိုယ်လည်း မပူပါဘူး"

"ရွှေသား နေကောင်းပါတယ် မာမီ၊ အပြင်ထွက်ရမှာ ပျင်းလို့ပါ"

"သမီး အပျင်းပြေအောင် ဒယ်ဒီနဲ့ လန့်(ချ်)စားမယ်၊ ပြီးတော့ မာမီနဲ့ ပလာဇာပတ်မယ်၊ မကောင်းဘူးလား"

"ရွှေသား ဘယ်မှ မသွားချင်သေးလို့ပါ မာမီ"

အခုလို ဝေဒနာရမဲ့စကားတွေ ကြားရမဲ့အတူတူ မာမီနဲ့ လိုက်သွားတာမှ ကောင်းဦးမည်ဟု နှောင်းနောင်တနဲ့ အိပ်ခန်းထဲ ဝင်လာကာ မွေ့ယာပေါ် ဒိုင်ဗင်ထိုးအိပ်သည်။

ကိုကြီးကို မတွေ့ရသော်လည်း နှင်းဆီရနံ့က သူမ အိပ်ခန်းထဲ အမြဲ ကျူးကျော်လာတတ်တာမို့ ပြတင်းပေါက်တံခါးတွေကိုလည်း စိတ်နာနာနှင့် ပိတ်ထားတာ အတော်ကြာပြီ။ ကိုကြီးကို ရွှေသား မုန်းပစ်ချင်တယ် သိလား။ လူကို ချစ်သလိုလို မချစ်

www.burmeseclassic.com



သလိုလိုနဲ့။

အခုတော့ ကိုကြီးကြောင့် ရွှေသား ငိုနေရပြီ။ အဲဒါ ကိုကြီးကြောင့်။ ကိုကြီးကို ကျိတ်အပြစ်တင်ရင်း ကျနေသည့် မျက်ရည်တွေကို မတားမိ။

"ဒေါက်… ဒေါက်… သမီး ရွှေသား"

"လာပြီ မာမီ"

မာမီ့ခေါ်သံ၊ တံခါးခေါက်သံကြောင့် ရွှေသားက အိပ်ရာမှ လူးလဲထသည်။ မျက်ရည်တွေကို လက်ဖမိုးရော၊ လက်ဖဝါးပါ သုံးပြီး ပြောင်စင်အောင်သုတ်ပြီးမှ တံခါးသွားဖွင့်ပေးသည်။

"အိပ်နေတာလား သမီး၊ နေမကောင်းဘူးလား မှန်းစမ်း"

မာမီက ရွှေသားမျက်နှာကို စိုးရိမ်တကြီးကြည့်ရင်း သူမ နဖူးဆီ စမ်းတော့ မာမီ့လက်ဖဝါးတွေကို ရွှေသားက မျက်နှာငဲ့ရှောင်သည်။

"ရွှေသား ဘာမှ မဖြစ်ပါဘူး"

"နေကောင်းပါတယ် မာမီရဲ့၊ ပျင်းတာနဲ့ အင်တာနက်ထဲ ဝင်မွှေမလို့ပါ"

"ဟုတ်ပါပြီ၊ သမီး ပျင်းနေတာ ထားဦး၊ မာမီ ဖုန်းခေါ်နေတာ ကြာပြီ၊ ဘာလို့ ပိတ်ထားတာလဲ၊ ဒီမှာ… သမီး iPad အတွက် ကာဗာရွေးရင်း အရောင်လှမ်းမေးမလို့ဟာ၊ သမီးဖုန်းရော"

"မှန်တင်ခုံပေါ်မှာပါ၊ ဖုန်းလည်း ပိတ်မထားပါဘူး"

"ပြောလိုက်ရင်တော့ မာမီ့သမီးက ဟုတ်နေတာပဲ၊ ကိုယ့်ဖုန်းကို သေချာကြည့်စမ်းပါဦးကွယ်"



မာမီ့စကားကြောင့် ရွှေသားက မှန်တင်ခုံပေါ် အနားရတာ ကြာပြီဖြစ်တဲ့ဖုန်းကို သွားစစ်ကြည့်တော့ ဖုန်းပိတ်ထားမှန်း သိသည်။

"အယ်… ဖုန်းက ဘာလို့ပိတ်နေတာလဲ မသိဘူး"

"ကြည့်… ဒီကလေးဟာ နမော်နမဲ့နဲ့၊ ဘက်ထရီမရှိလို့ လော့(ခ်)ပိတ်နေတာလား၊ အရေးအကြောင်းဆို ဘယ့်နှယ်လုပ်မလဲ၊ ဒီကလေးလေးဟာလေ တကယ်ပဲ၊ ဖုန်းတခြား လူတခြား ဖြစ်နေရုံ မကဘူး၊ ဖုန်းပါ လော့(ခ်)ကျတဲ့အထိ ဖြစ်နေပြီ"

"ဖုန်းက ဘက်ထရီရှိပါတယ် မာမီရဲ့"

"ကဲ… ဒါဆို ဘာလို့ ဖုန်းကပိတ်နေရတာလဲ"

"အဲဒါတော့ ရွှေသားလည်း မသိဘူး"

"ခက်လိုက်တဲ့ ကလေးကွယ်"

"မေးလိုက်ရင် မသိဘူးချည်းဘဲ၊ မစ်(စ်)ကော(လ်)လေး ဘာလေး ပြန်စစ်ကြည့်ဦး၊ မာမီ သွားတော့မယ်"

"ဟုတ် မာမီ"

မာမီ သတိပေးမှ ရွှေသား မစ်(စ်)ကော(လ်)တွေကို ပြန်ကြည့်သည်။ တစ်နေ့ ဘယ်နှကြိမ် ခေါ်ထားမှန်းမသိသော ဖုန်းနံပါတ်တွေက ကိုကြီးနံပါတ်တွေမို့ လူက လွင့်ခနဲ မြောက်တက်သွားအောင် ပျော်သည်။

"ကိုကြီး ဖုန်းတွေပါလား"

ညှိုးချုံးကျနေသော ရွှေသား စိတ်အစဉ်က ရေထိသောပန်းလို ချက်ချင်းပွင့်လန်းသွားကာ စိတ်ထဲကလည်း သူ့အလိုလို ပျော်သွား

www.burmeseclassic.com



သည်။

"ရွှေသား ပျော်လိုက်တာ ကိုကြီးရယ်၊ ရွှေသားကို ကိုကြီး မမေ့သေးဘူးပေါ့"

ကိုကြီး ပြောင်းလဲမသွားဘူး၊ ကိုကြီး သူမကို မမေ့ဘူး ဆိုသော အသိက လူကို သွေးသစ်လောင်းပေးသလို ပျော်ရွှင်မှုတွေ ရင်ထဲပြည့်လျှံသွား၏။

ရွှေသားက မာမီ ဝယ်ပေးလာတဲ့ iPad ရဲ့ အစက်စရိတွေလည်း စိတ်မဝင်စားနိုင်။ ကိုကြီးဖုန်းကို လှမ်းခေါ်မိသည်။ တစ်ချက်နှစ်ချက် သံရှည်ဆွဲကာ ဖုန်းဝင်သွား၏။

"ချာတိတ်"

"ကိုကြီး"

အလွမ်းတွေ မျိုချထားသော ကိုကြီးအသံဆွေးဆွေးက ရွှေသားနှလုံးသားကို ဖျစ်ညှစ်ဆုပ်ခါပစ်လိုက်သည်။

"ကိုယ် အရမ်းသတိရနေတာ၊ နေ့နေ့ညည ဖုန်းခေါ်တယ်၊ မင်းက မကိုင်ဘူး၊ ဖုန်းကို ပိတ်ထားတယ်၊ မင်း ဘာဖြစ်နေတာလဲဟင်၊ ကိုယ့်ကို ဘာစိတ်ဆိုးနေတာလဲ၊ ကိုယ် ချာတိတ်ကို တွေ့ချင်တယ်၊ ခြံထဲဆင်းလာခဲ့မလားဟင်… ချာတိတ်၊ ကိုယ် စောင့်နေမယ်"

"ဘယ်နေရာကိုလဲဟင် ကိုကြီး"

နှစ်ယောက်စလုံးရဲ့ လွမ်းစိတ်၊ တမ်းတစိတ်ဟာ ရင်ထဲ ဗလောင်ဆူလာပြီ။ မျိုသိပ်ခြင်းရဲ့ အဆုံးသတ်က ဖောက်ခွဲထွက်ခြင်းဖြစ်သည့်အတိုင်း ကိုကြီး ခေါ်ရာကို ချက်ချင်း ဆုံးဖြတ်



လိုက်သူက ရွှေသားဖြစ်သည်။

"ကိုယ်တို့ ဆုံနေကြနေရာလေးမှာ ဆုံကြရအောင်"

"ဆုံနေကြနေရာ… ဟုတ်လား"

ရွှေသား ရင်ခုန်သံတွေ မြန်နေသလို စိတ်တွေလည်း လှုပ်ရှားနေသည်။ ရွှေသားနှင့် ထပ်တူခံစားချက်တွေနဲ့ ရင်ခုန်နေသူက မိုးထက်ညံ့။ လုံးဝထင်မှတ်မထားချိန်မှာ ရွှေသားဆီက ဖုန်းဝင်လာတော့ ပျော်လွန်း၍ ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်ခဲ့ရသည်။

ရွှေသားမှာလည်း တခြား ဘာမှ စဉ်းစားချိန်မရ။ စဉ်းလည်း မစဉ်းစားချင်တော့။ ရင်ခုန်သံဆိုတာ နှလုံးသားနှင့် သက်ဆိုင်တဲ့ ကဏ္ဍမို့ စဉ်းစားတွေးခေါ်ခြင်းတွေကို ခေါက်ထားမည်။ ရင်ခုန်သံကို နားထောင်ရန် ဦးနှောက်မလို။ ထပ်တူညီသော နှလုံးသားတစ်စုံသာ လိုအပ်ခြင်းကို သူပဲသိသည်။

"ကိုယ်တို့ စတွေ့ကြတဲ့ ပန်းခင်းနားက ခြံစည်းရိုးလေးဆီ လာခဲ့မယ်"

"ကိုယ်စောင့်နေမယ် ချာတိတ်"

"ဟုတ်ကဲ့ ကိုကြီး"

"ချာတိတ်"

"ရှင်"

"သိပ်လွမ်းတယ်"

"အို"

ကိုကြီးဘက်က အသံတိတ်သွားပေမဲ့ ကိုကြီးစကားကြောင့် ရွှေသား ရင်ခုန်သံ မြန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေသား ဖုန်းပိတ်ပြီးတာနှင့် မှန်တင်ခုံရှေ့ အပြေးသွားရပ်သည်။ ငိုထားသဖြင့် နီမြန်းကာ မို့အစ်နေသော မျက်နှာကို တူးဝေးနှစ်ချက်လောက် ပိတ်ရိုက်သည်။ တိုကပ်အောင်ညှပ်ကာ လေယာလေးတွေ ထွင်ထားတဲ့ ဆံပင်ကို လက်ငါးချောင်းနဲ့ ထိုးသွင်းပြီးတာနှင့် သူမ ပြင်ဆင်ခြင်းက အဆုံးသတ်လေပြီ။

ပိတောက်ခြောက်ရောင် ကော်လံပါကိုျလက်ပြတ်က ခါးရှည်ဖြစ်ကာ ဘောင်းဘီတိုပါ တစ်ဆက်တည်း ပါတာမို့ အထွေအထူးတော့ ပြင်ဆင်စရာမလိုတော့။ ခန္ဓာကိုယ်ကို မှန်ထဲနှစ်ပတ်လောက်ကြည့်ပြီး အခန်းတံခါးဆီ ပြေးအထွက်မှာ မာမီနှင့် တည့်တည့်ဝင်တိုးသည်။

"ဝုန်း"

"ဟဲ့… ဟဲ့… ဒါက ဘယ်လိုဖြစ်တာလဲ"

"အာ… မာမီ၊ ကန်တော့… ကန်တော့၊ ရွှေသားအပြင်ခဏသွားမလို့"

"ဟဲ့… ဘယ်လဲ"

ထမင်းပန်းကန်တွေကို လင်ဗန်းနဲ့ သယ်လာတဲ့ မာမီက ရွှေသားမျက်နှာကို နားမလည်သလို ကြည့်သည်။

"ဟိုနားပါ မာမီရဲ့၊ မကြာပါဘူး၊ အခု ပြန်လာမှာပါ"

"သမီး ထမင်းမစားရသေးဘူးဆိုလို့ မာမီက သမီးအတွက် စားစရာတွေ ယူလာတာ"

"ဟုတ်… ရွှေသား ပြန်လာရင် စားမယ် မာမီ၊ ရွှေသား အခန်းထဲမှာပဲ ထားခဲ့ပါနော်"



မာမီ့ခါးကိုဖက်ပြီး ပါးပြင်ကို ရွှတ်ခနဲ နမ်းသည်။

"ဟဲ့… ဩော်… ဒီသမီးနဲ့တော့ ခက်နေပါပြီ"

"ဟဲ့… ဘယ်သွားမလို့တုန်း"

မာမီ့ထံမှ ခေါ်သံ၊ အော်သံတွေ ရွှေသားနောက်မှာ ကျန်ခဲ့သည်။

ရွှေသားက လေကားထစ်တွေကို ဒုန်းစိုင်းပြေးဆင်းတာနောက်ကျတဲ့ခြေထောက် သစ္စာဖောက်ဟု ပြောထားသည့်အတိုင်း။ ခြံထဲခြေချမိတာနဲ့ ကိုကြီးနှင့် ဆုံခဲ့ဖူးသော ခြံစည်းရိုးနားဆီ လွင့်နေအောင်ပြေးခဲ့တာ ကိုကြီးကို လွမ်းခဲ့ရသမျှ အတိုးချ အလွမ်းတွေ အများကြီးနဲ့ပါ။

ထိန်းမရသော ရွှေသားရဲ့ရင်ခုန်နှုန်းတွေနဲ့အတူ လူကတိမ်တစ်စလို လွင့်မျောနေ၏။ ကိုကြီးက ရွှေသားကို လွမ်းတယ်တဲ့။ ရွှေသားလည်း ကိုကြီးကို သိပ်သိပ်လွမ်းနေရတဲ့သူပါ ကိုကြီးရယ်။

အချစ်က လူကို ပေါ့ပါးအောင် ပြုစားတတ်တာတော့ ရွှေသား ယုံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ရွှေသား"

"ကိုကြီး"

ချိန်းဆိုထားသည့် ခြံထောင့်မှာ ဆုံမိတော့ နှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက် ပေါက်ထွက်သွားမတတ် အငမ်းမရ စူးစိုက်ကြည့်မိကြသည်။ ဘယ်သူမှ အကြည့်ကိုမလွှဲ။ နောက်ဆုံး ရင်ထဲက ခံစားချက်တွေကို ဘယ်လိုမှ မထိန်းချုပ်နိုင်တော့သူက မိုးထက်ညီ။ ရွှေသားရှိနေသည့် တစ်ခြံထဲသို့ သူ့ကိုယ်ကြီးကို တိုးဝင်လိုက်ပြီး ရွှေသားနှင့် နီးကပ်စွာ မျက်နှာချင်း ဆိုင်လိုက်သည်။

"ချာတိတ်"

"အို… ကိုကြီး"

"သိပ်ချစ်တယ် ချာတိတ်ရယ်"

"ကိုကြီးရယ်"

မျှော်လင့်ထားတာ မဟုတ်ပေမဲ့ ကိုကြီးဘက်က တရားဝင် ပွင့်လင်းလာချိန်မှာ ရွှေသားဘက်ကလည်း သူ့မရင်ထဲက ခံစား



ချက်ကို ဆက်ပြီး ထိန်းချုပ်မထားနိုင်သည့်အတူ တင်းကျပ်စွာ ပွေ့ဖက်လာသည့် ကိုကြီးရင်ခွင်ထဲမှာ ရွှေသားကိုယ်လေး အလိုက်သင့် ပါသွားခဲ့တာ ရွှေသားကိုယ်တိုင်လည်း ကိုကြီးကို သိပ်ချစ်လို့ပါ။

"ကိုယ့်ကို ချစ်လားဟင်"

"အင်း"

"ရွှေသားလေးရယ်"

"သိပ်ချစ်တယ်"

"ကိုကြီး"

"အိုကွယ်"

လှပသော မျက်နှာလေးထက် အပ်ကျလာသည့် ကိုကြီးထံမှ ချစ်အနမ်းတွေကို ရှောင်ဖယ်ဖို့ မကြိုးစားဘဲ ကျေနပ်ကြည်ဖြူစွာ ခံယူမိသူက ရွှေသားပါ။ ပွင့်လင်းသည့် ချစ်သူတွေဘဝဖြစ်ဖို့ ရွှေသား ဘယ်လောက် မျှော်လင့်ခဲ့ရလဲ။ အခုတော့ ရွှေသား ချစ်ရတဲ့ ချစ်သူရင်ခွင်ဟာ ရွှေသားရဲ့ဘဝ၊ ရွှေသားရဲ့ကမ္ဘာ။ လှိုက်လှဲပြင်းပြတဲ့ ချစ်အနမ်းတွေအောက်မှာ ရွှေသား မျက်ဝန်း အစုံတို့ ရှက်ရွံ့စိတ်ဖြင့် မှေးမှိတ်သွားပေမဲ့ ကိုကြီးကိုယ်ကို မမှီမကမ်း ဖက်ထွေးထားသည့် သူမလက်အစုံကိုတော့ ပြန်လည် မရုပ်သိမ်းမိ။

"ကိုကြီးနော်… တော်ပြီဆို"

"ဟင့်အင်း… လွမ်းခဲ့သမျှ အခုမှ အတိုးချရတာ"

ရွှေသား ရန်းပေမဲ့ ကိုကြီးက မလွှတ်။

ဖွတ်အတင်း ပိုတိုးဖက်ထားပြီး ရွှေသား၏ မျက်နှာလှလှ

www.burmeseclassic.com

www.burmeseclassic.com



လေးကတစ်ဆင့် ဖြူအုဖွေးနေသည့် လည်တိုင်ကျော့ကျော့လေး ရှိရာသို့ သူ့ထံမှ ချစ်အနမ်းတွေက သိပ်သိပ်သည်းသည်း တိုးဝေ့ ဆင်းသွားတော့ ရွှေသား အနေရခက်သွားသည်။

"အိမ်ကလူတွေ မြင်ကုန်လိမ့်မယ်"

"မမြင်စေချင်ရင် ဒီရင်ခွင်ထဲမှာ ပုန်းနေ"

"အို… ဒါက ဘယ်လဲ"

"ဘယ်သူမှ မမြင်တဲ့ နေရာကိုလေ"

"ဖယ်ပါ၊ ဒီမှာ မနေတတ်တော့ဘူး"

"မရဘူး၊ အချိန်အကြာကြီး ခွဲထားတဲ့ ကောင်မလေးကို ဒဏ်ခတ်မလို့"

"အို… အမေ့"

ကိုကြီးကို ဒီလောက်ဆိုးလိမ့်မည်ဟု ထင်မထားခဲ့တာ ရွှေသားရဲ့ အမှားဖြစ်သည်။ ကိုကြီးက အချစ်မွှန်ပြီး ပတ်ဝန်းကျင် ကို သတိမရပေမဲ့ ရွှေသားက မိန်းမသားဆိုတော့ ကိုကြီးလို မဟုတ်။ ကိုကြီးရဲ့ ချစ်အနမ်းတွေကို ရှက်သလို နှစ်ဖက်အိမ်က မိသားစုဝင်တစ်ယောက်ယောက် သူတို့နှစ်ယောက်ကို တွေ့သွား မှာကိုလည်း စိုးရိမ်သည်။ သူမက ဒါကို ကိုကြီးသိအောင်ပြောတော့ ကိုကြီးက ရွှေသားကိုယ်အား သူ့ရင်ခွင်ထဲ ဆွဲနှစ်ပြီး အမှောင်ရိပ် ကျသည့် ပန်းခြံဘက်ကို ရောင်အောင်ရွှေ့ပြီး သူ ကဲချင်တိုင်း ကဲနေ၍ သူ့ကိုယ်ကြီးကို လက်သီးဆုပ်လေးများဖြင့် မနာကျင်အောင် ထုရိုက်မိသည်။

"ဟော့… ဘာလို့ ကို့ကို ထုရိုက်နေရတာလဲ"



"မုန်းလို့… သိပြီလား၊ မုန်းလို့"

"အစတုန်းက ချစ်တယ်ဆို"

"အခု မုန်းသွားပြီ၊ ဖယ်ပါ၊ ရွှေသားကို လွှတ်"

"လွှတ်စေချင်ရင် ကို့ကို ချစ်ပါတယ်လို့ ပြော"

"သွားပါ၊ မုန်းပါတယ်ဆိုမှ ဘယ်သူက ချစ်တယ်လို့ ပြောရမှာလဲ"

"မချစ်ရင် မလွှတ်ဘူး"

"ကိုကြီးနော်"

"တကယ်ပြောနေတာ၊ ခုချစ် ခုမုန်းနဲ့ ကိုယ့်ကို ရွှေသားက ချစ်တမ်းကစားနေတာလား"

"ဟုတ်တယ်၊ ချစ်တမ်းကစားနေတာ"

"ကြည့်စမ်း… တော်တော်ဆိုးတဲ့ ကောင်မလေး"

"ကိုကြီးလောက် ဘယ်သူမှ မဆိုးဘူး"

"အဟွန်း… ဟွန်း… ဟွန်း"

"ရွှေသားက ကို့ကို ဒါကြောင့် မုန်းတာကိုး"

"ချစ်တာ မုန်းစရာလား ချာတိတ်ရယ်"

မိုးထက်ညက အခုမှ ရွှေသား သူ့ကို မုန်းခြင်းအကြောင်းကို သဘောကျစွာ မြတ်မြတ်နိုးနိုးရယ်တော့ ရွှေသားက သူ့ကို လက်သီးဆုပ်လေးများနှင့်ထုပြီး မျက်စောင်းရွယ်သည်။

"ကိုကြီးက အရမ်းဆိုးတယ် သိလား"

"ရွှေသား ပြန်တော့မယ်"

"ကို့ကို စိတ်ကောက်တာလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ မာမီက ရွှေသားကို ထမင်းစားစောင့်နေလို့"

"ရွှေသား အခုချိန်ထိ ထမင်းမစားရသေးဘူးလား"

"အင်း"

"ဘာဖြစ်လို့လဲ၊ ကိုကို လွမ်းနေလို့လား"

"အင်း"

ကလေးလေးတစ်ယောက်လို ရွှေသား မညာတမ်း ဝန်ခံလိုက်ပုံလေးက မိုးထက်ညံ့ရင်ကို တည့်တည့်လာထိသည်။

"ရွှေသားရယ်"

"ကိုလည်း ရွှေသားလိုပဲ၊ ရွှေသားနဲ့ မတွေ့ရတဲ့ရက်တွေမှာ ရွှေသားကို ဘယ်လောက်ချစ်တယ်၊ ဘယ်လောက် လွမ်းရတယ်ဆိုတာ ပိုသိလာတယ်၊ ဒါကြောင့် ရွှေသားမျက်နှာလေးကို မြင်ရနိုးနဲ့ ခြံထဲ ခဏခဏဆင်းပြီး ရွှေသားတို့အိမ်ကို လှမ်းလှမ်းကြည့်နေတာ ရွှေသား မမြင်ဘူးလား"

"မြင်သားပဲ"

"ဟင်"

"ဒါနဲ့တောင် ကိုဆီကို မလာဘူး... ဟုတ်လား"

"ရွှေသား လာစရာလိုလို့လား"

"ဘယ်လို"

"ကိုကြီးနားမှာ ငွေသားက တစ်ချိန်လုံးရှိနေတာ ထည့်ပြောဦးလေ၊ ပြီးတော့ ကိုကြီးက တစ်ချိန်လုံး ငွေသားဆီကိုပဲ ဖုန်းဆက်နေတာ မဟုတ်လား"

"ဟာ... မဟုတ်ဘူး၊ ကိုကြီးကို ရွှေသား အထင်လွဲနေပြီ၊



ကိုကြီး ငွေသားဆီကို ဖုန်းဆက်တာက ရွှေသားဖုန်းကို ခေါ်မရလို့၊ ရွှေသားနဲ့ စကားပြောချင်လို့ ငွေသားဖုန်းကို လှမ်းဆက်တာ၊ ကိုကြီး ဘယ်အချိန်ဆက်ဆက် ရွှေသား ကိုကြီးဖုန်းကို လုံးဝ မကိုင်ဘဲ ရှောင်နေတာ ကိုကြီး ဘယ်လောက် ခံစားရလဲ ရွှေသား သိလား"

"ရွှေသားက ကိုကြီးဖုန်းကို မကိုင်ဘူးလို့ ငွေသားကို တစ်ခါမှ မပြောဖူးပါဘူး"

"ဟုတ်လား၊ ဒါဆို ငွေသားက..."

မိုးထက်ညံ့စကားက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားကာ ရွှေသားမျက်နှာကို ကြည့်သည်။ ရွှေသားလည်း ငွေသားအကြောင်း ဘာပြောရမှန်းမသိ။ ညီအစ်မဆိုတော့ ငွေသား ဘာလုပ်လုပ် သူမကောင်းကြောင်းတော့ ရွှေသားနှုတ်က ထုတ်မပြောချင်။

"ဘာပဲဖြစ်ဖြစ် ကိုကြီးရယ်၊ အခု ရွှေသားတို့ ချစ်သူတွေ ဖြစ်သွားရတာ တစ်ယောက်နဲ့တစ်ယောက် မတွေ့ရလို့ ရင်ထဲက ခံစားချက်တွေ ပွင့်ထွက်ကုန်တာ မဟုတ်လား၊ ကြံဖန်ပြီး ကျေးဇူးတင်ရရင် ငွေသားကိုတောင် ကျေးဇူးတင်ရဦးမှာ"

"ငွေသားကိုလည်း ကျေးဇူးတင်ပါတယ်၊ ရွှေသားတို့အိမ်က အိမ်ဖော်တွေကိုလည်း ကျေးဇူးတင်တယ်"

"ဘာဖြစ်လို့"

"သူတို့ကလည်း ဘယ်အချိန် ဖုန်းဆက်ဆက် ရွှေသား မရှိဘူး၊ အပြင်သွားတယ်၊ အိပ်နေတယ်ပဲ အမြဲပြောလို့လေ"

"တကယ်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့"

"သူတို့ကြောင့် ကိုကြီးတို့ ချစ်ခွင့်ရတာ"

"ဟုတ်တယ်နော်"

မိုးထက်ညံ့တို့နှစ်ယောက် အတူရယ်မိကြသည်။ ရွှေသား စိတ်ထဲမှာတော့ ငွေသား ဘာဖြစ်လို့ အခုလို လုပ်ရတာလည်း ဆိုတာ အခုမှ သဘောပေါက် နားလည်သွားပါပြီ။ ငွေသားက ရွှေသားအချစ်ကို လုယူချင်နေတဲ့သူပဲ။ ရွှေသားအပေါ်ထားသည့် ငွေသားရဲ့ သဘောထားကြောင့် ရွှေသားရင်ထဲ စိတ်မကောင်း ဖြစ်သွားသည်။ ရွှေသားမှာတော့ ငွေသားအပေါ် အစစအရာရာ ငဲ့ညှာသနားလိုက်ရတာ။ ငွေသားကြတော့ ရွှေသားလိုလည်း မဟုတ်ပါလား။

"ကိုကြီး"

"ဟင်"

"ငွေသားကို မမုန်းပါနဲ့နော်"

"ငွေသားကိုလည်း မမုန်းဘူး၊ ရွှေသားဆိုတဲ့ ကောင်မလေး ကိုလည်း ဟောဒီလို.. ဟောဒီလို"

"အို... ကိုကြီး"

ဒုတိယအကြိမ် ကိုကြီးရဲ့ ရင်ခွင်ထဲ အလဲလဲအပြိုပြို ယိုင်ဆင်းသွားရပေမဲ့ ကျေနပ်ကြည်ဖြူစွာ ကိုကြီး ချစ်အနမ်းတွေ ခံယူမိသူက ရွှေသားပါ။

"သိပ်ချစ်တယ် ရွှေသားရယ်"

"ရွှေသားရောပဲ"



"လက်ထပ်ကြမယ်နော်"

"မာမီတို့ကို ပြောလေ"

"နည်းနည်းမှ မငြင်းတော့ဘူးလား"

"ဟင့်အင်း... ကိုကြီးနဲ့ ဝေးရမှာ ကြောက်လို့"

"ကိုယ်လည်း ရွှေသားနဲ့ မဝေးရဲဘူး အချစ်ရယ်၊ ကိုယ့် အချစ်ဆုံး၊ အကြင်နိုးဆုံးချစ်သူက ဟောဒီက ရွှေသား တစ် ယောက်တည်း"

"ကိုကြီးရယ်"

ချစ်မိပြီဆိုတော့ မိုးမမြင်၊ လေမမြင်။ တစ်ချိန်လုံး တစ် ယောက်နှင့်တစ်ယောက် အကြောင်းအမျိုးမျိုးရှာပြီး တွေ့ဖို့ ကြိုးစား မိကြသလို ဖုန်းကလည်း တစ်ချိန်လုံး မနားတမ်း ပြောမိကြသည် က အချစ်အကြောင်း၊ အလွမ်းအကြောင်း။ တစ်ယောက်ကို တစ်ယောက် မခွဲနိုင်သည့်အကြောင်း။ သစ္စာအကြောင်း၊ မေတ္တာ အကြောင်း၊ ဘာအကြောင်း၊ ညာအကြောင်း စုံနေသည်။

ဘယ်လောက်ပဲ လူကြီးတွေမသိအောင် ကြိုးစား ကြိုးစား။ ချစ်ချင်းကြောင့် ဖြစ်ပေါ်လာသည့် အကြည့်၊ အပြောအနေအထိုင် တွေကလည်း နှစ်ဖက်လူကြီးမိဘတွေ ရိပ်မိသိရှိဖို့ ဖြစ်လာ၏။

"ဘယ်လိုလဲ အမေကြီး၊ မင်းသားနဲ့ ရွှေသားကိစ္စ ဘယ်လို သဘောလဲ"

"ကျွန်မသဘောကတော့ သားကို ငွေသားနဲ့ပဲ သဘော တူတယ် ကိုညာဏ်ထွန်းရယ်၊ သားက ရွှေသားမှ ရွှေသားဖြစ်နေလို့ ပြောရဆိုရခက်နေတာ၊ ကိုညာဏ်ထွန်း သဘောကရော"

www.burmeseclassic.com

www.burmeseclassic.com



"အမေကြီးလိုပေါ့၊ ငွေသားလေးက လူကြီးဆန်သလို အိမ်မှုကိစ္စလည်း ကျွမ်းကျင်ပြီးသားဆိုတော့ ငွေသားနဲ့ လက်ထပ်ရင် မင်းသား ကံကောင်းတာပဲ"

"သားကို ငွေသားနဲ့ပဲ လက်ထပ်ပေးချင်တယ် ကိုညဏ်ထွန်းရယ်"

"အမေကြီးသား နားဝင်အောင် ပြောကြည့်လေ"

"ရှင်ကရော ဝင်မပြောတော့ဘူးလား"

"အမေကြီးက ပြောစေချင်ရင် ပြောကြည့်မယ်လေ"

"သားပုံစံကြည့်ရတာ အလွယ်တကူ လက်ခံမယ် မထင်ပါဘူးရှင်"

"ဒါဆိုလည်း သားသဘောကျတဲ့ ရွှေသားလေးကိုပဲ ချွေးမအဖြစ် လက်ခံလိုက်လည်း မဆိုးပါဘူး၊ ရွှေသားက ကလေးဆန်တာကလွဲပြီး လိမ္မာပါတယ်"

"ရှင်ပဲ အမျိုးမျိုးပြောနေ"

"ဩော်… အမေကြီးကလဲ၊ ကိုယ်ဖြစ်ချင်တာ ဖြစ်မလာတော့ သူဖြစ်ချင်တာ ဖြစ်လာမှာကို ကျေကျေနပ်နပ် လက်ခံနိုင်တဲ့စိတ်ကို မွေးမြူထားမှပေါ့"

တရားမျှတသော စကားဖြစ်၍ သားအတွက် ရင်မောနေသည့် ဒေါ်ခင်မိုးဦး သက်ပြင်းချလိုက်သည်။

"အန်တီရေ"

"ဟော… မင်းချွေးမလောင်း ငွေသား ရောက်လာပါပြီဗျာ၊ ဘာတွေပါလာမလဲ သိရအောင် သွားကြိုလိုက်ဦး"



"အန်တီ"

"လာပြီ သမီးရေ"

ငွေသားအသံကြောင့် ဒေါ်ခင်မိုးဦး ခင်ပွန်းသည်ကို တုံ့ပြန်ပြီး စကားမပြောနိုင်ဘဲ ငွေသားရှိရာ အိမ်ရှေ့ဧည့်ခန်းသို့ ထွက်လာခဲ့သည်။ ဦးညဏ်ထွန်းပြောသည့်အတိုင်း မြန်မာဆန်ဆန် ကျေးရှင်းလှပနေသော ငွေသားလက်ထဲမှာ စတီးချိုင့်ကြီးတစ်ခု ပါလာတာမြင်လိုက်ရသည်။

"ဒီမှာလေ… ငွေသားက အန်တီ နေမကောင်းဘူး၊ ခံတွင်းပျက်နေတယ်ဆိုလို့ အန်တီ ခံတွင်းတွေ့ပြီး အမြန်နေကောင်းလာမဲ့ အစားအသောက်တွေချက်ပြီး အန်တီ့အတွက် လာပို့တာ"

"အားနာစရာ သမီးရယ်၊ အန်တီ့အတွက်နဲ့ သမီး ပင်ပန်းနေပါပြီ"

"ငွေသား မပင်ပန်းပါဘူး အန်တီ၊ အိမ်မှုကိစ္စလုပ်ရတာ ချက်ပြုတ်ရတာကိုသာ ငွေသား ဝါသနာပါ၊ လာ… အန်တီ၊ ပူပူနွေးနွေးလေး စားလိုက်ရမှ အရသာရှိတာ၊ အန်တီစားဖို့ ငွေသားကိုယ်တိုင် ပြင်ပေးမယ်နော်"

ငွေသားက ပြောပြောဆိုဆို ချိုင့်ဆွဲပြီး ထမင်းခန်းရှိရာ ဦးဆောင်လျှောက်သွား၍ ဒေါ်ခင်မိုးဦး အားနာပြီး ငွေသားနှင့်အတူ ပါသွားသည်။ စိတ်ထဲကလည်း သူတို့တစ်မိသားစုလုံးအပေါ် ဂရုတစိုက် ရှိလှသော ငွေသားကိုသာ တစ်နေ့တခြား ချွေးမတော်ချင်စိတ်က တားမရ ဆီးမရဖြစ်လာ၏။

ငွေသားက ရွှေသားနဲ့တော့ တခြားစီပါ။ အစားအသောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ဖွယ်ရာရာ ချက်တတ်ပြုတ်တတ်သလို စကားပြောကြတော့လည်း လိမ္မာယဉ်ကျေးသည့် ကလေးမ။ လုပ်တာကိုင်တာလည်း စည်းစနစ်ကျကျမို့ ဒေါ်ခင်မိုးဦးစိတ်ထဲ ငွေသားမှ ငွေသားဖြစ်နေချိန်၊ ငွေသားကလည်း သူမအကြံနှင့်သူမ ဒေါ်ခင်မိုးဦး သဘောကျနေထိုင်ပြရင်း မိုးထက်ညံ့မိခင် ဒေါ်ခင်မိုးဦး သူမကို သဘောကျမှန်း သိနေပြီဖြစ်သည်။

"စားလို့ အဆင်ပြေရဲ့လား အန်တီ"

"ငွေသ. လက်ရာပဲကွယ်၊ စားလို့ မြိန်တာပေါ့"

"အန်တီ့မှာ ငွေသားလို သမီးလေးတစ်ယောက် ရချင်လိုက်တာ"

"ကိုမိုးကို ရှာခိုင်းလိုက်လေ အန်တီ"

"သားကိုလည်း ပြောနေပါတယ်ကွယ်၊ မေမေ့အတွက် အလိမ္မာအိမ်ပါ ချွေးမလေးရှာခဲ့ပါလို့၊ အဟင်း… ဟင်း"

ဒေါ်ခင်မိုးဦးနှင့် ငွေသားတို့ ပြောနေသည့်စကားက အဓိပ္ပာယ်တစ်မျိုးထဲ ဖြစ်သော်လည်း တရားဝင် တိတိကျကျတော့ မဟုတ်သေး။ သားဖြစ်သူက ဒေါ်ခင်မိုးဦး သဘောကျ မဖြစ်သလို ငွေသားကိုလည်း မိုးထက်ညံ့က ချစ်ကြောင်း၊ ကြိုက်ကြောင်း ပြောမထား၍ ငွေသားဘက်လည်း အခုလက်ရှိအခြေအနေထက် ပိုမပြောရဲ။

"ဒါနဲ့ ရွှေသားရော အိမ်မှာ ရှိရဲ့လား"

"ရွှေသားက အခုတစ်လော အိမ်မကပ်ဘူးလေ"

"အိမ်မကပ်နိုင်အောင် သူက ဘာတွေလုပ်နေလို့လဲ"



သားသဘောကျသည့် ရွှေသားက ယောက္ခမလောင်းတွေ သဘောကျအောင် ဘာတစ်ခုမှ လုပ်မပေးရုံမက အိမ်ပါမကပ်ဘူးဆိုတော့ ဒေါ်ခင်မိုးဦးရင်ထဲ မျက်တတ်တတ်တော့ ဖြစ်သွားသည်။ ငွေသားကလည်း ဒေါ်ခင်မိုးဦး ဖြစ်သွားသည့် မျက်နှာကိုကြည့်ပြီး သူမ ပြောစရာရှိတာ ဆက်ပြောသည်။ အရေးကြီးတာက ရွှေသားအပေါ် ဒေါ်ခင်မိုးဦး စိတ်ကုန်စိတ်ပျက်ဖို့ ဖြစ်သည်။ ဒါမှ သူမလိုချင်သည့် ဒေါ်ခင်မိုးဦး ချွေးမနေရာကို ငွေသား ရမည်။

"ရွှေသားအကြောင်း မပြောချင်ပါဘူး အန်တီရယ်၊ မာမီကလည်း သူ့ကို သိပ်အလိုလိုက်ထားတော့ ရွှေသားက ဖြစ်ချင်တိုင်း ဖြစ်တာလေ၊ ရုပ်လှတာနဲ့ စာတော်တာလေးတစ်ခုပဲ သူ့မှာ ပြောစရာရှိတယ်၊ ကျန်တာကတော့ နီးပဲ အန်တီရေ၊ ဒယ်ဒီနဲ့ မာမီ ရှာသမျှ သူတစ်ယောက်တည်း ဒိုင်ခံသုံးဖြုန်းပစ်နေတာသာ ကြည့်တော့"

ငွေသား စကားအဆုံးမှာ ဒေါ်ခင်မိုးဦး နည်းနည်းတော့ တွေတွေဝေဝေ ဖြစ်သွားသည်။ ငွေသားက ရွှေသားမကောင်းကြောင်းတွေ ရယ်ရယ်မောမော ပြောနေပုံက ချစ်စရာညီမဆိုးပုံစံမျိုး ဖြစ်နေပေမဲ့ ငွေသားပါးစပ်ထဲမှာ ရွှေသားက ရစရာမရှိအောင် ဖြစ်သွားကာ ဒေါ်ခင်မိုးဦးစိတ်ထဲက ရွှေသားအပေါ် ချွေးမလောင်းစာရင်းက ပယ်ဖျက်သည်အထိ ဖြစ်သွားစေခဲ့သည်။ ကလေးဆန်သည်။ အသုံးအဖြုန်းကြီးသည်။ အိမ်မှုကိစ္စ ဘာတစ်ခုမှ နားမလည်သည့် ရွှေသားက ငွေသားလို လူ့ကဲမခတ်တတ်။ သူမကို သဘောကျလာအောင်လည်း ဟန်လုပ်မပေါင်းသင်းတတ်။ မပြော

www.burmeseclassic.com

www.burmeseclassic.com



တတ်၊ မဆိုတတ်ဆိုတော့ ပိုဆိုးသည်။

အများအထင်အမြင်လွဲစရာ ဖြစ်ရသည့်အထဲမှာ ယောက္ခမလောင်း ဒေါ်ခင်မိုးဦး အထင်လွဲခံရတာ အဆိုးဆုံးဖြစ်သည်။ နောက်ဆုံး ငွေသားကိုပဲ ချွေးမတော်ဖို့ လင်မယားနှစ်ယောက်သဘောတူ တိုင်ပင်ဆုံးဖြတ်လိုက်ကြတာ သူတို့ရဲ့ တစ်ဦးတည်းသောသားဖြစ်သူ မိုးထက်ညီ ကောင်းစားရေးအတွက် ဖြစ်သည်။

"သား ဘာပြောပြော မေမေကတော့ ငွေသားကလွဲပြီး တခြား ဘယ်သူ့ကိုမှ မေမေ့ချွေးမ အဖြစ်မခံနိုင်ဘူး သား၊ မေမေ့သားလေးကို ငွေသားနဲ့ပဲ သဘောတူတယ်၊ မေမေ့ကိုချစ်ရင် ငွေသားကိုပဲ သား လက်ထပ်ရမယ်၊ အဲဒါ မေမေ အဖြစ်ချင်ဆုံး ဆန္ဒပဲ သား"

"မဖြစ်နိုင်တာတွေ မပြောပါနဲ့ မေမေရာ၊ ရွှေသားကိုပဲ ကျွန်တော်က ချစ်တာ၊ ဘယ်လိုလုပ်ပြီး သား မချစ်တဲ့ ငွေသားကို လက်ထပ်ရမှာလဲ"

"မင်းရွှေသားက ဘာများ အသုံးကျလို့လဲ၊ အိမ်ထောင်မှုလည်း နားမလည်၊ လူမှုရေးကြတော့လည်း မသိတတ်၊ ဒီကြားထဲ အသုံးအဖြုန်းကလည်း ကြီးသေး၊ မင်း ရွှေသားကို လက်ထပ်ရင် ဘယ်လောက် ဒုက္ခရောက်မယ်ဆိုတာ စဉ်းစားမိရဲ့လား မိုးထက်ညီ"

မေမေက သူ့ထုံးစံအတိုင်း စိတ်ဆိုးဒေါသဖြစ်လာတော့ မိုးထက်ညီနာမည်ကိုပဲ ခေါ်သည်။ သားတွေ ဘာတွေ မလုပ်တော့။ မိုးထက်ညီကလည်း မိခင်ဖြစ်သူ သဘောထား ခံယူချက်ကြောင့် စိတ်အညစ်ကြီး ညစ်သွားသည်။ ရွှေသားအပေါ်မှာ မေမေ့ဘက်က



ဤမျှ အမြင်မကြည်မလင် ဖြစ်နေခဲ့လိမ့်မည်ဟု ထင်မထားခဲ့တာလည်း သူ့အမှားဖြစ်သည်။

"ရွှေသားက လိမ္မာပါတယ် မေမေ"

"လိမ္မာတယ်ဆိုတာ မင်းက ဘာကိုကြည့်ပြောတာလဲ သား၊ မေမေ နေမကောင်းဖြစ်တာသိရက်နဲ့ လူမမာသတင်း တစ်ချက်လာမေးဘူးလား၊ ဟင်းတစ်ခွက် လာပေးဘူးလား"

"အာ… အဲဒါက ရွှေသားမှ အကျိုးနိပ္ပြည့် သင်တန်းတွေ တက်နေရလို့ပါ၊ မေမေ အခုပြောတာတွေ ရွှေသားကို ကျွန်တော် ပြောပြလိုက်ပါ့မယ်"

"တော်စမ်း မိုးထက်ညီ၊ ကိုယ်ပိုင် အသိတရားမရှိ၊ ပြောမှ သိတဲ့သူကို မေမေ ဘာလုပ်ရမှာလဲ"

"ငွေသားကို မင်း လက်ထပ်ရမယ်၊ မေမေ့ပြောစကား နားမထောင်ရင် မင်း ငါ့ကို ဘယ်တော့မှ အမေလို့ မခေါ်နဲ့"

"မေမေက ရွှေသားကို ဘာဖြစ်လို့ ဒီလောက် မုန်းသွားရတာလဲ၊ ငွေသားကြောင့်လား"

"ငွေသားနဲ့ ဘာမှမဆိုင်ဘူး၊ လူဆိုတာ အကောင်းနဲ့အညံ့ ခွဲခြားတတ်ရတယ် မိုးထက်ညီ၊ အသိဉာဏ်ရှိတဲ့လူတိုင်း ဘယ်သူမှ ကိုယ့်ကိုယ်ကို ဒုက္ခရောက်အောင် မလုပ်ဘူး နားလည်လား"

"ငွေသားကို လက်မထပ်ချင်ရင် ရွှေသားနဲ့ မင်း အဆက်အသွယ်ဖြတ်၊ မင်းကို ပြောမရရင် မေမေကိုယ်တိုင် ရွှေသားကို မင်းနဲ့ အဆက်အသွယ်ဖြတ်ဖို့ သွားပြောမယ်"

"ကျွန်တော် မသိဘဲ မေမေ ဘာမှ လျှောက်မလုပ်နဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်စေချင်ရင် မင်း မေမေပြောတာ နားထောင်၊ ပြောထားတဲ့ကြားက မေမေ့စကားကို နားမထောင်ရင်တော့ ရွှေသားကို မေမေ သွားတွေ့ရမှာပဲ"

"ဟား… ဒုက္ခပဲ"

မိခင်ဖြစ်သူက သူ ဖြစ်ချင်တာပြောပြီး ဒေါသနှင့် မိုးထက်ညီ အခန်းက ထွက်သွားနိုင်ပေမဲ့ တနင့်တပိုး ခံစားချက်တွေနဲ့ မရှုနိုင် မကယ်နိုင် တစ်ယောက်တည်း ကျန်ခဲ့သူက မိုးထက်ညီ။ မေမေ ပြောသွားပုံက ငှက်ပျောသီး အခွံနွှာစားသလို လွယ်ပေမဲ့ မေမေ့ ကိုချည်း အပြစ်တင်လို့တော့ မဖြစ်။ မိခင်တစ်ယောက် သားအပေါ် ထားသည့် ချစ်ခြင်းမေတ္တာနှင့် အတ္တကို သူနားလည်သည်။ ကိုယ်ချင်းလည်း စာသည်။ အချစ်ဆိုသည့် အရာမပါဘဲ အပေါ်ယံ အမြင်နှင့် ရွေးချယ်ရမည်ဆိုလျှင်တော့ ရွှေသားထက် ငွေသား ကိုသာ အိမ်ထောင်ရှင်မအဖြစ် ရွေးချယ်သင့်တာကိုလည်း သူ သဘောပေါက်သည်။ အခုကိစ္စက အိမ်ထောင်ရှင်မ ရွေးချယ်ပွဲ မဟုတ်။

ကိုယ်ချစ်တဲ့သူကို မြတ်နိုးသူကိုသာ နှလုံးသားခံစားချက်နှင့် ရွေးချယ်တည်ဆောက်ရမည့် နှစ်ကိုယ်တူဘဝ တည်ဆောက်ရမည့် အရေးဖြစ်သည်။

## အခန်း (၁၀)

"ဒီမှာ ကြည့်စမ်း ရွှေသား"

"ဟယ်… လှလိုက်တဲ့ပန်းတွေ၊ ဘယ်က ဝယ်လာတာလဲ ဟင် ငွေသား"

ငွေသားလက်ထဲမှာ လှပကြွားဝင့်စွာ ရှိနေသည့် လှပနေသည့် နှင်းဆီပန်းဝါဝါတွေကိုကြည့်ပြီး မိန်းကလေးပီပီ ပန်းတွေနား အပြေးရောက်သွားချိန်မှာ ငွေသားက ရွှေသားအမေးစကားကို သဘောကျသလို လှပစွာရယ်ပြီးမှ ရွှေသားမျက်နှာကို စေ့စေ့ ကြည့်သည်။

"ဘယ်ကမှ မဝယ်ခဲ့ဘူး ရွှေသားရဲ့၊ ဒီပန်းတွေကို ဟိုဘက် ခြံက ကိုမိုးက ငွေသားအတွက် ပေးတာ"

"ကိုကြီးက… ကိုမိုးထက်ညီက ငွေသားကို ပေးတာ ဟုတ်လား"

"ဟုတ်တယ်လေ… ဘာဖြစ်လို့လဲ"

ရွှေသားချစ်သော ရွှေသားရဲ့ချစ်သူက ငွေသားကို ပန်း လက်ဆောင် ပေးလိုက်သည်ဆိုတာကို ရွှေသား မျက်စိနဲ့ မမြင်

www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ ရွှေသား မြင်နေကြားနေရသည့် ငွေသားလက်ထဲက ပန်းတွေနဲ့ ပြုံးပျော်နေသည့် ငွေသားမျက်နှာကို မြင်နေရတော့ ထိန်းထားသည့်ကြားက ရွှေသားမျက်နှာ သိသာစွာ ကွက်ခနဲ ပျက်သွားသည်။

"ဘာမှမဖြစ်ပါဘူး၊ ပန်းတွေက အများကြီးဆိုတော့ ရွှေသား အံ့သြသွားမိလို့ပါ"

"အမလေး… ဒီလောက်နဲ့ ဘာမှ မအံ့သြနဲ့ ရွှေသား၊ နောက်ထပ် အံ့သြရမှာတွေ ရှိသေးတယ်၊ ဟောဒီမှာ မြင်လား"

ငွေသားက ရွှေသားမျက်စိရှေ့ကို လှပသော သူမလက်လေး ထောင်ပြလိုက်တော့ ရုတ်တရက် ရွှေသား နားမလည်။

"ဒီလက်စွပ်လေ၊ ကိုမိုးက ငွေသားမွေးနေ့တုန်းက ဝယ်ပေးထားတာ"

"အို"

ရွှေသားခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်အထိ ငွေသား စကားနဲ့ အပြုအမူတွေ ရွှေသားနှလုံးသားကို ဓားနှင့် ခပ်နက်နက် ထိုးစိုက်လိုက်သလို ဆတ်ဆတ်ခါ နာသွားသည်။ ကိုကြီးပြောတော့ ရွှေသားဆိုတာ သူ့အချစ်ဆုံးတဲ့။ အခုတော့ ကိုကြီးက ရွှေသား အပြင် ငွေသားကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ ချစ်နေခဲ့တဲ့ သူပါလား။ ရင်ထဲမှာ နာကျင်လွန်း၍ ရွှေသားထံမှ ဘာသံမှ ထွက်မလာခင် ငွေသားက အောင်နိုင်သူအပြုံးဖြင့် ရွှေသား မျက်နှာကို ကျေကျေနပ်နပ် ကြည့်လိုက်၏။

"ကိုမိုးက ငွေသားကို ဖုန်းဆက်ခိုင်းထားတာ အခုမှ သတိ



ရတယ်၊ ပန်းတွေကို ပန်းအိုးထဲ ရွှေသားပဲ လှအောင် ထိုးထားလိုက်နော်၊ ငွေသား ဖုန်းပြောပြီး ချက်ချင်း ပြန်လာမယ်"

"ငွေသား"

"ခဏလေးပါ ရွှေသားရဲ့၊ အခု ပြန်လာမှာပါ"

ငွေသားက မိုးထက်ညံ တာကယ်မပေးဘဲ သူမဘာသာ ဝယ်လာသည့် ပန်းစည်းကို ရွှေသားလက်ထဲ ထိုးထည့်ပေးပြီး အပေါ်ထပ်ရှိ သူမအခန်းထဲ ပေါ့ပါးစွာ ပြေးတက်သွားသည်။

ခံစားလိုက်စမ်း ရွှေသားရေ။

ငွေသား တစ်သက်လုံး အရှုံးပေး စိတ်ဆင်းရဲခဲ့ရသမျှ ဒီတစ်ခါ ငွေသားအလှည့်ပဲ။

ရွှေသားဆိုတဲ့ နင့်ကို ငွေသား ဒီတစ်ခါ ဘယ်လို အနိုင်ယူပြမယ်ဆိုတာ နင် ကြည့်ထားလိုက် ရွှေသား။

သူပေးခဲ့သည့် ပန်းစည်းကြီးကိုကိုင်ပြီး ငေးငိုင်တွေဝေစွာ ရုပ်ကျန်ခဲ့သည့် ရွှေသားကိုကြည့်ပြီး ငွေသား ရယ်ပစ်လိုက်သည်။ ပြီးတော့ သူမလက်မှ ဝတ်ထားသည့် လက်စွပ်လေးကို ကြည့်ပြီး ပြုံးလိုက်သည်။ ဒီလက်စွပ်က သူမဘာသာ ကြိုက်လို့ ဝယ်ထားသည့် လက်စွပ်ပါ။ ရွှေသားကို ပြောခဲ့သလို မိုးထက်ညံဆိုသည့် ကိုမိုးက ဝယ်ပေးသည့် လက်စွပ်မဟုတ်။ ရွှေသားကို အသည်းခွဲချင်၍ တမင်လုပ်ကြံပြောခဲ့သည့်စကားကို ရွှေသား အဟုတ်ထင်သွားတော့ ငွေသား ဖြစ်ချင်သည့်အတိုင်း ဖြစ်ခွင့်ရသွားသည်။

ဒီအချိန်ဆို ရွှေသားတစ်ယောက် ပန်းတွေကြားမှာ မျက်ရည်ဝင်လယ်ဝေတော့မှာ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ နှင် ငိုရမဲ့အလှည့်ပဲ ရွှေသား။ ငို… ငို အားရအောင်ငို။

နှင် ခံစားရတာမြင်လေ၊ နှင် မျက်ရည်ကျလေ ငါ ပိုကျေနပ်လေပဲ ရွှေသားရ။

ငွေသားစိတ်ထဲက ကျေနပ်အားရစွာ ပြောလိုက်သံကို ဘယ်သူမှ မကြား။ ရွှေသားနှင့် မိုးထက်ညို ချစ်သူတွေ ဖြစ်သွားသည့်ညက ထိုမြင်ကွင်းကို အစအဆုံး မြင်တွေ့လိုက်ရသူက ငွေသား။ မိုးထက်ညိုကို သူမနည်း သူမဟန်ဖြင့် ကိုယ့်ဘက်ပါလာအောင် အကွက်ကျကျ စီမံကြိုးစားနေတုန်း ရွှေသားက ငွေသား ကြိုးစားထားသမျှ အလယ်က ဖြတ်ရိုက်ပစ်လိုက်တော့ အကြံပျက်သွားသည့် ငွေသားနှလုံးသားထဲ စပ်ဖျင်းဖျင်း အခံရခက်သွားသည်။

ထိုညကစပြီး တစ်ညလုံး၊ တစ်နေ့လုံး ငွေသား အတွေးအာရုံထဲမှာ မိုးထက်ညိုတို့ချစ်သူနှစ်ဦး ချစ်အနမ်းတွေ ဖလှယ်နေကြပုံက ပျောက်မသွား။ နောက်တော့ အကြံသမား ငွေသားက ရွှေသားကို အနိုင်ယူနိုင်သည့် နည်းလမ်းပေါင်းစုံတွေးပြီး လက်တွေ့အကောင်အထည်ဖော်ခဲ့သည်။

နေ့တိုင်း သူမကိုယ်သူမ အလှဆုံးပြင်သည်။ အကြောင်းမရှိ အကြောင်းရှာပြီး မိုးထက်ညိုအိမ်ကို ဝင်ထွက်သည်။ မိုးထက်ညို မိခင်ကြီးကိုယ်တိုင်က ငွေသားလူဆိုတော့ ငွေသားအတွက် ထို အကြံအစည်က အပြစ်အနာအဆာမရှိဘဲ ချောမွေ့စွာ အောင်မြင်ခဲ့သည်။ အရေးကြီးတာက အများအမြင်မှာ ငွေသားနှင့် မိုးထက်ညို တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေတာကို အခိုင်အမာ သက်သေထူပြဖို့ဖြစ်သည်။



ငွေသားက မိုးထက်ညိုအိမ်ကို တံခါးမရှိ ဓားမရှိ ဝင်ချင်သည့်အချိန်ဝင်၊ ထွက်ချင်သည့်အချိန်ထွက် သူမ သဘောကျဖြစ်နေချိန်မှာ ရွှေသားနဲ့မိုးထက်ညိုက သူတို့ချစ်သူဘဝကို အတတ်နိုင်ဆုံး သိုသိပ်လျက် ည လူခြေတိတ်ချိန်မှာသာ ချစ်သူချင်းတွေ့ဆုံရတာကိုပဲ အကျေနပ်ကြီး ကျေနပ်နေကြသည်။

ဖုန်းဖြင့် အချိန်တိုင်းလိုလို ချစ်စကားဆိုလျက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မဝ။ တစ်ယောက်အသံ တစ်ယောက်ကြားနေရမှ ဖြစ်နေချိန် ငွေသားကို ဘယ်သူမှ သတိမထားမိ။ ချစ်သူနှစ်ဦး မိုးမမြင် လေမမြင် ပျော်နေချိန်မှာ ငွေသား ခြေလှမ်းပျက်နေတာ၊ မိုးထက်ညိုအိမ်မှာချည်း အချိန်ကုန်နေတာကို မြင်တော့ သတိထားနေမိသူက ငွေသားမာမီဖြစ်သည်။

မိုးထက်ညိုနှင့် ရွှေသား ချစ်သူတွေ ဖြစ်နေတာကို ဒေါ်ရီစီမသိ။ သိအောင်လည်း ရွှေသားက မပြော။ မာမီ့ကို အသိပေးရမှာရှက်နေတာလည်း ပါသည်။ ပြီးတော့ ရွှေသားတို့ ချစ်သူဖြစ်ကြတာကလည်း သိပ်မကြာသေး။ ပြောသင့်သည့်အချိန်ကြမှ ဖွင့်ပြောတော့မည်ဟု ရွှေသားဘက်က တိတ်တိတ်လေး ကျိတ်ဆုံးဖြတ်ထားခဲ့မိခြင်းမှာ နောင်တစ်ချိန် ရွှေသား အသည်းကွဲစေဖို့ ဖြစ်လာလိမ့်မည်ဟု ထင်မထားခဲ့။ ငွေသားကိုလည်း သူမအပေါ်မှာ ဤမျှရက်စက်လိမ့်မည်ဟု ထင်မထားတာလည်းပါသည်။ အခုတော့ ငွေသား ထင်ထားသည့်အကွက်ထဲ ရွှေသားတို့သားအမိ တည့်တည့်တိုးမိသည်အထိ ဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီကြီး သိပြီးပြီလား"

"ဘာလဲ မာမီကြီး"

"ငွေသားလေ"

"ပြောပါဦး"

"ဟိုဘက်အိမ်က မောင်မိုးထက်ညံ့နဲ့ မေတ္တာမျှနေကြသလား မသိဘူး"

"သမီးကြီးက မင်းကို ပြောလို့လား"

"ပြောတော့ မပြောဘူးပေါ့ ဒယ်ဒီကြီးရယ်၊ ငွေသားကို သမီးတော်ချင်ကြောင်းတော့ ဒေါ်ခင်မိုးဦးကိုယ်တိုင် ရိုစ်ကို ခဏ ခဏပြောပြီး သမီးတောင်းနေတာ ကြာပြီ"

"အမေကြီး သဘောကရော"

"မောင်မိုးထက်ညံ့နဲ့ဆို ငြင်းစရာမရှိပါဘူး၊ ယောကျ်ားလေးရှင် ဘက်က သေချာရင် ငွေသားကို ပေးလိုက်ရုံပဲ၊ ဒယ်ဒီ့သဘော ကရော"

"မာမီကြီးသဘော"

မိုးထက်ညံ့နှင့် ရွှေသား ချစ်သူဖြစ်နေတာကို ဒေါ်ရိုစီ မသိ။ ငွေသားကို သမီးတော်ချင်ကြောင်း ခဏခဏပြောနေသည့် မိုးထက်ညံ့မိခင်ကြောင့် မိုးထက်ညံ့ချစ်သူကို ငွေသားဟု လင်မယား နှစ်ယောက်စလုံးက ထင်ကြသည်။ ဒီလိုထင်လာအောင်လည်း ငွေသားက လူမြင်ကွင်းလိုနေရာမှာ မိုးထက်ညံ့နှင့် တတွဲတွဲ ပူးပူးကပ်ကပ် ရင်းရင်းနှီးနှီး နေထိုင်ပြသည်။

"ငွေသားကိစ္စကတော့ စိတ်အေးရပြီ၊ ရွှေသားပဲ ကျန်တော့



တယ်"

"မင်းသမီးမှာရော ချစ်သူရည်းစား ရှိနေပြီလား"

"ရှိရင် အမေကို ဖွင့်ပြောမှာပေါ့ ဒယ်ဒီကြီးရဲ၊ အခုထိတော့ ဘာသံမှ မကြားရသေးဘူး၊ တစ်သက်လုံး အပျိုကြီးလုပ်ပြီး ရိုစ်တို့ မိဘတွေနဲ့ အတူနေရင် သိပ်ကောင်းမှာပဲနော်"

"အာ… ဒါတော့ မာမီကြီးက မတရားတာဘဲ၊ လူဆိုတာ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရတာမျိုး၊ နောက်ဘဝ ဝဋ်လည် နေပါဦးမယ်ဗျာ"

"လည်တော့ ဘာဖြစ်လဲ၊ နောက်ဘဝကျရင် ရိုစ်လည်း အပျိုကြီးလုပ်မှာ"

"ဘယ်ရမလဲ၊ ရိုစ်အပျိုကြီးနားမှာ ဒီက လူပျိုကြီးလည်း အတူရှိမှ ဖြစ်မှာပေါ့"

"ဟွန်းနော်… လူကြီးက တော်တော်ကဲနေ"

"ချစ်လို့ပါ ရိုစ်ရဲ့"

"အဟား… ဟား… ဟား"

ဒေါ်ရိုစီက ခင်ပွန်းသည်ကို ချစ်စဖွယ် မျက်စောင်းထိုးလိုက်၍ သဘောကျစွာ တဟားဟားရယ်သည့်အခိုက်မှာ အပြင်မှ ရွှေသား ပြန်ရောက်လာတာနှင့် ကြုံသည်။

"ဘာတွေ သဘောကျနေတာလဲ ဒယ်ဒီရဲ၊ ဒီမှာ ဒယ်ဒီနဲ့ မာမီအတွက် ရွှေသား ကြက်ကင်ဝယ်လာတယ်၊ ပန်းကန်ထဲ သွားထည့်လိုက်မယ်နော်"

"ကြက်ကင်ကို ထားစမ်းပါဦး သမီးရယ်၊ သမီးကို မာမီ

www.burmeseclassic.com

www.burmeseclassic.com



မေးစရာရှိလို့ ဒီမှာ ထိုင်ပါဦး"

"ဘာမေးမလို့လဲ မာမီ"

ရွှေသားက ကြက်ကင်ထုပ်ကို စားပွဲပေါ် လှမ်းတင်ရင်း မာမီ့ဘေးမှာ ဝင်ထိုင်တော့ မာမီက ရွှေသားကို တစ်ခါမှ မမြင်ဘူးသလို တစ်ကိုယ်လုံး စေ့စေ့ကြည့်သည်။

"ရွှေသား ဘာဖြစ်နေလို့လဲ မာမီရဲ့"

ရွှေသား မနေတတ် မထိုင်တတ်နှင့် မေးတော့ မာမီက ပြုံးသည်။

"မာမီ့သမီးလေးက သိပ်လှ သိပ်ချစ်စရာကောင်းလို့ပါကွယ်၊ ပြောပါဦး၊ သမီးမှာရော ချစ်ရမယ့်ချစ်သူ ရှိနေပြီလား"

"အာ… မာမီကလဲ"

"ဒါဖြင့် မရှိသေးဘူးပေါ့"

ရှက်သွားသည့် ရွှေသားမျက်နှာလေးကိုကြည့်ပြီး မာမီက သူ ထင်တာကို ပြောသည်။ ရွှေသားက သူတို့နားမှာ အတူရှိနေသည့် ဒယ်ဒီကို စိတ်မလုံသလို လှမ်းကြည့်တော့ ဒယ်ဒီက သူ့မျက်နှာကို သတင်းစာတစ်စောင်နှင့် ကွယ်ထားပေမဲ့ ရွှေသားအဖြေကို နားစွင့်နေကြောင်း ရွှေသား သိလိုက်သည်။

ချစ်သူကိုကြီးမျက်နှာကို ရွှေသားမျက်လုံးထဲ ဖျတ်ခနဲ မြင်ယောင်လိုက်မိပေမဲ့ သူမ ချစ်သူရှိနေကြောင်းကို ဒယ်ဒီရှေ့မှာ မပြောချင်တာနှင့် နှုတ်ဆိတ်နေတာကိုပဲ မာမီက တလွဲအဓိပ္ပာယ်ကောက်ကာ ရွှေသားမှာ ချစ်သူမရှိတာကိုဘဲ ကျေနပ်နေ၏။

"သမီးမှာ ချစ်သူမရှိတာလည်း တစ်မျိုးကောင်းပါတယ်၊



မာမီတို့နဲ့ ကြာကြာနေရတာပေါ့၊ မဟုတ်ဘူးလား ဒယ်ဒီကြီး"

"ဟုတ်ပါ့ဗျာ… ဟုတ်ပါ့၊ ဖြစ်နိုင်ရင် သမီးမာမီက သူ့သမီးကို တစ်သက်လုံး အပျိုကြီးဖြစ်စေချင်တာ၊ မယုံရင် သမီး မာမီကို မေးကြည့်"

"ဟုတ်လား မာမီ"

"သြော်ကွယ်… ဒါကတော့ မာမီ့အချစ်ဆုံးသမီးလေးကို မာမီ မခွဲနိုင်လို့ တွေးမိတဲ့အတွေးပါ၊ မာမီ့စိတ်ထဲမှာ သမီးကို အခုထိ ချစ်လို့မဝသေးဘူး၊ ကလေးလေးလို့ ထင်နေတုန်းပဲ"

"မာမီရယ်"

ဒီလိုဆိုပြန်တော့လည်း ရွှေသားရင်ထဲ မာမီကိုကြည့်ပြီး စိတ်ထိခိုက် ဝမ်းနည်းသွားသည်။ ဖြစ်နိုင်ရင် ရွှေသားကိုယ်တိုင်လည်း မာမီတို့နှင့် မခွဲနိုင်ပါ။ ကိုကြီးနှင့် လက်ထပ်ပြီးရင်တော့ ဟိုဘက်အိမ်နှင့် ဒီဘက်အိမ် ကူးပြီး မိဘနှစ်ပါးကို စိတ်ချမ်းသာအောင် ထားမည်ဟု ဆုံးဖြတ်ထားသည်။

"သမီးအစ်မ ငွေသားကတော့ ချစ်သူရှိနေပြီ သမီးရေ၊ ဟိုဘက်အိမ်က မိုးထက်ညံ့ဆိုတဲ့ ကောင်လေးနဲ့လေ"

"ရှင်…"

မာမီ့စကားကြောင့် မာမီ့ရင်ခွင်ထဲဝင်ပြီး ကလေးလုပ်နေသည့် ရွှေသားကိုယ်လေး ဆတ်ခနဲ ဖြစ်သွားသည်။

"ကိုမိုးထက်ညံ့နဲ့ ငွေသား… ဟုတ်လား မာမီ"

"သမီးက အခုမှ သိတာလား၊ သူ့အမေဖြင့် ငွေသားကို သမီးအဖြစ် ပေးပါလို့ မာမီ့ဆီမှာ တောင်းနေတာကြာလှပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အို… မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ သမီးရဲ့၊ ဟုတ်လို့ပဲ ဟိုတစ်နေ့ကတင် သားပေးသမီးယူကိစ္စ ပြောဖြစ်ကြသေးတယ်၊ မာမီကတော့ ငွေသားကို မောင်မိုးထက်ညံ့နဲ့ သဘောတူတယ်"

"ဟင်"

ရွှေသားရင်ထဲ နင့်ခနဲဖြစ်သွားကာ မာမီ့မျက်နှာကို အလန့်တကြား ကြည့်လိုက်သည်။ ရွှေသား ကြားနေရတဲ့ သတင်းတွေက မယုံနိုင်စရာပါလား။ ကိုကြီးမေမေကိုယ်တိုင်က ငွေသားကိုမှ ချွေးမတော်ချင်တယ်ဆိုတော့ ရွှေသားကို သဘောမကျဘူးဆိုတဲ့ သဘောပေါ့။

"အပုရေ… ညည်းတို့မမ ကြက်ကင်ဝယ်လာတယ်၊ လာယူဦး"

"ဟုတ်ကဲ့ မေမေကြီး"

အပုနှင့် မာမီ ဘာတွေဆက်ပြောနေမှန်း မသိတော့။ မာမီ့ကို နှုတ်ဆက်ပြီး ရွှေသားအခန်းကို ဘယ်လိုပုံစံနှင့် ရောက်လာမှန်းလည်း မမှတ်မိ။

ကိုကြီးကို သိပ်ချစ်လွန်းလို့ ငွေသားနဲ့ ကိုကြီးအကြောင်းကို ရွှေသား မမေးရဲခဲ့တာ ရွှေသားသိပ်ချစ်တဲ့ ရွှေသားရဲ့ချစ်သူကို စွန့်လွှတ်ဆုံးရှုံးရမှာ ကြောက်လို့ပါ။ ပြီးတော့ ကိုကြီးကိုယ်တိုင်က ရွှေသားကို သိပ်ချစ်ပြနေတော့ ရွှေသားတစ်ယောက်တည်းကိုပဲ ကိုကြီးချစ်တာဟု မသိစိတ်မှာရော သိစိတ်မှာပါ ချစ်သူအပေါ် စိတ်ချယုံကြည်နေတာလည်း ပါသည်။



ငွေသားအကြောင်း ရွှေသားပြောလိုက်၊ မေးလိုက်မှ ကိုကြီးဘက်က အခြေအနေတွေ ပြောင်းသွားမလား စိုးရိမ်တာ ရွှေသား အလွန်လား။ ရွှေသားထက် ငွေသားက ကိုကြီးအိမ်မှာ အမြဲလိုလို ရှိနေတတ်တာ၊ ကိုကြီးအနားမှာ တစ်ချိန်လုံး အကြောင်းအမျိုးမျိုး ရှိနေတတ်သည့် ငွေသားဟာ ကိုကြီးရဲ့ ချစ်သူလား။

ကိုကြီးနဲ့ငွေသား ပတ်သက်မှုကို ရွှေသားနှုတ်က တစ်ခါမှ ထုတ်မမေးခဲ့တာ ရွှေသား ညံ့တာဖြစ်မည်။ ငွေသားကတော့ ရွှေသားလိုမဟုတ်။ ကိုကြီးက သူ ကြိုက်တတ်သည့် နှင်းဆီပန်းတွေ လက်ဆောင်ပေးတဲ့အကြောင်း၊ မွေးနေ့အထိမ်းအမှတ် တန်ဖိုးကြီးကြီး လက်စွပ်ဝယ်ပေးကြောင်းတွေ ရွှေသားရှေ့မှာ ဂုဏ်ယူဝင့်ကြွားစွာ ပြောတတ်သူ။

တကယ်ပဲ ငွေသားဟာ ကိုကြီးချစ်သူဆိုရင် မိုးထက်ညံ့ဆိုတဲ့ ရွှေသားချစ်သူဟာ ညီမနှစ်ယောက်ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ ချစ်တမ်းကစားတာ သေချာနေရုံမက သူ့အသက်မက ချစ်ရပါသည်ဆိုတဲ့ ရွှေသားကို ထားရစ်ခဲ့ဖို့အထိ ဖြစ်လာခဲ့ပြီပဲ။

ရွှေသား ဘာဆက်လုပ်ရမှာလဲ။

ချစ်သူကို ရယူပိုင်ဆိုင်ဖို့ ကြိုးစားရမှာလား။ ငွေသားအတွက် သဘောထားကြီးကြီးနဲ့ စွန့်လွှတ်ထားရစ်ခဲ့ရမှာလား။

ဟင့်အင်း… ကိုကြီးကို ရွှေသားချစ်တယ်။

ကိုကြီးနဲ့ မခွဲနိုင်ဘူး။

မခွဲပါရစေနဲ့ ကိုကြီးရယ်။

တစ်ယောက်တည်း ကြိတ်ငိုနေမိတာ ဘယ်သူမှ မသိ။

www.burmeseclassic.com

www.burmeseclassic.com



ရွှေသား ရင်တွေနာကျင်နေတာပဲ သိသည်။ ရွှေသားဘဝမှာ ဒီတစ်ကြိမ်လောက် ဝမ်းနည်းကြေကွဲရတာ မရှိ။ ရွှေသား ငိုရှိုက်ရင်း သူမအခန်းပြတင်းပေါက်ကနေ ကိုကြီးတို့ခြံကို မျက်ရည်တွေနှင့် လှမ်းအကြည့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး နှစ်ယောက်အတူ ကြည်လင်ရွှင်ပျစွာ ရယ်မောလိုက်သည့် ကိုကြီးနှင့် ငွေသားတို့ရဲ့ နီးကပ်လွန်းသည့် အနေအထားကို မမြင်ရဲ၊ မကြည့်ရဲတော့သလို ဆတ်ခနဲ ကျောခိုင်းပစ်လိုက်ရသူက ရွှေသား။

ဘာဖြစ်လို့များ ကံတရားက ရွှေသားအပေါ်မှာ ဒီလောက် ရက်စက်ရတာလဲ။ ကိုကြီးကို ရွှေသား မုန်းချင်သည်။ မေ့ချင်သည်။ ဘယ်တော့မှ ပြန်သတိမရဘဲ နေချင်သည်။ ဆုံနေကြ နေရာလေးမှာ ဒီည ကိုကြီးနှင့်ဆုံဖို့ ချိန်းထားတာ မသွားဘဲ နေလိုက်သည်။ ကိုကြီးက ဖုန်းဆက်ပေမဲ့ ရွှေသားမကိုင်။ ဖုန်းကို ကြည့်ပြီး ရွှေသား ကြိတ်ငိုသည်။ ကိုယ့်ချစ်သူကို တွေ့ချင်ရက်နှင့် မတွေ့ဘဲနေရသည့် ဒုက္ခက အတော်ဆိုးပေမဲ့ ကိုကြီးကို ဒီလိုပဲ ရွှေသား ဒဏ်ခတ်ချင်သည်။

ကိုယ့်ခံစားချက်နှင့်ကိုယ် ငိုလို့ကောင်းနေတုန်း ခြံထဲက ဆူဆူညံညံအသံတွေကြောင့် ရွှေသား အိပ်ရာထဲက လူးလဲထပြီး အသံလာရာကို အပြေးရောက်သွားချိန်မှာတော့ ကိုကြီးနှင့် ငွေသားကို နှစ်ဖက်မိဘများအလယ်မှာ တွေ့လိုက်ရတော့ အခြေအနေအရပ်ရပ်ကို ရွှေသား ရင်နာစွာ ရိပ်မိလိုက်ပါပြီ။

"ဖြစ်လာမှတော့ လက်ထပ်ပေးလိုက်ယုံပေါ့ဗျာ၊ အစတည်းက သားနဲ့ သမီးကို သဘောတူပြီးသားပါ"



"ဒီကလည်း သမီးငွေသားကို တောင်းနေတာ ကြာပါပြီရှင်၊ ကဲ… ရိုးစ်တို့စိတ်ကြိုက် မင်္ဂလာပွဲကို အမြန်ဆုံး စီစဉ်လိုက်ရအောင်"

"မဟုတ်ဘူး၊ ကျွန်တော် ပြောပါရစေဦး"

"ဘာပြောမလို့လဲ သား"

"ဟို… ကျွန်တော်"

"ကိုမိုးက ငွေသားသဘောကို မေးချင်လို့လား၊ ဒါဆို မမေးနဲ့တော့၊ ငွေသားလည်း ကိုမိုးနဲ့ မခွဲနိုင်တော့ဘူး"

"ဟာ…"

"အို…"

"ကဲ… အားလုံးကြားတယ်နော်၊ ခင်ဦးတို့တော့ သမီးငွေသားကို ဒီနေ့ကစပြီး အပိုင်ရသွားပြီ၊ သားကိုလည်း ရိုးစ်တို့ကို အပြီး ပေးလိုက်ပြီ၊ ကျေနပ်ပါတယ်တော်"

"ကျေနပ်ပါတယ်ရှင်၊ ကျေနပ်ပါတယ်"

ရယ်သံတွေ ချိုသာစွာ ပျံ့လွင့်လာချိန်မှာ မျက်ရည်စက်လက်နှင့် နေရာက ချာခနဲ လှည့်ပြေးထွက်ခဲ့သူက ရွှေသား။ သူမ အလိုချင်၊ အတောင့်တဆုံး အိပ်မက်ကမ္ဘာလေး သူမမျက်စိရှေ့မှာ တစ်စစီကွဲကြေသွားခဲ့သည့် မြင်ကွင်းက ရွှေသားအတွက် အိပ်မက် မဟုတ်။

ကိုကြီးကို ပိုင်ဆိုင်ခွင့်ရသူက ငွေသားဖြစ်သွားပြီ။ သူမ ဘာမှ မတတ်နိုင်တော့။ အစတည်းက ကိုကြီးမေမေကလည်း ရွှေသားကို သဘောမကျ။ ကိုကြီးကိုယ်တိုင်ကလည်း ရွှေသားကို

www.burmeseclassic.com

www.burmeseclassic.com



ချစ်သလို ငွေသားကို ချစ်ခဲ့သည့်လူ။

မုန်းတယ်။

အားလုံးကို မုန်းတယ်။

ရွှေသားကို ညာတယ်။ ရွှေသားနှလုံးသားကို ရက်ရက်စက်စက် ခွဲတယ်။ ဒီမျက်နှာတွေကို ရွှေသား ဘယ်လိုအင်အားနှင့်မှ ဆက်မကြည့်နိုင်သည့်အတူ ရွှေသား အိပ်ခန်းထဲက ဘယ်မှ မထွက်။ ကိုကြီးက ရွှေသားနှင့်တွေ့ဖို့ နည်းမျိုးစုံသုံးတာကို ရွှေသားက လုံးဝလက်မခံ။ လက်ခံစရာလည်း အကြောင်းမရှိ။ ကိုကြီးပေးသည့် စာတွေကိုလည်း ဆုတ်ဖြဲပစ်သည်။

သစ္စာမရှိတဲ့လူ။

ဖောက်ပြန်တဲ့လူ။

အချစ်ကို ကလေးကစားစရာ သဘောထားသည့်လူ။ ကွဲကြေနေသည့် နှလုံးသားနှင့် အမုန်းတရားတွေ ရွှေသားရင်ကို အနက်ရှိုင်းဆုံး စူးစိုက်နစ်ဝင်နေချိန်မှာ အားလုံးအလယ် ခေါင်းမော့ရင့်ကော့ပြီး အပျော်ကြီး ပျော်နေသူက ငွေသား။

သူမ ဖြစ်ချင်တာအားလုံး ဖြစ်ခွင့်ရပြီ။ ဒီလိုဖြစ်အောင် ငွေသားဘက်က ဘယ်လောက် ကြိုးစားခဲ့ရလဲ။ ကံတရားက ငွေသားဘက်မှာရှိတော့ ငွေသား စီစဉ်သလို ဖြစ်ခဲ့သည်။ နှစ်ဖက်အိမ်ဖော်မလေးတွေဆိုတာ ငွေသားရဲ့ လက်ခုပ်ထဲက ရေပါ။ ငွေပေးပြီးခိုင်းတော့ ဘာမဆို ပြီးမြောက်သည်။

ရွှေသားက ချိန်းထားသည့်နေရာကိုလည်း မလာ။ ဖုန်းဆက်တော့လည်း မထူးတော့ မိုးထက်ညီ ရူးမတတ်ဖြစ်နေချိန်မှာ



ရွှေသားစတိုင်အပြည့်နှင့် ရွှေသားပုံစံ ဖမ်းထားသည့် ငွေသားက မှောင်ရိပ်ထဲ ဘွားခနဲ ပေါ်လာတော့ မိုးထက်ညီက ငွေသားကို သူချစ်သူ ရွှေသားအဖြစ်နှင့် ချစ်အနမ်းတွေ အတင်းပေးပြီး ဘာစကားမှ ဆိုခွင့်မပြုနိုင်အောင် ရင်ခွင်ထဲ နစ်မြုပ်ထားချိန်…

ငွေသား သင်ထားသည့်အတိုင်း နှစ်ဘက်အိမ်ဖော်လေးတွေက သူတို့အကြောင်း လူကြီးမိဘတွေသိအောင် အသိပေးခဲ့ရာမှ သူမ ချစ်သော သဘောကျသော မိုးထက်ညီဆိုသည့်လူကိုလည်း အပိုင်ရ။ ရွှေသားလည်း အသည်းကွဲ။ ဤပျော်ပွဲရွှင်ပွဲကြီးမှာ ငွေသားမှ မပျော်လျှင် မည်သူပျော်မည်နည်း။

တစ်သက်လုံး ငိုပေတော့ ရွှေသားရေ။ နှစ်ဖက်မိဘတွေ မင်္ဂလာပွဲအတွက် စီစဉ်နေချိန်မှာ ထိုအခြေအနေကို လက်မခံနိုင်သူက မိုးထက်ညီ။

"မင်း ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ ငွေသား"

"ငွေသား ဘာလုပ်လို့လဲ ကိုမိုး"

မိုးထက်ညီ ဒေါသနှင့် ပူလောင်နေချိန်မှာ ငွေသားက ဘာမှ အပြစ်မရှိသလို ခပ်အေးအေးပုံစံနှင့် တုံ့ပြန်တော့ မိုးထက်ညီ ပိုဒေါသဖြစ်ရသည်။

"ရွှေသားနဲ့ငါ ချစ်သူတွေဆိုတာ မင်း မသိဘူးလား"

"ဘာ…"

"ရှင်နဲ့ရွှေသားက ချစ်သူတွေ ဟုတ်လား၊ ငွေသားလည်း လုံးဝ မသိရပါလား၊ ရွှေသားကလည်း မပြောဘူး"

"ဟာကွာ"

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ကင်းစင်ဟန်အပြည့်နှင့် သရုပ်ဆောင်ကောင်းလှသည့် ငွေသားကြောင့် မိုးထက်ညံပင် ဘာပြောရမှန်းမသိ ဖြစ်သွားကာ သူ့မရှေ့မှာ မျက်စိမျက်နှာပျက်ပြီး ငိုမလို ဖြစ်နေသည့် ငွေသားကိုပင် ပြန်ချော့ရတော့မလို ဖြစ်နေ၏။

"ဒါနဲ့များ ကိုမိုးက ငွေသားကို ဘာဖြစ်လို့ ဖွတ်အတင်း…"

"အဲဒါက ရွှေသားမှတ်လို့ကွ၊ မင်းကရော ဘာဖြစ်လို့ ငွေသားပါလို့ မပြောတာလဲ"

"ပြောခွင့်ရော ရှင်က ပေးခဲ့လို့လား၊ ဘာမပြော ညာမပြော လူကို ဖွတ်အတင်းဆိုတော့ ငွေသားကိုချစ်လို့ ဒီလိုလုပ်တာပဲ ထင်မိတာပေါ့"

"အခု ဘယ်လိုလုပ်မလဲ၊ ကိုယ်တို့ကြောင့် ရွှေသား သိပ်ခံစားနေရပြီ"

"ရွှေသားချည်း ခံစားရတာ မဟုတ်ပါဘူး ကိုမိုး၊ ငွေသားကိုယ်တိုင် ကိုမိုးကို သိပ်ချစ်လို့ အခုလို ဖြစ်ခဲ့ရတာပါ"

"ငွေသား ကိုမိုးကို ချစ်တယ်"

"ကျစ်"

ငွေသားရှေ့က ချာခနဲ လှည့်ထက်ခဲ့ပေမဲ့ မိုးထက်ညံ ရင်ထဲမှာ ရွှေသားကြောင့် ခံစားရတဲ့ဒဏ်ရာတွေ တနင့်တပိုးနဲ့ပါ။ တစ်နေ့မှာ ကိုယ်အချစ်ဆုံးချစ်သူနဲ့ ဘဝတစ်ခုကို လက်တွဲ ရင်ဆိုင်ဖြတ်သန်းဖို့ ဆုံးဖြတ်ထားပေမဲ့ သူ ဆုံးဖြတ်သလို ဖြစ်မလာ။

ကံတရား၏ အလှည့်အပြောင်းအောက်မှာ သူကိုယ်တိုင်က အမှောင်ရိပ်ထဲ ရောက်လာသည့် ငွေသားကို သူ့ချစ်သူ ရွှေသားလို့



ထင်ပြီး မချင့်မရဲစိတ်နှင့် စိတ်လွတ်ကိုယ်လွတ် ချစ်ပစ်လိုက်မိတာကိုက သူ့အမှား။

ထိုအမှားကြောင့် ရွှေသားက သူ့ကို လုံးဝအတွေ့မခံတော့သလို အမုန်းကြီးမုန်းသွားမှန်းလည်း သိလိုက်သည်။

ကိုကြီးကို ခွင့်မလွှတ်နဲ့ ရွှေသားရယ်။ အားလုံးဟာ ကိုကြီး အပြစ်ပါ။

ရွှေသားကို တွေ့ရန်းနှင့် အခြေအနေ အချိန်အခါကို စောင့်နေချိန်မှာပဲ မမျှော်လင့်သော သတင်းက မိုးထက်ညံထံ ရောက်လာသည်။

"လုပ်ကြပါဦး၊ ရွှေသား အိမ်မှာ မရှိတော့ဘူး၊ အိမ်က ထွက်သွားပြီ"

စာလေးတစ်စောင်ရေးပြီး အိမ်မှပျောက်သွားသည့် ရွှေသားကြောင့် ဒေါ်ရိုစီ မူးမေ့လဲကျသွားသလို ခေါင်းငိုက်စိုက်နှင့် ဖြေမဆည်နိုင်အောင် ဖြစ်ခဲ့ရသူက မိုးထက်ညံ။

အရူးတစ်ယောက်လို ရွှေသားကို လိုက်ရှာမိသည်။ အစားမမှန်၊ အအိပ်မမှန် ဖြစ်နေသည့် ဒေါ်ရိုစီ မင်္ဂလာပွဲကို စိတ်မဝင်စားနိုင်ဘဲ ရွှေသားအတွက် စိတ်ပူနေသလို မိုးထက်ညံ ကိုယ်တိုင်ကလည်း မချစ်မနှစ်သက်သောသူနှင့် ပေါင်းရသည့်ကိစ္စ။ ချစ်သောသူနဲ့ ကွေကွင်းရခြင်းဒုက္ခတွေကြားမှာ အရက်ကို အဖော်ပြုရင်း ကမ္ဘာလောကကြီး ချာချာလည်သွားသည်အထိ မူးအောင်သောက်ရင်း လောကကြီးကိုရော၊ ရွှေသားကိုပါ မေ့ပစ်ဖို့ ကြိုးစားပေမဲ့ ရွှေသားက သူ့ရှေ့ ရောက်လာပြန်သည်။

www.burmeseclassic.com



"ရွှေသား"

"ငွေသားပါ ကိုမိုးရယ်၊ သတိထားဦးလေ"

"မဟုတ်ဘူး··· ရွှေသားပါ"

"မင်း ဘယ်မှ မသွားရဘူး ရွှေသား၊ မင်းကို ကိုကြီး ချစ်တယ်၊ သိပ်ချစ်တယ်"

"ကိုမိုး"

"ငွေသားကို လွှတ်ပါ"

"မလွှတ်ဘူး"

"ချစ်တယ်"

"သိပ်ချစ်တယ် ရွှေသားရယ်"

"အို··· ကိုမိုး"

"ကိုမိုးရယ်"

အချစ်နှင့်အတိပြီးသော ပန်းခင်းသောလမ်းမှာ အချစ်ဆုံး ချစ်သူ ရွှေသားဟု ထင်ထားသော ငွေသားနှင့် ချစ်ခရီးဆုံးကို ကျေကျေနပ်နပ်ကြီး လျှောက်လှမ်းနေသော မိုးထက်ညံ့နှင့် ထိုချစ်ခရီးလမ်းကို အဆုံးထိ လိုက်ပါကူးခပ်သွားသူ ငွေသားရဲ့ မျက်နှာပေါ်က ပီတိကိုတော့ ဘယ်သူမှ မမြင်လိုက်ချေ။

## အခန်း (၁၁)

မိုးထက်ညံ့နှင့် ငွေသားအသွင်တို့ လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာသတင်းကိုဖတ်ပြီး မျက်ရည်မဆည်နိုင်အောင် ဖြစ်ရသူက ရွှေသားအသွင်ဆိုသည့် ရွှေသားပါ။ တစ်ယောက်က ရွှေသားနှလုံးသားနဲ့ရင်းပြီး ချစ်ခဲ့ရသည့် အချစ်ဆုံးချစ်သူ။ နောက်တစ်ယောက်ကပြန်တော့ ရွှေသားချစ်ရတဲ့ ငွေသားဖြစ်နေတော့ ဒီလက်ထပ်မင်္ဂလာပွဲကို ရွှေသား ဝမ်းနည်းရမလား၊ ဝမ်းသာပေးလိုက်ရမှာလား မခွဲခြားနိုင်ပေမဲ့ ရင်ခွဲခံလိုက်ရတဲ့ ရွှေသားနှလုံးသားက စီးကျလာသည့် မျက်ရည်တွေကိုတော့ တားဆီး၍မရခဲ့ပါ။

ကိုကြီးနဲ့ ငွေသားတို့ ရာသက်ပန် ရိုးမြေကျ ထာဝရ လက်တွဲနိုင်တဲ့ ဘဝခရီးဖော်တွေ ဖြစ်ကြပါစေလို့ ရွှေသား ဒီနေရာကပဲ ဆုတောင်းပေးလိုက်ပါတယ်။

စားသောက်ဆိုင်လို လူမြင်ကွင်းကြီးမှာပါလားဆိုသည့် အသိထက် ရင်ထဲက ကြေကွဲဝမ်းနည်းမှုက ပိုပြီး ကြီးစိုးနေရာယူ

www.burmeseclassic.com

www.burmeseclassic.com



သွားတော့ ထိန်းထားသည့်ကြားမှ ကျလာသည့် မျက်ရည်တွေကို ရွှေသား မတားဆီးနိုင်ခဲ့။

ငိုစမ်း ရွှေသား။

ငိုပစ်လိုက်။

ဒီတစ်ခါကျရတဲ့ မျက်ရည်တွေဟာ ရွှေသားဘဝမှာ အချစ်ဆုံး ချစ်ရတဲ့သူ နှစ်ယောက်အတွက် ဒါ နောက်ဆုံးပဲဆိုတာ ရွှေသားပဲ သိသည်။ ရွှေသား ကိုယ့်ခံစားချက်နဲ့ကိုယ် မျက်ရည်တွေတွေကျပြီး စိတ်ဓာတ်တွေ ပြိုလဲမှုတွေနဲ့ အိမ်က ထွက်လာခဲ့တာ အခုဆို ဘယ်လောက်ကြာပြီလဲ။

ရွှေသားကို သိပ်ချစ်တဲ့ မာမီကို သနားပေမဲ့ ရုပ်ပျက်ဆင်းပျက် အခွဲခံလိုက်ရသည့် ရွှေသားဖြစ်နေပုံကို ဘယ်သူ့ကိုမှ အမြင်မခံချင်တာ ရွှေသားဆုံးဖြတ်ချက်ပါ။ ရွှေသားကို ဇွတ်အတင်းဆက်သွယ်ဖြေရှင်းဖို့ ကြိုးစားနေသည့် ကိုကြီးနှင့်လည်း မတွေ့လိုတော့။ အခုကိစ္စမှာ ကိုကြီးဘက်က မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ငွေသားကို လက်ထပ်မှဖြစ်မည်။ ရွှေသားဘက်က ခွင့်လွှတ်ပေးလို့လည်း ဘာမှမထူး။

ကိုကြီးမျက်နှာကို မြင်နေရတာကိုက ရွှေသား ရင်ကွဲရတာပဲရှိမည်။ မှုပျက်နေသည့် ရွှေသားနဲ့ ကိုကြီးအကြောင်း အားလုံးရိပ်မိပြီး ငွေသားနဲ့ မင်္ဂလာပွဲပျက်သွားလို့လည်း မဖြစ်။ မိဘတွေအရှက်ရတာပဲရှိမည်။ နောက်ဆုံး ဖြစ်ချင်ရာဖြစ် ရွှေသားအတွက် စိတ်မပူဖို့ စာရေးပြီး အိမ်က ဘယ်သူမှမသိအောင် ထွက်ခဲ့သည်။

သူငယ်ချင်းတစ်ယောက်၏ အကူအညီနှင့် အဆောင်တစ်ခုမှာ



နေပြီး ထိုသူငယ်ချင်း သွင်းပေးသည့် အလုပ်မှာပဲ သူမဘဝကို လောလောဆယ် မြှုပ်နှံထားသည်။ တခြား ဘယ်သူ့ကိုမှလည်း အဆက်အသွယ်မလုပ်။ အသည်းကွဲဝေဒနာကို တစ်ယောက်တည်း ကျိတ်မှိတ်ခံစားနေပေမဲ့ ဒီလို ချစ်သူရဲ့ လက်ထပ်သတင်းကို ဖတ်ရပြန်တော့လည်း မျက်ရည်ကျမိသည်။

လူတချို့က သူမကိုကြည့်ပြီး တီးတိုးစကား ဆိုနေတာကို သူမ မသိ။

"တစ်ယောက်တည်း ငိုနေတာကွ၊ သနားပါတယ်"

"သနားရင် သွားချော့လိုက်"

"မလုပ်ပါနဲ့၊ တော်ကြာ ပိုက်ဘောနဲ့ မိနေပါ့မယ်"

"ဘာလဲ ပိုက်ဘော"

"ဒါကို ပြောတာကွ၊ ဒါ... ဒါ"

ကျော်ဦးအမေးကို သီဟက သူ့ဗိုက်ရှေ့ လက်ကို ဝိုင်းပြရင်း ပြောတော့မှ သဘောပေါက်သွားကာ တစ်ယောက်တည်း အသည်းအသန် ဝမ်းနည်းပူဆွေးနေသည့် မိန်းမလှလေးထံ အကြည့် ထပ်ရောက်သွား၏။

"လှတော့ တော်တော်လှတယ်ကွ"

"မကြားဖူးဘူးလား၊ လှတာမက်ရင် ညစာခက်တယ်ဆိုတာ"

"ဒါမျိုးလေးနဲ့ဆိုရင် ညစာခက်လည်း ကျော်ဦးတို့က ရတယ်"

"ခွက်ကြီးပါလား"

"သဘောပြောတာပါကွာ၊ မင်းကလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သဘောတွေ ဘာတွေ လုပ်မနေနဲ့၊ မင်းလိုကောင် ဘယ်သူမှ မသုံးဘူး၊ ဒီနေ့ခေတ်က စပွန်ဆာခေတ်၊ နားလည်လား"

"စက်"

သီဟက သူတို့နှစ်ယောက် စကားဝိုင်းထဲ ဝင်လာသည့် စက်ကို လှမ်းကြည့်သည်။ ဘယ်တုန်းကမှ မိန်းကလေးတွေ အကြောင်း စိတ်မဝင်စားသည့် စက်အကြည့်တွေက တစ်ယောက်တည်း ငိုနေသည့် မိန်းမလှလေးထံ စူးခနဲ ရောက်သွားတာကို အံ့သြနေမိသည်။

"သူက စပွန်ဆာလား စက်"

ကျော်ဦးက ငိုနေသည့် မိန်းမချောကိုကြည့်ပြီး စက်ကို ခပ်တိုးတိုး ကပ်မေးသည်။

"သိချင်ရင် မင်းဘာသာ သွားမေး"

"နှမြေစရာကြီးကွာ"

"မင်းက ဘာကိုနှမြောတာလဲ ကျော်ဦး"

"သြော်... ရုပ်လေးလှလှပပနဲ့"

"ဘာဖြစ်လဲ၊ အဲဒီရုပ်လှတာကိုပဲ ဗန်းပြပြီး ဆင်းရဲမွဲတေနေတဲ့ဘဝက နေ့ချင်းညချင်း ကားတွေ၊ တိုက်တွေနဲ့ ဖြစ်သွားတာ အများကြီး၊ အရေးကြီးတာက..."

"တော်ပြီ၊ မင်းပါးစပ်ကို ပိတ်ထား သီဟ"

"သြော်... ငါပြောတာက အမေပေးတဲ့ရုပ် လန်းရင် ပြီးပြီလို့"

"ဒါများ"



ဒါ စက်တို့ သုံးယောက်ဆုံတိုင်း ဖြစ်နေကျ။

အလုပ်တွေက တစ်ယောက်နဲ့တစ်ယောက် မတူတာမို့ ညမိုးချုပ်မှ လမ်းထိပ်ဆိုင်မှာ ဆုံကြရတာမျိုး။ ဆိုင်မှာ မဆုံလည်း တစ်အိမ်တည်း အတူတူနေကြတာပါပဲ။ ဒါပေမဲ့ အင်တာတိတ်မင့်(န်) မရှိ၊ မိမ်ခံပစ္စည်း နတ္ထိဖြစ်သော အိမ်ကလေးကို စက်တို့သုံးယောက်က အိပ်ရန်အတွက်သာ အသုံးချကြသည်။

"အစကတည်းက အဲဒီလို ရှင်းရှင်းပြော"

"မင်းဟာမင်း ရှုပ်နေပြီးတော့"

"ငါ နားညည်းလာပြီနော်၊ နှစ်ကောင်စလုံး ရေနဲ့ ထပက် ပစ်လိုက်မယ်၊ ဒီမှာ ဂျာကြီးနဲ့ အဆင်မပြေလာရတဲ့အထဲ"

"မင်းကို ဘာတွေရစ်ပြန်ပြီလဲ စက်"

"ထုံးစံအတိုင်းပေါ့"

အပေါ်ယံ အရည်တင်းနေပြီဖြစ်တဲ့ လက်ဖက်ရည်ခွက်ကို တစ်ကျိုက်မော့ပြီး စက်က မကျေမလည် ပြောသည်။ စက်ဆိုတဲ့ နာမည်တစ်လုံးတည်း ပိုင်ဆိုင်ကာ မိဘမဲ့ တစ်ကောင်ကြွက်တဲ့။ သီဟမိဘတွေက မြစ်ဝကျွန်းပေါ်ဘက်က တောင်သူလယ်သမားတွေ။

ကျော်ဦးက အညာသား။ နှစ်ယောက်စလုံးက တစ်ကိုယ်ရည် ဘဝကိုယပေမဲ့ နောက်လှည့်ကြည့်တိုင်း သံယောဇဉ်မျက်နှာတွေက တသီးတသန့်ကြီး။ ထို့ကြောင့် ရသမျှလခကို စုသည်။ အိမ်သို့ နိုင်သလောက် ပြန်ပို့ရသည်။ စက်ကျတော့ လူပုံချောချော၊ စတိုင် မိနှင့် ဘယ်လိုကြည့်ကြည့် မင်းသားတစ်ယောက်လို ချောမော

www.burmeseclassic.com

www.burmeseclassic.com



သန့်ပြန့်နေပေမဲ့ စကားပြောရင်တော့ သိပ်ထောင့်မကျိုး။ အထူးသဖြင့် မိန်းမတွေနဲ့ပတ်သက်ရင် စက်က ပိုဆိုးသည်။ ဘယ်မိန်းမကိုမှ သိပ်ကြည့်မရ။ သူ့နှာခေါင်းကပ်ပြီး ဇာတ်လမ်းရှာဖို့ ကြိုးစားသည့် မချောတွေကို စက် ဆက်ဆံပုံက အပြတ်တင်းသည်။ ဘယ်သူ့ကိုမှ သူ့နှာအကပ်မခံ။

"ငါးရာနှစ်ဆယ့်ရှစ်တွေ၊ ထောင့်ငါးရာတွေ ဘာနဲ့ အကြောင်းပြပြ၊ ဘယ်အရာမှ အေးချမ်းတယ်ဆိုတာ မရှိဘူးကွ။ လိုချင်လာတဲ့အခါ လောဘဆိုတာ အော်တိုပူလာပြီးသား"

"အဲဒါ အချစ်ကွ"

"ဘာအချစ်လဲ၊ သွားစမ်းပါ"

စက်က သူ့ဒဿနနဲ့ သူ့ဘဝကို ရှက်လွှင့်သည့်အထဲ မယုံကြည်တာက အချစ်။ မသင်္ကာတာက မိန်းမတွေလို့ ပြောရင်ရသည်။

"မိန်းမတဲ့၊ နာမည်မှာကိုက နမိတ်ကြီးနဲ့"

"မိန်းကို မမှတော့ မီးလင်းတာပေါ့၊ ဘူးချင်တဲ့ကောင်တွေကတော့ မိန်းမဆိုတာ ဘဝရဲ့မီးရှူးတဲ့၊ ငါကတော့ အလင်းရောင်ဆိုတာ လိုတာထက် ပိုလာရင် ပူတာပဲကွ၊ ဒါကြောင့် မိန်းမဆိုတာ အပူမီး"

သူတို့သုံးယောက် အချိုးကျငှားသည့် ဒီအိမ်လေးမှာ စဆုံစဉ်က သီဟာနဲ့ ကျော်ဦးက စက်အကြောင်း အတင်းပြောမိသေးသည်။

"ဒီကောင့်ပုံက တစ်မျိုးကွ၊ ဂျစ်ကန်ကန်နဲ့၊ ကြည့်ရတာ



မိန်းမတစ်ယောက်က အသည်းခွဲလိုက်တာ ခံရသလားမှ မသိတာ"

"ဖြစ်နိုင်တယ်၊ မိန်းမတွေကို မုန်းနေတာ ကြည့်ပါလား"

ခင်မင်သက်တမ်း နှစ်ချီလာတော့မှ စက်ဆိုသောကောင်ဟာ အသည်းအခွဲခံရဖို့ နေနေသာသာ သူ့အသားကို ယင်နားရင်တောင် ဒေါသက လေဆင်နှာမောင်းထက် ပြင်းတယ်ဆိုတာမျိုး။ ထိုဒေါသ အရင်းပြု၍ လုပ်တဲ့အလုပ်တိုင်း ခြောက်လပြည့်ခဲ့သည် မရှိ။ အလုပ်မမြဲလည်း စက်တို့က ဂရုမစိုက်။ ဒီအလုပ်မကောင်း နောက်တစ်လုပ် ပြောင်းရုံသာရှိသည်။ သူ ပြောပြထား၍ စက်ဆိုတာ တစ်ကောင်ကြွက်၊ တစ်မျက်နှာ၊ ဘာဆွေမျိုးမှ မရှိဟု သိထားသည်။

စက်က အလုပ်အကိုင်သာ မမြဲတာ။ ဝင်ငွေကျ သူတို့ထက် မှန်သလိုရှိသည်။ အိမ်လခကို စက်ပဲ စိုက်ရှင်းရတာများသည်။ ညတိုင်း လက်ဖက်ရည်ဆိုင်ထိုင်တော့လည်း စက်က ဒကာရှင်။ ကျွေးနိုင်တာလည်း မပြောနှင့်ဟု ဆိုရမည်။ ဒီလောကမှာ စက်တို့ မတတ်တဲ့ပညာက ခပ်ရှားရှား။ ကားဝပ်ရှော့ဆိုလည်း ဝင်လုပ်ဟဲ့ နှစ်ရက်တစ်ပိုင်းမှာပဲ ဒီကောင်က ဆရာကြီး။ အိမ်တစ်လုံးလုံး မီးဆင်တာလည်း သူ ပိုင်သည်။

ဖုန်းပြင်တာလည်း ရသည်။ သူ မသိတာ၊ မတတ်တာ ဘာမှမရှိ။

အခု လက်ရှိ စက် ဝင်လုပ်နေတာက ဖုန်းနဲ့ ကွန်ပျူတာ ပြုပြင်ရောင်းဝယ်ရေးစင်တာကြီးမှာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ငွေးက နည်းနည်းပါ၊ အဲဒီ ဂျာကြီးက မင်းကို နှိပ်ကွပ်ချင်နေတာ စက်"

"ငါ သိတယ်"

စက်တို့ စင်တာသို့ အလည်ရောက်ဖူးသော ကျော်ဦးက မခံမရပ်နိုင်ဖြစ်စွာ ဝင်ပြောသည်။

"သူက ဘာမှမတတ်တဲ့ ဂျာကြီးရာထူး ရထားတာလေကွာ၊ အရောင်းစာရေးရော၊ မက္ကင်းနစ်ပါ တူးအင်ဝမ်း ခိုင်းလို့ရတာ မင်းတစ်ယောက်တည်း ရှိတာကို"

စက်က တစ်ဝက်ကြီး ကျန်သေးသည့် စီးကရက်ကို ခုံအစွန်းနှင့် ဖိချေလိုက်၏။

"သူ မတတ်တာ ငါ သိနေတော့ အနေခက်ပြီး ငါ့ကို စွတ်နင်းနေတာနေမှာ"

"မင်း အရောင်းပိုင်း ဝင်လိုက်ရင် ဟင်း(န်)ဆက်တွေရော၊ ငွေဖြည့်ကဒ်တွေပါ ပြုရောင်းရတာတောင် ကျေးဇူးမတင်တာကြည့်ပါလား"

ဒီစကားကို သီဟက ထောက်ခံသည်။

"အေးကွ၊ ငါတို့ကောင်ကြီး ဒီလောက် ရုပ်ပါဖြူးတာ ရည်းစားလက်မဲ့ဖြစ်နေတာ သနားစရာပဲ"

"ရည်းစားလက်မဲ့ဖြစ်တာမှ တော်သေးတယ်၊ ရည်းစားတစ်ခုလပ်တို့၊ မချစ်ခင်ကွဲကြလေသတည်းဆိုပြီး ရည်းစားမုဆိုးဖိုတို့ မဖြစ်ချင်လို့ သဘောပေါက်"

"ရှင် ဘာစကားပြောတာလဲ"



ခပ်စွာစွာထွက်လာသည့် မိန်းကလေးတစ်ယောက်၏အသံက ကိုယ့်နောက်ကမို့ စက် လည်ပင်းလိမ်ကြည့်သည်။ ကော်ပတ်ရုပ်လေး ချထားသလား ထင်ရအောင် ဖြူဝင်းစက်နေသည့် အသားမှာ မျက်ဝန်းပြာနှင့် သိပ်လှသည့် မျက်နှာလေးကို နီးကပ်စွာ တွေ့လိုက်ရသည်။

ကာကီရောင်ရှပ်အင်္ကျီနှင့် ခါးပေါ်တက်စကဒ်ကလည်း ကာကီရောင်။ လက်သန်းလုံးလောက်ရှိသည့် အဖြူရောင်ခါးပတ်သေးသေးလေး ခါးမှာ ပတ်ထားကာ ခွာမြင့်ဖိနပ်အင်္ကြီး စီးထားပေမဲ့ အရပ်က ထင်သလောက် ရှည်ထွက်မလာ။ စလွယ်သိုင်း လွယ်ထားသည့် အိတ်လေးတစ်လုံးပါကာ ဒီရပ်ကွက်ထဲက မဟုတ်မှန်း အဆင်ဒီဇိုင်းက အကွာကြီးနှင့်မို့ စက်ရော သီဟနဲ့ ကျော်ဦးပါ မျက်လုံးချင်းဆုံမိသည်က သူတို့နား ရောက်နေသည့် ထိုမိန်းမလှလေးမှာ တစ်ယောက်တည်း ငိုပွဲဆင်နေသည့် မိန်းကလေးဖြစ်နေ၍ ဖြစ်သည်။

"ဒီမှာ… ရှင် ယောကျ်ားဖြစ်ပြီး မိန်းကလေးတစ်ယောက်ကို ဒီလို စောင်းမြောင်းပြောတာ တော်တော်ဝါသနာပါလား"

"ဟာ… ဘာလဲ၊ ဘာတွေ လာလွှတ်နေတာလဲ"

"ဘာလွှတ်လဲ ရှင် မကြားဘူးလား၊ ပြောချင်ရာပြောပြီး ရှူးကွက်နင်းတာလည်း ယောကျ်ားများရဲ့ ဂုဏ်သတ္တိထင်တယ်"

"ဟော့… မင်း လွန်ပြီနော်"

အဓိပ္ပာယ်မရှိ ဘလိုင်းကြီး သူ့ကို လာစွာနေသည့် မိန်းကလေးကြောင့် ဝုန်းခနဲ ထရပ်တဲ့ စက်ကို ဆွဲထားဖို့ မေ့ပျောက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အထိ သီဟာနဲ့ ကျော်ဦးက တအံ့တသြ ကြောင်ကြည့်နေသည်။ ပြောနေတာ ကိုယ့်ဟာကိုယ်ဖြစ်ပြီး ရန်တွေ့ခံရတော့လည်း အစမရှိ အဆုံးမရှိဆိုတော့ ရုတ်တရက် ဘာကို နားလည်ရမှန်းမသိ ဖြစ်နေတာလည်း ပါသည်။

"လွန်တော့ ဘာဖြစ်လဲ"

"ရှင်က ရှင့်ဗလကြီးနဲ့ မိန်းကလေးနဲ့ ရန်ပြန်ဖြစ်ချင်လို့လား၊ ယောကျ်ားဖြစ်ပြီး လျှာအရိုးမရှိတိုင်း ပြောနေတာ၊ မုန်းစရာ"

"မင်းကို ဘယ်သူက ချစ်ခိုင်းနေလို့လဲ"

"ရှင် လူပါးမဝနဲ့နော်"

"နောက်တစ်ကြိမ်ဆိုရင် မလွယ်ဘူးမှတ်"

ဘာကို မလွယ်တာလည်းဟု မမေးလိုက်ရပါ။

ခပ်မိုက်မိုက်ပုံစံနဲ့ စက်ကို ဖြတ်တိုက်သွားတာ စက်ရင်ဘတ် တစ်ခြမ်းကိုမို့ လူကို ယိုင်ထွက်သွားသည်အထိ မိန်းမလှလေး၏ ဒေါသက ပြင်းထန်နေ၍ စက်မျက်ခုံးထူတွေ တွန့်ကုတ်သွားသည်။ ဒါက ဘာဒီဇိုင်းလဲ။ မကျေမနပ်နှင့် သူ့ကို ကျောခိုင်းသွားသူ၏ နောက်ပိုင်းအလှကိုကြည့်ပြီး စက်ရင်ထဲ အမှတ်မထင် လှပသည့် ထိုမျက်နှာလေးကို မှတ်မှတ်သားသားဖြစ်သွားသည်။

"ဒါ… ဟိုမှာ ငိုနေတဲ့ ကောင်မလေးကွ"

"ငါတို့ပြောတဲ့စကားကိုကြားပြီး သူ့ကို စောင်းပြောတယ်လို့ ထင်သွားတာနေမှာ"

"စက်… ခုန မင်းပြောလိုက်တဲ့စကားက ဘာလဲ"

သီဟာစကားကြောင့် စက် ခဏငြိမ်သွားကာ သူပြောသည့်



စကားကို ပြန်စဉ်းစားလိုက်သည်။

ရည်းစားလက်မဲ့ဖြစ်တာမှ ကောင်းသေးတယ်၊ ရည်းစားတစ်ခုလပ်တို့၊ မချစ်ခင် ကွဲကြလေသတည်းဆိုပြီး ရည်းစားမုဆိုးဖို မဖြစ်ချင်လို့ဆိုတာ…။

"အာ… ဟုတ်ပြီ"

"ဘာဟုတ်လာလဲ စက်"

"ရည်းစားနဲ့ ကွဲလာတာ သေချာပြီ"

သူပြောသည့် စကားကြောင့် ရန်တွေ့ခံရသည့်အဖြစ်ကို ပြန်ပြောပြမှ အားလုံး သဘောပေါက်သွားသည်။

"တိုက်တိုက်ဆိုင်ဆိုင်ကွာ"

"ဒါ ဖူးစာကွ"

"သွားစမ်းပါ"

"အခုတော့ ပြောထားဦးပေါ့ကွာ၊ နောက်မှ သွေးထွက်အောင် မှန်နေမယ်… ကြည့်ထား"

"အစ်ကိုတို့ သိလား"

"ဘာလဲကွ"

"အဲဒီအစ်မက ပျိုသီရိကိုအဆောင်ကဗျာ"

"ပျိုသီရိကို"

သီဟတို့နှစ်ကောင်သား ခေါင်းကြီးတွေ ရှေ့ထွက်ပြီး ရေရွတ်သည်။ ပျိုသီရိဆိုတာ ဒီရပ်ကွက်ရှိ ကာလသားတွေရဲ့ တစ်ခုတည်းသော ပစ်မှတ်အဆောင်။ အဆောင်ပိုင်ရှင်က အပျိုကြီးမို့ စည်းကမ်းကြီးသလောက် အပေါက်ဆိုးသည်။ သူမ

www.burmeseclassic.com

www.burmeseclassic.com



အဆောင်မှာ လာနေသူတွေက ရိုးရိုးသားသား အလုပ်လုပ်သူတွေ ဖြစ်ရမည်။ မိကောင်းဖခင် သားသမီးဖြစ်ပြီး ဣန္ဒြေရ ရုပ်ရည် သန့်သူမှ လက်ခံသည်။

အဆောင်ပိတ်ချိန် ညနေ ခြောက်နာရီထက်ကျော်လျှင် ဝင်ခွင့် မရှိ။ ဝက်သားမတင်ရ။ အမဲသား မစားရ။ ပြီးတော့ ရုပ်ကွက် ထဲကကောင်တွေနှင့် ရည်းစားမဖြစ်ရဆိုပြီး ကတ်သီးကတ်သတ် စည်းကမ်းတွေ တသီကြီးနှင့် နာမည်ကြီးအဆောင်။

ထိုအဆောင်မှာပဲ သီဟတို့ ချိန်နေသည့် ကောင်မလေးတွေ ရှိတာမို့ ပျိုသီရိအသံကြားတာနဲ့ နှစ်ယောက်စလုံး ရင်ခုန်သံ အမြန်ဆုံးဖြစ်ကြမြဲ။ စက်က မျက်နှာချင်း ထိမတတ် ရှေ့ထွက် လာတဲ့ သီဟတို့နှစ်ယောက် မျက်နှာတွေ တွန်းပစ်သည်။

"ဒါက ဘာဖြစ်တာလဲ"

"သူလေးက ပျိုသီရိကိုကတဲ့"

"အဲဒါ ဘာဖြစ်လဲ"

"ရင်ခုန်သံတွေ မြန်ကုန်လို့ပါ"

"မြန်နေရင် သေလိုက်"

"မိန်းမယူပါရစေဦး စက်ရယ်"

"ဟုတ်ပါတယ်ကွ၊ ဒါလေးတော့ သနားပါ"

"အလကားကောင်တွေ"

စက် ဒေါသမျက်နှာနှင့် သီဟနဲ့ ကျော်ဦးကို ပြောနေတုန်း စားပွဲထိုးလေး သူတို့နား ရောက်လာသည်။

"ဒေါသမဖြစ်နဲ့ အစ်ကိုရ၊ အဲဒီအစ်မက ချောလွန်းလို့



ကျွန်တော်တို့အားလုံး စိတ်ဝင်စားနေကြတာ၊ ကိုစက်တို့သာ မသိတာ၊ တစ်ရပ်ကွက်လုံး သူ့အကြောင်းပဲ ပြောနေကြတာ"

"ကိုစက် စိတ်ဝင်စားရင်..."

"ဟေ့ကောင်... ငါက ဘာကို စိတ်ဝင်စားရမှာလဲ၊ ဒီ နှစ်ကောင်ကို ဖွန်ကြောင်မဟုတ်ဘူး၊ တစ်လိုင်းစီ"

"ငါတို့က နှလုံးသားနဲ့လူကွ"

"ငါက နှလုံးသားမဲ့နေလို့လား"

သီဟစကားကို စက်က ဒေါသနှင့် ဝင်မေးတော့ သီဟက ပခုံးတွန့်သည်။

"မင်းက နှလုံးသားမဲ့တာ မဟုတ်ဘူး စက်၊ ရှိကို မရှိတာ"

"လုံးဝမှန်တယ်"

ကျော်ဦးက ဝင်ထောက်ခံသည့်အတွက် စက်အကြည့်တွေ ပိုစူးလက် တောက်ပသွားသည်။ ဒီကောင်တွေနဲ့ ပြိုင်ပြောနေလို့ မထူးမှန်း သိလိုက်သည်နှင့် ထိုနေရာက သူ ထွက်ခဲ့သည်။

"နှလုံးသားရှိတဲ့ မင်းတို့ နေခဲ့ကြ၊ ငါ သွားပြီ"

"စက်... နေဦးကွ"

စက်က နောက်ကို တစ်ချက်လှည့်မကြည့်တော့ သီဟတို့ နှစ်ယောက် ပျာယာခတ်သွားသည်။

"လုပ်ဦး ကျော်ဦး၊ တို့ စားထားတာတွေ ဘယ်သူ ရှင်း မှာလဲ"

"မင်းရှင်းလိုက်၊ ငါ လစ်ပြီ"

"ဟိတ်ကောင်... ကျော်ဦး၊ နေဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



သီဟ လှမ်းခေါ်ပေမဲ့ လှည့်မကြည့်။ မထူးသည့်အတူ သီဟ အိတ်ထဲက ပိုက်ဆံနှင့် စားထားသမျှ ရှင်းလိုက်ရသည်။

"ဒါနဲ့ နေပါဦး၊ သူလေးနာမည်က ဘာတဲ့လဲ"

"ကျွန်တော်လည်း သေချာမသိဘူးဗျာ"

"မင်းပြောတော့ သိတယ်ဆို"

"သိတယ်ဆိုတာ အဲဒီအစ်မလှတာ၊ ပျိုသီရိဆောင်မှာ နေတာ၊ အဲဒါကို ပြောတာ"

"နာမည်လေး မသိရတာ နာတယ်ကွာ"

"အစ်ကို သိချင်ရင် ကျွန်တော် စုံစမ်းထားမယ်လေ"

"ကောင်းတယ်"

မိန်းမလှလေးနာမည် မသိရ၍ သီဟ မချင့်မရဲဖြစ်နေချိန်မှာ စက်ကတော့ မရည်ရွယ်ဘဲ ပြောလိုက်သည့်စကားတစ်ခွန်းကြောင့် ရန့်တွေ့သွားသည့် မိန်းမလှလေး၏ မျက်နှာလှလှလေးကို ပြန်မြင်ယောင်နေ၏။

ဒေါသကြောင့် အရောင်ရူးသလား၊ မျက်ရည်ကြောင့် အရောင်လက်သလား မသိသော မျက်ဝန်းနက်တစ်စုံက မျက်နှာလှလှလေးကို မြင်ယောင်တော့ စက်ရင်ထဲ မောသွားကာ ခေါင်းအလိုလိုခါကာ ငြင်းပြီးသားဖြစ်သည်။

## အခန်း (၁၂)

ကားပေါ်က ဆင်းတာနဲ့ လက်ကနာရီကို စက် အမှတ်တမဲ့ ကြည့်မိတော့ ညကိုးနာရီခွဲ။

လက်(ပ်)တော့တစ်လုံး စစ်ပေးရင်း မိုးချုပ်သွားတာနှင့် ဟိုနှစ်ကောင်တော့ စက်ကိုစောင့်ရင်း လက်ဖက်ရည်ဆိုင်မှာ လည်ပင်းရှည်နေပြီလို့ တွေးကာ လူက ပြုံးချင်ချင် ဖြစ်သွားသည်။

"ဟင်းမကောင်းရင် ခံတွင်းချဉ်တယ်ကွ၊ လက်ဖက်ရည်လေးတော့ အချိုတည်းချင်သား၊ မင်း နောက်မကျနဲ့နော်… စက်"

"အေးပါ"

"ဒီလိုတော့လည်း ငါ့သူငယ်ချင်းက လူ့သဘောကောင်းကြီးပါ"

မနက်က စက် မျက်နှာသစ်တော့ မျက်နှာငယ်လေးနဲ့ မှာသော ကျော်ဦးကို မြင်ယောင်တော့ ပြုံးသည့်နှုတ်ခမ်းတွေအသံထွက်၍ ဟက်ခနဲ ရယ်မိသည်။ သုံးယောက်တည်းမှာ ကျော်ဦးနဲ့သီဟက လခစားတွေ။ ထို့ကြောင့် လကုန်သည့်ရက်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ငွေရှင်ကာ အိမ်ကို ပိုက်ဆံပြန်ပို့ပေးပြီး နောက်လဆန်း ငါးရက် လောက်ဆိုရင် ငွေကုန်ပြီဖြစ်၏။ ထို့ကြောင့် သူတို့ အချင်းချင်း ခဏခဏ နောက်ကြသည်။

"ငွေမြဲတဲ့ဂါထာလေးများတွေ့ရင် ပြောပြစမ်းပါ"

သူ့ကျတော့ လခစားပေမဲ့ အောက်ဆိုက်တွေ အများအပြား ရှိသည်။ အင်တာနက်ဆိုင်မှာ ကွန်ပျူတာ သွားစစ်ပေးရတာမျိုး ဆိုရင် မုန့်ဖိုးဆိုပြီး ရတတ်သည်။ ကုမ္ပဏီကလည်း အောက်ဒိုး သွားရလျှင် လမ်းစရိတ်ဆိုပြီး သီးသန့်ရှိတာမို့ စက်အတွက်တော့ ငွေကြေးပြတ်လပ် ရှားပါးခြင်းဆိုတာ မရှိခဲ့။

ဒီအချိန်ဆိုရင် လက်ဖက်ရည်ဆိုင်မှာပဲ . သူ့ကိုမျှော်ရင်း လည်တဆန့်ဆန့်နှင့် ဖြစ်နေပြီလား။ ဒါမှမဟုတ် အိမ်မှာပဲ ဟိုဒီ လိုမ့်ရင်း မေတ္တာပို့နေကြပြီလား မသိ။ လားပေါင်းများစွာနှင့် စက် ခြေလှမ်းအမြန်နှုန်းကို နှစ်ဆတိုးလိုက်၏။

"ရှင်တို့ လမ်းဖယ်နော်"

ရှူးခနဲ ဝင်လာသည့် အသံချိုလေးတစ်ခုကြောင့် စက်ကိုယ် ကြီး ဆတ်ခနဲ ဖြစ်သွားသည်။

"ဒေါက်ဖိနပ်က ဒေါက် မရှေးဘူး၊ သတ္တိရှိရင် အနား ကီးခဲ့... လာ"

"ဩော်... ဟော်",

"ချာတိတ်က ဒေါသ၊ ,သည်းပဲကိုး"

"ဘာလဲ... ဖိုက်တ၊ ၂မလေးလား"

"ဖိုက်တာဆို ပိုတောင်ကြိုက်သေး"



"ဟဲ... ဟဲ... လှုပ်လှုပ်ရှားရှားလေးမှ သွေးတောင် ပိုဆူ သွားသေးတာပေါ့"

အသံလာရာကို စက် လှမ်းကြည့်လိုက်တော့ အမူးသမား တစ်စုနှင့် မိန်းကလေးတစ်ယောက်ပုံရိပ်ကို တွေ့ရသည်။

"နှာဘူး... အရက်သမားတွေ"

"အဟဲ... ချစ်တတ်တာ မင်း မသိသေးလို့ပါ"

ဂုံးကျော်တံတားကြီးရဲ့အောက်မှ လမ်းမီးတွေနဲ့ အလှမ်းဝေး သည့်နေရာ။ မှောင်ရိပ်ကျသဖြင့် ဘယ်သူဘယ်ဝါမသိဘဲ အရိပ် သုံးရိပ် ပူးကပ်သွားသည်။

"အို... လွှတ်... လွှတ်စမ်း"

"ရှင်တို့ မယုတ်မာကြနဲ့နော်"

"လွှတ်"

"ကယ်ကြပါဦးရှင်၊ ဟောဒီမှာ ကျွန်မကို မတရားအနိုင်ကျင့် နေပါတယ်"

မိန်းကလေးက အော်လည်းအော်၊ ရုန်းလည်းရုန်း။

ဟိုဘက်မှာ မြက်ရိုင်းတောစပ်သာ ရှိတာမို့ အဲဒီဘက် ရောက်သွားရင် မိန်းကလေးအတွက် မလွယ်တာအမှန်။ စက်က ရှပ်အင်္ကျီလက်ကို ပင့်တင်ရင်း လက်ကိုင်ထားသည့် ချိုင့်ကို ခပ်ဆဆ လုပ်ကြည့်ကာ ထိုလူတွေနားသို့ ခြေလှမ်းကျဲပစ်လိုက် သည်။

"ဟေ့လူတွေ"

"ရပ်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



""အစ်ကို… ကျွန်မကို ကယ်ပါနော်""

""မင်းက ဘာကောင်လဲ""

""ငါလူ""

""ဘာကွ""

အနားသို့ ရုတ်တရက် ရောက်လာတဲ့ စက်ကြောင့် လှုပ်ရှားမှုတွေ ရပ်တန့်သွားသည်။ လူမိုက်တစ်စုနှင့် စကားပြောရင်းသူ မြင်လိုက်ရသည့် မျက်နှာလေးကြောင့် စက် မင်သက်မိသွားသည်။ ထိုမျက်နှာပိုင်ရှင်က တခြားသူမဟုတ်။ သူ့ကို ရန်စွာသွားသည့် မိန်းမလှလေး မိစွာ။

""မိစွာ""

""မဆိုင်တာမှ ဝင်ရှုပ်တဲ့ကောင်၊ ချကွာ""

ဝိုးခနဲ ဝင်လာတဲ့ လက်ဖြောင့်လက်သီးကို သူက ဘယ်တံတောင်နဲ့ ဆီးခံပေးရင်း ထိုလက်အား ပြန်လိမ်ချိုးပေးတော့ လက်စွမ်းပြသူက အားခနဲအော်ကာ အသံနက်ကြီးနဲ့ အော်သည်။

""ဒီလောက်တောင် ဖြစ်တဲ့ကောင်""

""ကဲကွာ""

""ခွပ်""

""အွတ်""

""ဟော့ကောင်… လွှတ်လိုက်စမ်း""

အဖော်ကိုထိတော့ ကျန်တစ်ကောင်က သွေးကြွလာဟန်ရှိသည်။ မိန်းမလှလေးကို လွှတ်ပြီး စက်ထံ ပြေးဝင်လာသူအား နေရာမှ ခြေတစ်လှမ်းမရွေ့စေဘဲ ချိုင့်ကိုင်ထားသောလက်နှင့်



ဝိုးခနဲ လွှဲရိုက်ပေးရင်း ပွဲသိမ်းပေးလိုက်၏။ နှစ်ယောက်စလုံး မြေပြင်မှာ ညည်းတွားသံသဲ့သဲ့နှင့် လူးလိမ့်နေတာကို တစ်ချက်စိုက်ကြည့်ပြီး ခေါင်းပြန်မော့သည်။

""သွားမယ်""

""ဟုတ်ကဲ့""

""ကျေးဇူးတင်ပါတယ်""

""ရတယ်… မလိုဘူး""

စက်က နေရာမှ အရင်ဦးအောင်ထွက်တော့ သူမက ဘေးမှ အမောတကော ကပ်ပါလာသည်။

""ဘယ်လိုဖြစ်တာလဲ""

""ဟို… တံတားကြီးပေါ်က တက်လျှောက်ရမှာ ကြောက်တာနဲ့ တံတားအောက်က ဖြတ်မိပါတယ်၊ ဒီလိုတွေ ဖြစ်ကုန်တော့တာပဲ""

""တံတားအောက်မှာ မှောင်ရိပ်ခိုတဲ့ သတ္တဝါတွေရှိတာ မင်းမြင်ပြီမဟုတ်လား၊ ဘယ်ဟာ ပိုကြောက်ဖို့ကောင်းလဲ… ရွေးပေါ့""

""ကျွန်မအပြစ်ပါ""

""တော်ပါသေးရဲ့၊ ဒီက ရှင် အချိန်မီရောက်လာလို့""

မီးရထားလမ်းကို ဂုံးကျော်တံတားမြင့်မြင့်ကြီး ထိုးထားကာ မီးရောင်တွေ ထိန်ထိန်လင်းလျက်၊ ကားတွေ၊ စက်ဘီးတွေ မပြတ်တာမို့ မိန်းကလေးတစ်ယောက်အတွက် အန္တရာယ်မရှိနိုင်တာ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမပုံစံကြည့်ရတာ အခုချိန်ထိ စက်ကို မှတ်မိပုံမရ။ သူကသာ ထိုမျက်နှာလေးကို မှတ်မိနေခြင်းဖြစ်သည်။

"နောက် သတိထားပေါ့"

"ဟုတ်ကဲ့"

"နောက် တံတားပေါ်ကပဲ ဖြတ်မှာပါ"

"မင်း အလုပ်ဆင်းချိန်က နောက်ကျလှချည်လား"

နေးခြင်းမြန်ခြင်းမမည်သော ခြေလှမ်းနှင့် လျှောက်ရင်း စက်က သူမဘက် ငဲ့ကာပြောရင်း သူမမျက်နှာကို အကဲခတ်ကြည့်ဖို့ ကြိုးစားသည်။

ရှေ့နားမှာ ရပ်ကွက်ဝင်စမို့ မီးရောင်တွေ လှမ်းမြင်ရပေမဲ့ သူတို့က အခုထိတော့ အမှောင်ထုထဲမှ မထွက်နိုင်သေး။ ဂျင်းဘောင်းဘီရှည်က အနက်၊ တီရှပ်အနက်နှင့် တစ်ကိုယ်လုံး နက်မှောင်နေသည့် သူမက လည်တိုင်နှင့် မျက်နှာပဲ ဖြူဖွေးနေကာ မျက်တောင်တွေ လှုပ်ခတ်သွားတာကို မှောင်ရိပ်ထဲမှာ သူ မြင်နေရ၏။

"ပုံမှန်က ခုနစ်နာရီလောက် ပြီးတာပါ၊ ဒါပေမဲ့ ကားစီးပြီး ပြန်တဲ့အချိန်ဆိုတော့ ဒီလောက်အထိ မှောင်သွားတာ"

"ဒီအချိန်ထိ ပျိုသီရိက အပျိုကြီးက အဝင်ခံတာပဲလား၊ ညနေ ခြောက်နာရီထက် နောက်မကျရဘူးဆို"

"ရှင် ကျွန်မအဆောင်မှာနေတာ ဘယ်လိုသိလဲ"

"ဒီလိုပဲ သိတာပေါ့"

"တစ်မျိုးပါလား"

"မင်းလည်း တစ်မျိုးပဲ မဟုတ်လား"



လျှောက်ရင်း သွားရင်းက မေးတစ်ခွန်း ဖြေတစ်ခွန်းနှင့် တစ်ယောက်မျက်နှာ တစ်ယောက် အလင်းရောင် မသဲမကွဲကြားမှာ ကြည့်မိကြသည်။

"ရှင်လည်း ဒီရပ်ကွက်ကလား"

"အင်း"

"အဆောင်ပိုင်ရှင် အပျိုကြီးရဲ့ မိတ်ဆွေအလုပ်မှာ လုပ်တာဆိုတော့ အလုပ်ရှင်ကိုယ်တိုင်က ခွင့်တောင်းပေးထားလို့ပါ"

"သြော်"

နှစ်ယောက်စလုံး ပြောစရာစကား မရှိသလို ငြိမ်သွားမှ ရွှေသားက သူမ ကယ်တင်ရှင်မျက်နှာကို တစ်နေရာမှာ မြင်ဖူးသလို ထင်လာသည်။

"သြော်... ဟုတ်ပြီ"

တိတ်ကျသွားမှ ရွှေသားက သူမရဲ့ ကယ်တင်ရှင်ကို အကဲခတ်ကာ နှုတ်ခမ်းဖျားမှာ အပြုံးရိပ် ထင်လာသည်။

ဒီလူပဲ။

တွေ့စက ကိုယ့်ဒေါသနှင့် ကိုယ့်ခံစားချက်ပေါင်းပြီး သူ့ကို သွားရမ်း ရန်တွေ့မိတာတွေပြီး အားနာခဲ့ရပေမဲ့ အခုလို အခက်အခဲနှင့် ကြုံတဲ့အခါ သူ ဝင်ဖြေရှင်းပေးတာကိုကြည့်ရင်း ဒီလူက စိတ်ရင်းကောင်းတဲ့လူမှန်း သိလာရသည်။ သူလည်း အလုပ်က ပြန်လာပုံ။ လက်ထဲမှာပါလာသည့် ထမင်းချိုင့်ကိုကြည့်ရင်း တွေးဖြစ်သည်။

ခေါင်းစွပ် ဆွယ်တာလက်ရှည်က အညိုရင့်ရောင်ကို

www.burmeseclassic.com

www.burmeseclassic.com



ဂျင်း(န်)အဖြူနှင့် တွဲဝတ်ကာ လက်ထဲမှာ ထမင်းချိုင့်နှင့်။ သူမလို အိတ်တွေ ဘာတွေ လွယ်ထားတာမဟုတ်၍ ပေါ့ပေါ့ပါးပါးရှိသော သူ့ပုံစံကိုကြည့်သည်။

"ဟိုတစ်ခါကကိစ္စ ဆောရီး"

"မင်း ကိုယ့်ကို မှတ်မိပြီလား"

"အင်း"

"ရှင်ရော"

"မင်းလိုပေါ့"

"ဪ"

"ကျွန်မကို စိတ်မဆိုးဘူးလား"

"ဆိုးတယ်"

"ဒါဖြင့် ဘာလို့ ကယ်လဲ"

"မုန်းလို့"

"ရှင့်ကိုလည်း ဘယ်သူမှ မချစ်ခိုင်းဘူး"

"ကျေပြီနော်"

နှစ်ယောက်အတူ တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်မိကြသည်။ ဘယ်သူမှ မပြုံး။

"ရှင်က ပျိုသီရိအကြောင်း တော်တော်သိပုံရတယ်၊ ကေ့နဲ့ သက်ဆိုင်သူတွေ ဘာတွေများ ရှိလား၊ ရှိရင်ပြောလေ၊ စာပေး စာယူလောက်တော့ ရွှေသား ကူညီလို့ရပါတယ်"

"ရွှေသားတဲ့လား"

"အင်း"



"ကိုယ်က စက်"

"ဟုတ်ပြီ၊ ဘာကူညီရမလဲ"

"တော်ပါ၊ အဆောင်ပိုင်ရှင်ကအစ နေတဲ့သူအားလုံး အရှုပ်ထုပ်တွေချည်းပဲ၊ မပတ်သက်ဘူး"

"ရှင့်စကားကလဲ"

"ကိုယ်ပြောတာ မမှန်လို့လား"

"မမှန်ဘူး"

ရောက်ရာနေရာမှ သူမက ခြေစုံရပ်ပြီးအော်မှ သူ့စကား လွန်သွားမှန်း စက် သတိထားမိသည်။ ကျဲသောစကားက ပြန်နုတ် မရတာမို့ စက်က ပခုံးတွန့်ပြီး ရှေ့ဆက်လျှောက်တော့ သူမက ဒေါသဖြစ်သွားဟန်တူသည်။ နောက်မှာကျန်ရင်းက အမီလိုက်လာသည်။

"ရှင် ယောကျ်ားဖြစ်ပြီး စကားပြောလိုက်ရင် ဘေးလူကို မညှာမတာနဲ့၊ ခုန ကူညီထားတာရှိလို့ ခွင့်လွှတ်လိုက်မယ်၊ နောက် တစ်ခါဆိုရင် ရှင် မလွယ်ဘူးမှတ်"

ဒေါသက လေပွေမွှေသလို သူ့အနားမှာ ကြိမ်းမောင်းသွားကာ သူ့ရှေ့ကျော်လျှောက်သည်။ ဒေါသထွက်လာတိုင်း ကမ္ဘာတုန်မတတ် ခြေလှမ်းနှင့်မို့ ရှေ့လေးငါးလှမ်းအရောက်မှာ တက်ခေါက်သံ အကျယ်ကြီးနဲ့အတူ ကြိုးသိုင်းဖိနပ်အမြင့်ကို ဆွဲချွတ်ကာ မြက် တောစပ်ဆီ ပိတ်ပေါက်တာလည်း စက် မြင်ရ၏။

"တောက်… အရေးအကြောင်းဆို ဒီဖိနပ်တွေက အသုံးကို မကျဘူး၊ ခိုင်တယ်ခံတယ်နဲ့၊ ခလေးတစ်လုံးနဲ့ နှင်းမိတာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒီဒေါက်က ကျိုးရရောလား၊ သွား… ဒီတစ်ဖက်ပါ၊ တစ်ဖက် မကောင်း နောက်တစ်ဖက်ပါ ဂျောင်း''

အနားမှ ဖြတ်လျှောက်လာတော့ တိတိရိရိဖြတ်ထားသော ခြေသည်းထိပ်က နီမြန်းနေကာ ဖြူဝင်းအိဖောင်းသော ခြေချောင်းတွေက မြေကမ္ဘလာမှာ ဒီအတိုင်း။ စက်က ရှေ့သို့ကျော်လျှောက် လာပြီးမှ ဖိနပ်မပါသော ခြေထောက်တွေကို မြင်ယောင်ကာ ဥပေက္ခာပြုမရသောရင်ထဲ တင်းခဲ့ဖြစ်ခဲ့ခြင်းက နောက်ဆံငင်နေ၏။

''ကဲ… အမိ''

''ဘာလဲ''

ခြေစုံရပ်ကာ စက်က နောက်လှည့်ခေါ်တော့ သူမက စူပုပ် ပုပ်နှင့် မော့ကြည့်သည်။ စက်က သူစီးထားသော ညြကတ္တိပါကို ချွတ်ပေးသည်။

''ရော့… စီးသွား''

သူပေးတာ တစ်ချက်မငြင်းဘဲ ဟန်ဆောင်ခြင်းကင်းစွာ သူ့ဖိနပ်ကို ဆတ်ခနဲ လာစီးသည်။

''ရှင့်ဖိနပ်ကလည်း အကြီးကြီးပဲ''

''မင်းခြေထောက်နဲ့ တော်အောင်တော့ မိန်းမစီးဖိနပ် ဝယ်မစီးနိုင်ဘူးဟေ့''

''ရှင့်ကို ဘယ်သူက မိန်းမဖိနပ် ဝယ်စီးနိုင်းနေလို့လဲ''

''ရှင် ကူညီရတယ်ဆိုပြီး စကားကို အပေါ်စီးက မပြော ပါနဲ့''

''မင်းကလည်း အကူအညီယူတယ်ဆိုပြီး အောက်စည်းကမှ



မနေတာ''

''ဘာပြောတယ်''

''ကြားတဲ့အတိုင်းပဲ''

''ရှင်က လူ့ငွစာပဲ''

''ထင်လို့ပါ''

စူးလက်သည့် အကြည့်နှစ်ခု အားပြင်းစွာ ဆုံသည်။ ရွှေသား ဒေါသနှင့် ခါးထပ်ထောက်တော့ စက်က ဆံပင်တွေကို ဆွဲဖွပစ် သည်။

''ကဲ… ပြော၊ ဒီဖိနပ် မင်းစီးမှာလား၊ ငါစီးရမှာလား''

''ကျွန်မစီးဖို့ ရှင်ပေးထားတာပဲ၊ အခုမှ ပြန်ယူချင်လို့ ရမလား''

စက်ကို ပြောလည်းပြော၊ မျက်စောင်းတစ်စင်း လွှင့်ထွက် လာတာက သူ့ထံ အရှိန်ပြင်းပြင်းနှင့်ဆိုတော့ သူမ အပြုအမူကြောင့် စက်ရင်ထဲ ခပ်ဖျင်းဖျင်း ဖြစ်ကျန်ခဲ့သည်။

''မင်းတို့မိန်းမတွေက ဒါပဲ''

''ဘာကိုပြောတာလဲ''

''မျက်စောင်းထိုးတာကို ပြောတာ''

''ငါ့ဖိနပ်ကလည်း အသစ်နော်၊ နက်ဖြန်မနက် ရှစ်နာရီ မထိုးခင် ဟိုမှာ မြင်နေရတဲ့ လက်ဖက်ရည်ဆိုင်ကို လာပေး''

''ငါ ထပ်ဝယ်မစီးနိုင်ဘူး''

''သိပ်မကြွားနဲ့''

''ဒီညဗွားလို့ ပျက်စီးသွားရင် ဒါမျိုး အရှန်သစ်ရာလောက်

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပြီး ရှင့်ကို ပြန်ပေးမယ်၊ စိတ်အေးအေးထားပြီးအိပ်၊ သွားပြီ''

''ကူညီတဲ့အတွက် ကျေးဇူး''

သူ့ဖိနပ်ကိုစီးပြီး ရွှေသားဆိုသည့် သူမက သက်တောင့်သက်သာ သူနားက ထွက်သွားချိန်မှာ ခြေဗလာနှင့် ကျန်ခဲ့သူက စက်။

အဲဒါပါပဲ… စေတနာဆိုတာ။ ခြေဗလာနဲ့ လျှောက်စမ်းလို့ သူ့ကိုယ်သူ အမိန့်ပေးပြီး ခြေလှမ်းကိုအစမှာ ခဲချွန်ချွန်အသွားက ခြေဖဝါးကို တည့်တည့်လာထိသည်။

# အခန်း (၁၃)

''အား… ကျွတ်… ကျွတ်''

ညညည်းသံနှင့် ရွှေသားက ဖျာပေါ်ထိုင်ချကာ ခြေဖဝါးနှစ်ဖက်စလုံးကို ကြည့်မိတော့ ရဲတွတ်နေတာကို တွေ့ရသည်။ ကျိန်းစက်နေသော အထိအတွေ့ကြောင့် ရွှေသားက သူမခြေဖဝါးကို သူမလက်နှင့် ခပ်ဖွဖွလေးပွတ်ကာ ခြေကျင်းဝတ်ကိုပါ နှိပ်နယ်ပေးတာ သက်သာလို သက်သာငြားပေမဲ့ သူမထင်သလို ဒဏ်ရာက သက်သာသွားခြင်းမရှိသလို ရင်ထဲကဒဏ်ရာကလည်း နာကျင်နေဆဲပါ။

သူမဘဝမှာ မလုပ်စဖူး အလုပ်လုပ်ရတာရော၊ လိုင်းကားကို အဝေးကြီး စီးပြန်ရတာကြောင့် ခြောက်ထောက်တွေက ခံနိုင်ရည်မရှိတာလည်းပါမည်။ အို… ခြေထောက်တင် မကပါဘူး။ တစ်ကိုယ်လုံး ခံနိုင်ရည်မရှိတာ အသိသာကြီး။ ရွှေသားတစ်ကိုယ်လုံး လက်ထိုးပြလို့မရအောင် တစ်ကိုယ်လုံး နာကျင်မှုကအပြည့်။

''ဟယ်… ပလုတ်တုတ်''

''ဒီအခန်းထဲ ယောကျ်ားဖိနပ်ကြီးက ဘယ်ကဘယ်လို ရောက်လာတာတုန်း''

www.burmeseclassic.com

www.burmeseclassic.com



ရွှေသားအခန်းဝက ယောက်ျားဖိနပ်ကြီးကြောင့် အဆောင်သူတွေ တအံ့တသြ ဖြစ်နေကြသည်။

"အာပြမနေစမ်းပါနဲ့ အိနိုင်ရယ်၊ အပျိုကြီးကြားမှ ပွက်လောရိုက်ကုန်မယ်၊ အဲဒါ ရွှေသား စီးလာတာဟဲ့"

"ဟယ်… ရွှေသားခြေထောက်က အဲဒီလောက်ကြီး"

"သြော်… တိုးတိုးပြောပါဆို"

တန်ခူးက ရွှေသားစီးလာသည့် ဖိနပ်ကိုကောက်ပြီး ခုတင်အောက်ထဲ ထည့်ပေးသည်။ ရွှေသားက အားတုံ့အားနာ တန်ခူးမျက်နှာကို လှမ်းကြည့်သည်။

"ဆောရီးနော် တန်ခူး"

"ရပါတယ်ဟာ၊ တန်ခူး နေမကောင်းတုန်းကလည်း ရွှေသား အများကြီး ကူညီထားတာပဲ"

"ဘာမှ အားနာမနေနဲ့ ရွှေသား"

"စတွေ့တဲ့နေ့ကတည်းက ပြောပြီးသား၊ တစ်ခန်းတည်း အတူနေတယ်ဆိုပေမဲ့ ညီအစ်မလို့ သဘောထားပါလို့"

"ဒါတော့ ဟုတ်တယ်"

အိနိုင်က လက်ဖက်သုပ်ပန်းကန်ကို ရွှေသားအရှေ့ ချပေးရင်း အခန်းထောင့်ရှိ ပေါင်းအိုးသေးသေးလေးထဲမှ ထမင်းကိုလည်း ပန်းကန်ထဲ ခူးထည့်ပေးသည်။

"ကဲ… ပူတုန်းစားထား ကလေးမ"

"တို့လည်း စားမယ်"

"နောက်နေ့ကို ငါတို့နဲ့ အတူစားပေါ့ ရွှေသားရဲ့၊ နင်



ပြန်ချိန်နောက်ကျတော့ ဆိုင်တွေမှာ ဟင်း၊ ထမင်းတွေလည်း ဘယ်ရှိပါတော့မလဲ၊ ငါတို့နှစ်ယောက်က အတူတူစုပြီး စားတာ၊ ရှုံးပိတ်ရက်ချင်းလည်း တူတာပဲ၊ အဲဒီနေ့ကျတော့ ဖွယ်ဖွယ်ရာရာ ချက်စားကြတာပေါ့"

"အိနိုင်တို့ကို အားနာလို့ပါ"

"အားနာမနေပါနဲ့၊ နင့်ကို စတွေ့ကတည်းက ငါတို့က ညီမတစ်ယောက်လို ချစ်သွားတာ"

"အေးလေ… အဲဒါကြောင့် အခန်းတွေ ပြည့်နေပြီဆိုပြီး အပျိုကြီး ပြောတုန်းက ငါတို့အခန်းထဲ သွင်းပေးပါလို့ ပြောတာပေါ့၊ သုံးယောက်နေရလည်း ဘာမှ မဖြစ်ဘူး၊ အခန်းက အကျယ်ကြီးဥစ္စာ"

အိနိုင်ပြောတာဟာ ဟုတ်တော့လည်း ဟုတ်သည်။

ပျိုသီရိအဆောင်က နှစ်ထပ်တိုက်ဖြစ်ကာ အပေါ်ရော အောက်ရောမှာ ဝရန်တာရှည်ကြီး ထုတ်ထားသည်။ အခန်းတွေ အားလုံးပေါင်း ဆယ်ခန်း။ တစ်ခန်းစီမှာ ခုတင်မရှိ။ ဗီရို၊ မှန်တင်ခုံဆိုတာ ဝေလာဝေး။ ပြောင်လက်နေအောင် တိုက်ထားသော ကြမ်းပြင်မှာ သင်းဖြူဖျာခင်းပြီး အိပ်ရသည်။ အခန်းထောင့်မှာ သံသေတ္တာနှစ်လုံး ထပ်ထားပြီး သူမ စရောက်တဲ့နေ့တုန်းက လပ်ဂေ့(ချ်)ကို ဘေးမှာကပ်ထားရုံနှင့် အဝတ်အစားကိစ္စက ဒီနေရာတင် တစ်ခန်းရပ်လေ၏။

"အခန်းတိုင်း ပေါင်းအိုးတစ်လုံးစီတော့ ထားကြတာပဲ၊ ဟင်းကတော့ ဘဲဥပြုတ်၊ ဝက်အူချောင်း၊ လက်ဖက်သုပ်ပေါ့ဟယ်၊

www.burmeseclassic.com

www.burmeseclassic.com



စနေ၊ တနင်္ဂနွေဆိုရင်တော့ နောက်ဖေးအုတ်ကန်မှာလည်း လူအပြည့်၊ မီးဖိုချောင်ထဲလည်း လူအပြည့်ပဲ၊ အပြိုင်အဆိုင် ချက်ပြုတ်ကြော်လှော်နဲ့ ပျော်စရာလည်းကောင်း၊ စိတ်ညစ်စရာလည်း ကောင်းနဲ့ပေါ့ဟာ''

အိခိုင်က ရောက်စညကတည်းက ရွှေသားကို ရှင်းပြသည်။ အိပ်ခန်းထောင့်မှာ မှန်တစ်ချပ် ထောင်ထားပြီး သနပ်ခါး၊ ကျောက်ပျဉ်နှင့် တခြား တိုလီမိုလီ အလှပြင်ပစ္စည်းတွေကို ကော်စင်အဆင့်လေးနှင့် တင်ထားတာလည်း သပ်သပ်ရပ်ရပ်ပါ။ ရွှေသား မကြုံဘူးသည့် ဘဝ၊ မရောက်ဘူးသည့် အခြေအနေ ကြားမှာ အရာရာ ထူးဆန်းနေသည်။

ဒီလို ဘဝတွေထဲ ဆင်းကြည့်လိုက်သည့်အခါ ငွေရှိတိုင်း လက်ညှိုးညွှန်ရာ ရေမဖြစ်တာ ရွှေသား သဘောပေါက်ခဲ့ရပြီ။ အခု လက်ထဲ ငွေရှိပေမဲ့ ဟိုတယ်က ဒင်နာလို ဖွယ်ဖွယ်ရာရာလေး စားချင်ပေမဲ့ လက်ဖက်သုပ်နှင့် ထမင်းတစ်ပန်းကန်နှင့် ပြီးစီး ရမည့် ညစာက ရွှေသားအတွက်တော့ ခြောက်တီးခြောက်ကပ် ပေမဲ့ မတတ်နိုင်။ ဒီဘဝ ဒီအခြေအနေကို ကိုယ်တိုင် ရွေးချယ်ခဲ့ သူက ရွှေသား။

''ကဲ... အားလုံးလည်း စားလို့သောက်လို့ပြီးပြီ၊ ဘာလုပ် ကြမလဲ''

''အောက်မှာ တီဗွီသွားကြည့်ကြမလား''

''အိခိုင်တို့ သွားလေ၊ ရွှေသားက အိပ်ချင်နေပြီ''

''သွားဖို့ ဟန်ပြင်မနေနဲ့ ဒေါ်အိခိုင်''



''ဘာဖြစ်လို့''

တန်ခူးစကားကို အိခိုင်က လက်ဖက်တစ်ဖွန်း ခပ်စားရင်း မေးတော့ တန်ခူးက လှပစွာ ပြုံးသည်။

''ဘာဖြစ်ရမှာလဲ၊ ဒီည သီဟတို့ လာမှာတဲ့''

''ဟယ်... ဒါဆို ကိုဦးလည်း ပါလာမှာပေါ့''

''ဒါပေါ့''

ပျော်သွားသည့် အပြုံးမျက်နှာတွေနှင့် နှစ်ယောက်တည်း ခေါင်းချင်းဆိုင်ပြီး တွတ်ထိုးနေတဲ့ တန်ခူးနဲ့ အိခိုင်ကြောင့် ရွှေသား က စားလက်စ လက်ဖက်ထမင်းကို မေ့သွားသည်အထိ မိန်းမ နှစ်ယောက် တခစ်ခစ်ရယ်သံက သူမနားကို လာကလိသည်။

''ရှင်တို့ ဘာရယ်နေတာလဲ''

''ပျော်လို့လေ''

''သူ့ချစ်ချစ်ကြီးလာမှာ''

''ဘယ်သူ့ချစ်ချစ်လဲ''

''အံမယ်... ဒီလိုမေးလို့ ဖြေကြေးလား၊ သူကျတော့ ယောကျ်ားဖိနပ်ကြီး ဘယ်လိုလုပ် စီးလာလဲ မဖြေဘဲနဲ့''

''ဟုတ်ပါ့''

တန်ခူးကပြောတော့ အိခိုင်က ထောက်ခံသည်။

''မဖြေချင်လို့ မဟုတ်ပါဘူး တန်ခူးရယ်၊ စိတ်ရှုပ် စိတ်ညစ် လာလို့ပါ''

''အဲဒီ စိတ်ညစ်စရာကိုပဲပြော''

''ဘာမှမထူးဆန်းပါဘူး၊ ဖိနပ်ပြတ်သွားလို့ လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကူညီလိုက်တာပါဆို”

ရွှေသားက သူမနှင့် အရက်မူးသမားအကြောင်း မပြောဘဲ ဒီလောက်ပဲ ပြောလိုက်သည်။

“အယ်… အဲဒီလူက ကိုယ်ကျိုးစွန့် အနစ်နာခံတဲ့သူပဲ၊ ဘာမှလည်း မတော်ဘဲနဲ့”

“အကြောင်းတော့ ရှိရမယ်ကွ”

ရွှေသားစကားကို အိခိုင်က ထရွဲ့သည်။ တန်ခူးကတော့ ရွှေသားကို စောင်ပေပေကြည့်သည်။

“မှန်မှန်ပြောနော် ရွှေသား”

“အချင်းချင်း ဒိုင်မလျှိုကြေး၊ တန်ခူးတို့ စုံစမ်းလို့ သိလာတဲ့နေ့ မလွယ်ဘူးမှတ်”

“နာမည်က ဘယ်သူလဲ”

“သိဘူး”

“ဟား… နာမည်က အမိုက်စားပါလား”

“လူကရော ချောရဲ့လား”

“သိဘူး”

ရွှေသားစကားအဆုံးမှာ စက်က ခပ်သဲ့သဲ့ရယ်သည်။ ဟုတ်တာပဲ။ မနက်ကို သူ့ဖိနပ် ပြန်ပေးပြီးလျှင် ရွှေသားနှင့် သူက ရှေ့ဆက်ရန် ဇာတ်လမ်းမရှိ။ ပွဲပြီးပြီဟု ရိုးရှင်းစွာ တွေးထားသည်။

***မင်းပဲ စဉ်းစားကြည့်စမ်း… အချစ်တို့ကို ရုပ်လိုက်မှာလား ကွယ်… မင်းနဲ့တို့ရဲ့ဇာတ်လမ်း… ကောင်းခန်းမှာ ရပ်တော့မှာ လားကွယ်”***



“ဟော… သူတို့လာကြပြီဟေ့”

ရုတ်တရက် လွင့်တက်လာသော သီချင်းသံနှင့် ဂစ်တာသံ ချိုချိုက သူမတို့အခန်းဆီ လွင့်တက်လာသည်။ ထိုအသံကြားတာနဲ့ အိခိုင်က မီးခလုတ်ကို ပြေးပြီး ပိတ်ချတော့ တစ်ခန်းလုံး မှောင်နဲ့မည်းမည်း။

အခန်းပြင်အထွက်မှာပဲ သီဆိုသူကို အားပေးသော ပရိသတ်က တစ်ဆောင်လုံးဆိုတာ သိလိုက်ရသည်။ အခန်းတိုင်း မီးမှိတ်ကာ ဝရန်တာမှာ ထွက်ရပ်နေတာ တစ်ဆောင်လုံး။ စိတ်ဝင်တစား နဲ့ အားပေးနေသူတွေကြောင့် သီဆိုသူကို အာရုံရောက်ကာ လှမ်းကြည့်သည်။

“ဟင်.. ဒီလူ”

ရွှေသားကို လူရမ်းကားတွေလက်က ကယ်ကင်ခဲ့တဲ့ ရွှေသားရဲ့ ကျေးဇူးရှင်။ ချောမောသော သူ့ရုပ်သွင်ကို ပြန်သတိရသလို မြင့်မားသော သူ့အရပ်က လူကြားထဲမှာ ထင်းနေသည်။

ဒီလူ… အလယ်ခွဲဆံပင် အုပ်အုပ်မှာ နှာတံထင်းထင်းကို လမ်းမီးရောင်ကြောင့် မြင်ရသည်။ ဂစ်တာကို ရင်မှာပိုက်ပြီး သူ့သီဆိုသံက ပရော်ဖက်ရှင်နယ်ဒီဇိုင်းနဲ့ဖြစ်သည်။ အားလုံး စိတ်ဝင်စားနေတာကလည်း သူ့တစ်ယောက်ကိုပဲဖြစ်သည်။

“အဲဒီလူက ဒို့ရုပ်ကွက်ရဲ့မင်းသား ရွှေသားရဲ့၊ မှုန်ကုပ်ကုပ် ဂျစ်တူးတူးနဲ့ ဘယ်မိန်းကလေးမှ စိတ်မဝင်စားဘူး”

ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားဘူးဆိုတာ တကယ်လား။

www.burmeseclassic.com

www.burmeseclassic.com



စကားပြော ဂျစ်ကန်ကန်နိုင်တာကတော့ ရွှေသားကိုယ်တွေ့ဖြစ်သည်။

"ကြည့်ပါလား၊ သီချင်းဆိုနေတာတောင် မှုန်ကုပ်ကုပ်နဲ့"

"စတိုင်က အရမ်းမိုက်တာလည်း ပြောဦးလေ"

"အဲဒီ မှုန်ကုပ်ကုပ်ကပဲ ဆွဲအားပြင်းနေတာနော်… သဘောပေါက်"

"အိခိုင်တို့က ဒါမျိုးတော့ သိပ်ဖြစ်"

"ငါပြောတာ မဟုတ်လို့လား ရွှေသားရယ်… နော်"

အိခိုင်က ပခုံးချင်းတိုက်ပြီး ပြောသည်။

"အိခိုင်နဲ့ တန်ခူးကလည်း သူ့ကို ကြွေနေတာပေါ့၊ အဲဒီလိုလား"

"တို့မဟုတ်ဘူးဟေ့၊ အဆောင်မှာရှိတဲ့ မိန်းကလေးတိုင်းသူမှသူ၊ မယုံရင် ရွှေသားကိုယ်တိုင် လိုက်မေးကြည့်"

"အဲဒီစကား အိခိုင်ပြောတာနော်၊ တန်ခူးမပါဘူး"

"အဲဒါက ဘာစကားလဲ၊ တန်ခူးနော်"

"ဟုတ်တယ်လေ၊ တန်ခူးချစ်တဲ့သူက တခြားတစ်ယောက်၊ အိခိုင်ပြောတဲ့ ရွှေမင်းသား မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲ"

သီချင်းစိတ်အုံကြွခြင်းနောက်မှာ သူမက မေးခွန်းထုတ်သည်။

"ဟိုမှာလေ… ဟိုနားက တစ်ယောက်"

"တန်ခူးလူက ဟိုတီရှပ်အပြာနဲ့ အရပ်ရှည်ရှည်လူ… သိဟုတ်၊ သူက နံပါတ်ချိတ်ထားတာ၊ အဖြေတော့ မပေးရသေးဘူးပေါ့"

"အိခိုင်ကရော"

"တို့က အသားညိုလေးလေး၊ အရပ်သိပ်မမြင့်တဲ့ တစ်ယောက်၊ လိုတာမရတော့လည်း ရတာလေး ဖမ်းဆွဲထားရတာပေါ့"

"အိခိုင်ကလည်း ပြောတော့မယ်"

"သြော်… တကယ်ပြောတာ၊ အိခိုင် တကယ်လိုချင်တာက ရွှေမင်းသားရဲ့အချစ်"

တကယ်လား၊ နောက်တာလား မသိ။ သေချာတာက ဒီလူက မိန်းကလေးတိုင်းရဲ့ ညို့အားရှင်ဖြစ်နေတာ သေချာသည်။ လမ်းမီးရောင်အောက်မှာ သူ့မျက်ခုံးထူထူက ထင်းနေသည်။ လူကိုကြည့်တိုင်း စူးရှတဲ့မျက်ဝန်းတွေနှင့် တင်းတင်းစေ့ ပိတ်ထားတဲ့နှုတ်ခမ်းပါးတွေကြောင့် ရွှေသားကတော့ ရုပ်ချောပေမဲ့ ဒေါမာန်ပြင်းသောသူလို့ပဲ မြင်သည်။ သူသာ နူးညံ့သိမ်မွေ့သူတစ်ယောက်ဆိုရင် ဘယ်လောက် ကြည့်ကောင်းလိုက်မလဲ။

အခုနေများ ထိုလူရဲ့ဖိနပ် ရွှေသားထံရောက်နေကြောင်း ပြောလျှင် တစ်ဆောင်လုံး ဝရုန်းသုန်းကား ဖြစ်သွားနိုင်သည်။ သူရော ဘာဖြစ်လို့ သူ့ဖိနပ်ကို ရွှေသားအတွက် ရက်ရက်ရောရော ပေးလိုက်ရတာလဲ။ ဒုက္ခသည်မို့ မကြည့်ရက်လို့ ကူညီတာလား။ အတွေးနှင့် လှပသော ရွှေသားမျက်နှာလေး မျက်ခုံးတွန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"စွမ်း၊ မစွမ်းတော့ မသိဘူး၊ ဒါပေမဲ့ ဟောချက်က ကွက်တိ"

နှစ်ယောက်အတူ ဂျာနယ်ဖတ်နေရာမှ သီဟက ပြောလိုက်ခြင်း ဖြစ်သည်။

"အေးလေ၊ စနေထွက်မယ်လို့ မင်းဗေဒင်ထဲ ဟောထားတာပဲ၊ အခု သေချာသွားပြီ၊ ဖိနပ်ဆိုတာ စနေနံပဲ"

ကျော်ဦးက ဂျာနယ်ထဲမှ ဗေဒင်ကို အမွန်းတင်သည်။ သီဟက စီးကရက်တစ်ရှိုက်ဖွာပြီး အတည်ပြု၏။

စက်ကတော့ နာရီတကြည့်ကြည့်နှင့် သူ့ရင်မှာ ဖြစ်လာသည့် မချိမဆန့် တိုးတက်လာသော ဒေါသတွေကို ရေနွေးကြမ်းနှင့် မျောချနေရသည်။ ခြေထောက်မှာ စီးလာတာက အိမ်နေရင်း ဂျပန်ဖိနပ်။ လမ်းထိပ်ထွက်ရုံ၊ ကိုယ့်ရပ်ကွက်ထဲ လျှောက်သွားရုံကတော့ ဒီဖိနပ်က အကြောင်းမဟုတ်ပေမဲ့ မြို့ထဲထိသွားရမည့် အလုပ်ကျတော့ အကြောင်းဖြစ်လာစရာရှိသည်။ ပြီးတော့ ဒီနေ့ နာမည်ကြီးရုံးခန်းတစ်ခုမှာ ကွန်ပျူတာ သွားဆင်ပေးရန်ကိစ္စရှိသည်။



အခုတော့ ဒီဖိနပ်စုတ်နှင့် ရှေ့ဆက် ဘယ်လိုစခန်းသွားရမှန်း မသိတော့ အလိုလိုနေရင်း လူက ချွေးပျံလာ၏။

"မင်း ဖိနပ်ငှားလိုက်တဲ့သူကို မြင်တောင်မမြင်ဖူးဘူးလား စက်"

"မသိဘူး"

သူ ယတိပြတ်ငြင်းသည်။ ညက စက် ထင်သလို ဒီကောင်တွေ လက်ဖက်ရည်ဆိုင်မှာ စောင့်မနေခဲ့။ ထို့ကြောင့် အိမ်ရောက်အောင် ခြေဗလာနဲ့ လျှောက်ခဲ့ရသည်။ အိမ်ပေါက်လှမ်းတက်မှ နှစ်ကောင်သားက တစ်လုံးတည်းသော ဂစ်တာကို ကလိနေတာ မြင်ရသည်။

"ဟေ့ကောင်… စက်၊ ဒီနေ့ သီဟ ဝင်ငွေကောင်းလာလို့ ဒံပေါက်ဝယ်ထားတယ်၊ စားပြီးရင် အဆောင်သွားပြီး ဂစ်တာ သွားခေါက်မယ်"

ခါတိုင်းနေ့တွေလည်း စိတ်ကူးရလျှင် ရသလို ဖိုသီရီဆောင်ကို သွားပြီး သူတို့လို ဝါသနာတူသူတွေစုပြီး သီချင်းသွားဆိုနေကြပါ။ အခုတော့ ထိုပွဲကို သူ မလိုက်ချင်။

"ငါ နေခဲ့မယ်ကွာ၊ မင်းတို့ပဲ သွားတော့"

"ဘာဖြစ်လို့လဲကွ၊ မင်းကလည်း မင်းမပါလို့ဖြစ်မလား"

"လိုက်ခဲ့ပါကွာ… နော်"

"ဟုတ်တယ် စက်၊ ငါတို့က မင်းအားကိုးနဲ့ ကောင်မလေးတွေ သဘောကျအောင် လုပ်နေရတာ၊ တို့ချည်းသွားရင် လက်ဖက်သုပ် မပြောနဲ့ ရေတောင် တိုက်မှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပိုးသီရိမှာက သီဟနှင့် ကျော်ဦး ရစ်နေသော ဇာတ်မနှစ်ယောက် ရှိနေတာမို့ သူက ပါရမီဖြည့်သည့်သဘောနှင့် လိုက်တီးဆိုနေကျ။ ဒီနေ့တော့ သူ မလိုက်ချင်။ သီဟတို့ကလည်း ဇွတ်ခေါ်သည်။ စက်က စကားကြောတွေ မရှည်ချင်တာနှင့် ခေါင်းညိတ်လိုက်သည်။

"စက်… မင်းဖိနပ်ရော"

"အဘွားကြီးတစ်ယောက် ဖိနပ်ပြတ်သွားလို့ ငှားလိုက်တာ"

"ဘယ်လို… ဖိနပ် ငှားလိုက်တယ် ဟုတ်လား"

"အေး"

"ဟ… ဒါဆို မင်းဖိနပ်မပါဘဲ ဒီအတိုင်း ပြန်လာတာလား"

သူ ခေါင်းညိတ်လိုက်တော့ သူ့ကို ထူးဆန်းသည့် သတ္တဝါလို ကြည့်သည်။

"မင်းဟာက အထူးအဆန်းပါလား"

"ဘာမှ မထူးဆန်းဘူး"

ထိုည အဆောင်မှာ သီချင်းဆိုဖြစ်ကြသည်။ ဖိနပ်ကိစ္စ ထပ်မပြောမိ။

ဒီမနက် လက်ဖက်ရည်ဆိုင်မှာ ချိန်းထားတာက ဖိနပ်ကိစ္စ။ နှစ်ယောက်စလုံးရဲ့ အလုပ်က သူ့ထက်စောတာမို့ သူတို့ ဒီကိစ္စ မတွေ့နိုင်ဟု ထင်ထားသမျှ ဒီနှစ်ကောင်က ဒီမနက်မှ ဆိုင်မှာ ကျောက်ချထိုင်နေတာ တော်တော်နှင့် ထမည့်ပုံမပေါ်။

"မင်းဖိနပ် လာမပေးရင် နောက်တစ်ရန် ဝယ်စီးမှာလား"

"စီးစရာလားကွ၊ ကတ္တီပါက ဒီကောင် ဝယ်ထားတာ



အသစ်ကြီးကို၊ ချစီးတာ တစ်ပတ်တောင် မရှိသေးဘူး"

"သေချာပြီ သီဟ၊ ဧကန္တ အဘွားကြီးမှာ မင်းအရွယ်သားတွေဘာတွေရှိပြီး သူ့သားကို ပေးစီးလိုက်ပြီနေမှာပေါ့"

သီဟနှင့်ကျော်ဦးက သူ့ဖိနပ်အကြောင်း အမျိုးမျိုး ဝေဖန်ရေးလုပ်နေတာ နားညည်းလာ၏။

"ကဲ… မင်းတို့ မသွားသေးဘူးလား"

စက်ရဲ့ဒေါသက မြင်မြင်ရာ ပါ ဆွဲပတ်မွှေယမ်းချင်နေသည်။ ကိုယ့်ဖိနပ် ငှားသွားသူက အဘွားကြီးမဟုတ်မှန်းလည်း သိသည်။ ဘာသားမှ မရှိမှန်းလည်း အသိသာကြီးမို့ ဒီကောင်တွေ ပြောသမျှ အလကားရသော ဒေါသသာ လှိမ့်ထွက်ချင်နေမိလို့ ဖိနပ်ယူသွားပြီး အခုချိန်ထိ လာမပေးသေးသည့် မချောကိုလည်း ရိုက်ချင်နေသည်။

"ငါက ဒီနေ့ နောက်ကျလို့ရတယ်"

"သီဟ… မင်းရော"

"ငါလည်း အေးဆေးပဲ၊ မနက်ခင်းရဲ့ မဒီလေးတွေ ရှုစားပြီး ဦးနှောက်ကြည်ဆေး ကျွေးမလို့၊ မင်းလည်း အစောကြီးရှိသေးတာပဲ၊ နေပါဦး"

"မနေတော့ဘူး"

"ဆက်နေရင် ငါ လူသတ်မိမှာစိုးလို့၊ အလကား၊ အချိန်ကို မလေးစားတဲ့ဟာ"

စက်နှုတ်ဖျားက ဘယ်သူဘယ်ဝါလို့ အမည်တပ်ပြီးမပြောဘဲ နေရာက သူ ထထွက်လာခဲ့သည်။ အပေါ်ကတော့ ရှိုးစမိုးကျကျ ဝတ်ပြီး အောက်က ဂျပန်ဖိနပ်နှင့် သူ့ပုံစံက ရယ်စရာဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တောက်… ဒီဟာမလေး၊ နောက်တစ်ခါ တွေ့ကြည့်။ သိပ်စွာတဲ့နှုတ်ခမ်းလေးကို နောက်ထပ်မှတ်သွားအောင် ဒဏ်ခတ်ပစ်လိုက်မှအေးမယ်။

"ဘာတွေ မေတ္တာပို့နေတာလဲ"

"ဟင်… မင်း"

"ဟုတ်တယ်… ကျွန်မပဲ"

ကိုယ့်အတွေးထဲ ဒေါသတွေနှင့် နပန်းလုံးနေတာကြောင့် လမ်းထောင့်ချိုးက ထွက်လာတဲ့ သူမကို သတိမထားလိုက်မိ။ ဒူးကျစကာဒ်က ရေညှိစိမ်းရောင်ကို အတွင်းခံအင်္ကျီကအဖြူ၊ ချိုင်းအောက်သာသာ အပေါ်ထပ်အင်္ကျီက အမည်းလက်ဖောင်းလေးနှင့် အိတ်တစ်လုံးကို စလွယ်သိုင်း လွယ်ထားသည်။ ခြေညှပ်ဖိနပ်ပါးလေးက အနီရဲရဲကို သဲကြိုးထိပ်မှာ ပန်းပွင့်ကြီးနှင့် ဖြစ်သည်။

လှတာက တော်တော်လှသည်။ ဝင်းစက်နုဖတ်နေသည့် မျက်နှာလေးက တစ်နေကုန် ထိုင်ငေးချင်စရာကောင်းပေမဲ့ သူမ အလှထဲမှာ စက်ဒေါသက ကြာကြာမျောပါမသွား။ လှပသော ထိုမျက်နှာလေးကို ဒေါသထန်သော မျက်လုံးအစုံဖြင့် စိုက်ကြည့် ပစ်လိုက်သည်။

"မင်း စာနာတတ်ပါတယ်နော်"

"ရှင် ဘာပြောတာလဲ"

"ဘယ်အချိန်ရှိပြီလဲဆိုတာ နာရီကြည့်ဦး"

"ဆောရီး၊ လက်ဖက်ရည်ဆိုင်ကို လာမပေးတာ စိတ်မဆိုး



ပါနဲ့၊ ရှင့်သူငယ်ချင်းတွေ ရှိနေတာနဲ့"

"ဒီမှာ ရှင့်ဖိနပ်"

ရွှေသားက သူမ ကြွပ်ကြွပ်အိတ်အမည်းထဲ ထည့်လာတဲ့ ဖိနပ်ကို တရိုတသေ ထုတ်ပေးပြီး သူ့ရှေ့ချပေးသည်။ ဒီလိုဆိုတော့ လည်း စက်ရင်ထဲက ဒေါသက သူမအပြုအမူကြောင့် မီးကို ရေနဲ့ဖြန်းလိုက်သလို ရှဲခနဲအော်ပြီး ဟုတ်ခနဲ ငြိမ်းကျသွားတာ အံ့သြစရာတော့ ကောင်း၏။

"နောက်တစ်ခါ ဒီလိုမဖြစ်စေနဲ့"

"ဟုတ်ကဲ့"

"ရှင် အလုပ်နောက်ကျနေပြီလား"

"ဟင့်အင်း… ပုံမှန်ပါပဲ၊ မင်းရော"

"ရတယ်၊ ရွှေသားက ကိုးနာရီခွဲရောက်ရင် ပြီးရော"

မရည်ရွယ်ဘဲ စကားတပြောပြောနှင့် ကားမှတ်တိုင် ရောက်မိတော့လည်း အတူတူ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဘာခက်တာလဲ ကိုမိုး"

"မေးစရာမလိုဘဲ မင်း သိသင့်တယ်"

"ကိုမိုးက ငွေသားကို အပြစ်ပြောတာလား"

"အပြစ်မမည်ပေမဲ့ ဒါမျိုး မလုပ်သင့်ဘူးလေ၊ သူတို့က တခြားလူတွေမှ မဟုတ်တာ၊ မင်းမိဘအရင်းခေါက်ခေါက်တွေ"

မိုးထက်ညံ့အသံက ဒေါသသံပါနေသလို အပြောခံရသည့် ငွေသားမျက်နှာကလည်း တင်းမာနေသည်။

ငွေသားက သူ့မလက်ထဲကဘီးကို အသံမြည်အောင် ပစ်ချသည်။ အရင်တုန်းက သိမ်မွေ့ခဲ့သော ငွေသားအသွင်ရဲ့ ဟန်မူရာတွေ အခုတော့ ဘယ်ရောက်ကုန်မှန်းမသိအောင် သူမက ရိုင်းစိုင်းကြမ်းတမ်းလာတာ တခြားသူတွေ သတိမထားမိပေမဲ့ သူမနှင့် အနီးကပ်နေသည့် မိုးထက်ညံ့အတွက် ငွေသားအပြုအမူတွေက မမြင်ချင်အဆုံး ဖြစ်သည်။



"နေပါဦး ကိုမိုးရဲ့၊ နီလာတစ်ဆက်ဝတ်ပြီး မာမီတို့ကို သွားပြမိလို့ ငွေသားကို ကိုမိုးက အပြစ်ပြောနေတာလား၊ ဒါမှမဟုတ် အခုတစ်လောမှ ပြောင်းလဲသွားတဲ့ ငွေသားကို အပြစ်ပြောချင်တာလား"

"ဒါတော့ မင်း ကြိုက်သလို ထင်နိုင်တယ်"

"ကိုမိုး"

ငွေသားအသံက စူးရှနေ၏။

သူမက မေးလာပြီဆိုမှတော့ မိုးထက်ညံ့မှာ အဖြေပေးရန် တာဝန်ရှိလာသည့်အတိုင်း ဖြေခဲ့ပြီးပြီ။ ဒါကို မကျေနပ်တာတော့ သူလည်း မတတ်နိုင်။ မေမေတို့ပြောခဲ့တုန်းကတော့ ရွှေသားနှင့် လက်ထပ်သည့်အခါ ညှိနှိုင်းစရာတွေကတစ်ဆင့် ပဋိပက္ခတွေ အိမ်ထောင်ဦးကတည်းက ဖြစ်လာမည်ဆိုပဲ။ အကြောင်းကြောင်းကြောင့် မေမေ့သဘောကျ ငွေသားကို သူ လက်ထပ်ခဲ့တော့ ပိုဆိုးသည်။ လက်ထပ်ပြီးစကတည်းက ငွေသားဘက်က ဖြစ်ချင်တာတွေ၊ တောင်းဆိုချက်တွေက တစ်ခုပြီးတစ်ခု မပြီးနိုင်တော့တာ ဒီနေ့ ဒီအချိန်ထိဖြစ်သည်။

"ဟန်နီးမွန်းကို ဒီနိုင်ငံလောက်တော့ မသွားချင်ဘူး ကိုမိုး၊ ပတ္တရားကမ်းခြေကို သွားကြရအောင်"

တောင်းဆိုချက်က ပြင်းပေမဲ့ မေမေကိုယ်တိုင်က ငွေသားဘက်က ငွေသား တောင်းဆိုသမျှ လိုက်လျောဖြည့်ဆည်းပေးခဲ့သည်။ မိုးထက်ညံ့ကတော့ သူ့မဆန္ဒကို ခွင့်မပြု။

"ကိုယ် လိုက်မပို့ချင်လို့ မဟုတ်ဘူးနော် ငွေသား၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



သွားမဲ့ ကုန်ကျစရိတ်ကို ကိုယ်တို့မင်္ဂလာဦးအလှူအဖြစ်…"

"ဘာလဲ၊ ရွှေသားမဟုတ်လို့ အဲဒီနေရာက မင်းနဲ့ မတန်ဘူးလို့ ပြောချင်တာလား ကိုမိုး"

"ရွှေသားနဲ့ အခုကိစ္စ ဘာဆိုင်လို့လဲ ငွေသား"

"မသိဘူးလေ၊ ငွေသားနေရာမှာ ရွှေသားဆိုရင် သူပြောသမျှ ကိုမိုး ငြင်းပါ့မလား"

ငွေသားအသံက ခနိုးခနဲ့။ မျက်နှာမှာလည်း မနာလိုခြင်းဒေါသတွေ လျှံဝေနေတာကြည့်ပြီး မိုးထက်ညံ ငွေသားကို စိတ်ပျက်သွားသည်။ ညီမဖြစ်ပေမဲ့ ငွေသားက ရွှေသားအပေါ်မှာ မနာလိုဖြစ်နေတာပါလား။

"မင်း ရွှေသားကို မနာလိုဖြစ်နေတာလား ငွေသား"

"ဟုတ်တော့ ဘာဖြစ်လဲ၊ ဒီနေရာမှာ ရွှေသားက ကိုကြီးနှစ်ခါမခေါ်ရဘူး၊ ကိုမိုးတို့ လိုက်ပို့မှာ မဟုတ်လား"

"မင်း ပါးစပ်ပိတ်ထား ငွေသား"

"ငွေသားတို့က ဒါမရရင် ဟိုဟာလို့ အစားထိုးကျေနပ်တတ်သူမဟုတ်တော့လည်း ဟန်းနီးမွန်းခရီးထွက်မဲ့အစီအစဉ်မရှိဘူးလို့ပဲ မှတ်ပါ့မယ်"

"ရတယ်၊ ဘယ်မှ မသွားဘူး"

အခန်းထဲက ခြေဆောင့်ထွက်သွားသည့် သူမကို မိုးထက်ညံ ဒီထက်ပိုပြီးလည်း မပြောတတ်ခဲ့။ ချော့မော့ နှစ်သိမ့်ခြင်းဆိုတာ နှလုံးသားရဲ့ဆန္ဒမို့ သူက ထူးပြီး ငွေသားကို မနှစ်သိမ့်ခဲ့ပေမဲ့ မေမေတို့အားလုံးရှေ့ ကတိပေးပြီးသားလည်းဖြစ်၊ အန်တီရှိစီ



တို့ကလည်း တမေးတည်း မေးနေတာဟာ ဟန်းနီးမွန်းခရီးစဉ်ဘယ်ကိုရွေးသလဲဆို၍ သူက သူမစိတ်တိုင်းကျ ပတ္တရာကမ်းခြေလို့သာ ကြေညာခဲ့သည်။ ထိုစဉ်က သူမပြောရင် ပြောသလိုဖြစ်အောင် လုပ်ခဲ့သူက ငွေသား။ သူမက အောင်နိုင်သူအပြုံးနဲ့ ပျော်နေခဲ့သည်။

သူက ငွေသား ကြေညာတဲ့အတိုင်း လိုက်ပို့ခဲ့ပေမဲ့ စိတ်နှလုံးကြည်ဖြူစွာနဲ့ မဟုတ်။ စားထောက်ပြီး ရှိတာအကုန်ထုတ်လို့ စားပြတိုက်ခံရသူက ထုတ်တော့ ထုတ်ပေးတာမှန်ပေမဲ့ သဒ္ဓါကြည်ဖြူ၍မှ မဟုတ်တာ။ လုံးဝမပျော်။ ထိုထက်ပိုဆိုးသည်က ငွေသားက သူ့ဝင်ငွေအပေါ်မှာ ဝင်ရောက်စွက်ဖက်ခဲ့သည်။

"ကိုမိုး ရှာလို့ရသမျှငွေအားလုံး ငွေသားကိုပဲ အပ်ပါ"

"မင်းက ကိုယ့်ကို အမိန့်ပေးနေတာလား ငွေသား"

"ငွေသားက ကိုမိုးရဲ့ တရားဝင်ဇနီးပါ၊ ဒီလောက်လေးမှ ပြောခွင့်မရှိဘူးလား"

လက်ဝါးဖြန့်တောင်းလာတဲ့ ငွေသားမျက်နှာလှလှလေးကို မယုံကြည်စွာ သူ ငေးမောမိခဲ့တာ အခုထိ မမေ့နိုင်သေး။

"ဘာသုံးစရာရှိလို့လဲ ငွေသား၊ ဗီရိုထဲမှာ မင်းသုံးဖို့ မုန့်ဖိုးဆိုပြီး ကိုယ် ငွေအလုံအလောက် ထည့်ပေးထားတာပဲ"

"မုန့်ဖိုးဆိုတာ ကလေးတွေကို ပေးရတာလေ ကိုမိုး၊ ငွေသားက ကိုမိုးရဲ့မိန်းမ၊ ဇနီးမယားဆိုတာ ယောကျ်ားရှာသမျှ ပိုင်ဆိုင်ခွင့်ရှိတယ်၊ မဟုတ်ဘူးလား"

ထိုစကားပြောတာ လက်ထပ်ပြီး နှစ်လကြာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးစရင်းတွေ ငွေသား အကုန်အလွတ်ရတယ်နော်၊ ငွေသားကို ကလေးမုန့်ဖိုးပေးသလို နည်းနည်းလေး အပ်ပြပြီးတော့ ကျန်တာ မေမေတို့ဆီ ရောက်သွားမယ်ဆိုရင်တော့ ငွေသား သောင်းကျန်းမှာနော်၊ မယုံမရှိနဲ့"

"မင်း ငွေမက်လှချည်လား ငွေသား"

"အဲဒါတော့ ကိုမိုး ကြိုက်သလိုထင်"

"ကျစ်"

ရင်ထဲက ဒေါသကို ကြိတ်မျိုချလိုက်ချိန် ခြိမ်းခြောက်သူက အပြုံးများစွာနှင့်ဖြစ်သည်။ ဖေဖေက တစ်ချိန်တုန်းက ကလေး အထူးကုဆရာဝန်ကြီးအဖြစ် လျှမ်းလျှမ်းတောက်ခဲ့ပေမဲ့ အခုအခါ အသက်အရွယ်က စကားပြောလာ၍ သူပဲ အိမ်မှာအနားယူခိုင်းသည်။

မိဘ အားမငယ်စေရန် မိုးထက်ညံ့က သူ ရသမျှ အကုန် ထိုးအပ်ခဲ့ပေမဲ့ ငွေသားကိုလည်း မတောင့်မတ ထားခဲ့သော်ငြား သူမလောဘတွေက ဒီရေလို တရိပ်ရိပ်တက်လာခဲ့သည်။ ဒီရေကမှ အကျရှိ၍ ငွေသားကတော့ ဒီထက် ပိုတိုးဖို့သာရှိသော အတ္တ လောဘများနှင့် ဖြစ်ခဲ့တာမို့ မေမေကတော့ လူကြီးပီပီ။ ပြီးတော့ ကိုယ်တိုင် နှစ်သက်ခြင်းများစွာနဲ့ ရွေးချယ်ထားခဲ့တဲ့ ချွေးမဘက်က ပါပြန်သည်။

"သူဖြစ်ချင်တာ ဖြစ်ခွင့်ပေးလိုက်ပါ သားရယ်"

"ငွေသားက သားရဲ့မိန်းမပဲ၊ မိန်းမက မိန်းမအာဏာ၊ စီမံ ပိုင်ခွင့် အပြည့်အဝ ရချင်ရှာမှာပေါ့၊ မေမေတို့ကို ထည့်မတွက် နဲ့သား၊ ငွေသားလေးကိုသာ အလိုလိုက်လိုက်ပါ"



"မဟုတ်သေးဘူး မေမေ၊ ငွေသားအကြောင်း မေမေတို့ မသိသေးဘူး၊ သူက..."

"တော်ပါပြီ သားရယ်၊ သူ့အကြောင်း မေမေတို့ မသိလည်း ရှိပါစေ၊ သားတို့ချင်း ပြေလည်ဖို့ပဲ အရေးကြီးပါတယ်"

မိုးထက်ညံ့မိခင်က သမီးတစ်ယောက်လို ငွေသားကို ချစ် လည်းချစ်၊ အလိုလည်းလိုက်သဖြင့် ငွေသားကလည်း သူ့ကို နိုင်ချင်တိုင်းနိုင်ခွင့်ရနေ၏။ သူကလည်း မေမေ့မျက်နှာကြောင့် ငွေသားကို ပြောချင်သည့် စကားလုံးတွေ ရင်ထဲမှာပဲ မျိုသိပ် ထားခဲ့ရသည်။

ဒါ 'ယောက္ခမနဲ့ ချွေးမဆက်ဆံရေးမှာ ဝန်တိုတာတွေ၊ ငါစွဲအတ္တတွေနှင့် ယှဉ်ပြိုင်တာ သဘာဝကျပေမဲ့ ကိုယ့်မိဘကျတော့ ဒါတွေမရှိသင့်။ ငွေသားက မနေ့ကမှ အသစ်ဝယ်ထားသော နီလာတစ်ဆက်နှင့် သူမမိဘအိမ် သွားလည်သည်။

"ဒါ ကိုမိုးက ငွေသားကို မွေးနေ့လက်ဆောင် ဝယ်ပေး တာလေ မာမီရဲ့၊ ကိုမိုးနဲ့ လက်ထပ်ပြီးမှပဲ ငွေသားမွေးနေ့ဆိုတာ အထင်ကရ ဖြစ်လာတော့တယ်၊ နဂိုကဆို ပြက္ခဒိန်ကြည့်ပြီး ငါ့မွေးနေ့ ဘယ်နှစ်ရက်လဲလို့ စဉ်းစားရတာအမေ"

ပြောတဲ့သူမက ဘယ်လိုမှ မခံစားရပေမဲ့ ရွှေသားပေါက်၍ အပူမငြိမ်းသေးသော အန်တီရီစီတို့ကို မိုးထက်ညံ့က အားနာ၍ ငွေသားမိဘနှစ်ပါးအကြည့်က သူ့ထံ ရူးခနဲ ရောက်လာတော့ သူ မျက်နှာပူသွားသည်။

"ရွှေသားသတင်း ဘာကြားသေးလဲ အန်တီ"

www.burmeseclassic.com



"မကြားပါဘူးကွယ်၊ စိတ်မပူနဲ့လို့ စာရေးသွားရုံကလွဲပြီး"

စကားလွဲသည့်အနေနှင့် ရွှေသားအကြောင်း စကား စလိုက်တာနှင့် ငွေသားမျက်နှာ သိသာစွာ ပျက်သွားသည်။

ဒေါ်ရိစီက ရွှေသားအကြောင်းပြောတိုင်း စိမ့်ထွက်လာသော မျက်ရည်ကို တစ်ရှူးနှင့် တို့သုတ်ရင်း ပြောသည်။ ငွေသားကတော့ ဟွန်းခနဲ မဲ့သည်။

"ရွှေသားက အသက်နှစ်ဆယ်ရှိပါပြီ မာမီရာ၊ ကလေးမှ မဟုတ်တော့တာ၊ လိုချင်တာမရလို့ ထွက်သွားကြစတမ်းဆို ငွေသားဖြင့် ခဏခဏ ထွက်သွားရလို့ လမ်းဘေးရောက်နေလောက်ပြီ"

"ညည်း ဘာစကားပြောတာလဲ ငွေသား"

"ညည်းပြောချင်တာက ညည်းလိုချင်တာ မရခဲ့ဘူး ဟုတ်လား ငွေသား၊ လူကြားကောင်းအောင် ပြောမနေပါနဲ့၊ ညည်း လိုချင်တာမှန်သမျှ တစ်ဖက်လှည့်နဲ့ ရွှေသားဆီက ညည်းတောင်းခဲ့တာ မာမီ မသိဘူး ထင်လို့လား"

"တောင်းလို့ရတိုင်း ငွေသားပိုင်ပြီလို့ မာမီ ထင်နေလား"

"ငွေသား… မိဘကို ပြန်မပြောရဘူးလေ"

"ငွေသား အမှန်တွေ ပြောနေတာ ကိုမိုး"

"ဘာ"

"ညည်း… ငွေသား… ညည်းက"

"တော်တော့ ငွေသား"

"အန်တီ့ကို ငွေသားအစား ကျွန်တော် တောင်းပန်ပါတယ်၊



ကျွန်တော်တို့ကို ခွင့်လွှတ်ပါ"

"လာ… ငွေသား၊ သွားမယ်"

ငွေသားလက်ကို လှမ်းဆွဲပြီး မိုးထက်ညဲက ပြန်လာခဲ့သည်။ ဒီဖြစ်ရပ်ကြီးမှာ ကိုယ်တိုင်ပါဝင်ခဲ့ရသလိုမို့ သူက ငွေသားမိဘတွေကို မျက်နှာလည်းပူသည်။ ကိုယ့်အဖြစ်က သက်မဲ့ပစ္စည်းတစ်ခုလို ကြိုးဆွဲရာပါနေသည့် အဖြစ်ကိုလည်း ဒေါသဖြစ်သည်။ ငွေသား လုပ်ပုံက လွန်လွန်း၍ ငွေသားကိုလည်း မကြိုက်။ သူမ လုပ်ပုံကို ရှက်လည်း ရှက်သည်။ ငွေသားက မိဘကို မငဲ့ညှာသော သမီးမိုက် ဖြစ်မှန်းမသိ ဖြစ်နေတာကိုလည်း အံ့ဩသည်။

မေမေ သိပ်ချစ်တဲ့၊ မေမေ့စိတ်ကြိုက် ရွေးထားတဲ့ မေမေ့ ချွေးမရဲ့ အကျင့်စရိုက် အစစ်အမှန်က ဒီလိုပါဆိုပြီး မိခင်ကြီးကို သူ သိသမျှ ငွေသားအကြောင်း ဖွင့်ပြောဖို့ကလည်း မလွယ်။

မေမေနှင့် ဖေဖေ စိတ်ဆင်းရဲမှာကိုလည်း သူ မလိုလားသောကြောင့် ဖြစ်သမျှအားလုံး ရင်စည်းခံရင်း သူ့မှာ ဖိစီးမှုတွေ များလာသည်။ ငွေသားကတော့ ဘာကိုမှ ဂရုမစိုက်။ ညအိပ်ရာဝင်ခါနီးမို့ ရေချိုးခန်းဝင်ခြင်း၊ တစ်ကိုယ်လုံး လိုးရှင်းလိမ်းခြင်းတွေကို စိတ်တိုင်းကျ ပြင်ဆင်ပြီး သူ့ဘေးနား ဝင်လှဲတော့ မွှေးရနံ့က လိုတာထက် သင်းထုံကြိုင်လှိုင်နေပေမဲ့ မိုးထက်ညဲ စိတ်ထဲ ရင်ခုန်ကြည်နူးခြင်းမဖြစ်မိဘဲ ငွေသားအပေါ်မှာ စိတ်ပျက် စိတ်ကုန်နေတာပဲ ရှိသည်။

အစတည်းက ငွေသားကို မိုးထက်ညဲ ချစ်လို့လက်ထပ်ခဲ့ရတာမဟုတ်။ ရွှေသားနေရာ ပုံမှားရိုက်ပြီး ဝင်လာသည့် ငွေသား

www.burmeseclassic.com

www.burmeseclassic.com



အကြဲကြောင့် ရွှေသားနှင့်သူ ချစ်လျက်နှင့် ဝေးခဲ့ရသည်။ ယောကျ်ားကြီးဖြစ်သည့် သူတောင် ဒီလောက် ခံစားနေရရင် နုနုငယ်ငယ် မိန်းမသားဖြစ်သည့် ရွှေသားရင်ထဲ ဘယ်လိုရှိမည် မသိပါ။

မွေးလွန်းတော့နံဆိုတာ ဒါမျိုးလားဆိုတာမျိုး။ မိုးထက်ညို့ အတွက် အဖြေက မရှိ။ ငွေသားကတော့ သူမကို မကြည့်ချင်လို့ ကျောခိုင်းထားသည့် မိုးထက်ညံကို နောက်ကျောမှ သိုင်းဖက်သည်။

"ကိုမိုး"

"ဒီဘက်လှည့်ပါဦး ကိုမိုးရဲ့၊ ငွေသားကို အဲဒီလိုဥပေက္ခာပြုမထားပါနဲ့၊ ငွေသားကလေ ကျောခိုင်းခံရတာတွေများတော့ လူတွေရဲ့ ကျောပြင်ဆို မကြည့်ချင်လောက်အောင် မုန်းတယ်၊ အထူးသဖြင့် ငွေသားချစ်လို့ မရမက သိမ်းပိုက်ထားတဲ့ ယောကျ်ားက ငွေသားကို ကျောမခိုင်းနဲ့"

"ဒီဘက်ကို လှည့်ပါဦးဆို"

ပြောလည်းပြော လူကို ဖွတ်အတင်းကြီး သူ့ဘက်ဆွဲလှည့်နေ၍ မိုးထက်ညံ အလျော့ပေးတော့ သူမက သူ့ရင်ခွင်ထဲ တစ်ကိုယ်လုံး တိုးဝင်လာသည်။

"ချစ်တယ် ကိုမိုးရယ်"

ရင်ခွင်ရာသီသည် နွေးထွေးအိစက်သော ကိုယ်လုံးအား ပွေ့ဖက်ထားရပေမဲ့ နွေးထွေးမလာဘဲ မိုးထက်ညံရင်ခုန်သံက အေးစက်နေ၏။



အခုချိန် ရွှေသား ဘယ်မှာလဲ။ ဘယ်လိုနေရှာမလဲ။ ငွေသားက အချစ်မှုးသံစဉ်တွေနှင့် အချစ်ရူးနေချိန်မှာ မိုးထက်ညံရင်ထဲ၊ နှလုံးသားထဲ လှိုက်လှဲစွာ တမ်းတသတိရနေမိသူက ရွှေသား။

ချစ်သောသူနဲ့ ကွေကွင်းရတဲ့အဖြစ်။ မချစ်မနှစ်သက်သူနဲ့ ပေါင်းသင်းရတဲ့ သူ့အဖြစ်က ဝဋ်ဆိုရင် ဒီဘဝ ဒီမျှနဲ့ပဲ ကြေပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

''ကြည့်စမ်း၊ သုံးယောက်တည်း စားနေကြတယ်ပေါ့၊ ကိုယ်တို့ကို မခေါ်ဘူးလား''

အသံနှင့်အတူ ရွှေသားတို့နား ရောက်လာသည့်လူက တစ်ယောက်တည်းမဟုတ်။ အားလုံး သုံးယောက်။

''ဟယ်... ကိုသီဟ''

''အံမယ်မယ်... လူတွေ့မှ ကိုသီဟတဲ့၊ စောစောကတော့ မသိချင်ယောင်ဆောင်ပြီးတော့၊ ကဲ... ကိုယ်တို့လည်း ဘရိတ်ဖက်(စ်) ဘာမှ မစားရသေးဘူး၊ ဘာကျွေးမှာလဲပြော''

''ဘာမှမကျွေးဘူး''

''တန်ခူးကလည်းဟယ်''

တန်ခူးက မျက်နှာတည်တည်နဲ့ ဝင်ပြောတော့ အိခိုင်က ကိုသီဟကို အားနာသလိုနှင့် ဟဲ့ခနဲတားသည်။

''လာတားမနေနဲ့ အိခိုင်၊ သူတို့က ယောကျ်ားလေးလေ၊ ကျွေးမဲ့ကျွေး သူတို့ကျွေးပေါ့၊ တန်ခူးတို့တော့ မကျွေးနိုင်ပေါင်''



''ကိုယ်က အလကားစတာပါ''

''တန်ခူးစားချင်တာပြောလေ၊ ကိုယ် ကျွေးမယ်''

''တကယ်ပြောတာလား''

''တကယ်ပေါ့''

သီဟက ခပ်ပြုံးပြုံးပြောရင်း တန်ခူးနား ကော်ခုံလေးဆွဲကာ ကပ်ထိုင်တော့ အိခိုင်နားသို့ ကျော်ဦးက အလိုလိုရောက်သွားသည်။ ကျော်ဦးက ရွှေသားဘေးနားက ထိုင်ခုံကို လက်နဲ့ပုတ်ပြသည်။

''ထိုင်လေ... မင်းလဲ''

စက်က ဝင်ထိုင်တော့ ရွှေသားက စက်ကိုမကြည့်။ ခပ်တည်တည် မျက်နှာလေးနှင့် မုန့်ဟင်းခါးကို မွှေနှောက်နေ၍ အိခိုင်က သူတို့နှစ်ယောက်ကို လှမ်းကြည့်သလို စက်ကလည်း ရွှေသားလုပ်နေပုံက အထူးအဆန်းကို ပြန်ကြည့်သည်။

''မိတ်ဆက်ပေးရဦးမယ်... ရွှေသားရေ၊ ဒါက ကိုကျော်ဦးတဲ့၊ သူက...''

''သီဟပါခင်ဗျာ''

သီဟက ရွတ်နောက်နောက်နှင့် ဝင်ပြောတော့ တန်ခူးက သီဟကို မျက်စောင်းထိုးသည်။

''အပိုးကို မကျိုးဘူး''

''သြော်... အိခိုင် ပါးစပ်သြောင်းနေမှာစိုးလို့ပါခင်ဗျာ၊ ကျန်တဲ့တစ်ယောက်နဲ့ပါ ကိုယ် ထပ်မိတ်ဆက်ပေးလိုက်မယ်၊ သူက''

''မလိုဘူး''

www.burmeseclassic.com

www.burmeseclassic.com



"မလိုဘူးဆိုတော့ မင်းတို့က သိပြီးသားလား"

"အို… မသိပါဘူး"

ရွှေသားက ဦးအောင် ထငြင်းတော့ စက်မျက်ခုံးထူထူတွေ တွန့်ခနဲဖြစ်သွားပြီး ရွှေသားမျက်နှာလှလှလေးကို စိုက်ကြည့်ပစ်သည်။ ဒါက ဘာအထာလဲ။

နံနက် နေရောင်နုနုအောက်မှာ ရွှေသားက အဖြူခံပေါ် ပန်းရောင်အပွင့်လေးတွေပါသော ဂါဝန်ရှည်လေးကို အပေါ်မှ ဆွယ်တာအနက်ရောင်တစ်ထပ် ထပ်ဝတ်ထားကာ လူကိုလည်း ရဲရဲမော့မကြည့်ရဲသည့်ပုံနှင့် မုန့်တွေမွှေနှောက်နေတာကို ကြည့်ပြီး စက် သူမကို နားမလည်နိုင်အောင် ဖြစ်နေသည်။

နှစ်ယောက်တည်းဆိုရင် မင်းဘာဖြစ်နေတာလဲ ရွှေသားလို့ မေးလိုက်မိမှာပါ။ အခုတော့ သူတို့နားမှာ လူစုံနေတော့ စက် ပါးစပ်ကို ပိတ်ထားလိုက်သည်။

စက်က သူမ သူ့အကြောင်း သိဟာတို့ကို ပြောမပြတာ ဒီကောင်တွေ နောက်ပြောင်မှာ စိုး၍ပါ။ ဒီနှစ်ကောင်က နဂိုကတည်းကမှ မျက်နှာပြောင်သည်။ အစအနောက်ကသန်သန်မို့ ကိုယ့်ကြောင့် တစ်ဖက်သား မိန်းကလေး အနေကျဉ်းကျပ်မှာစိုး၍ မပြောတာကလွဲပြီး လျှို့ဝှက်စရာ ဘာမှမရှိ။ ဒါပေမဲ့ သူမက အခုလို မသိတဲ့ပုံဖမ်းနေတော့လည်း စက်က အသည်းတယားယား ဖြစ်လာကာ သူ့ကိုယ်ကြီးကို ရွှေသားဘက် ပိုပြီးတိုးကပ်လိုက်တော့ ရွှေသားမျက်နှာလေး ပန်းနုရောင်ဖြစ်သွား၏။

"ကိုယ့်ကို မင်း တကယ် မသိဘူးလား"



"အို… ရှင့်ကို ဘာလို့သိရမှာလဲ"

စက်က ရွှေသားနား ကပ်မေးတော့ တစ်ဝိုင်းလုံးရဲ့ အာရုံက သူတို့နှစ်ယောက်ဆီ ရောက်လာ၍ ရွှေသားမျက်နှာလေး ဆေးနီ ရေနှင့် အပက်ခံရသလို နီရွေးသွားပုံက လှသည်။

"မသိပါဘူး"

ရွှေသားက မျက်နှာပျက်ပျက်နဲ့ ဖွတ်ငြင်းတာ အသည်း အသန်ဆိုတော့ စက်နှုတ်ခမ်းမှာ အပြုံးသဲ့သဲ့ လှစ်ခနဲ ရောက်လာ တာ သူမကို စချင်လို့ပါ။

"ကိုယ်ကတော့ မင်းကို သိတယ်"

"ဟင်…"

"ဟိုတစ်ခါက လ်က်ဖက်ရည်ဆိုင်မှာ မင်း ကိုယ့်ကို ရန်တွေ့သွားဖူးတယ်လေ၊ မှတ်မိလား"

"အင်း"

သူမက ရင်ထဲ အလုံးကြီးကျသွားသည်။

"ဆောရီး"

"အဲဒီတုန်းကကိစ္စ ရွှေသား တောင်းပန်ပါတယ်၊ ရွှေသားက ရှင်ပြောတဲ့စကားကိုကြားပြီး ဒေါသအရမ်းထွက်သွားတာနဲ့"

"တို့က စက်ပါ"

"ဟုတ်… ရွှေသားပါ"

"ကဲ… မိတ်ဆက်လို့ ပြီးသွားပြီဆိုရင် ဒီဝိုင်းကို ဘယ်သူ ဒကာခံမလဲ"

"အဲဒါ ကိုသီဟာတာဝန်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်… တခြားသူတစ်ယောက်များ သဒ္ဒါပေါက်ပြီး ရှင်းပေးချင်မလားလို့ပါ"

"ဘာဆိုင်လို့လဲ"

"သိပ်ဆိုင်တာပေါ့ တန်ခူးရယ်၊ ခင်မင်တယ်ဆိုတာက အစားအသောက်လေးပါတော့ ပိုပြီး ခင်မင်မှု တာရှည်တာပေါ့"

"ဘာမှမဆိုင်ဘူး"

တန်ခူးက တိုးတိုးကျိတ်ကျိတ်နဲ့ သိဟနှင့် ရန်ဖြစ်ကောင်း တုန်းမှာပဲ စက်ထံမှ အသံထွက်လာ၏။

"ဒီဝိုင်းကို ငါ ရှင်းပါ့မယ်"

"အို… မဟုတ်တာ၊ ရွှေသား ရှင်းပါ့မယ်"

"ဒကာက နှစ်ယောက်ဆိုတော့ လုရှင်းမနေနဲ့၊ စက်… မင်းက မုန့်ဟင်းခါးကျွေး၊ ရွှေသားက လက်ဖက်ရည်တိုက်"

"အာ… လက်ဖက်ရည်ဆိုင်တော့ မိန်းကလေးတွေ မခေါ်ပါနဲ့ကွ"

စက်က ရွှေသား လိုက်လာမှာကို မကြိုက်သလို သူ ဖြစ်ချင်တာကို အသည်းအသန် ထတားသည်။ တစ်လမ်းလုံး တစ်ရပ်ကွက်လုံးက ရွှေသားကို စိတ်ဝင်စားနေကြတာမို့ လက်ဖက်ရည်ဆိုင်ထိုင်လို့ကတော့ အားလုံး ရွှေသားကို ဝိုင်းကြည့်သော မျက်လုံးဒဏ်နဲ့ပင် ရွှေသား ပိသေသွားနိုင်သည်။ ကျော်ဦးကတော့ တမင်ဖျစ်ညှစ်ရယ်သောအသံနှင့်ရယ်ပြီး စက်နှင့်ရွှေသားကို လှမ်းကြည့်သည်။

"ဒီခေတ်က အိုင်တီခေတ်ကွ၊ လက်ဖက်ရည်ဆိုင် မပြောနဲ့၊



ဘီယာဆိုင်တောင် မိန်းကလေးတွေ ထိုင်နေကြပြီ"

"အဲဒီလို မိန်းကလေးတွေထဲမှာ ရွှေသားမပါဘူးကွ"

ဆိုသည့်စကားကို စက် စိတ်ထဲကပဲ ပြောလိုက်သည်။

"မင်းတို့သောက်ချင်ရင် ငါ တိုက်ပါ့မယ်၊ မကောင်းပါဘူး၊ အိခိုင်တို့ကို အားနာစရာကြီး"

"အမယ်… အားနာစရာမလိုပါဘူး၊ ဒီနေ့ ဆန်းဒေးဆိုတော့ သုံးယောက်လုံး အလုပ်ပိတ်ရက်ဆိုတော့ အားတယ်၊ လိုက်ထိုင်မယ်၊ ဘယ်လိုလဲ… ရွှေသား၊ အိခိုင်တို့နဲ့ လိုက်မယ်မဟုတ်လား"

"အိခိုင် သဘောပဲ"

"တွေ့လား၊ ရွှေသားက လိမ္မာပြီးသား"

"အဆောင်ကို တစ်ယောက်တည်း မပြန်ချင်လို့ပါ"

ရွှေသားက ဝင်ပြောတော့ စက်က မှုန်တေတေနှင့် ရွှေသားကို လှည့်ကြည့်သည်။ အားလုံးက ဒီက စားပြီးလျှင် လက်ဖက်ရည်ဆိုင် ချီတက်ကြမည့်ပုံစံတွေက တကယ်ပဲမို့ စက် ဒီအတိုင်း ငြိမ်နေလို့ မဖြစ်တော့။ ထို့ကြောင့် အနားရှိသော ရွှေသားကိုပဲ ခပ်တည်တည် ကြည့်သည်။

"မင်းတစ်ယောက်တည်း အဆောင်မပြန်ရဲရင် ကိုယ်လိုက်ပို့မယ်… ဖြစ်မလား"

"ရှင်…"

"လက်ဖက်ရည်ဆိုင်နဲ့ မိန်းကလေး ဘာမှမဆိုင်ဘူး၊ အဆောင်ပြန်ပြီး လုပ်စရာရှိတာ လုပ်လို့ပြောတာ"

"အို…"

www.burmeseclassic.com

www.burmeseclassic.com



"အိခိုင်တို့က အဆောင်မှာ ဒီနေ့ ဘာမှလုပ်စရာမရှိဘူး စက်ရဲ့"

အိခိုင်က စက်နှင့်ရွှေသားကိုကြည့်ပြီး ဝင်ပြောသလို သီဟတို့နှစ်ယောက်အကြည့်ကလည်း စက်နှင့် ရွှေသားကို ဘယ်လိုလဲဆိုသည့် ပုံစံနှင့် အကဲခတ်နေကြသည်။

"စားပြီးရင် ပြန်"

အိခိုင် ဘာပြောပြော စက်က ရွှေသားကို တစ်ချက်လွှတ်အမိန့်ထုတ်တော့ ရွှေသားက စက်ကို မကျေမနပ်အကြည့်လေးတွေနှင့် မျက်စောင်းထိုးသည်။

"နေရာတကာ သူ့အမိန့်ချည်းပဲ"

"မပြန်ပါဘူး၊ ဘာလို့ပြန်ရမှာလဲ"

စက်စေတနာကို စေတနာမှန်းမသိ။

သူ့ကို တစ်ခွန်းမခံ စူပွပွနှင့် ပြောပုံလေးက ထိုင်ငေးချင်စရာကောင်းအောင် လှသည်။ ချစ်စရာကောင်းသည်။

ရွှေသားက စက်ရှေ့မှာ ငြူငြူစူစူနှင့် စိတ်ဆိုးချင်ယောင်ဆောင်ပေမဲ့ စိတ်ထဲက သူ့စကားတော့ နားထောင်ချင်နေတာ ဘာကြောင့်မှန်း တကယ်မသိပါ။ သူမ အလုပ်ဆင်းချိန် နောက်ကျမှန်းသိ၍ ရွှေသားအပြန်ဆို ကားဂိတ်မှာ စက်ကို တွေ့ရမြဲဖြစ်သည်။ တွေ့ကြပြန်တော့လည်း စကားအကောင်းပြောတယ်ဆိုတာ မရှိ။ သူလည်း ရှေ့ကားကနေပဲ ဆင်းသလိုလို ဘာလိုလိုပုံစံအပြည့်နဲ့ဆိုတော့ ရွှေသားကို စိတ်မချလို့ လာစောင့်ပေးနေတာကို သိရက်နှင့် ရွှေသားနှုတ်က ထုတ်မမေးရဲသလို သူကလည်း



ဖွင့်မပြောပါ။ ဒီပုံနှင့် ကားဂိတ်ရောက်တိုင်း ကားရပ်တာနှင့် စက်များရောက်နေမလားလို့ အကျင့်ပါနေသော မျက်လုံးလေးတွေနှင့် လိုက်ရှာမိတတ်သလို သူကလည်း ရွှေသား ရှာနေတာမြင်တာနှင့် သူရှိနေကြောင်း တစ်နေရာက အရိပ်ပြ ထွက်ကြိုနေကြဆိုတော့ တစ်ယောက်မျက်နှာ တစ်ယောက် မြင်လိုက်ရမှ သက်ပြင်းကိုယ်စီ ချနိုင်ကြသည်။

"ရှင်တို့ အခုတစ်လော အဆောင်ရှေ့ သီချင်းလာမဆိုပြန်ဘူးနော် ကိုသီဟ၊ အဆောင်သူတွေက စက်ကို ပွဲတောင်းနေကြတာ"

"ဒီကောင် အခုတစ်လော အိမ်ပြန်နောက်ကျတယ် အိခိုင်ရဲ့၊ ကိုးနာရီခွဲလောက်မှ အမြဲပြန်ရောက်တော့ ထမင်းစား ရေမိုးချိုးနဲ့ ဆယ်နာရီကျော်သွားရော"

ကိုကျော်ဦးက ရိုးရိုးသားသား ပြောပေမဲ့ ရွှေသားအကြည့်တွေက စက်ထံ ဖျတ်ခနဲ ရောက်သွားပြီး သူ ဘာလို့ နောက်ကျကြောင်း သိနေ၍ စိတ်ထဲ မလုံမလဲဖြစ်ရသည်။ သူ နောက်ကျတာ ရွှေသားကြောင့်ဆိုတာ ဖွင့်မပြောဘဲ သိနေ၏။ တစ်ခါတစ်ရံ ကားပေါ်က ဆင်းဆင်းချင်း သူ့ကို မတွေ့၍ ဟိုဟိုဒီဒီ ရှာကာ တံတားကြီးပေါ်ရောက်မှ ဘယ်က ထွက်လာမှန်းမသိဘဲ အနားရောက်လာ၏။

"ဘာရှာနေတာလဲ"

"မရှာပါဘူး"

ရှက်အမ်းအမ်းအဖြေစကားကို သူက မယုံသလို ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မညာတတ်ဘဲ မညာနဲ့"

"ဘာညာလို့လဲ"

"မင်း ကိုယ့်ကို ရှာနေတာ မဟုတ်လား"

"သိရဲ့သားနဲ့၊ ဘာလို့ မေးနေသေးလဲ"

"သိချင်လို့"

"ဘယ်လိုလဲ၊ ကိုယ့်ကို မတွေ့တော့ ကြောက်သွားပြီလား"

လမ်းအတူယှဉ်လျှောက်ရင်း ခပ်တည်တည်နဲ့ မေးတာမျိုးလည်း ရှိသည်။ ထိုအခါမျိုး၌ ရွှေသားကလည်း တမင်အရွဲ့တိုက်သည်။

"ဘာကိုကြောက်ရမှာလဲ၊ ဘာမှမကြောက်ဘူး"

"ဟာကယ်လား"

"ဟုတ်တယ်"

"ဒါဆို နောက်နေ့ လာမကြိုတော့ဘူး"

သူ့စကားအဆုံးမှာ ရွှေသားမျက်နှာ ကွက်ခနဲပျက်သွားတာ ထိန်းလို့ပင်မရ။

"ကောင်မလေးတစ်ယောက် ငိုတော့မယ်"

"ရှင် ရွှေသားကို မစနဲ့နော်"

"ချစ်လို့စတာ ဘာဖြစ်လဲ"

"ဩော်... ရှင့်စကားက ဘာကြီးလဲ"

"ကိုယ်ပြောတာ ရိုးရိုးသားသားပါ၊ တခြား အဓိပ္ပာယ် မကောက်ပါနဲ့"

"ဒါဆိုလည်း ပြီးရော"

ယောက်ျားလေးတွေက လက်ဖက်ရည်ဆိုင်ကို ဆက်ချိတက်



ကာ ရွှေသားတို့က အဆောင်ဆီ ပြန်လာခဲ့သည်။ ဒါတောင် အိခိုင်တို့က အကဲခတ်မျက်ဝန်းတွေနှင့် ရွှေသားဆီမှ နည်းနည်းမှ မခွာ။

"နင်နဲ့စက်က ဘယ်လိုတွေလဲ ရွှေသား"

"ဘာကို ဘယ်လိုရမှာလဲ အိခိုင်ရဲ့"

"ငါ့အထင်ပြောရရင် နင်နဲ့စက်က အခုမှခင်တာ ဟုတ်ရဲ့လား"

"ဟုတ်တယ် အိခိုင်၊ သူတို့ကြည့်ရတာ တစ်မျိုးပဲ"

"တန်ခူးလည်း အိခိုင်လိုပဲ၊ စိတ်ထဲ ထူးခြားနေတယ်၊ မှန်မှန် ပြောနော် ရွှေသား၊ နင်တို့ကြည့်ရတာ တအားရင်းနှီးနေသလိုပဲ၊ ကဲ... လိမ်စမ်းပါဦး"

အဆောင်ပြန်ရောက်တာနှင့် တန်ခူးနှင့် အိခိုင်က ရွှေသားရှေ့ တည့်တည့်ထိုင်ကာ စစ်ဆေးကြတော့ ရွှေသား ဘာပြောရမှန်းမသိ။ စိတ်ရှုပ်ရှုပ်နှင့် ဆံပင်တွေ ထိုးဖွရင်း သူနှင့်စက်အကြောင်း ဘယ်လို ပြောရမှန်းမသိ ဖြစ်နေ၏။

"လိမ်စရာလား၊ သိမှမသိတာ၊ မသိဘူးပေါ့"

"ဒါဆို နင့်ကို ဟိုက ဒီလိုနေ ဟိုလိုနေ အပိုင်ပြောနေတာက ဘာလဲ"

"သူ့ဘာသာ ပြောချင်လို့ပြောတာ ရွှေသားနဲ့ ဆိုင်လို့လား"

"သိပ်ဆိုင်တာပေါ့၊ အကြောင်းမသိရင် စက်နဲ့ ရွှေသားက တကယ့် ချစ်သူရည်းစားတွေကြနေတာပဲ"

"ရွှေသားဘက်ကတော့ လုံးဝ ရိုးသားတယ်ဆိုတာယုံ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို စက်ကတော့ ရွှေသားအပေါ် မရိုးသားဘူး ဒီလိုလား"

"အာ… ဘာတွေမေးနေတာလဲ၊ ရွှေသား စိတ်ရှုပ်လာပြီ၊ တော်တော့"

"မတော်ဘူးဟော့၊ မတော်ဘူး၊ အိခိုင်တို့က သိချင်တာဆို သိကိုသိရမှ၊ ရွှေသား မပြောလည်း ရတယ်၊ ကိုယ့်ဘာသာ စုံစမ်းယုံပဲ"

"စိတ်ထင်ရာတွေ လျှောက်မလုပ်နဲ့နော် အိခိုင်"

"အမလေး… ဒီလောက်တော့ သိပါတယ်၊ စိတ်ချပါ၊ ရွှေသား ထိခိုက်အောင် မလုပ်ပါဘူးတဲ့၊ ကဲ… ကျေနပ်ပြီလား"

"မကျေနပ်လို့မှ မရဘဲ၊ ကျေနပ်ရမှာပေါ့"

ရွှေသားက အလုပ်မရှိ အလုပ်ရှာပြီး နေရာက ရှောင်ထွက်တော့ အိခိုင်တို့နှစ်ယောက်က မကျေမနပ်နှင့် ကျန်ခဲ့သည်။

ရွှေသား ချစ်ခဲ့ဖူးပါသည်။ ရင်ခုန်ခဲ့ဖူးသည်။ အသည်းလည်း ကွဲခဲ့ဖူးသည်။ ရွှေသားကိုယ်တိုင် ကိုကြီးကို မေ့ပစ်ဖို့ ကြိုးစားခဲ့သည့်အချိန်တွေ ဘယ်လောက် နာကျင်ခဲ့ရလဲ။ အတိုင်းအဆမဲ့ အလွမ်းတွေအောက်မှာ နောက်တစ်ကြိမ် ရင်ခုန်သံ မရှိနိုင်တော့ဘူးလို့ ထင်ခဲ့တာ ရွှေသားက အသိဆုံးလေ။

## အခန်း (၁၇)

"သြော်… ဟေမာက ညာစရာလား၊ တကယ်ပါဆို၊ စက်ဆိုတဲ့သူ ဟေမာတို့နဲ့အတူ ထမင်းလက်ဆုံစားခဲ့ရတာ"

ပျိုသီရိအဆောင်သူလေး ဟေမာ့စကားကြောင့် အားလုံး စိတ်ဝင်စားမှုတွေက သူမထံ စုပြုံသွား၏။

"ပြောပါဦး၊ နင်နဲ့စက်က အဆက်အစပ်လည်း မရှိဘဲနဲ့"

"သြော်… ဒါက ဒီလိုပဲ ဆက်စပ်မိသွားတာပေါ့"

ပြောသည့်လူကလည်း ခပ်တည်တည်။ နားထောင်တဲ့သူတွေကလည်း မယုံတစ်ဝက် ယုံတစ်ဝက်။

အားလုံး စုကြည့်ရန် ငှားထားသော အခွေက ဖွင့်ထားလျက်သားကြီးနှင့် ဇာတ်လမ်းကို ဘယ်သူမှ စိတ်မဝင်စား။ ဥပေက္ခာပြုထားလိုက်သည်။ သူတို့ စိတ်ဝင်စားနေတာ စက်ဆိုသည့် ရွှေမင်းသားနှင့် ဟေမာ့ဇာတ်လမ်းဖြစ်သည်။ နိုင်ငံကျော်မင်းသားတောင် စက်နှင့်ယှဉ်ရင် ကျောခိုင်းခံလိုက်ရမည်။ စက်နှင့်အတူ ထမင်းစားခဲ့ရပါသည်ဆိုသော ဟေမာအား အဆောင်ရှိ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေအားလုံး ဝိုင်းသွားတော့ အိနိုင်က မသိမသာ မျက်နှာကို မဲ့ပြပေမဲ့ အိနိုင်နဲ့ တန်းရူးတို့နှစ်ယောက်လည်း ထိုစကားဝိုင်းနားက မခွာနိုင်ခဲ့။

"ဖူးစာဆိုတာ အဲဒီလို တိုက်ဆိုင်တာက စတာပဲဟ၊ ဟောမာတို့ရုံးက ကွန်ပျူတာတစ်လုံးကို ချက်ကင်လုပ်ပေးဖို့ စက်လာတာလေ"

"ပြင်သွားတာ တကယ်တော်တယ် သိလား၊ ဘယ်ပစ္စည်းပျက်လဲလို့ရှာပြီး ချက်ချင်းဖြုတ်တပ်ပေးတာ နာရီဝက်တောင်မကြာဘူး၊ ဒါပေမဲ့ ဟောမာနဲ့ ထမင်းအတူစားတာ လေးဆယ့်ငါးမိနစ် ကြာတယ်"

"မိန်းမ... ရုပ်ကိုက"

"အတူထိုင်စားခဲ့တာကိုများဟယ်၊ နင့်ကို ဟိုက ခွံ့ကျွေးတာကျနေတာပဲ"

"အမလေး... တစ်ဆောင်လုံး ဟောမာ့လို အခွင့်အရေးမျိုး ဘယ်သူများ ရလို့တုန်း"

တစ်ယောက်ပင့်ပြီး ကျန်တစ်ယောက် ရိုက်ချသည်။ ဟောမာကလည်း အတင်စီးမခံ။ ကြွားလက်စ ဆက်ကြွားရမှ ကျေနပ်မည့်ပုံဖြစ်သည်။ ဘယ်သူဘာပြောပြော သူမကိုယ်သူမ အောင်နိုင်သူလို မျက်နှာကို ပင့်ထား၏။

"သူ့ဟင်းက ဝက်ပုန်းရည်ချက်တဲ့၊ အဆောင်မှာ ဝက်သားမှ မစားရတာ၊ ဟောမာက သူ့ချိုင့်ထဲကနေ အပီတွယ်တာပေါ့၊ ဘယ်ရမလဲ"



"နင်ကရော ပြန်မကျွေးဘူးလား"

"ဟွန်း... မကျွေးဘဲ နေမလား၊ သူ စားချင်တယ်ဆိုရင်လေ ငါက..."

"ဘာထပ်ကျွေးဦးမှာလဲ"

"ကြားရတာ ရင်တုန်ပန်းတုန်"

"သြော်... ငါ့တစ်ချိုင့်လုံး စားလည်း ကျွေးမှာလို့ ပြောမလို့"

"ဟဲ့... တစ်ချိုင့်လုံးက ကယ်သွားပေလို့၊ နို့မို့ ငါ ထင်တာမှန်တာယ်"

ဟုတ်တာ မဟုတ်တာ အပထား။ အားလုံး စိတ်ဝင်စားစရာ သတင်းတစ်ပုဒ် ဖြစ်သွားသည်က အမှန်ဖြစ်သည်။

"သွားစမ်းပါ... သူ့ဟာသူ ထမင်းစားရုံမကလို့ ရည်းစားပဲဖြစ်ဖြစ် ငါနဲ့ ဘာဆိုင်သလဲ"

တစ်ခါ သေဖူးလို့မှ ပျဉ်ဖိုးနားမလည်ရင် ဘာလုပ်ရမှာလဲ။ ရွှေသားထက် မိုက်သူ ရှိတော့မည်မဟုတ်။ တော်ပြီ အခုချိန်က စပြီး စက်အကြောင်း ရွှေသား မတွေးတော့ဘူး။ မေ့ပစ်လိုက်ပြီ။

ရွှေသား ကိုယ့်ကိုယ်ကို ဖြေသိမ့်ရင်း ဆုံးဖြတ်ချက် ချမိတာ စက်ဆိုတဲ့လူနဲ့ နောက်ဘယ်တော့မှ မျက်နှာချင်းဆိုင်ဖို့ မကြုံးစားတော့ဟူ၍ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"တောက်"

"ဟ… ဘာထဖြစ်တာလဲ"

နာရီကိုကြည့်ပြီး တောက်ခေါက်တော့ သီဟ အလန့်တကြား ထအော်သည်။ စက်က ရေနွေးအေးစက်စက်ကို မော့သောက်ပြီး ခွက်ပြန်ချတော့ ဒေါသက ခွက်အချမှာ ဒုန်းခနဲ ဒိုင်းခနဲ မြည်သွားသလို ရင်ထဲမှာလည်း အမည်မသိ ခံစားချက်ပေါင်းစုံဖြင့် ဆူပွက်နေ၏။

ဒီနေ့နဲ့ဆို သုံးရက်ရှိပြီ။ မနက်ပိုင်းလည်း ဒီဆိုင်က ထိုင်စောင့်တာ ရွှေသားကို မတွေ့ရ။ ညတိုင်း အလုပ်က စောပြန်ရောက်လို့ ရွှေသားအလာကို ကားမှတ်တိုင်မှာ ခြင်အကိုက်ခံပြီး စောင့်တော့လည်း ဆယ်နာရီတွေ ဘာတွေကျော်သွားသည်။ သူ တွေ့ချင်သည့် ရွှေသားမျက်နှာလှလှလေးကို မတွေ့ရ။ ရွှေသား ဘယ်ရောက်သွားပြီလဲ။

ကြာတော့ လူက စိုးရိမ်စိတ်နှင့် ရူးချင်လာသည်။ သူ စောင့်နေမှာ သူမ သိရက်နဲ့။ ဒါ ဘာဖြစ်တာလဲ။



သူမ ပျိုသီရိမှာ မနေတော့တာလား။ ဒါမှမဟုတ် နေထိုင်မကောင်းလို့လားလို့ တွေးရင်း မြင်တွေ့နေကျ မျက်နှာလေးကို မမြင်ရ၊ မတွေ့ရတော့ လူက ဘယ်လိုမှ နေလို့မရ။ တစ်နေ့ထက်တစ်နေ့ တွေ့ချင်စိတ်က ပြင်းထန်လာ၏။

မင်းကို ငါ ချစ်နေပြီ ရွှေသား။ မရည်ရွယ်ဘဲ သူ့နှုတ်မှထွက်သွားသည့် စကားက စက်ရင်ဘတ်ထဲ ထိန်းခနဲမြည်သွားသည်။

ငါ သူ့ကို ချစ်မိနေပြီပဲ။

သွားပါပြီကွာ။ အခုမှ သူ့ကိုယ်သူ ဘာဖြစ်နေတာလဲဆိုတာ စက်ဘက်က လုံးဝသေချာသွားသည်။ ရွှေသားကို သူ ချစ်နေလို့သာ ဒီလိုတွေဖြစ်နေတာပဲဟုလည်း သဘောပေါက်လိုက်တော့ လူက ငြိမ်ကျသွားသည်။ ဘယ်မိန်းမကိုမှ မချစ်တတ်သည့်ကောင်က အခုတော့ အချစ်နှင့် ထိပ်တိုက်ရင်ဆိုင်လိုက်ရပြီပဲ။ ရွှေသားကို သူ ချစ်နေပြီဆိုရင် ရွှေသားဘက်ကရော သူ့အပေါ်မှာ ဘယ်လိုလဲ။ သေချာတာက သူ့ကို ရွှေသား ရှောင်နေခြင်းဖြစ်သည်။

သူမ တမင်ရှောင်နေမှန်း သိရက်နဲ့ ရွှေသားမျက်နှာလှလှလေးကို မမြင်ရ မနေနိုင်ဖြစ်နေတာက စက်ကိုယ်တိုင်ဆိုတော့ နေရာက ဝုန်းခနဲ ထရပ်လိုက်သည်။ ဒီနေ့မှ ရွှေသားမျက်နှာကို မမြင်ရရင် မဖြစ်တော့တာ သူပဲသိသည်။

မင်း ကိုယ့်ကို ဘာလို့ရှောင်နေတာလဲ ရွှေသားရယ်။

ကိုယ်သိပ်ချစ်မှန်းသိလို့ မင်းက ဒီလို လုပ်ရက်တာလား။ ခြေလှမ်းကျဲကြီးတွေရဲ့ ဦးတည်ရာက ရွှေသားလာရာလမ်းဆီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေမဲ့ ထိုနေ့ကလည်း ကားဂိတ်မှာသာ သူ အချိန်တွေ ကုန်ခဲ့တာပဲရှိသည်။ သူ မြင်ချင်၊ တွေ့ချင်သည့် အချစ်မျက်နှာကိုတော့ မြင်ခွင့်၊ တွေ့ခွင့်မရခဲ့။ နောက်ဆုံး ကြံရာမရတာ်နှင့် ရွှေသားအဆောင်ကို ဖုန်းဆက်ကြည့်မိသည်။ အဆောင်မှာလည်း ရွှေသားမရှိ။

မင်း ဘာတွေလုပ်နေတာလဲ ရွှေသား။

ဘယ်တွေ သွားနေတာလဲ။ သူမတစ်ယောက်တည်းမှ ဟုတ်ရဲ့လားဆိုသည့်အတွေးက သူ့အာရုံထဲ ဝင်လာတော့ စက်ရင်တစ်ခုလုံး ပူထူသွားတာက သူမအချစ်ကို လက်လွှတ်ဆုံးရှုံးလိုက်ရမှာ စိုးရိမ်သွား၍ပါ။ သူ့လိုပဲ ရွှေသားကို ချစ်နေသူတွေ ဘယ်နှယောက်ရှိနေပြီလဲ။

အဲဒီလူတွေထဲ ရွှေသား တစ်ယောက်ယောက်ကို ရွေးလိုက်ရင်မရဘူးကွာ။ မင်း ဘယ်သူ့ကိုမှ မချစ်ရဘူး။ မင်းချစ်သူဖြစ်ရမဲ့သူက ကိုယ်ပဲဖြစ်ရမယ်။

ရွှေသားကို ချစ်တာကလွဲပြီး တခြား သူမအကြောင်း ဘာမှ မသိ။ နယ်ကနေ အလုပ်လာလုပ်တာဆိုတာလောက်ပဲ သူ သိထားသည်။ ပြောကြကြေးဆိုရင် သူနဲ့ရွှေသားက ဘဝတူတွေ။ သူမှာလည်း မိဘဆွေမျိုးမရှိဘဲ ထင်ရာစိုင်းနေသည့်ဘဝ။ တွေးရင်း စက်နှုတ်ခမ်းမှာ နာကျင်မှုကြောင့် အပြုံးသဲ့သဲ့တစ်ခု ဖျတ်ခနဲ ထင်လာ၏။

မိဘဆွေမျိုးမရှိတဲ့ဘဝဆိုသည့် စကားလုံးကို သဘောကျ၍ပါ။ သားသမီးမကောင်းတော့ မိဘခေါင်းတဲ့။



ဘာပဲဖြစ်ဖြစ် စက်ရင်ဘတ်ထဲမှာ ပြည့်နေတဲ့ဒဏ်ရာတွေကို ဘယ်သူ သိနိုင်မြင်နိုင်မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ဘယ်လိုလဲ ကေသီ၊ မင်းသားလုပ်ပုံ ကောင်းသေးရဲ့လား ဟင်၊ ကြည့်စမ်း… အခုပဲ ဒီကောင့်ကြောင့် လျော်ကြေးပေးလိုက်ရတဲ့ငွေ နည်းလို့လား၊ ပြောစမ်း"

ဒေါသကြီးစွာ ဟစ်အော်လိုက်သော စက်ဖေဖေကို ကြည့်ပြီး မျက်စိမျက်နှာပျက်နှင့် သားဖြစ်သူ စက်အတွက် အရင်ကလို ဘာတစ်ခုမှ ကာကွယ်မပြောနိုင်သူက စက်မေမေ ဒေါ်ကေသီ။ တစ်ဦးတည်းသောသား စက်ကို ဘာတစ်ခုမှ မပြောရက်၊ မဆိုရက် မိခင်တစ်ယောက်၏ ချစ်ခြင်းမေတ္တာအပြည့်ဖြင့် သားအလိုလိုက်၊ သားအကြိုက်ဖြစ်စေသော ဒေါ်ကေသီကြောင့် သား အခုလိုဖြစ်ရတာကို ဒေါ်ကေသီ ဝန်ခံပေမဲ့ သားကိုတော့ အပြစ်ရယ်လို့ တစ်ကြိမ်တစ်ခါမှ မတင်ဖြစ်ခဲ့ရတာလည်း သားလေးကို သိပ်ချစ်လို့ပါဆိုရင် သားဖေဖေထံက ဒေါသတကြီး အော်ဟစ်ဆူပူသံတွေ ဆူညံဦးတော့မည်။

"ဘယ်လိုလဲ ဒေါ်ကေသီ၊ အခုတော့ မင်းသားဘက်က ဘာတစ်ခုမှ ရှေ့နေမလိုက်တော့ဘူး မဟုတ်လား"

"အို… အခုကိစ္စမှာ သားကိုချည်း မပြစ်တင်နေလို့



ဖြစ်မလားရှင့်၊ ဟိုဘက်က လွန်တာလည်း ပြောဦးမှပေါ့၊ တစ်နည်းပြောရရင် အများနဲ့တစ်ယောက်ဖြစ်ကြတဲ့ကိစ္စမှာ ရှင့်သား ဘာမှဖြစ်မလာတာကိုပဲ ကျေးဇူးတင်ဦး"

"ဘာကွ၊ ငါကပဲ မင်းသားကို ကျေးဇူးထပ်တင်ရဦးမယ်… ဟုတ်လား"

ဒေါသတကြီး ဟစ်အော်လိုက်သော ဦးသက်ထွန်းအသံက ဒေါ်ကေသီစကားအဆုံးမှာ တစ်တိုက်လုံး ဟိန်းသွားသည်။

"ဟုတ်တယ်လေ၊ မတော် ရှင့်သားသာ တစ်ခုခုဖြစ်သွားလို့ကတော့ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ၊ ရှင်တို့ ကျွန်မတို့ မျိုးဆက်ကို ဆက်ခံမဲ့သူ ဘယ်မှာရှိတော့လို့လဲ၊ ဒီတော့"

"ဒီတော့ ဘာဖြစ်လဲ၊ ငါတို့အမွေအနှစ်တွေအားလုံး ဘုန်းကြီးကျောင်း လှူပစ်မယ်"

"ရှင် စကားကို ပြီးစလွယ် မပြောနဲ့နော်၊ ရှင့်သားကို ရှင် ဘယ်လောက်ချစ်လဲဆိုတာ ကျွန်မထက် ရှင့်ကိုယ်ရှင် ပိုသိပြီးသား"

"ငါချစ်တာနဲ့ မင်းသား ဖြစ်ချင်ရာဖြစ် ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလားကွ၊ မင်းသားက မိဘအလုပ် ဘာတစ်ခုမှ ဝင်ကူလုပ်ဖို့ စိတ်မဝင်စားရုံမကဘူး၊ ခဏခဏ ရန်ဖြစ်လို့ ဟိုလူ့တောင်းပန်ရ၊ ဒီလူ့လျော်ကြေးပေးရနဲ့ အခု သူများကားသစ်ကြီးကို စိတ်ရှိလက်ရှိ ဖျက်ဆီးပစ်လို့ပါ လျော်လိုက်ရတဲ့ငွေ နည်းလား"

"သားတစ်ယောက်တည်းရှိတာ ဘာဖြစ်လဲ၊ ကုန်ပစေ"

"ဘာ…"

www.burmeseclassic.com

www.burmeseclassic.com



“ကုန်ပလေ့စေ… ဟုတ်လား”

“ဟုတ်တယ်… ဟုတ်တယ်၊ သူရမဲ့ အမွေပစ္စည်းတွေဆိုတာ သူ့တစ်သက် စားမကုန် သုံးမကုန်ရှိပြီးသား၊ ဒီလောက်လေးနဲ့ သိပ်အဖြစ်သည်းမနေနဲ့”

“သည်းရမယ်ကွ… သည်းရမယ်၊ ဥစ္စာကံစောင့် အသက်ဉာဏ်စောင့်ဆိုတာ မင်း မကြားဖူးဘူးလား၊ ဥစ္စာပစ္စည်း ကိုယ်နဲ့တည်မြဲနေချင်ရင် ကံ၊ ဉာဏ်၊ ဝီရိယဆိုတာလည်း လိုသေးတယ်”

ဒါကိုတော့ ဒေါ်ကေသီ မငြင်းပါ။

သားကိုချစ်သည့် မိခင်စိတ်ဓာဖြင့် ယောကျ်ားဖြစ်သူကို အနိုင်ပြောနေရပေမဲ့ သူတို့လင်မယားနှစ်ယောက် မျက်ကွယ်ပြုသွားရင် ဒီလိုပုံစံနဲ့ ကျန်ရစ်ခဲ့မည့် တစ်ဦးတည်းသောသားအတွက်တော့ တွေးမိတိုင်း သက်ပြင်းတချချနဲ့ ရင်မောနေရမြဲဆိုတာလည်း ဝန်ခံပါသည်။

“မင်းသားကို မင်း မချစ်ဘူးလား ကေသီ”

“ရှင့်စကားက ဘယ်လိုလဲ၊ ကျွန်မသားကို ကျွန်မ သိပ်ချစ်တာပေါ့၊ ရှားရှားပါးပါး အသက်ကြီးမှ ရထားတဲ့ တစ်ဦးတည်းသောသားလေးကိုများ ရှင်မို့ မေးရက်တယ်၊ ကျွန်မကိုသာ ပြောနေတယ်၊ ရှင်ရော ရှင့်သားကို မချစ်ဘူးလား”

“ချစ်လို့ ပြောနေရတာ ကေသီ၊ ဒီပုံအတိုင်း သားကို ဆက်လွှတ်ထားရင် တို့မရှိတဲ့အချိန် သားဘဝ ဘယ်လောက်ဒုက္ခရောက်မလဲ၊ မိန်းမယူပါဆိုတော့လည်း မယူဘူး၊ စီးပွားလုပ်ပါဆိုတော့လည်း လက်မခံ”



“သားက ငယ်ပါသေးတယ်ရှင်”

“ဒါက မိဘတိုင်း သားသမီးအပေါ် မြင်တဲ့အမြင်ပဲ၊ မင်းသားနဲ့ သက်တူရွယ်တူ တခြားကလေးတွေ ဘယ်လောက်တိုးတက်ကြီးပွားနေပြီလဲ၊ ကြည့်စမ်း… မင်းသားက အခုချိန်ထိ သူ့ကိုယ်သူ ဘာတာဝန်မှ မယူချင်ဘူး”

“နောက်တော့ ဖြစ်လာမှာပေါ့ရှင်”

“အဲဒီ နောက်ဆိုတာ ဘယ်အချိန်လဲ ကေသီ၊ ကိုယ်တော့ ဆုံးဖြတ်ပြီးပြီ၊ သားကို တကယ်ချစ်ရင် သားဘဝ တိုးတက်အောင် လုပ်ရမယ်”

“ရှင်က သားကို ဘာလုပ်မလို့လဲ”

“ငွေဖြတ်မလို့”

“ဘယ်လို”

“မင်းသား သုံးချင်တဲ့ငွေ သူ့ဘာသာသူ ရှာပါစေ”

“အိုရှင်… ဒါကတော့ မဟုတ်သေးပါဘူး၊ ကျွန်မသားလေး ဒုက္ခရောက်နေပါ့မယ်”

“မင်းသားကို တကယ်ချစ်ရင် ငါပြောသလို လုပ်ရမယ် ကေသီ၊ ဒီလိုမှ မဟုတ်ရင် မင်းသားကို ချစ်ရာမရောက်ဘဲ နှစ်ရာရောက်သွားလိမ့်မယ်”

စက်အမှေ ဦးသက်ထွန်းက သူ့အစီအစဉ်ကို ဇနီးဖြစ်သူကို ပြောပြနေချိန်မှာ ဒေါ်ကေသီက မျက်စိမျက်နှာပျက်နှင့် ဦးသက်ထွန်း၏ သဘောထားကို ချက်ချင်းလက်မခံသလို သဘောလည်း မတူ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အင်တင်တင်နှင့် သားဒုက္ခရောက်မှာ စိုးရိမ်စိတ်နှင့် လက်မခံချင်ဘဲ လက်ခံသဘောတူလိုက်ရပေမဲ့ မိခင်ပီပီ သားအတွက် စိတ်မချမ်းသာရှာ။

"ရှင် သားကို စကားပြောရင် သိပ်ပြီး ရင့်ရင့်သီးသီး နစ်နစ်နာနာတွေ မပြောနဲ့နော် ကိုသက်ထွန်း၊ သားကို ရှင်ရော ကျွန်မပါ တစ်သက်လုံး အလိုလိုက်လာခဲ့တာလည်း သတိရဦး၊ တော်ကြာ သားလေး သိပ်စိတ်ထိခိုက်သွားဦးမယ်"

"သိပါတယ်ကွ မင်းကလဲ၊ မင်းချစ်သလို သားကို ငါလည်း ချစ်ပါတယ်"

"သားက ရှင်ပြောသလို ဖြစ်မလာရင်ရော"

"ကိုယ့်သားအကြောင်း ကိုယ်သိပါတယ်၊ မင်းသားမာနကို မင်းလည်း သိသားနဲ့"

ဒါကိုတော့ ဒေါ်ကေသီ သိပါသည်။

သားက တခြားဟာလေးတွေမှာ ကလေးဆန်ဆန် ဆိုးတတ်ပေမဲ့ သူ့မှာ သူ့ကိုယ်ပိုင်မာနလေးတော့ ရှိသည်။ သူများမပေးတာကို ခွတ်မယူ။ သူများ မကြည်ဖြူလျှင် ဘယ်အရာမှမသုံး။ သူ့အား သူ့ကိုးတတ်တာလေးတွေ ရှိသည်။ အခုကိစ္စမှာ သားအဖေကိုယ်တိုင်က သူ့ အခုလို ဆုံးဖြတ်ချက်ချရတာဟာ သူ့သားကို မုန်းလို့ မဟုတ်။

ချစ်လို့၊ လိမ္မာစေချင်လို့၊ ဘဝအကြောင်း၊ လောကကြီးအကြောင်း သိစေချင်လို့ပါဆိုတော့ သားအဖေ၏ ဆုံးဖြတ်ချက်ကို ဒေါ်ကေသီ သဘောတူလိုက်ရသည်။ ဖြစ်ချင်တော့ သားကပဲ



ကံဆိုးချင်တာလား၊ သားအဖေ ဦးသက်ထွန်းကပဲ ကံကောင်းချင်တာလား မသိ။ ထိုညက စက် မိုးချုပ်မှ အိမ်ပြန်လာသည်။ ရိုးရိုးပြန်လာခြင်း မဟုတ်။ သူငယ်ချင်း အပေါင်းအသင်းတွေနှင့် ဘီယာမူးပြီး ပြန်လာခြင်းဖြစ်သည်။

"ဩော်… မင်းက အရက်သောက်လာတာလား စက်"

"အရက်မဟုတ်ပါဘူး ဖေဖေရ၊ ဘီယာလေး နည်းနည်းပါးပါးပါ"

"ဘီယာဆိုတာ အရက်ပဲကွ"

"ဖေဖေကလဲဗျာ"

ထုံးစံအတိုင်း ဖေဖေက ဆူသလို သားကလည်း သူ့မှု မပျက်။ ဒေါ်ကေသီမှာသာ ဘယ်အချိန် ဦးသက်ထွန်း ထပေါက်ကွဲမလဲဆိုတာ ရင်တထိတ်ထိတ်နှင့် သားမမြင်နိုင်သည့် ချောင်အကွယ်တစ်ခုမှာ မျက်စိမျက်နှာပျက်ပျက်နှင့် ရှိနေ၏။ တကယ်တော့ ဦးသက်ထွန်းကိုယ်တိုင်လည်း တစ်ဦးတည်းသောသားစက်ကို ငုံထားမတတ် ချစ်ခဲ့သူပီပီ သား ဘာပြောပြော၊ ဘာလိုချင်ချင်ဖြစ်စေ၊ ရစေဆိုပြီး သားအလိုလိုက်၊ သားအကြိုက်ဆောင်ခဲ့သည့် အဖေမျိုးပါ။

သား လိမ္မာလာအောင်၊ အသိတရားဝင်ပြီး အလုပ်လုပ်ချင်လာအောင်၊ ငွေတန်ဖိုး၊ ဘဝတန်ဖိုး သိလာအောင် သားဖြစ်သူ သူ့ကို စိတ်နာသွားစေမည့် အပြုအမူမျိုး ကြိုးစားရွေးချယ်ပြီး ပြောနေရပေမဲ့ စိတ်ထဲမှာ သိပ်တော့မကောင်း။ ဒီလိုမှ မလုပ်ရင်လည်း မဖြစ်တာနှင့် အရက်မူးနေသည့် စက်မျက်နှာကို ဘာမပြော

www.burmeseclassic.com

www.burmeseclassic.com



ညာမပြော လက်သီးနှင့် စွတ်ခနဲ ထိုချပစ်လိုက်၏။

"ကဲကွာ… အဲဒီအရက် သောက်လာဦး"

"ခွပ်"

"အား"

"အမလေး… သားလေး သေပါပြီ"

ဦးသက်ထွန်းလက်သီးက ပြင်း၍မဟုတ်။ အရက်မူးနေသည့် စက်က မရှောင်နိုင်၍ ပါးချိပ်တစ်ဖက် ခပ်ပြင်းပြင်းထိပြီး လဲကျသွားချိန်မှာ ဒေါ်ကေသီထံမှ စိုးရိမ်ထိတ်လန့်စွာ အော်သံနှင့်အတူ ခွေခနဲ လဲကျသွားသည့် သားဖြစ်သူထံ လူက အပြေးအရောက် သွားသည်။

"သား… ဘာဖြစ်သွားသေးလဲဟင်"

"ကိုသက်ထွန်း… ရှင် သားကို ဘယ်လိုလုပ်လိုက်တာလဲ ရှင်"

"မြင်တဲ့အတိုင်းပဲပေါ့၊ ကိုယ့်ခြေကိုယ့်လက်နဲ့ ကိုယ်ပိုင်ငွေ တစ်ပြားတစ်ချပ်မှ မရှာနိုင်ဘဲ မိဘရှာဖွေထားတဲ့ ပိုက်ဆံကို ထင်သလို သုံးဖြုန်းနေတဲ့ကောင်ကို ဆုံးမလိုက်တာ"

"ဒီနေ့ကစပြီး ဒီကောင့်ကို ပေးထားတဲ့ ဘဏ်စာအုပ် ပြန်သိမ်းလိုက်၊ ငွေသုံးချင်ရင် သူ့လုပ်အားနဲ့ သူရှာပါစေ၊ အခုချိန် ကစပြီး မင်းအမေဆီကရော၊ ငါ့ဆီကရော ငွေတစ်ပြားတစ်ချပ်မှ မမျှော်လင့်နဲ့၊ ငါပြောတာ မကျေနပ်ရင် အခု အိမ်ပေါ်က ဆင်းသွားလည်း ရတယ်"

"ကိုသက်ထွန်း"



"မင်း ဘာမှ ဝင်မပါနဲ့ ကေသီ၊ မင်းသား အခုလိုဖြစ်နေတာ မင်းကြောင့်၊ မင်းသားကို ပြောလို့ မင်း မကျေနပ်ရင် မင်းလည်း မင်းသားနောက် လိုက်သွား"

"မေမေ့ကို မပြောပါနဲ့ ဖေဖေ၊ အခုကိစ္စမှာ မေမေနဲ့ ဘာမှမဆိုင်ပါဘူး"

"ဆိုင်တယ်ကွ ဆိုင်တယ်၊ မင်းအမေ အလိုလိုက်ကောင်းလို့ မင်းအတွက် ငါ့ငွေတွေ လျှော်ကြေးပေးရ၊ လူတကာ လိုက်တောင်း ပန်ရနဲ့၊ သွားကွာ… မင်းမျက်နှာကို ငါ မကြည့်ချင်ဘူး၊ အခု မင်း ငါ့အိမ်ပေါ်က ဆင်းသွား… ဒါပဲ"

"ရပါတယ် ဖေဖေ၊ ဖေဖေ မမြင်ချင်တဲ့မျက်နှာကို အခုချိန် ကစပြီး ဘယ်တော့မှ မမြင်စေရပါဘူး"

"မေမေ… သား သွားမယ်"

"သား"

"မင်းသားနဲ့ မခွဲနိုင်ရင် မင်းပါလိုက်သွား ကေသီ"

"ကိုသက်ထွန်း… ရှင် ဘာတွေပြောနေတာလဲ၊ ဟိုမှာ သား ထွက်သွားပြီ"

"သွားပါစေ၊ ဒါမှ ငွေတွင်းဘယ်လောက်နက်တယ်ဆိုတာ သင်း သိမှာ"

"သား"

မိခင်ဖြစ်သူ လှမ်းခေါ်ပေမဲ့ နောက်ကို တစ်ချက်လှည့်မကြည့်ဘဲ ခြေလှမ်းကျဲကြီးတွေနဲ့ ထွက်လာခဲ့သူက စက်။ တစ်သက်လုံး မိဘနှစ်ပါးရဲ့ အလိုလိုက်ခံထားရသူအဖြစ် ကြီးပြင်းလာခဲ့ရသူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အတွက် ဒီနေ့ ဒီအချိန်လောက် နာကြည်းကြေကွဲစရာကောင်းတာမရှိ။ ယောက်ျားဖြစ်၍ မျက်ရည်မကျမိပေမဲ့ နှလုံးသားထဲမှာတော့ အတိုင်းအဆမရှိအောင် နာကျင်ခံစားရတာတွေကတော့ ရင်နှင့်မျှပါ။

တစ်ဦးတည်းသော သားဖြစ်သူအပေါ်မှာ ဖေဖေ ရက်စက်နိုင်ရင် သူကရော ဘာဂရုစိုက်ဖို့လိုသနည်း။ ငယ်ရွယ်သူ စိတ်ကူးတလွဲ၊ မာနလေးတွေနှင့် ရင်ကော့ခေါင်းမော့ပြီး ဖခင်ကြီး အရိပ်အာဝါသမှ ခပ်တည်တည် ဆင်းလာခဲ့တော့ သူ့မှာ ငွေရှစ်သောင်းကလွဲပြီး ဘာမှပါမလာ။ တခြားယောက်ျားတွေလို စိန်ရွှေဝတ်ရတာဝါသနာမပါသူဖြစ်သည့်အတိုင်း နာရီတစ်လုံးသာ တန်ဖိုးကြီးပစ္စည်းအဖြစ် ပါလာတာပဲရှိသည်။ အစတုန်းက သူငယ်ချင်းတွေအိမ် သွားနေဖို့ စိတ်ကူးမိသေးသည်။ နောက်တော့ ဖေဖေ့စကားကိုပြန်ကြားပြီး ထိုစိတ်ကူးကို ပယ်ဖျက်လိုက်သည်။

ကားမပါ။ ဖုန်းမပါ။ ဘဏ်စာအုပ်မပါ။

ကိုယ်ပိုင်ဝင်ငွေနှင့် ရပ်တည်နိုင်အောင် စတင်ကြိုးစားသည်ဆိုပေမဲ့ လက်တွေ့ဘဝက သူထင်သလောက် မလွယ်။ ငွေရှစ်သောင်းက လိုအပ်တာတွေ ဝယ်ရတာနှင့် စားသောက်ဆိုင်ကိုင်တာနှင့် ကုန်သွားသည်။ အဆောင်မှာနေဖို့ စိတ်ကူးတော့ လက်ထဲမှာ ငွေမရှိ။ အိုမီဂါနာရီကို ရသလောက်ဈေးနှင့် ထုတ်ရောင်းပြီး ကျောင်းတစ်နေရာစာအတွက် ဖန်တီးရသည်။

ထိုအချိန်မှာ ကျော်ဦး အညာသား၊ သီဟတို့နှင့်ဝေ သူ့ဘဝသူ တစ်ကောင်ကြွက်အဖြစ် ဇာတ်မြုပ်ထားလိုက် ။



ရရာအလုပ်လုပ်ပြီး ငွေရှာသည်။ အဆင်ပြေတာတွေရှိသလို အဆင်မပြေတာတွေရှိပေမဲ့ တစ်ချက်မညည်း။ အိမ်ပြန်ဖို့လည်း စိတ်မကူး။ တစ်နေ့ သူ့ခြေထောက်ပေါ် သူရပ်တည်လာနိုင်မှ အိမ်ပြန်ဖို့ စိတ်ကူးထားပေမဲ့ လက်တွေ့မှာ ဘာတစ်ခုမှ အဆင်မပြေနိုင်သေး။

ဒီကြားထဲ ဘယ်တုန်းကမှ စိတ်ကူးမယဉ်ဘူးသည့် အချစ်ဆိုသည့်အရာက စက်နှလုံးသားထဲ ဖြုန်းခနဲ ဒိုင်းခနဲ ဝင်လာတော့ လူက တော်တော် ယိုင်ထွက်သွားသည်။ အချစ်က လူကို ရူးစေတယ်ဆိုတာ ဒါလားမသိ။

သူ့ကို မတွေ့ချင်လို့ တမင်ရှောင်နေသည့် ရွှေသားမျက်နှာလေးကိုမှ မမြင်ရရင် သေမလောက် ခံစားချက်တွေ ပြင်းပြနေတာလည်း မယုံချင်ဘဲ ယုံနေရသည်။ လက်မခံချင်ဘဲ လက်ခံနေရသည်။ ရွှေသားကို နည်းအမျိုးမျိုးနှင့် မေ့ပစ်ဖို့ ကြိုးစားကြည့်ပေမဲ့ မအောင်မြင်။ သူ့အခြေအနေက တစ်နေ့တခြား ပိုဆိုးလာတာနှင့် နောက်ဆုံး သူပဲ ရင်ထဲက ခံစားချက်အတိုင်း လိုက်လုပ်ဖို့ ဆုံးဖြတ်လိုက်ရသည်။

သူ့ကိုဝိုင်း၍ ကူညီကြသူများက ရွှေသားသူငယ်ချင်းများနှင့် စကီသူငယ်ချင်းများ ဖြစ်သည်။

အချစ်ဆိုတာ ဒီလို ဆွဲအားပြင်းတယ်ဆိုတာ အခုမှ ကိုယ်ကိုယ်တိုင် ကြုံရတာပဲ ရွှေသား။ မင်းမှာ ချစ်တတ်တဲ့ နှလုံးသားရှိရင် မင်းလည်း ကိုယ့်လို ခံစားရလိမ့်မယ်လို့ ကိုယ် ယုံတယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"နက်ဖြန် သီတင်းကျွတ်လပြည့်နေ့ဟ၊ ငါတို့ အစောကြီး ထပြီး ဘုရားသွားရအောင်နော် ရွှေသား"

"သွားလေ"

"ကောင်းတယ် အိခိုင်၊ ဟောမာတို့က အပျိုကြီးနဲ့ လေးနာရီ ကတည်းက ဘုရားတက်မှာတဲ့"

"လေးနာရီတော့ စောလွန်းပါတယ် တန်ခူးရယ်၊ ဒါပေမဲ့ ဘုရားတက်တယ်ဆိုတာ မိုးမလင်းခင်တက်မှ စိတ်ကြည်နူးဖို့ ကောင်းတာ"

"အေး… နင်ပဲ အစုံစားပြီး အစုံပြော"

ကိစ္စတစ်ခု သွားလာဖို့ ဆွေးနွေးတိုင်း အိခိုင်နဲ့ တန်ခူးက အဲဒီလို မသင့်မမြတ်ဖြစ်တာ သူမတို့တွေရဲ့ အစဉ်အလာ။ အိခိုင်က သူမတို့နှစ်ယောက်အလယ်မှာ ငြိမ်ငြိမ်သက်သက် ထိုင်နေကာ မဂ္ဂဇင်းစာအုပ်က မျက်နှာမခွာနိုင်သည့် ရွှေသားထံ အကြည့် ရောက်လာ၏။



"ငါတို့ ဘယ်နှနာရီလောက် အဆောင်က ထွက်ကြမလဲ ရွှေသား"

"ကြိုက်တဲ့အချိန် သွားပေါ့"

ရွှေသားက ပန်းရောင်နုနုပေါ် အဖြူရောင်အစက်မှိန်မှိန်လေး တွေပါသော ကော်လံတပ်အင်္ကျီနှင့် ဘောင်းဘီက ဆင်တူပွပွ။ ဒါ… ရွှေသားရဲ့ ညအိပ်ဝတ်စုံပေမဲ့ ညအိပ်ခါနီးတောင် အလှပျက် မသွား။ ချစ်စရာကောင်းသော အရုပ်လေးတစ်ရုပ်ကို ညမီးရောင် မှိန်မှိန်မှာ မြင်ရတာမျိုးလို ဖြစ်တာကြောင့် အိခိုင်က ရွှေသား ပါးလေးကို ချစ်စနိုးလှမ်းလိမ်သည်။

"အိခိုင်တို့သွားတဲ့အချိန် ရွှေသား လိုက်ရမှာနော်"

"အာ… ပြောရင်လည်း ငရဲကြီးဦးမယ်၊ အဲဒီလောက် အစောကြီးကို ရွှေသား အိပ်ရာက ထနိုင်မယ် မထင်ဘူး"

"ရွှေသား မထနိုင်လည်း တန်ခူးတို့နှိုးမယ်လေ၊ လပြည့်နေ့ အလုပ်ပိတ်တာပဲ၊ နေ့လယ်နေ့ခင်းမှာ ပြန်အိပ်ပေါ့"

"အာ… အစောကြီး"

"အေး… ဆက်ငြင်းရင် ရှင် ငရဲကြီးမှာနော် ရွှေသား၊ လုပ်မနေပါနဲ့ဟာ၊ ရအောင်ထ၊ တန်ခူးတို့သုံးယောက် အမှတ်တရ ပေါ့၊ အပျိုကြီးကို တို့လည်း ဘုရားသွားမဲ့အကြောင်း သတင်း သွားပို့လိုက်မယ်နော်"

ရွှေသားကို တန်ခူးက ချော့ပြောသည်။ အိခိုင်ကတော့ ရွှေသား ခေါင်းမညိတ်ရသေးဘဲ အပျိုကြီးဆီ ထွက်သွားတာ မြင်ဆန်သည်။ နောက်ဆုံး သူတို့သဘောကျ ရွှေသား ခေါင်းညိတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ဒီအဆောင်ရောက်ပြီးမှ တစ်ပတ်အတွင်း အပျိုကြီး ထောက်ခံပေးမှုနှင့် နောက်အလုပ်တစ်ခု ရွှေသား ရခဲ့သည်။ အလုပ်ရှင်က အပျိုကြီးရဲ့မိတ်ဆွေ။

"သူက မိန်းမအတွင်းခံပစ္စည်းတွေ ရောင်းတဲ့ဆိုင်ဖွင့်ထားတာ ရွှေသား၊ ဆိုင်ဖွင့်ချိန်က သိပ်မစောပေမဲ့ ဆိုင်ပိတ်ချိန် နောက်ကျတယ်၊ ပြီးတော့ တို့အဆောင်နဲ့ နည်းနည်းဝေးတော့ ရွှေသားနဲ့ ဖြစ်ပါ့မလား၊ သွားတာလာတာ အခက်အခဲရှိနိုင်တယ်"

"ရပါတယ် မမ၊ ဒါပေမဲ့ ဆိုင်ပိတ်ချိန်နောက်ကျတော့ အဆောင်ပြန်ဝင်ဖို့က···"

"အဲဒါက ကိစ္စမရှိပါဘူး ရွှေသားရယ်၊ ရည်းစားနဲ့ ချိန်းတွေ့ပြီး နောက်ကျတာမှ မဟုတ်တာ၊ အလုပ်ကြောင့်ပဲ၊ ပြီးတော့ ငါ့ကို တပတ်ရိုက်လို့လည်း မရဘူး၊ ဒီအလုပ်ရှင်ကလည်း ငါ့ သူငယ်ချင်း၊ အပျိုကြီးပဲ၊ မှန်မှန်ကန်ကန် နောက်ကျတာမျိုး ငါ ခွင့်လွှတ်တယ်"

အဆောင်ပိုင်ရှင် မမပြောသလို အားလုံး မှန်ကန်ပါသည်။

တကယ် မမှန်မကန်ဖြစ်တာက ဒီနားက ကားမှတ်တိုင်ကျမှလို့ ရွှေသားစိတ်ထဲက ပြောဖြစ်သည်။ အဲဒီတုန်းကတော့ ညစဉ်ညတိုင်း သူ ရှိနေမည့်အသိနဲ့ ရင်ခုန်သည်။ ပျော်ရွှင်သည်။ ပြီးတော့ အားကိုးယုံကြည်သည်။ သို့ပေမဲ့ ထိုအရာတို့သည် ဟေမာ့ထံမှ ကြားရသော စကားတို့ကြောင့် စိတ်ပျက်အားလျော့သွားကာ စက်ကို လုံးဝ အတွေ့မခံတော့ဘဲ ဇာတ်လမ်းဖြတ်ဖို့ ကြိုးစားခဲ့



သည်။

"တစ်ပတ်မှာ နှစ်ရက်လောက်တော့ သူနဲ့ငါ ထမင်းလက်ဆုံစားဖြစ်တယ်"

"သိချင်ကြလား၊ ဒီနေ့ စက်နဲ့ ဟေမာ အတူပြန်လာတာ"

ထိုစကားက ရွှေသားအပါအဝင် အဆောင်ရှိလူကုန် မကြားချင်လည်းကြား၊ ကြားချင်လည်းကြားနေရသည့် ဟေမာ့စကားပါ။

အချစ်အကြောင်း ကောင်းကောင်းကြီး ခံစားနားလည်လာခဲ့ရသည့် ရွှေသားအတွက် နောက်ထပ်ချစ်ရမှာ ကြောက်နေပါပြီ။ တစ်ခါတစ်ရံ စက်ကို သတိရတတ်ပေမဲ့ ထိုစိတ်ပေါ်လာတာနဲ့ ချက်ချင်း တခြားအလုပ်တစ်ခုခုကို အာရုံပြောင်းပစ်သည်။ စက်တော့ ဘယ်လိုနေမည်မသိ။ နေ့စဉ် မြင်တွေ့နေကြလူကို မမြင်မတွေ့ရတော့ ရွှေသားစိတ်ထဲ တစ်မျိုးဖြစ်နေတာ သေချာသည်။ ဒါလည်း နောက်တော့ မေ့သွားမှာပါဟု ယုံကြည်သည်။

စက်တို့အဖွဲ့ အဆောင်ရှေ့ သီချင်းလာဆိုတော့ ဂစ်တာသံနဲ့ အတူ အချစ်ရှိလားဆိုတဲ့ သီချင်းဟစ်ကြွေးသံက စက်က ဟေမာ့ကို ရည်ရွယ်ပါကြောင်း ဟေမာက အားလုံးသိအောင် ကြေညာသည်။ စက်နှင့်ရွှေသား မျက်နှာချင်းမဆိုင်ခြင်းဟာ ထိုစကားတွေကြောင့် ပိုမိုခိုင်မာလာရကာ ရွှေသားက မနက်ဆို တမင်အစောကြီးထ အချိန်ပိုယူကာ တခြားလမ်းမှ တခြားမှတ်တိုင်တွင် ကားသွားစီးသည်။ ညနေပြန်ချိန်ကျတော့ ဆိုင်ရှင်နဲ့ နားလည်မှုယူကာ အစောကြီးပြန်၏။ သူလည်း သူ့အလုပ်သူလုပ်၊ ကိုယ်လည်း ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိုယ်လုပ်။ ဒါဆိုပြီးပြီ မဟုတ်လား။

"ဟော့… ခွင့်တောင်းပြီးသွားပြီ၊ သူတို့နဲ့အတူ လိုက်ခိုင်းမှာ စိုးလို့ တန်ခူးတို့က ငါးနာရီထွက်မှာလို့ ပြောခဲ့တယ်သိလား၊ သူတို့အဖွဲ့ထဲ ဟေမာတို့ရော၊ မမမြတို့ရောနဲ့ လူစုံတော့ ပျော်စရာကြီး"

"ကိုယ့်ဟာကိုယ်ပဲ သီးသန့်သွားမှာပါ၊ ဘုရားဖူးတာပဲ ပျော်ဖို့မှ မဟုတ်တာ"

အိနိုင်စကားကို ရွှေသားစိတ်ထဲက ထောက်ခံလိုက်သည်။

တန်ခူးထံမှ ဟေမာဆိုတဲ့ အသံကြားတာနှင့် ပြုံးပျော်ရွှင်မည့် စက်မျက်နှာကို အလိုလို မြင်ယောင်လာတော့ ထိုအတွေးကို ချက်ချင်း မောင်းထုတ်ပစ်လိုက်သည်။ စက်ဆိုတာကို တိုက်ဆိုင်မှု ရှိရင်တောင် ဥပေက္ခာပြုချင်သည်။ ထို့အတွက် ရွှေသားကို စက် ခွင့်လွှတ်စေချင်သည်။

ဒီဘဝတော့ ဒီမျှပဲ စက်ရေ။ ကြာရင် ရှင်လည်း ရွှေသားကို မေ့သွားမှာပါ။

## အခန်း (၂၁)

"ဟော့"

"အမလေး"

"ရှင် ဘယ်သူလဲ"

"ရွှေသားလက်ကိုလွှတ်"

"ရှူး"

"ကိုယ်ပါ"

"ဟင်"

မှောင်ရိပ်ထဲက အဖြူရောင်ကြီးက ရွှေသားလက်ကို ဖျတ်ခနဲ လှမ်းဆွဲတာမို့ ရွှေသားရဲ့ နံနက်ခင်းခံစားမှုအာရုံတွေ ပျောက်သွားကာ အလန့်တကြားလေး ထအော်မှာ ကြားလိုက်ရတဲ့အသံ၊ မြင်လိုက်ရတဲ့ အရိပ်တစ်ခုကြောင့် ရွှေသားရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ရွှေသား"

"စက်"

www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိသားပဲ"
"အို"
"ရွှေသားလက်ကို လွှတ်ပါ"
"တန်ခူးရေ… တန်ခူး"

ရွှေသား အော်ပေမဲ့ တန်ခူးနဲ့ အိမ်နိုင်က အော်နေတာကို ယောင်လို့တောင် လှည့်မကြည့်။ ရွှေသားကလည်း မှောင်နဲ့ မည်းမည်းထဲ သူ့မလက်ကို ပိုင်စိုးပိုင်နင်း ဆွဲထားသည့် စက်ကို ဒေါသနှင့် ရုန်းကန်နေတာလည်း သူက မလွှတ်။

"ရှင် ဘယ်လိုဖြစ်နေတာလဲ စက်၊ ရွှေသားလက်ကို လွှတ်စမ်းပါ"
"လွှတ်စေချင်ရင် ကိုယ်မေးတာ ဖြေ"
"ဘာဖြေရမှာလဲ"
"ကိုယ့်ကို ဘာလို့ ရှောင်နေတာလဲ"
"ရှင့်ကို ဘယ်မှာ ရှောင်နေလို့လဲ"

ရွှေသားရဲ့ ခတ်ဆတ်ဆတ်ပြန်မေးသံကြောင့် စက်က ညောင်ပင်အကွယ် မှောင်ရိပ်မှ အလင်းရောင်ပျပျလာရာသို့ ရွှေသားလက်လေးကို ဆွဲယူပြီး နီးကပ်စွာ မျက်နှာချင်းဆိုင်လိုက်၏။ ရုပ်အဖြူ ပုဆိုးအပြာရင့်မှိုင်းမှိုင်းနှင့် စက်က သိပ်လှနေသည့် ရွှေသားကို တစ်ခါမှ မမြင်ဘူးသူလို စူးစူးစိုက်စိုက် ငုံ့မိုးကြည့်လာတော့ သူ့အကြည့်ကို ရင်မဆိုင်ချင်စွာ ဆတ်ခနဲ မျက်နှာလွှဲပစ်လိုက်သူက ရွှေသား။ တင်းမာသည့်မျက်နှာ၊ အေးစက်သည့် အကြည့်တွေနှင့် သူ့အပေါ် အပြောင်းလဲကြီး ပြောင်းလဲသွားသည့်



ရွှေသားကို မြင်လိုက်ရတော့ သူစိမ်းဆန်ဆန် သူမ အပြုအမူ အပေါ်မှာ ခံစားသွားရသူက စက်။

"မင်း ဘာဖြစ်နေတာလဲ ရွှေသား"
"အဲဒီစကားက ရှင့်ကိုယ်ရှင် မေးရမဲ့စကား"
"မင်း ကိုယ့်ကို အသည်းယားအောင် လုပ်နေတာလား ရွှေသား"
"ဘာတွေပြောနေတာလဲ၊ ရွှေသားလက်ကိုလွှတ်"
"မလွှတ်ဘူး"

သူ့မလက်ကို ကိုင်ထားသည့် စက်လက်ကို ရွှေသားက ခါချပေမဲ့ စက်က မလွှတ်။

"လွှတ်လေ၊ ဒါ ဘာလုပ်တာလဲ"
"ဆွဲထားတာ၊ မင်းက အပုန်းတော်တယ်မဟုတ်လား"
"ရွှေသား"
"ရှင် ဘယ်လိုဖြစ်နေတာလဲ"

ရုတ်တရက် စက်က ရွှေသားကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲယူလိုက်တော့ ရွှေသားပါးလေးတွေ ရဲခနဲ ဖြစ်သွား၏။

"ချစ်တယ်"
"အို"

ဒေါသနှင့် ရုန်းတွေ့မည်ကြံကာ ဖျတ်ခနဲ မော့အကြည့်မှာ သူ့မကို ငုံ့မိုးကြည့်နေသည့် သူ့မျက်ဝန်းရဲ့ တောက်ပခြင်းက မှောင်ရိပ်ထဲတောင် တလက်လက်မို့ ရွှေသားက ရင်မဆိုင်ရဲသလို တစ်ဖက်သို့ ချက်ချင်းမျက်နှာလွှဲလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ပါ"

"မဖြစ်နိုင်တာတွေ မပြောပါနဲ့ရှင်"

"ဘာကိုမဖြစ်နိုင်တာလဲ"

"ရှင့်ကို ရွှေသား မချစ်ဘူး"

"မယုံဘူး"

"ရှင် မယုံလည်း မတတ်နိုင်ဘူး၊ ရွှေသားမှာ ချစ်သူရှိပြီး သား"

"လွှတ်"

"မင်းချစ်သူနဲ့ ကွဲသွားတာရော ထည့်မပြောတော့ဘူးလား"

"ရှင့်ကို ဘယ်သူပြောလဲ"

"စတွေ့တဲ့နေ့တည်းက သိတာ"

"အို… ဘာဖြစ်ဖြစ် ရှင့်ကို ရွှေသား မချစ်ဘူး"

"မရဘူး၊ ချစ်ကို ချစ်ရမယ်… လာခဲ့"

"စက်"

"ရှင်နော်"

"အို"

ရွှေသားကတော့ အရှိန်ရ ခေါင်းမော့လာပြီဖြစ်တဲ့ သူ့ဒေါသတွေနှင့် စက်ကို စေ့စေ့ကြည့်သည်။

"ဘာလဲ… ကာယကံရှင်ကိုယ်တိုင် ဝန်ခံထားတာတောင် ရှင်က ငြင်းချင်တာလား"

"ကာယကံရှင်… ဟုတ်လား"

"ဟုတ်တယ်"



"ဘယ်သူလဲ"

"ဟေမာ"

"ဘာ"

"ရှင့်ချစ်သူကို ပြောတာ"

သူ့ရင်ခွင်ထဲမှ ဆတ်ခနဲ ဆောင့်ရုန်းပုံက ဒေါသတကြီး ဖြစ်သည်။ စက်က မလွှတ်တဲ့ ချစ်စရာကောင်းသည့် သူမမျက်နှာကို စေ့စေ့ကြည့်ပြီး မျက်ခုံးနှစ်ခုကို ဆတ်ခနဲ ကွေးညွတ်ကာ စဉ်းစား ခန်းဝင်သည်။ ထို့နောက် တစ်စထက်တစ်စ ပြုံးလာပြီး နှုတ်ခမ်း တွေဖွင့်ကာ ရယ်တော့ မှောင်ရိပ်ထဲ သွားတန်းတွေက ဝေးကြည့်ချင် စရာကောင်းအောင် လှနေတာကိုလည်း အမှတ်မဲ့ ရွှေသားက မျက်တောင်မခတ် ငေးပြီးမှ လွှတ်သွားတဲ့သတိကို ပြန်ဆွဲယူသည်။

"အဟွန်း… ဟွန်း… ဟွန်း"

"ရှင် ဘာရယ်တာလဲ၊ လူကိုလွှတ်နော်၊ ပြောမရရင် အော်လိုက်မယ်"

"ဘယ်လိုအော်မှာလဲ၊ အော်လေ"

"ဟေမာနဲ့ကိုယ် ဘာမှမဆိုင်ဘူး"

"ကိုယ်နဲ့ဆိုင်တာက ဟောဒီကောင်မလေးတစ်ယောက် တည်း"

"ဟွန်း… အပိုတွေ ပြောမနေပါနဲ့"

"လိုတောင်လိုသေးတယ်၊ မယုံရင် လက်တွေ့ပြမယ်"

"အို"

"ရှင်နော်"

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးတွေ နွေးသွားသည်။ အချစ်သည်းနေသူကို နာကျင်အောင် ဘယ်လိုစကားဆိုရမှန်းမသိ။

"ချစ်လား…ပြော"

"မုန်းတယ်"

"ညာပြောတဲ့ ကောင်မလေး လာခဲ့"

"အို"

ပါးပြင်တစ်ဖက် နွေးခနဲ ဖြစ်သွားသည်။ အကြည့်ချင်းဆုံတော့ နှာခေါင်းတစ်ဖက် တွန့်ပြကာ မျက်လုံးပါ မှိတ်ပြတော့ ရွှေသား သူ့ရင်ခွင်ထဲ ရှိနေသောအဖြစ်ကို မေ့သွားတဲ့အထိ ဒီလူက ပြုစားနိုင်သည်။

"မညာတတ်ဘဲ ညာတဲ့ကောင်မလေးကို ဒဏ်ခတ်တာ"

"ပြော… ရွှေသား ကိုယ့်ကို ချစ်နေလို့ သဝန်တိုနေတာ မဟုတ်လား"

"လွှတ်ပြီး စကားပြောပါ၊ လမ်းမကြီးမှာ"

"မှောင်နေတာ ဘယ်သူမှ မမြင်ဘူး"

"လွှတ်"

"ချစ်တယ်ပြော"

ပြောရင်း နှုတ်ခမ်းချင်းထိမတတ် မျက်နှာငုံ့ချလာတော့ ရွှေသားက သူ့မေးဖျားကို တွန်းထား၏။

"ရှင်နော်… ဘယ်လိုဖြစ်နေတာလဲ"

"ချစ်နေတာလေ"

"ရည်းစားစကားလည်း အပြောခံရသေး၊ အဖက်လည်း



ခံရသေး၊ ရှင် ဟောမှာ့ကိုရော ဒီလိုပဲ ဆက်ဆံသလား"

"မနာလို ဖြစ်နေပြီထင်တယ်"

"ဘာမှမဆိုင်ဘူး"

"ဆက်ဆံစရာလား၊ ကိုယ်မှ သူ့ကို မချစ်တာ"

"ဩော်… မချစ်ဘဲနဲ့ ထမင်းအတူတူစား၊ ကားတစ်စီးတည်း စီးပြီး အတူတူပြန်ပေါ့လေ၊ အင်း… မှတ်သားထားမှပဲ"

"မရွဲ့နဲ့ကွာ"

"ထမင်းစားတာ ကားစီးပြန်တာ မမှားဘူး၊ ဒါပေမဲ့ အလုပ်သဘောအရပဲ သူတို့ရုံးက ကိုယ်တို့ဆီက ကွန်ပျူတာတွေ အများကြီး ဝယ်ထားတာ၊ သွားဆင်ပေးရတယ်၊ ပျက်တာပြင်ပေးရတယ်၊ သူက ကွန်ပျူတာစတိုကို သော့ကိုင်လေ၊ ထမင်းစားချိန် ကိုယ်ချိုင့်ဖွင့်စားတော့ သူ လာစားတယ်၊ ဒါပဲ ပြောစရာရှိတာ"

"ဒါပေမဲ့ နှစ်ယောက်တည်း စားတာမဟုတ်ဘူး၊ ကိုယ့်ဟက်(လ်)ပါ ကောင်လေးတွေနဲ့ ကိုယ်က တစ်ဖွဲ့စားတာ၊ သူ့ဟာသူ လာရောတာကတော့ ကိုယ်လည်း မောင်းထုတ်လို့ မရဘူးလေ"

"တကယ်ပါကွာ၊ ရင်ဘတ်ထဲမပြောနဲ့၊ အဲဒီတစ်ယောက်ကို ကိုယ့်မျက်လုံးထဲတောင် အံမဝင်ဘူး"

"ဒါဆို အဆောင်ရှေ့မှာ အချစ်ရှိလားဆိုပြီး အော်ဟစ်ဆိုနေတာကရော သူ့ကိုမဟုတ်ဘူးပေါ့"

"ဟင့်အင်း… အဲဒါ မင်းကို"

"မယုံပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အခု ယုံပြီမဟုတ်လား"

"ရှင်နော်"

"အို"

ဖျတ်ခနဲ နားထင်စပ်က ပူနွေးသွားသည်။ ရွှေသားတစ်ကိုယ်လုံး လေဟာနယ်ထဲ လွင့်နေအောင် မြှောက်တက်သွားပြီး တိမ်တစ်စလို လွင့်မျောနေတာမျိုး ခံစားနေရ၏။ သူက သူမနားနား ကပ်လာ၏။

"ချစ်... လား"

"အင်း"

"ဟေး"

"အို... ဘာလို့အော်တာလဲ"

"ပျော်လို့"

တိုးတိုးမေးသောအခါ အလိုလို ခေါင်းညိတ်လက်ခံမိတာ နှလုံးသားရဲ့ အမိန့်တော်အတိုင်းဖြစ်သည်။

ရွှေသား ချစ်ခဲ့ဖူးပါသည်။ သို့ပေမဲ့ ဒီတစ်ကြိမ် ဒီတစ်ခါ အချစ်က စွန့်လွှတ်ရန်မဟုတ်မှန်း သေချာသွား၏။

## အခန်း (၂၂)

အချစ်ကို မယုံကြည်ချင်သူနှင့် အချစ်ကြောင့် အသည်းကွဲလာရသူနှစ်ဦး၏ ချစ်ခြင်းက မယုံကြည်နိုင်လောက်အောင် ထူးခြားသော ခံစားချက်ကိုယ်စီ ရှိနေတာကိုတော့ နှစ်ယောက်စလုံး မငြင်းနိုင်ပါ။ မိုးထက်ညံကို ချစ်ခဲ့သည့်အချစ်နှင့် စက်ကို ချစ်မိသည့်အချစ်က မတူ။ ဘယ်သူ့ကို ပိုချစ်လဲဆိုတော့ ရွှေသားလည်း မသိ။ လောလောဆယ်မှာတော့ အချစ်ကြောင့် ငိုခဲ့ရသော ရွှေသားအချစ်ကြောင့် ပျော်နေရတာ သေချာသည်။

"အဟမ်း... အဟမ်း"

"လက်ကလေး နည်းနည်းလွှတ်ပါလား"

"အေးလေ... မုန့်ဆိုင်ကြီးမှာ၊ မင်းရဲ့ရွှေသားကို ဘယ်သူမှ ဆွဲမသွားဘူး စက်ရ"

"မရဘူး"

"ဆွဲမသွားပေမဲ့ ငါက ဖွဲ့ထားရမ ကျေနပ်တာ"

"စက်ကလည်း ရွှေသားလက်ကို လွှတ်ပါလို့ဆိုနေ"

"မလွှတ်ဘူးလို့ ပြောနေတာ မကြားဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မကြာဘူး"

"မင်းနော်"

စက်က ရွှေသားမျက်နှာလေးကို အသည်းယားသလို စူးစိုက်ကြည့်ရင်း သူနှင့် သူမ လက်ဖဝါးချင်း ထပ်ညပ်နေအောင် ဆုပ်ကိုင်ထားတော့ ကျန်လေးယောက်က တဟေးဟေး တဟားဟားနဲ့ လောင်စိန်ဝိုင်းလုပ်ကြသည်။ အိခိုင်က မှာထားတဲ့ မုန့်ပွဲတွေကို နေရာချပေးသည်။

"ဘုရားလည်းဖူး လိပ်ဥလည်းတူးဆိုတာ ဒါနေမှာ"

အိခိုင်က ထိုနေ့က ဘုရားကို နောက်ကျမှ စက်နှင့် နှစ်ယောက်အတူ ရောက်လာသော ရွှေသားကို စနေခြင်းဖြစ်သည်။

"အဲဒါ စက်ကြောင့်"

"ဘာဖြစ်လဲ"

"ပြောပါစေ၊ အဲဒါ သူတို့က ကိုယ်တို့ကို မနာလိုလို့"

"ဟော့ကောင်"

သီဟပါးစပ်ကို စက်က စားပွဲပေါ်ရှိ ပေါင်မုန့်တစ်လုံး လှမ်းထိုးထည့်ရင်း ပိတ်သည်။ တန်ခူးကတော့ ရွှေသားတို့ကို ကြည့်ပြီး တခစ်ခစ်ရယ်သည်။

"စက်တို့က အခုမှ ပြုံးနိုင်ရယ်နိုင်တာ"

"ဘာဖြစ်လဲ၊ ကိုယ့်ကုသိုလ်နဲ့ကိုယ်"

"အစတုန်းက မိန်းမဆို ကြည့်မရဘူးဆိုကွ"

"ဟုတ်တယ်လေ၊ အဲဒီမိန်းမထဲမှာ ရွှေသားမပါဘူး"

"မင်းပဲ အပြောကောင်း"



"အမလေး… ရွှေသားကလည်း စက်လိုပဲ၊ ယောကျ်ားဆို ဘယ်ယောကျ်ားမှကို ကြည့်မရတာ"

"အဲဒီထဲမှာ စက်မပါဘူးနော်"

တန်ခူးစကားကြောင့် ရွှေသား ရှက်သွားတော့ အားလုံးက ရယ်သည်။

"တန်ခူးနော်"

"မဟုတ်လို့လား"

"ဟုတ်တယ်"

"ခစ်… ခစ်"

"ကြည့်ပါဦး၊ အခုမှ အဖြစ်သည်းနေလိုက်တာ"

"ချစ်တာကိုးကွ"

"မင်းကို ဘယ်သူမှ မချစ်နဲ့ မပြောဘူး"

"ပြောလည်း မရဘူး"

စက်ကလည်း ဘယ်သူ ဘာပြောပြော တစ်ခွန်းမခံတော့ ရွှေသားနှင့် စက်ကို ကျော်ဦးက မေးငေါ့ကာ ဝင်ပြောသည်။ စက်က ရွှေသားအတွက် မုန့်ပန်းကန်မွှေပေးတာတွေ၊ ကော်ဖီထုပ် ဖောက်ထည့်ပြီး မွှေပေးတာတွေ လုပ်တာတောင် လက်နှစ်ဖက်စလုံး အသုံးပြုရ၍ ရွှေသားလက်ဖဝါးလေးကို ချိုင်းကြားထဲညှပ်ထား၍ စက် အဖြစ်သည်းနေတာကို အားလုံး အသည်းယားနေကြသည်။

"ရွှေသား… စက်ဘီးစီးတတ်လား"

"ဟင့်အင်း"

"ကိုယ် သင်ပေးမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ… မသင်တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"မသင်ချင်လို့"

"ကြည့်ပါဦး… ဟိုကလေးလေးက ချစ်စရာလေးနော်"

ကလေးဝဝကစ်ကစ်လေးအား ဖအေက ချီထားကာ မအေဖြစ်ဟန်တူသူက ဘေးနားရပ်နေတဲ့ မြင်ကွင်းကို ငေးကြည့်ရင်း ရွှေသားက စက်ကို လှမ်းပြဖြစ်သွားတော့ သူက ရွှေသားညွှန်ပြရာ လှမ်းကြည့်သည်။

"သြော်… ရွှေသားလိုချင်တာ ကိုယ်သိပြီ"

"ဘာလဲ"

ရွှေသားအမေးကို စက်က ချက်ချင်းမဖြေဘဲ လှပသော ချစ်သူမျက်နှာကို မြတ်နိုးစွာ စိုက်ကြည့်သည်။

"ကိုယ်ပြောရင် ရွှေသား စိတ်မဆိုးရဘူးနော်"

"ဘာပြောမှာမို့လို့လဲ"

"ရွှေသားလိုချင်နေတာ ဟိုလိုကလေးလေး၊ ဟုတ်တယ် မဟုတ်လား"

"ဘာပြောတယ်"

"ဟိုကလေးလေ… သူ့ကို ရွှေသားကြည့်နေတာ ချစ်လို့ မဟုတ်လား"

"ရှင်ရော… ကလေးမချစ်တတ်လို့လား"

"ကိုယ်က လူကြီးရော ကလေးရော ချစ်တယ်၊ အထူးသဖြင့် ရွှေသားနဲ့ ကိုယ့်ရင်သွေးလေးဆိုရင် ပိုချစ်တယ်"



"အို… အရှက်မရှိ ဘာတွေပြောနေမှန်း မသိဘူး"

"သြော်… မေးလို့လည်း ဖြေရသေးတယ်၊ ဘယ့်နှယ် လူကို ထုရိုက်နေရတာလဲ"

"ရှင့်ကို မေးတာပဲဖြေ၊ အပိုတွေ မပြောနဲ့"

"အခု မဖြစ်လည်း နောက်ဖြစ်လာမှာ မဟုတ်လား"

"လက်ထပ်ကြရအောင် ရွှေသားရယ်၊ အတူနေချင်ပြီ"

"အချိန်စောပါသေးတယ် စက်ရယ်၊ ဖြည်းဖြည်းပေါ့"

"ရွှေသားက ကိုယ့်ကို တကယ်မချစ်ပါဘူး၊ ကိုယ်သိတယ်"

"ဟုတ်လား"

"မင်း… ကိုယ့်ကို မလှောင်နဲ့နော် ရွှေသား"

"ဘယ်သူက လှောင်နေလို့လဲ"

"ဟိုမှာကြည့်စမ်း"

"ဘာလဲ"

"ဒါပဲ"

"စက်… နော်"

"အို"

စိတ်ကောက်ပြေသွားတာလား။ အာရုံပြောင်းသွားတာလား မသိ။ ရွှေသားမျက်နှာလေး ကြည်ကြည်လင်လင် ပြန်ဖြစ်သွားသည်။

"ရွှေသားမှာ မိဘတွေရှိလား"

"ဘာလုပ်မလို့လဲ"

"သမီး သွားတောင်းမလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့ သွားတောင်းမှာလဲ"
"ကိုယ့်မိဘတွေနဲ့ပေါ့"
"စက်မှာ မိဘမရှိဘူးဆို"
"ဘယ်သူပြောလဲ"
"ဒီလိုပဲ ကြားထားတာလေ… မဟုတ်လို့လား"
"နိုး"
"ကိုယ့်မိဘတွေ ရှိတယ်"
"သြော်…"

ရွှေသားက စိတ်ဝင်စားဟန် ခေါင်းလေးညိတ်ပေမဲ့ စက်ရင်ထဲမှာတော့ သူ့မိသားစုအကြောင်းထက် ရွှေသား မိသားစုကို ပိုစိတ်ဝင်စားနေ၏။

"ရွှေသားအကြောင်း ပြောဦးလေ"
"ဘာပြောရမှာလဲ၊ ဘာမှ ပြောစရာမရှိဘူး"
"ဒါဆိုလည်းပြီးရော"
"နှစ်ဦးသဘောတူဆိုရင် ဖြစ်တယ်မဟုတ်လား"
"စဉ်းစားဦးမယ်"
"မညစ်နဲ့ကွာ"
"ဘယ်သူက ညစ်လို့လဲ၊ စက်ဘာသာ ဖြစ်နေတာ"

နှုတ်ခမ်းစူသွားသည့် ချစ်သူမျက်နှာကိုကြည့်ပြီး သူ သက်ပြင်းချလိုက်သည်။ မလွှမ်းတတ်ဘဲ ချစ်လို့မရတာကတော့ အမှန်ဖြစ်သည်။

## အခန်း (၂၃)

"ရွှေသား"
"ဟင်… ကိုကြီး"

ရုတ်တရက် မျှော်လင့်မထားသူကို တွေ့လိုက်ရတော့ ရွှေသားမျက်နှာ ထိန်းမရအောင် ပျက်သွားသလို ဒေါသလည်း ဖြစ်သွားသည်။ သူ ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာရတာလဲ။

"ကိုယ့်ကို သိပ်မုန်းသွားပြီဆိုတာ ကိုယ် သိပါတယ်"
"အပိုတွေ ပြောမနေပါနဲ့ ဦးမိုးထက်ည်၊ ဒီကို ဘာကိစ္စနဲ့ လာတာလဲဆိုတာပဲ ပြောပါ"
"ရွှေသားကို တောင်းပန်ချင်လို့ပါ"
"အဲဒီကိစ္စအတွက်ဆို ရှင် ပြန်လို့ရပြီ ဦးမိုးထက်ည်"
"ကိုယ် မပြန်ခင် ရွှေသားကို ဒါလေး ပေးခဲ့ပါရစေ"

ရွှေသားလက်ထဲ ဒိုင်ယာရီစာအုပ်လေးတစ်အုပ် ရောက်သွားပြီးနောက်မှာ မိုးထက်ည်ကားက သူ့မအနားမှ ဝေါခနဲ ထွက်သွား၏။ သူ့ကိုမြင်တော့ ရွှေသားကို သတိရလာ၏။ ဟိုကြိမ်မှာခဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



လွဲခဲ့ရပေမဲ့ မိုးထက်ညံဆိုတာ ငွေသားရဲ့ခင်ပွန်းအဖြစ် ပြန်တွေး မိတော့ ရင်ထဲမောသွားသည်။ မတွေ့ရသည့်အချိန်အတွင်းမှာ မိုးထက်ညံပုံစံက အတော်ပိန်ကျသွားကာ လူကလည်း ဖရိုဖရဲ မသပ်မရပ်ဖြစ်နေ၍ သူ့ရင်ထဲကို လှမ်းမြင်နေရသလို ဖြစ်သည်။

ဒိုင်ယာရီစာအုပ်လေးကို အမှတ်မထင် ငုံ့ကြည့်မိတော့ မြင်လိုက်ရသည့် အမည်ကြောင့် ရွှေသားမျက်ခုံးလေး တွန့်သွားသည်။

ငွေသားအသွင်ဆိုပါလား။

ရွှေသား ထင်ထားသလို မိုးထက်ညံ၏ ဒိုင်ယာရီမဟုတ်။ ငွေသားရဲ့ ဒိုင်ယာရီကို ဘာလို့ သူ ယူလာရတာလဲ။

စိတ်ဝင်စားမှုအပြည့်နှင့် အဆောင်ပြန်ရောက်ချိန်မှာ ငွေသား စာအုပ်လေးကို ကမန်းကတန်း ဖွင့်ဖတ်ကြည့်လိုက်တော့ သူမ အပေါ်မှာထားသည့် ငွေသားရဲ့သဘောထား၊ ခံယူချက်၊ ပြီးတော့ ရွှေသားဟန်ဆောင်ပြီး ကိုကြီးကို အပိုင်ရယူလိုက်သည်မှအစ အားလုံးကို ငွေသားက သူမဒိုင်ယာရီထဲမှာ အသေးစိတ် ရေးထားတာ ဖတ်လိုက်ရသည်။

"ရွှေသားကို ခွင့်လွှတ်ပါကိုကြီး"

သူမအပေါ်မှာ ငွေသား ဒီလို သဘောထားလိမ့်မည်လို့ တစ်ခါမှ မတွေးခဲ့တာ ရွှေသား ညံ့လို့ပဲလား။

လူတိုင်းကို ကိုယ့်စိတ်လိုထင်ခဲ့မိတာ ရွှေသားအမှားဆိုရင် ငွေသားက သူတစ်ဖက်သား အားနည်းချက်ကိုယူပြီး သူမဘဝ ကောင်းစားရေးအတွက် အသုံးချ ကောက်ကျစ်ခဲ့တာကိုတော့



ဘယ်လိုပြောမလဲ။

အခုချိန်ကြမှ ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့ပါ။ ချစ်စ ခင်စမှာ ငွေသား ပျော်ရွှင်နိုင်ပါစေလို့ပဲ ဆုတောင်းပေးယုံသာ ရှိသည်။ မိုးထက်ညံအပေါ်ထားခဲ့သည့် အမုန်းတွေ ပြယ်လွင့်ခဲ့ရပြီ ဖြစ်သလို ရွှေသားအတွက် စိတ်ပူနေမည့် မိဘနှစ်ပါးကို ပိုသနား သွားမိသည်။

ရွှေသားကို ခွင့်လွှတ်ပါ ဒယ်ဒီနဲ့ မာမီရယ်။

"ရွှေသား"

"ဟင်... ဘာလဲ တန်ခူး"

အခန်းဝမှာ ရုတ်တရက်ရောက်လာသည့် တန်ခူးခေါ်သံ ကြောင့် အတွေးတွေလည်းပြတ်ကာ ရွှေသားက ဖျတ်ခနဲ တန်ခူးကို ကြည့်လိုက်သည်။

"ဒီညနေ စက်က ရှင့်ကို တွေ့ချင်လို့တဲ့"

"ဟိုဘက်လမ်းက စတိုးဆိုင်မှာ ရွှေသားကို စောင့်နေ မယ်လို့ ပြောခိုင်းလိုက်တယ်"

"ဖုန်းရှိရက်နဲ့ ဘာလို့ သူက ဖုန်းမဆက်တာလဲ"

"ဆက်သားပဲ၊ ရွှေသားဖုန်းက စက်ပိတ်ထားတယ်တဲ့လေ"

"ဟုတ်လား... ဘက်ထရီ ကုန်နေတယ်ထင်တယ်"

ရွှေသား ဖုန်းကိုပြန်စစ်ကြည့်တော့ ထင်သည့်အတိုင်း ဖုန်း ဘက်ထရီမရှိ။

"ဟိုက ရှင် မလာမချင်း စောင့်နေမှာနော်၊ သွားဖြစ်အောင် သွားလိုက်ဦး"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ"

လူက ခေါင်းညိတ်ပေမဲ့ စိတ်ထဲက ဘယ်ကိုမှ သွားချင်စိတ်လည်းမရှိဘဲ အိပ်ရာထဲ ခွေနေချင်တာနှင့် ရေချိုး၊ သနပ်ခါးလိမ်းပြီးချိန်ထိ အိပ်ရာထဲမှာပဲ ငြိမ်နေမိ၏။

"ရွှေသား"

"ဟင်"

"ရှင့်ကို ကိုစက် လာခေါ်နေတယ်"

"နေမကောင်းဘူးလို့ ပြောလိုက်နော် တန်ခူး"

"ရှင်တို့ စိတ်ကောက်နေတာလား"

"မဟုတ်ပါဘူး၊ ရွှေသားတစ်ယောက်တည်း နေချင်လို့ပါ"

တန်ခူးက ရွှေသားစကားကို မယုံသလို တစ်ချက်ကြည့်ပြီး အောက်ထပ် ပြန်ဆင်းသွားသည်။ စက်ကို သနားပေမဲ့ ရွှေသားရင်ထဲ ရှုပ်ထွေးနေသည့် အကြောင်းအရာတွေကြောင့် ဘယ်မှ မသွားချင်။ အိမ်ပြန်ဖို့ စိတ်ကူးနေချိန်မှာ တန်ခူးနှင့် အဆောင်ပိုင်ရှင် အပျိုကြီး အတူပါလာ၍ အံ့သြသွားသည်။

"ဘယ့်နှယ်… အထူးဆုပေါက်တာ မယူဘူးလို့ ငြင်းတယ်ဆို… ဟုတ်လား ရွှေသား"

"ရှင်"

"သြော်… မမက ရွှေသားကို မေးနေတာ၊ ဒေဝီစတိုးက ရွှေသား ကံစမ်းမဲ အထူးဆုပေါက်တာ သွားမထုတ်ချင်ဘူးဆိုလို့ အံ့သြနေတာလေ"

တန်ခူးက အဆောင်ပိုင်ရှင် မမြင်အောင် မျက်စိတစ်ဖက်



မှိတ်ပြလိုက်၍ ဒီဇာတ်လမ်းမှာ စက်၏ဇာတ်လမ်းမှန်း ရွှေသားသိလိုက်သည်။

"ဟိုလေ… အဲဒါက ဒီလိုပါ မမရဲ့"

"ကဲ… ဒီလို ဟိုလိုတွေ လုပ်မနေနဲ့၊ သွား… သွား၊ တန်ခူးနဲ့လိုက်သွားပြီး ယူစရာရှိတာယူပြီးမှ ပြန်လာခဲ့၊ တန်ခူးလည်း ရွှေသားကို ခေါ်သွားတော့"

"ဟုတ်ကဲ့ မမ"

မလိုက်ချင်၍ မရတော့။ အဝတ်လဲပြီး တန်ခူးနောက် လိုက်ခဲ့တော့ ရွှေသားတို့အလာကို စောင့်နေသည့်စက်ကို တွေ့လိုက်ရသည်။

"ဒါ ရှင့်အကြံ အကုန်ပဲလား စက်"

"လိုအပ်ရင် ဒီထက်ကောင်းတဲ့အကြံ ကိုယ့်မှာရှိသေးတယ်"

"မလာချင်ပါဘူးလို့ ပြောထားရက်နဲ့"

"မရဘူး"

"ကိုယ်က ပြောပြီးရင် ဖြစ်အောင်လုပ်ရမှ ကျေနပ်တဲ့လူ"

"မှန်းစရာကောင်းလိုက်တာ"

"ဘယ်သူ့ကိုလဲ"

"ရှင့်ကို… ရှင့်ကို"

"နောက်တစ်ခါ ပြောရဲ ထပ်ပြောကြည့်"

"ဘာဖြစ်လဲ"

"ကိုယ့်ကိုမုန်းတဲ့အကြောင်း သတ္တိရှိရင် ထပ်ပြောကြည့်၊ လူကြားထဲလည်း ဖက်နမ်းမှာနော်"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ပါလား၊ စကားပြောပုံကိုက အရှက်မရှိ"

"ချစ်မရှက်ဆိုတာ မကြားဖူးဘူးလား"

ရွှေသားက စက်ထံ လှမ်းကြည့်တော့ သူက အားလုံး မမြင်အောင် မျက်စိတစ်ဖက် မှိတ်ပြသည်။

"အဆောင်ပိတ်ချိန်အမီ ပြန်ပို့နော် စက်၊ တော်ကြာ မမက တန်ခူးတို့ အတူပြန်မလာလို့ ပြောနေဦးမယ်"

"သိပါတယ်၊ စိတ်အေးအေးထားပြီးသွား"

တန်ခူးက ရွှေသားကို နှုတ်ဆက်ပြီး သီဟနောက် လိုက်သွားတော့ စက်နှင့်ရွှေသား နှစ်ယောက်တည်း ကျန်ခဲ့သည်။

"ကဲ… ဘာပြောမှာလဲ ပြော"

ရွှေသားက ဆက်မလိုက်ဘဲ ရောက်လေရာမှာ ခြေစုံရပ်ပြီး မေးတော့ စက်က ရွှေသားမေးတာကို မဖြေဘဲ သူမလက်တစ်ဖက်ကို ခပ်တင်းတင်း ဆွဲယူဆုပ်ကိုင်ပြီး ရှေ့ကို ဆက်လျှောက်သည်။

"ဘယ်သွားမလို့လဲ"

"ဟိုနားဒီနား"

"မိုးချုပ်တော့မှာနော်"

"ဘာဖြစ်လဲ၊ ကိုယ်တစ်ယောက်လုံး ရွှေသားနားမှာ ရှိနေတာ၊ ဘာမှ ကြောက်စရာမလိုဘူး"

လက်လှမ်းဆွဲတော့ ရွှေသားက ပေကပ်ကပ်နှင့် ပါလာ၏။

"မျက်နှာလည်း မကောင်းဘူး၊ ဘာဖြစ်လို့လဲ၊ ကိုယ့်ကို စိတ်ဆိုးလို့လား"

"မဟုတ်ပါဘူး၊ အိမ်ကို သတိရလို့ပါ"



"အိမ်ကို… ဟုတ်လား"

"အင်း"

စက်က ရွှေသားမျက်နှာလှလှလေးကို စိုက်ကြည့်ရင်း မျက်ခုံးတွန့်သည်။ စိတ်ထဲမှာလည်း သူ့ကိုထားပြီး သူမတစ်ယောက်တည်း ထွက်သွားမှာ စိုးရိမ်စိတ်ပူလာ၏။

"ကိုယ်မသိဘဲ မင်း ဘာမှမလုပ်ရဘူးနော် ရွှေသား"

"ရွှေသားက ဘာလုပ်နေလို့လဲ"

"လုပ်မှာစိုးလို့ ပြောနေတာ၊ ကိုယ် မင်းကို မခွဲနိုင်ဘူး၊ ဝေးလည်းမဝေးရဲဘူး၊ အဲဒီလောက် မင်းကိုချစ်တာ မင်းသိလား ရွှေသား"

"အသစ်မတွေ့ခင်တော့ ဒီလိုပြောကြတဲ့သူတွေချည်းပဲ"

"မင်းနော်… ကိုယ့်အချစ်ကို မစော်ကားနဲ့"

"ဘယ်သူက စော်ကားလို့လဲ၊ ဖြစ်တတ်တဲ့သဘောကို ပြောတာ"

"ကိုယ့်ကို မင်းအရင်လူလို ထင်လို့လား"

"ဘာပြောတယ်… ရှင်… ရှင်"

"လူချင်းတူပေမဲ့ အသက်ရှူတာခြင်း ကွာတယ်လို့ပြောတာ"

"သွား… ရှင် ရွှေသားနားကို မလာနဲ့"

"ဘာလို့လဲ"

"ရှင့်ကိုမုန်းလို့"

"ဘာလဲ… မင်းရဲ့အရင်လူအကြောင်း ပြောလို့လား"

"ဟုတ်တယ်၊ သူ့အကြောင်း ရှင် ဘာမှပြောစရာမလိုဘူး၊

www.burmeseclassic.com

www.burmeseclassic.com



သစ္စာမဲ့ ဖောက်ပြန်တဲ့လူထဲမှာ သူ မပါဘူး''

''ဒါဖြင့် မင်းကို ဘာလို့ထားသွားလဲ''

သူ ရွှေသားကို ထားသွားတာ မဟုတ်ဘူး။ ငွေသားရဲ့ အလှည့်စားကို ရွှေသားတို့ချစ်သူနှစ်ယောက် ခံလိုက်ရတာလို့ ပြောလိုက်ရမလား။

''ဘယ်လိုလဲ၊ ကိုယ်မေးတာ မဖြေနိုင်တော့ဘူးလား''

''ဖြေစရာမလိုလို့ မဖြေတာ၊ ရှင်းပြီလား''

''ရှင်းတယ်၊ သိပ်ရှင်းတယ်၊ မင်းရင်ထဲမှာ အခုချိန်ထိ အရင်လူကို မမေ့နိုင်သေးဘူး''

''ကဲဟယ်''

''ဖြန်း''

''မင်း ငါ့ပါးကို ရိုက်တယ်... ဟုတ်တယ်''

''ဟုတ်တယ်၊ မကျေနပ်ရင် ရှင် ရွှေသားကို ပြန်ရိုက်လို့ ရတယ်၊ နောက်တစ်ခါ ရွှေသားအချစ်ကို စော်ကားဖို့ မကြိုးစားနဲ့''

''ရွှေသား''

စက် ခေါ်ပေမဲ့ သူမက သူ့ကို လှည့်မကြည့်ဘဲ နေရာက ကျောခိုင်းထွက်သွား၍ စက် သူမနောက် လိုက်ခဲ့သည်။ ချစ်လွန်း၍ သူမကို ဤမျှ အလျှော့ပေးထားခြင်းဆိုတာ သူကလွဲ၍ ဘယ်သူမှ မသိ။ အရင်စိတ်နဲ့ဆို ဒီနေရာမှာ ပွဲသိမ်းတာကြာပြီ။ အခုတော့ ရွှေသားဆိုတာ သူ့အချစ်ဆုံး၊ အမြတ်နိုးဆုံးမိန်းမဖြစ်နေတော့ သူမအပေါ် ဘာတစ်ခုမှ အပြစ်မြင်လို့မရ။ ချစ်နေတာနဲ့ အားလုံး ခွင့်လွှတ်ပြီးသားဖြစ်နေ၏။



''ဆောရီး... ကိုယ် စကားပြောတာ လွန်သွားတယ်''

''မလိုပါဘူး၊ အခုချိန်ကစပြီး ရှင်လည်း ရွှေသား မေ့လိုက်တော့''

''ပြောပုံက လွယ်လှချည်လား၊ အချစ်ကို မင်းက ဘာ့ဘာထ နေလို့လဲ၊ အခု ချစ်လိုက်၊ အခု မုန်းလိုက်လို့ ပြောရအောင် မင်းက ကိုယ့်ကို ဘာကောင်ထင်နေလဲ''

''ရှင့်ကို ရွှေသား မေ့လိုက်ပြီ''

''ဘာ...''

''ရှင် နားမကြားဘူးလား''

''ကြားတယ်ကွာ... ကြားတယ်၊ ကြားလွန်းလို့ မင်းကို... လာခဲ့စမ်း''

''အို... ဒါဘာလုပ်တာလဲ၊ ရွှေသားလက်ကို လွှတ်''

ပတ်ဝန်းကျင်က လူရှင်းပြတ်နေတာကို အခွင့်ကောင်းယူပြီး စက်က သူ့ကို တစ်ခွန်းမခံ ပြန်ပြောပြီး ရင်နာအောင် လုပ်နေသည့် ရွှေသားလက်ကို ဆွဲကာ အမှောင်ရိပ်အတွင်း ဆွဲယူသွားသည်။

စက်အကြံကိုသိ၍ ရွှေသားက သူခေါ်ရာနောက်မလိုက်ဘဲ ဖွတ်အတင်းရုန်းကန်ထုရိုက်ပေမဲ့ စက်က ဂရုမစိုက်။ အင်အားချင်း မမျှတော့ ရွှေသားမှာ သူခေါ်ရာ ဒရွတ်တိုက်ပါလာ၏။

''ရှင် ဘယ်လိုဖြစ်နေတာလဲ စက်၊ လူမြင်ကွင်းကြီးမှာ ရှင် ရူးနေလားဟင်''

''ဟုတ်တယ်... ရူးနေတယ်၊ ငါ ဘယ်လောက်ရူးလည်း ဆိုတာ အခု မင်းကို လက်တွေ့ပြမလို့''

www.burmeseclassic.com

www.burmeseclassic.com



"အို"

ရွှေသားတစ်ကိုယ်လုံး စက်ရင်ခွင်ထဲ ထွေးခနဲ ရောက်သွားသည်။ ရုန်းဖယ်လို့မရသော တင်းကျပ်သော နှောင်ဖွဲ့မှုအောက်မှာ အရှိန်ပြင်းပြင်း ပြိုကျလာသည့် ချစ်အနမ်းတွေက သိပ်သည်းမှုအပြည့်။ ငဲ့ညှာမှုတစ်ခုမှမပါ။ ရွှေသားနှုတ်ခမ်းလေးတွေ နာကျင်သွားစေရက်သူ။

"ပြော… နောက်တစ်ခါ ကိုယ့်ကို မေ့လိုက်ပြီလို့ ပြောဦးမလား"

"သွား… ရှင် အလကားလူ သိလား"

ဘယ်လိုမှ မေ့ပျောက်မရနိုင်သော အနမ်းဦးခြွေရက်သူ ရင်ခွင်ထဲက ရုတ်ရုန်းတော့ သူက မလွှတ်။ ရွှေသား စိတ်ဆိုးဆိုးနှင့် သူ့ရင်ဘတ်ကြီးကို လက်သီးဆုပ်နှင့် တဗုန်းဗုန်း ထုပစ်လိုက်တော့ သူက ဘာတစ်ခုမှ မတားမြစ်။

"မင်း ကျေနပ်ပြီလား"

"ဘယ်တော့မှ မကျေနပ်ဘူး"

"ကိုယ်လည်း မကျေနပ်ဘူး"

"မကျေနပ်ရင် သေလိုက်"

"ရွှေသားကိုယူပြီး သားသမီး မြေးမြစ်တွေ အများကြီး မွေးဦးမှာ"

"နောက်ဘယ်တော့မှ ကိုယ့်ကို မုန်းဖို့မေ့ဖို့ မပြောနဲ့၊ ကိုယ့်နှလုံးသားကို အနာကျင်စေဆုံးစကားက အဲဒီစကားပဲ"

"ပြော… ကိုယ့်ကို ချစ်လား"



"မချစ်ဘူး"

"ဖယ်ပါ… လူကိုလွှတ်"

"လွှတ်မယ်၊ အခုတော့ မဟုတ်သေးဘူး"

"စက်… ရှင်နော်"

"ရှူး"

"မအော်နဲ့လေ၊ နှုတ်ဆက်အနမ်းလေးတော့ ပေးဦးမှပေါ့"

တိတ်ဆိတ်ခြင်းက ချစ်သူနှစ်ယောက်၏ အချိန်ဇယားတွေကို နွေးထွေးလှိုက်လှဲမှုအောက်မှာ လှပစွာ ဖျောက်ဖျက်ပစ်လိုက်၏။ သူတို့ အဆောင်ပြန်တော့ အတော်လေး အချိန်နောက်ကျနေပြီ ဖြစ်သည်။

"အဲဒါ စက်ကြောင့်"

"ကိုယ့်ကို ဒေါသဖြစ်အောင် ဘယ်သူက အရင်စတာလဲ ပြောဦး"

ချစ်သူနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ရန်တွေ့စကားဆိုရင်း မပြေမလည် လျှောက်လာချိန်မှာ သူတို့ရှေ့ကို ရိပ်ခနဲ ဝင်လာသည့် လူရိပ်တချို့ကြောင့် လှမ်းလက်စ ခြေအစုံ သူ့အလိုလို ရပ်တန့်သွား၏။

"စက်"

"ကိုယ့်နောက်မှာနေ ရွှေသား"

"ခင်ဗျားတို့ ဘာလုပ်တာလဲ"

"သိချင်ရင် မင်းတို့မှာပါတဲ့ပစ္စည်း အကုန်ပေး"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်… နေဦး၊ မင်းက ဟိုတစ်ခါ ငါတို့ကို ချသွားတဲ့ကောင် မဟုတ်လား၊ ဒီတစ်ခါ ငါတို့အလှည့်ပဲ"

"ကဲကွာ"

"အမလေး… လုပ်ကြပါဦး၊ ဒီမှာ ရန်ဖြစ်နေပြီ"

အခြေအနေက ချက်ချင်းရှုပ်ထွေးသွားသည်။ ထိုလူစုကို ရွှေသား မှတ်မိသလို စက်လည်း မှတ်မိပါပြီ။ ဟိုတစ်ခါက ရွှေသားကို ဒုက္ခပေးသည့်လူ။ ဒီလူနှစ်ယောက်ကြောင့် ကုန်းတံတားအောက်မှာ စက်နဲ့ သူမ စတင်ဆုံစည်းခဲ့ပေမဲ့ အခုလို သီးခြားဆန်သော ပတ်ဝန်းကျင်မှာ သူမတို့ လာဆုံခဲ့တာတော့ ကောင်းသည့်နိမိတ် ဖြစ်မလာတာလည်း ကြိုသိနေခဲ့၏။ ချက်ချင်း အခြေအနေက ရှုပ်ထွေးသွားသည်။ နှစ်ယောက် တစ်ယောက်ပွဲမှာ စက်က အသတ်အပုတ် ကျွမ်းကျင်သူမဟုတ်။

အသင့်ပြင်ထားတဲ့ စက် ဗိုးခနဲ တိုးဝင်လာတဲ့ လက်သီးကို ရှောင်လိုက်နိုင်ပေမဲ့ တခြားတစ်ယောက်က ဝမ်းဗိုက်ဆီ အလစ်ကန်ချက်ကို သူ မရှောင်တိမ်းနိုင်။

"အွတ်"

"အမလေး… စက် သေပါပြီ"

စက်က အွတ်ခနဲ အသံထွက်သွားကာ ခါးကုန်းကျသွားသော်ငြား မျက်နှာဆီ ဖြတ်ဝင်လာတဲ့ ခြေကန်ချက်ကို လက်နှင့် ရိုက်ထုတ်ပစ်သည်။

မိုက်မိုက်ကန်းကန်း တိုးဝင်လာသူအား ခြေတစ်လှမ်းဆုတ်ရှောင်ပေးရင်း ဇက်ပိုးကို လက်ဝါးစောင်းနှင့် ခုတ်ချတော့ ဂ၊



ကွကွဖြစ်သွားသည့် မျက်နှာအား ဒူးနဲ့ ပင့်တိုက်ပြီး တစ်ယောက်ကို ပွဲသိမ်းပေးလိုက်ပေမဲ့ ရိပ်ခနဲ ဝင်လာသည့် လူရိပ်က သစ်သားချောင်းကြီးကို မြှောက်လျက်သား။

"စက်… နောက်မှာ"

"ရွှေသား"

"ဒုတ်"

"အား"

"ဟာ… ကောင်မလေးကို ထိသွားပြီ"

သတိလည်းပေး၊ အော်ရင်း ဝင်တွန်းပစ်လိုက်တာ စက် ခန္ဓာကိုယ်ကိုဖြစ်ပြီး အရှိန်နှင့်ကျလာသော ရိုက်ချက်က သူမပခုံးကို ဖြောင်းခနဲ အသံကျယ်ကြီးပေးကာ အောင့်တက်ပူထူသွားသည်။

ထိုတစ်ယောက်အား စက် သည်းကြီးမည်းကြီး ထိုးကြိတ်ကန်ကျောက်နေတာ တွေ့ရတော့ ဝေဒနာကြားမှ အားတင်းကာ ပြုံးသည်။ ကလေးတွေလို ကိုယ့်လူနိုင်ပြီဆိုတာနှင့် ဒုံးဒုံးချပစ်သော စိတ်ရဲ့နောက်မှာ သူမခန္ဓာကိုယ်လေးလည်း တအိအိပြိုဆင်းခွေလဲသွား၏။

"ရွှေ… သား"

"ရွှေသား… သတိထားပါဦး"

"ဟာ… ရွှေသား သတိမေ့သွားပြီ"

အမိပြေးလာကာ ဆီးပွေ့သော စက်ရဲ့လက်တွင်းမှာပင် သူမ ရောက်သွားခဲ့တာ တခြားကမ္ဘာသို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"အင်း... ဟင်း"

"ဟော... သတိရလာပြီ"

"ရွှေသား"

တစ်ယောက်တစ်မျိုး ဝိုင်းမေးကြ ပြောကြသည့်အထဲ သူမ အရင်တွေ့ရတာက စိုးရိမ်ခြင်းမျက်နှာနှင့် စက်။ အံ့အားတသင့် ငုံ့မိုးကြည့်နေသူများထဲမှာ သီဟနဲ့ ကျော်ဦးကိုလည်း တွေ့ရသည်။ ဘေးနားမှာ ဆရာဝန်ကြီးနှင့် နာ့(စ်)မတွေလည်း ရှိနေပြန်သည်။

"ရွှေသား သက်သာရဲ့လားဟင်၊ ဘယ်လိုနေသေးလဲ"

လက်ဖဝါးကို ဖွဖွဆုပ်ရင်း မေးသူက မျက်တွင်းတွေ ဘာတွေကျကာ စိုးရိမ်ပူပင်ခြင်းက အမြင့်ဆုံးရေချူမှတ်သို့ ရောက်ခဲ့ဟန်တူသည်။ နွမ်းဖတ်ဖတ်နှင့် စက်မျက်နှာအား ရွှေသားက ပြုံးကာ ခေါင်းညိတ်ပြ၏။

"စက်"

"ဟုတ်ပါတယ်၊ ကိုယ်ပါ"

"စက် ဘာမှမဖြစ်ဘူးနော်"



"ကိုယ် ဘာမှမဖြစ်ဘူး ရွှေသား၊ ကိုယ့်ကြောင့် ရွှေသား ဒဏ်ရာရသွားတာ သိလား"

"သိတယ်"

"သိပ်နာနေလားဟင်"

"ဟင့်အင်း၊ ဒါပေမဲ့ ပခုံးတစ်ဖက်က အောင့်နေသေးတာတော့ရှိတယ်"

"အနာရှိန်တော့ ကျန်ခဲ့မှာပေါ့"

ဘေးနားက ဆရာဝန်ကြီး ဝင်ပြောသဖြင့် အားလုံးအကြည့်တွေက ဆရာဝန်ကြီးဆီ ရောက်သွားသည်။

"သစ်သားချောင်းနဲ့ အရိုက်ခံရတာရော၊ ယောက်ျားအားကြီးနဲ့ ပါဆိုတော့ နာတာတော့ နာနေဦးမှာပဲ၊ ဒါပေမဲ့ စိုးရိမ်စရာမရှိဘူး၊ ဆရာတို့ ဓာတ်မှန်တွေကြည့်ပြီးပြီ၊ အရိုးလည်းမထိဘူး၊ ကျိုးလည်း မကျိုးသွားဘူးဆိုတော့ ကဲ... ဆရာမ အနာသက်သာမဲ့ဆေးတွေ ပေးထားလိုက်"

"ဟုတ်ကဲ့ ဒေါက်တာ"

ညွှန်ကြားချက်ပေးအပြီးမှာ ဆရာဝန်ကြီးက စက်ထံ ခပ်ပြုံးပြုံးနှင့် လှမ်းကြည့်သည်။

"ငါ ဘယ်တော့စားရမှာလဲ စက်"

"ကိုဝေလင်း"

တစ်စုံတစ်ခုကို တားမြစ်ချင်သလိုမျိုး စက်က ဆရာဝန်ကို လှမ်းဟန့်သည်။ ဆရာဝန်ကြီးနှင့် စက်ကြားက ဆက်ဆံရေးက ထူးခြားမှုရှိနေခြင်းကို ပထမဆုံး သတိပြုလိုက်မိသူက ရွှေသား။

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ ဘာမှမပြောနဲ့ဆို မပြောပါဘူး၊ ဒါပေမဲ့"

"တော်ပြီဗျာ၊ ဒါပေမဲ့တွေ ဘာတွေလုပ်မနေနဲ့"

"ဟာ… လိုအပ်တာရှိရင် အချိန်မရွေး ငါ့ကိုလာခေါ်လို့ ပြောမလို့ပါ၊ မင်းဘာသာ ဘာတွေ အတွေးချော်နေမှန်း မသိဘဲနဲ့"

ဆရာဝန်က ပြောပြီး စကားအဆုံးမှာ ရွှေသားမျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး ရယ်သည်။

"နာမည်က ရွှေသားနော် ညီမ"

"ဟုတ်ကဲ့"

"အစ်ကို့နာမည် ဝေလင်း၊ မှတ်ထား"

"ဟုတ်ကဲ့ ဆရာ"

"ကိုဝေလင်း သွားတော့လေ"

"အေးပါ"

"ငါ့ဆေးခန်းမှာမို့ မင်း အေးဆေးသွားတယ်မှတ်၊ ကဲ… ဒီကညီမလည်း မြန်မြန်ကောင်းပေးလိုက်၊ နို့မို့ ဒီကောင် ဟိုဒီ ပြေးရင်း စိတ်ပူရလွန်းလို့ ရူးသွားနိုင်တယ်"

"ကဲ… ကိုဝေလင်း၊ ခင်ဗျားဂျူတီ ကုန်ပြီ၊ လစ်တော့"

"ဖွတ်ပါလား"

"လာစမ်းပါဗျာ"

"ကဲ… သွားပါပြီဗျာ၊ သွားပါပြီ"

ဆရာဝန်က ရယ်ရယ်မောမော။ စက်က ဆရာဝန်ကို ပြောဟန်ဆိုဟန်မှာ ရှုံ့ခြင်း၊ ရှိန်ခြင်း လုံးဝမရှိသည့်အပြင် ရင်းနှီးပြီးသားလူတစ်ယောက်လို ဆရာဝန်ကို ဖွတ်အတင်း ဆေးခန်းအပြင်ဘက်



အထိ ဆွဲထုတ်ကာ အခန်းတံခါးကို ပြန်ပိတ်ပုံကအစ လူဆိုးလေး ဖြစ်သည်။ စက်က သူလုပ်ချင်တာလုပ်ပြီး ဒီဘက် ပြန်လှည့်တော့ အံ့အားတသင့် မျက်ဝန်းတွေနဲ့ သူ့ကို ကြည့်နေသည့် ရွှေသားကို လှစ်ခနဲ ပြုံးပြသည်။

"ကိုဝေလင်းက ကိုယ့်သူငယ်ချင်းရဲ့ညီလေ၊ ဆရာဝန်ဆိုပေမဲ့ ဟိတ်ဟန်တွေ မရှိဘူး၊ ခင်ဖို့ကောင်းလို့ ညီအစ်ကိုလို ခင်နေတာ၊ ကိုယ်နဲ့က ပြောမနာ ဆိုမနာဆိုတော့ အမြဲခွင့်လွှတ်ပေးနေကြကွ"

စက်က ဖြေရှင်းသည်။ ရွှေသားက အိပ်ရာမှကျိုးထတော့ စက်က ကျောနောက်မှာ သိုင်းပွေ့ကာ ထူမပေးသည်။

"ဟိတ်… ဘာလို့ ဖွတ်ထရတာလဲ၊ ကိုယ်ထူပေးမှာပေါ့"

"အား… ကျွတ်… ကျွတ်"

"ရရဲ့လား ရွှေသား"

"အင်း"

ရွှေသားက ကိုယ်တစ်ပိုင်းပေါ် ခြုံထားသော စောင်ကို ဆွဲဖယ်ရင်း ဆေးရုံခုတင်ပေါ်က သူမကိုယ်လေးကို ဆင်းဖို့ ကြိုးစားသည်။

"ဘယ်သွားမလို့လဲ ရွှေသား"

"ဆေးရုံက ဆင်းမလို့လေ"

"ဆေးရုံက ဆင်းမလို့"

"အင်းလေ"

"ရွှေသား မေ့သွားတယ်၊ ဒေါက်တာ့ကို ဆေးရုံက ဆင်းမဲ့ ကိစ္စ ခုနက ပြောလိုက်ရမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ… မဟုတ်တာ၊ ရွှေသားမှာ ဒဏ်ရာကြီးနဲ့"

"နာနေတာပဲရှိတာပါ၊ ကျန်တာ လူကောင်းပဲဥစ္စာ၊ ဒေါက်တာကိုယ်တိုင်ကလည်း မစိုးရိမ်ရဘူးလို့ ပြောသွားတာ စက် ကြားသားပဲ"

"အင်း… ဒါပေမဲ့"

"ဒါပေမဲ့ လုပ်မနေနဲ့၊ ဟိုမှာ နာရီကိုကြည့်ဦး၊ အဆောင်ကို ဘယ်လိုပြန်မလဲ၊ အဆောင်ပိုင်ရှင် အပျိုကြီးတော့ ရွှေသားတို့ကို ဘယ်လောက် စိတ်ပူနေပြီလဲ မသိဘူး"

ရွှေသားက နံရံကပ်နာရီကို လှမ်းကြည့်ပြီး ပြောတော့ စက်တို့သုံယောက်စလုံး မျက်လုံးချင်းဆုံသွားသည်။ ရွှေသားက သူတို့ကိုလည်း မကြည့်။ ဆေးရုံကဆင်းရန် ကြိုးစားသည်။

"ကဲ… သွားကြမယ်လေ"

"နေဦး… ရွှေသား"

"ဘာလုပ်ဦးမလို့လဲ"

"ကိုသီဟတို့ရှိနေတုန်း တစ်ခါတည်း သွားကြမယ်လေ၊ အဆောင်ပိတ်ချိန်က နှစ်နာရီတောင် ကျော်သွားပြီ၊ ဒါပေမဲ့ အပျိုကြီးကို ပြောပြလို့ရမှာပါ၊ ဟို… ဒီလိုဖြစ်တာကိုလေ၊ ဆေးမှတ်တမ်းတွေ ဘာတွေနဲ့"

"ရွှေသား"

"ရှင်"

စက်ကို မော့ကြည့်သည့် ရွှေသားမျက်နှာလေးက အပြစ်ကင်းစင်နေ၏။ သူ့ရင်ထဲက ချစ်ခြင်းတွေကို ရိုက်ပုတ်စိန်ခေါ်သွားကြသည်။ မစွန့်လွှတ်နိုင်ဘူးဆိုမှ ပိုင်ဆိုင်ဖို့အရေးပဲ ရှိတော့



တာကို စက်ရင်တွေက ချစ်သူကို ပိုင်ဆိုင်ရမည့်အရေးအတွက် ရင်ခုန်သံတွေ ဆူညံနေ၏။

"ရွှေသား အဆောင်ပြန်လို့ မဖြစ်တော့ဘူး"

"ဟင်… ဘာဖြစ်လို့"

"ရွှေသား တစ်ညလုံး သတိလစ်နေတာ အခုချိန်ထိပဲ"

"ဟင်… တကယ်"

"ဟုတ်တယ် ရွှေသား၊ ခုတည်းက ရွှေသားနဲ့စက် ခိုးရာလိုက်ပြေးသွားပြီဆိုတဲ့ သတင်းက တစ်ရပ်ကွက်လုံး ပျံ့နေပြီ"

"တကယ်ပါ"

"အို"

"ဒါ… ဒါဖြင့် ရွှေသားက စက်နဲ့"

"ကိုယ့်ကို လက်ထပ်ပါ ရွှေသားရယ်… နော်"

စက်စကားအဆုံးမှာ ရွှေသား ဘာစကားမှ ထပ်မထွက်လာတော့အောင် နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ယင်လာသည်။ မျက်တောင်ဖျားလေးတွေက မျက်ခုံးရိုးနားအထိ ပင့်တက်ပြန့်ကပ်သွားသည်။ ပြည့်ဝိုင်းနေသော မျက်ရည်တွေက ပါးပြင်ပေါ် ကျလုကျခဲ။ လှုပ်လီလှုပ်လဲ့။ စက်က ရင်တထိတ်ထိတ်နှင့် ရွှေသားမျက်နှာလေးကို ချစ်မြတ်နိုးခြင်းများစွာဖြင့် မျက်တောင်မခတ် စူးစိုက်ကြည့်နေ၏။

"ကိုယ့်ကို လက်ထပ်မယ်မဟုတ်လား ရွှေသား"

"ရွှေသား မသိဘူး"

"ရွှေသား"

www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့ ရွှေသား၊ ကိုယ့်ကြောင့် ရွှေသား အမြဲ ပျော်ရွှင်နေရစေမယ်လို့ ကိုယ် ကတိပေးပါတယ်"

စက် ပခုံးလေးကနေ သိမ်းဖက်တော့ ရွှေသားက သူ့ပခုံးမှာ မျက်နှာအပ်လျက် ကျိတ်မျက်ရည်ကျနေ၏။ ဘဝဆိုတာ ဒီလိုပဲလား။ ကိုယ်ဖြစ်ချင်တာ မဖြစ်ဘဲ သူဖြစ်ချင်တာ ဖြစ်ရတာကိုလေ။

"ကိုယ်တို့ လက်ထပ်ကြမယ်နော်"

စက်စကားကို ရွှေသား ခေါင်းညိတ်မိလား၊ ခေါင်းခါလိုက်မိလား မသိတော့။ ရင်ထဲမှာတော့ အမျိုးမျိုးသော ခံစားချက်တွေနှင့် ရှုပ်ထွေးနေတာပဲသိသည်။ ရုတ်တရက်ကြီး အိမ်ထောင်သည်ဘဝကို ရင်ဆိုင်ဖြတ်သန်းဖို့ ရွှေသားမှာ ဘာကစ်ခု ပြင်ဆင်ထားခြင်းမရှိသေးတာ ရွှေသားပဲသိသည်။

"စက်"

"ဟင်"

"ရွှေသားတို့ ဘာမှမဖြစ်ဘူးဆိုတဲ့အကြောင်း သူတို့ကို ရှင်းပြလို့ မရဘူးလားဟင်"

"ရွှေသားက ဘယ်သူ့ကို လိုက်ရှင်းပြမှာလဲ"

"ရွှေသားနဲ့စက် ဘာမှမဖြစ်တာ၊ ဆေးရုံတက်နေရတာတွေက တကယ့်အမှန်တွေပဲ"

"ဟုတ်ပါပြီ၊ ဒီအဖြစ်မှန်တွေကို ဘယ်သူ့ကို ရှင်းပြရမှာလဲ"

စက်က ရွှေသားကိုမေးတော့ ရွှေသား မဖြေနိုင်။ မျက်ဝန်းအိမ်မှာ ပြည့်လာသည့် မျက်ရည်တွေကိုကြည့်ပြီး စက်က သက်ပြင်းရှိုက်သည်။



"ကိုယ့်ကို ရွှေသား မချစ်ဘူးလား"

"ကိုယ့်မျက်စိရှေ့မှာ ရွှေသား လာငိုနေတည်းက အဲဒီကောင်မလေးကို မြင်မြင်ချင်း ချစ်မိသွားတာ ချစ် သိလား"

"ရွှေသားကို အရမ်းချစ်တယ်"

"ဘယ်တော့မှ မစွန့်လွှတ်ဘူး၊ ပြီးတော့ ရွှေသားရဲ့ အချစ်တွေအားလုံး ကိုယ်ပဲ အပိုင်သိမ်းချင်တယ်၊ ဘယ်လိုလဲ… ပေးမှာလား"

ရွှေသားက မစဉ်စားဘဲ ခေါင်းညိတ်သည်။ အတိတ်မှာ ရှိခဲ့ဖူးသော ချစ်ခြင်းခြေရာသည် စက်ကိုချစ်သော အချစ်နှင့် နှိုင်းယှဉ်လျှင် သဲတစ်ပွင့်စာတောင် မရှိတော့သော သေးငယ်မှုန်ဝါးခြင်းများနှင့် ပျောက်ကွယ်၏။

"စိတ်ချ၊ ရှိသမျှအားလုံးပေးမှာ"

"ဒါဆို… လာ"

"အား… စက်နော်"

"ရွှေသားပဲ ပေးမယ်ဆို"

"ရွှေသားပြောတာ အဲဒါမဟုတ်ဘူး"

သူမမျက်နှာနား နီးကပ်အောင် ချလာတဲ့ သူ့မျက်နှာ မေးဖျားကို ပင့်တွန်းရင်း ရွှေသားက ငြင်းသည်။ ရယ်လက်စ ရုပ်နှင့် သူက ရွှေသားမျက်တောင်ဖျားကို ဖျတ်ခနဲ အမိအရ ငုံနမ်းသည်။

"ဒါဖြင့် ဘာလဲ"

"ဘာမှမဟုတ်ဘူး"

"ဒါများ ကြီးကြီးကျယ်ကျယ် ပြောသေးတယ်၊ ရှိသမျှအားလုံး

www.burmeseclassic.com

www.burmeseclassic.com



ပေးမှာတဲ့"

"သဘောပြောတာ"

"မရဘူး··· လာခဲ့"

"စက်"

"အို"

ချိုသောရယ်သံဟာ အချစ်၊ အနမ်းနဲ့ အလွမ်းမရှိသော သူတို့ရဲ့ မနက်ဖြန်ကိုယ်စားဖြစ်သည်။

## အခန်း (၂၅)

"မင်းကိုယ်မင်း တရားလွန်ပြီလို့ မထင်ဘူးလား ငွေသား"

"ဘာကိုပြောတာလဲ ကိုမိုး၊ ဒီနေ့အထိ အလွန်အကျွံ ခံစားတာဆိုလို့ ကိုမိုးကိုချစ်တဲ့ အချစ်တစ်ခုပဲ ငွေသားဘဝမှာ ရှိသေးတယ်"

ခြေချောင်းတွေကြား ငွမ်းဲစထူထူခံကာ ခြေသည်းနီဆိုးနေတာက ကမ္ဘာလောကကြီးတစ်ခုလုံး မေ့ပျောက်ထားသည့်နှယ်။ ဒါလား အလုပ်ကအပြန် အမောပြေဖွယ်ရာ ဆီးကြိုမဲ့ ဇနီးကောင်း ဆိုတာ ဒီလို အလုပြင်နေတဲ့သူကို ပြောတာလား။ တွေးရင်း ဒေါသထွက်ကာ နက်(ခ်)တိုင်ကို ဆွဲချွတ်၍ မွေ့ယာပေါ် ပစ်ပေါက်သည်။ ငွေသားကတော့ သူ ဘယ်လောက် ဒေါသဖြစ်ဖြစ် စိတ်တိုသွားတာ၊ ကြောက်သွားတာ ဘာတစ်ခုမှမရှိ။ အေးအေး အေးစက်နှင့် မျက်လွှာပင့်ကြည့်သည်။

"ဘာတွေဖြစ်နေတာလဲ ကိုမိုး"

"ငါပြောမှ မင်းသိမှာလား"

www.burmeseclassic.com

www.burmeseclassic.com



ငွေသားက မျက်လွှာပြန်ချကာ အနီရဲရဲတင်ထားသော ခြေသည်းနီအား တဟူးဟူးမှုတ်လိုက်၏။

"ကားလဲလိုက်တဲ့ကိစ္စလား၊ ဒါမှမဟုတ် အိမ်ဖော်ငှားထားတဲ့အကြောင်းလား၊ မာမီတို့ကို သွားကြွားမိလို့ ကိုမိုးစိတ်ဆိုးနေတာလား"

"ငွေကြေးကိစ္စတွေ မင်း ဘယ်လောက်သုံးသုံး ငါ ဂရုမစိုက်ဘူး၊ အခု မေမေ့ကို မင်း ဘာပြောထားလဲ"

မိုးထက်ညို မွေ့ယာမှာ လက်ထောက်ပြီး ခါးကိုင်းကာ ပြောတာက သွားကြားစေ့ပြီး အံကြိတ်ပြောတာမျိုး။ အနီရောင်သွေးကြောမျှင်တွေ ယှက်သန်းနေတဲ့ ကိုမိုးမျက်နှာထက်က ဒေါသဒီဂရီကို သူမ ခန့်မှန်းမိသော်လည်း ငွေသားက ပခုံးတွန့်ကာ လှလှပပလေး ရယ်သည်။

"အိမ်ခွဲနေဖို့ကိစ္စလား ကိုမိုး"

"မင်း သိသားပဲ"

"ကိုမိုးလည်း သိသင့်တာပေါ့၊ အိမ်ထောင်ကျပြီးရင် တသီးတသန့်နေမှ ကောင်းတယ်ဆိုတာ"

"မင်း ဒီမှာနေလို့ ဘာများ အဆင်မပြေတာရှိလဲ၊ မင်းကို ဘယ်သူ ဘာပြောလဲ၊ မင်း ဘယ်သူ့မျက်နှာ ကြည့်နေရလို့လဲ၊ ကဲ... ပြော"

"ဘယ်သူမှ မပြောဘူး"

"ဘယ်သူ့မျက်နှာမှ မကြည့်ရဘူး၊ ဒါပေမဲ့ မပြောဘဲ ကိုယ့်လှုပ်ရှားမှုတွေကို လိုက်ကြည့်နေတာမှ ခံရခက်တာ၊ အဲဒါမျိုး



ကိုမိုး ခံစားဖူးလား၊ အကြည့်တွေက လူကို ရွံသလို ရှာသလိုနဲ့၊ သူတို့နဲ့ မတူတန်တာ ငွေသားမှာ ဘာရှိလို့လဲ"

ငွေသား ပြောနေရင်းက ခုတင်အောက် ဆင်းရပ်တော့ ပခုံးချိတ်ရှုံ ကြိုးတစ်ချောင်းတည်း ဂါဝန်က ခြေဖျားအထိ ဝဲခနဲ ပုံကျသွားသည်။ ဒေါသကို အစဖျိုးတာ မိုးထက်ညံ့ဖြစ်ပြီး ငွေသားကတော့ သူ့ထက် အဆများစွာ ကြီးမားကျယ်ပြန့်သော ဒေါသတွေက သူမမျက်နှာထက်မှာ ကြောက်မက်ဖွယ် ယိမ်းထိုးနေ၏။ ဒါတွေကို မကြည့်ချင်ဘဲ ကြည့်နေရသည်။ မမြင်ချင်ဘဲ မြင်နေရသည့် ဝဋ်ဆင်းရဲက မလွယ်။

"ဟွန်း... လူကြီးတန်မဲ့ မြန့်လိုက်တဲ့ အပြောင်းအလဲ၊ နဂိုကတော့ သူတို့ပဲ ချစ်လှပါချည်ရဲ့၊ ကြိုက်လှပါချည်ရဲ့၊ ချွေးမတော်ပါရစေနဲ့ အခုကျတော့ အပြစ်ရှာတဲ့ မျက်လုံးကြီး တဝင်းဝင်းနဲ့၊ ငွေသား အဲဒီလို မနေတတ်ဘူး ကိုမိုး၊ ဟုတ်တယ်၊ အဲဒါကြောင့် ငွေသား အိမ်ခွဲနေဖို့ပြောတယ်၊ ဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး"

မိုးထက်ညံ့က ခါးထောက်ပြီး ခပ်ပြုံးပြုံးပြောတာက မထီတရီနှင့်ဖြစ်သည်။

"မင်းပြောသမျှ ဖြစ်မလာဖို့ဘဲ အရေးကြီးတာ"

"ဘာ"

"ဒီမှာ ငွေသား"

"ဘာလဲ"

"ဒီအိမ်မှာ မင်း စိတ်ကြိုက်နေ၊ စိတ်ကြိုက်သုံး ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အိမ်ခွဲဖို့ကတော့ ဆောရီးပဲ၊ ငါက တစ်ဦးတည်းသောသား၊ ငါ့မိဘကို စိတ်ချမ်းသာအောင် မထားနိုင်ရင်နေမယ်၊ ငါ့မိဘရင်ကို ဘယ်တော့မှ ခြေစုံမကန်ဘူး၊ အဲဒါကို မင်း မြဲမြဲမှတ်ထား ငွေသား''

ပြောပြီး ခေါင်းအုံးနှစ်လုံးဆင့် ထပ်ဆွဲကာ မိုးထက်ညံ့က အိပ်ခန်းထဲမှ ထွက်ဖို့ပြင်သည်။ ရွှေသား သူ့ကို အထင်လွဲနာကြည်းမုန်းတီးခဲ့ရတာ ငွေသားကြောင့်။ သူမဒိုင်ယာရီကို သူဖတ်ပြီး ရွှေသားကို ပေးလိုက်တော့ သူ့ရင်ထဲ ပေါ့သွားသည်။

''တောက်''

ငွေသားကတော့ ခပ်လျော့လျော့ ပိုက်ထားသော လက်တို့အား ဘေးဘက်ကျစေလျက် သူမက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ပြီး အော်သည်။ သူမ ဘာလုပ်လုပ် ဘာဖြစ်ဖြစ် မိုးထက်ညံ့က ဂရုမစိုက်တော့။

''ဒီအိမ်မှာ ငွေသား ဆက်မနေနိုင်ဘူး''

ငွေသား အားရှိသ၍ ကျုံးအော်သည်။

ဒေါသတွေ ဖြစ်လွန်းအားကြီး၍ ငွေသားတစ်ကိုယ်လုံး မီးပုံဘေးချကာ ကြိုးတုပ်ရိုက်နေသလို ပူလောင်ခြင်း၊ နာကျင်ခြင်း၊ တင်းကျပ်ခြင်းတွေ ပေါင်းစု၍ တစ်ကိုယ်လုံးအနှံ့ ဝေဒနာခံစားလာရသည်။ မိုးထက်ညံ့ကတော့ ခေါင်းအုံးပိုက်၍ နောက်လှည့်ကြည့်သည်။

''ဒါတော့ မင်းသဘောပဲ''

''မင်းကို ဘယ်သူမှ ဆွဲမထားဘူး၊ မနေနိုင်ရင် သွားလို့



ရတယ်၊ ငါကတော့ မလိုက်ဘူး''

ပြောပြီးတာနဲ့ တံခါးဖွင့်ပြီး အခန်းပြင်ထွက်သွားတဲ့ မိုးထက်ညံ့နောက် သူမက တရှူးထိုးလိုက်ပါသွားသည်။ ဒါ ဘာသဘောလဲ။

ကွဲကြကွာကြမယ်လို့ ဆိုလိုတာလား။ ယူတုန်းက မရမက လက်ထပ်ယူထားပြီး အခုမှ တာဝန်မဲ့စကားပြောတာ ဘာကြောင့်လဲ။ မေးခွန်းတွေ တန်းစီပြီး တံခါးဆွဲဖွင့်ကာ အခန်းအပြင်ကို အထွက် ကျောခိုင်းရပ်နေသော မိုးထက်ညံ့ကျောပြင်နှင့် ဒုန်းခနဲ ဝင်တိုက်မိသည်။

မိုးထက်ညံ့က ဖုန်းပြောနေရာမှ လှည့်ကြည့်သည်။

''ဟုတ်ကဲ့ မာမီ''

''ဒါဆို သတင်းစာထဲမှာ ပါလာတာပေါ့''

''ဟုတ်ကဲ့''

''မှတ်ပုံတင်နံပါတ်က အမှန်ဆိုရင်တော့ ရွှေသား အစစ်ပဲပေါ့''

''ဟုတ်ကဲ့… ကောင်းပါပြီ''

''ကျွန်တော့်အဆက်အသွယ်နဲ့ လူလွှတ်ပြီး ရှာခိုင်းပါ့မယ်''

''စိတ်အေးအေးနေပါ မာမီ''

မိုးထက်ညံ့ ဖုန်းပိတ်၍ ဘောင်းဘီအိတ်ကပ်ထဲ ထိုးထည့်ကာ ဆိုဖာပေါ်မှာ လှဲချသည်။ နဖူးပေါ် လက်တင်ပြီး မျက်ဝန်းတွေ မှိတ်ထားတဲ့ မိုးထက်ညံ့အနား ငွေသား ရပ်လိုက်သည်။ မိုးထက်ညံ့က ရွှေသား ဘယ်မှာရှိတယ်ဆိုတာ အစတည်းက သိပြီးသား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အခုလို အချစ်သစ်တွေ့ပြီး လက်ထပ်သွားလိမ့်မည်လို့တော့ ထင်မထားခဲ့။ ငွေသားနဲ့သူ မပေါင်းနိုင်လို့ ကွာရှင်းကြရင်လည်း သူနဲ့ ရွှေသားတို့ ပြန်ပြီးလက်ထပ်ဖို့မလွယ်။ ငွေသား သိနေသည်။

"မာမီ ဘာပြောတာလဲ"

"သိချင်ရင် သွားမေး"

"ကိုမိုး"

ဆောင့်အောင့်အော်သော ငွေသားကို မိုးထက်ညံက မျက်လွှာလှန်ကြည့်သည်။ နားထဲ ကြားယောင်နေ၏။

"ရွှေသားလေ နှစ်ဦးသဘောတူ လက်ထပ်သွားပြီတဲ့ မောင်မိုးရယ်၊ မာမီ့သမီးလေးကို စိတ်လည်းပူတယ်၊ ဘယ်လို ယောကျ်ားမျိုးနဲ့ ရတာလဲဆိုတာလည်း သိချင်တယ်၊ သူ့အဖေလည်း လူဖြန့်ပြီး စုံစမ်းနေတာပါပဲ"

"မောင်မိုးလည်း ကူရှာပေးပါဦးနော်၊ မာမီတို့အတွက် ရွှေငွေစည်းစိမ်ဆိုတာ မလိုပါဘူး၊ အဓိကလိုအပ်တာ သမီးအပေါ် နွေးထွေးမဲ့လူ၊ ရွှေသားလေး တကယ်ချစ်တာမှန်ရင်၊ မာမီ့ သမီးလေး စိတ်ချမ်းသာမှာ သေချာရင် မာမီ ဘယ်သူနဲ့မဆို သဘောတူပါတယ်"

မိုးထက်ညံ မျက်ဝန်းမှိတ်ထားတော့ ရွှေသားရဲ့ သွက်လက်သော၊ ကလေးဆန်သော အပြုအမူတွေက အိပ်မက်ဆိုးတစ်ခုလို သူ့ကို အမြဲခြောက်လှန့်နေ၏။ နှစ်ကိုယ်ကြည်ဖြူ ချစ်ပြီးကြခါမှ ဝေးခဲ့ကြရသည့်အဖြစ်။



"ငွေသားတို့ ချစ်သူတွေပါ"

"ကိုမိုးကို မခွဲပါရစေနဲ့၊ ကိုမိုးကို ချစ်လို့ပါ မာမီ"

ဘယ်လိုမှ ရှန်းမရအောင် မျက်ရည်ပြည့်သော မျက်ဝန်းတွေနှင့် ငွေသားနှုတ်ခမ်းဖျားက စကားလုံးတွေက မိုးထက်ညံတို့ ချစ်သူနှစ်ဦးဘဝကို အရက်စက်ဆုံး ခြေမွဖျက်ဆီးပစ်ခဲ့တာ ပြန်တွေးတိုင်း ရင်နာရသည်။

"သမီးသဘောကျ ဖြစ်ရမှာပေါ့ကွယ်"

"ငွေသားနဲ့ဆို ဘာမှ ကန့်ကွက်စရာ မရှိပါဘူး"

"ငွေသားက မိန်းမပီသတယ်၊ မြန်မာဆန်တယ်၊ စိတ်ရင်းကောင်းပြီး ရင့်ကျက်တဲ့ မိန်းကလေးပါ သားရယ်၊ သားအတွက် အိမ်ထောင်ဘက်ကောင်းတစ်ယောက် ဖြစ်မှာပါ"

ငွေသားအကြောင်း ဘာတစ်ခုမှ မကောင်းမပြော။ ငွေသား၏ ကောင်းခြင်းအဖြာဖြာကို ပြောပြသွားခဲ့သည့် မေမေ။ မေမေ အထင်ကြီးခဲ့သည့် ငွေသား၏ ရင့်ကျက်တည်ငြိမ်ခြင်းတွေ၊ ဗမာဆန်ခြင်းတွေက တခြား၊ ငွေသားရဲ့စိတ်ဓာတ်နဲ့ လုပ်ရပ်တွေက တခြား။ အားလုံး လွဲမှားနေသည့် အိမ်ထောင်ထဲမှာ တစ်နေ့မှ စိတ်မချမ်းသာခဲ့ရသူက မိုးထက်ညံ။ မင်းပျော်ရင် ကိုကြီး ကျေနပ်ပါတယ် ရွှေသားရယ်။

"ကို... မိုး"

ငွေသားခေါ်သံက သူ့အနားမှာ ဟိန်းခနဲ ထွက်လာ၍ သူ ငွေသားကို အေးစက်စက် ကြည့်လိုက်သည်။

"ဘာလဲ... ပြော"

www.burmeseclassic.com

www.burmeseclassic.com



"စောစောကဆက်တာ မာမီ မဟုတ်လား"

မိုးထက်ညံ ဘာမှမပြောဘဲ ဆိတ်ဆိတ်နေလိုက်တော့ ငွေသားက သူ့ဘေးဆိုဖာမှာ ကပ်သီးကပ်သပ် လာထိုင်သည်။

"ငွေသား သိသားပဲ"

"ရွှေသားကို ရှာခိုင်းတာပဲ မဟုတ်လား"

သူ့နှာ မရမက တိုးကပ်ထိုင်ရင်း ငွေသားပါးစပ်ကလည်း အငြိမ်မနေ။ ရွှေသားအပေါ်မှာ ငွေသားရဲ့ မနာလိုဝန်တိုမှု အတိုင်းအတာက ရွှေသားချစ်သူ သူ့ကို ရွှေသားလက်ထဲက ရအောင်ယူထားခြင်းဖြင့် ဖော်ပြနေ၏။

"ရွှေသားက မင်းညီမနော် ငွေသား"

"အဲဒါ ဘာဖြစ်လဲ"

"မင်း သူ့အပေါ်ထားတဲ့ မနာလိုဝန်တိုမှုတွေက သိပ်ပြင်းထန်လွန်းလို့ ပြောနေတာ၊ ရွှေသားက မင်းအပေါ် ဘာအပြစ်တွေ လုပ်ထားလို့လဲ"

"ရွှေသားကိုမုန်းတာ မာမီကြောင့်"

"သူ့သမီး သူချစ်တာ အပြစ်လား"

"ငွေသားလည်း သူ့သမီးပါ၊ တစ်လောကလုံးမှာ မာမီက ရွှေသားပဲ လူထင်တာ၊ အခုလည်း သူ့ဟာသူ ထွက်သွားတာက ငွေသားကြောင့်တဲ့"

"မဟုတ်လို့လား"

"ဟုတ်တော့ရော ဘာဖြစ်လဲ၊ ကိုမိုးကို ငွေသား ချစ်တယ်၊ ရယူပိုင်ဆိုင်ချင်တယ်၊ အချစ်နဲ့စစ်မှာ မတရားတာ ဘာမှမရှိဘူး



ဆိုတာ ကိုမိုလည်း သိသားပဲ၊ ငွေသားချစ်တဲ့သူကို ရအောင်ယူတာ ငွေသား အပြစ်လား"

"မင်းချစ်တဲ့သူက ရွှေသားချစ်သူကွ၊ ဒီအကြောင်းတွေ မင်းမာမီသိရင် မင်းကို အိမ်ရိပ်တောင် နင်းခံမှာ မဟုတ်ဘူး"

"အနင်းမခံတော့ ဘာဖြစ်လဲ၊ ငွေသားနားမှာ ကိုမိုးရှိရင် ပြီးတာပဲ"

လင်မယားနှစ်ယောက် အကြီးအကျယ် စကားများကြသည်။ ရွှေသားတစ်ယောက်ပဲ ချစ်စရာရှိလား။ လူတွေအားလုံးရဲ့ အချစ်ဟာ ရွှေသားပေါ်မှာပဲ ပုံနေတာကို ငွေသား မုန်းသည်။ အထူးသဖြင့် ကိုမိုးကို အရယူခြင်းဟာ ရွှေသားကို အနိုင်လိုခြင်းကြောင့်ဟူသော စွပ်စွဲတာကိုလည်း မုန်းသည်။

အနိုင်လိုချင်တဲ့ သူ့ရင်ထဲမှာရော အချစ်မရှိဘူးလို့ ဘယ်သူပြောလဲ။ ငွေသားက အနောက်ငုံ့ကြည့်တော့ နှစ်ခြိုက်စွာ အိပ်ပျော်သွားပြီဖြစ်တဲ့ ကိုမိုး။ ငွေသားက ကိုမိုးပါးပြင်ကို ဖွဖွနမ်းရင်း အိပ်ခန်းထဲက စောင်ယူကာ လွှမ်းခြုံပေးထားသည်။ ဝန်ခံခွင့်ရလျှင် ဝန်ခံချင်ပါသည်။

ကိုမိုးကို စတွေ့ကတည်းက သူမ ချစ်မိတာဆိုရင် ကိုမိုး အချစ် ပြန်ရမှာ သေချာလား။ မျက်ရည်တွေ ပြည့်လာသည့် မျက်ဝန်းအစုံနှင့် ချစ်ရသူမျက်နှာကို စိုက်ကြည့်ပြီး နေရာကချာခနဲ လှည့်ထွက်လာချိန် ရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"မထနဲ့ကွာ၊ အစောကြီးရှိသေးတယ်"

"မဟုတ်တာ မောင်ရာ၊ ခြောက်နာရီထိုးပြီဆို"

"ထိုးထိုး... မရဘူး"

"မောင်နော်.. ဘယ်လိုဖြစ်နေတာလဲ"

"မရဘူး၊ ပြန်အိပ်"

"အို... အမေ့"

ရွှေသားခေါင်းအောက်မှာ စက်က သူ့လက်တစ်ဖက် ထိုးခံထားပေးပြီး သူမခါးကိုလည်း နောက်လက်တစ်ဖက်နှင့် သိမ်းဖက်ထားခြင်းကြောင့် ရွှေသားက ဘယ်လိုကျုံးထထ ကြွမလာခဲ့။ စက်ကလည်း ရွှေသားကို သူ့နားက ဘယ်မှ သွားခွင့် မရအောင် သူ့ရင်ခွင်ထဲ သိမ်းဖက်ထားတော့ လူက အသက်ရှူပင် ကျပ်ချင်လာသည်။

"လွှတ်ဆို"

"မလွှတ်ဘူး"



"ဖယ်စမ်းပါ၊ ဒီလက်ကြီးက"

"မောင် သိပ်ဆိုးတယ်၊ သိလား"

"ဖယ်စမ်းပါ"

"မဖယ်ဘူး"

"မောင် အလုပ်သွားရမယ်လေ"

"ကိုးနာရီမှ"

"ဒါပေမဲ့ မောင့်ထမင်းချိုင့်အတွက်"

"မလိုဘူး"

"အပြင်မှာ ဝယ်စားလိုက်မယ်"

စက်က အချစ်ပို၊ အကဲပို၊ အသည်းမို့။ ပိုပြီးရင်း ပိုနေသူကို ရွှေသား မျက်စောင်းထိုးလိုက်တော့ သူက ရယ်သည်။

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခဲ့ပြီးနောက် ရွှေသားကို အထူးကုဆေးခန်းမှာပဲ ထားထားကာ နေရေးထိုင်ရေးအတွက် မောင် စီစဉ်တုန်းက အိခိုင်နှင့် တန်ခူးမှာ ရွှေသားအနား လူမှာ စောင့်။

"နင်တို့ ဘယ်မှာနေမယ် စိတ်ကူးထားလဲ ရွှေသား"

တန်ခူးက မေးလာတော့ သူမမှာ ခေါင်းပဲယမ်းပြသည်။ တကယ်လည်း စက် ဘာတွေစီစဉ်နေမှန်း မသိ။ ရွှေသား မေးတော့လည်း စက်က ဘာမှမပြော။

"မသိဘူး"

"နင့်မှာ ဘာအစီအစဉ်မှ မရှိဘူးလား"

"ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com



"စက်က သူ စီစဉ်မယ်တဲ့"

"နင့်ကို ကျူးကျော်တဲလို နေရာမျိုးမှာ ထားခဲ့ရင်ရော"

"သူ့သဘောပဲလေ"

"နင် ဘာမှမဖြစ်ဘဲ နေနိုင်လို့လား"-

"အပျွန်း… အဲဒီ ကျူးကျော်တဲလေးကို တိုက်ဖြစ်အောင် လုပ်နိုင်ဖို့ သူနဲ့ငါ ကြိုးစားကြမှာပေါ့"

အိနိုင်က ခေါင်းယမ်းကာ သံဝေဂရသောအသံဖြင့် ညည်းသည်။

"ချစ်မိပြီဆိုရင် ဒါပဲလေ၊ အချစ်စစ်ဆိုတာ အဲဒါပဲ"

"ဒီမိန်းမတော့ ရူးသွားပြီ"

တန်ခူးကို အိနိုင်က အားပါးတရ ကောင်းချီးပေးသည်။ တန်ခူးကတော့ အရာရာတိုင်း တွေးဆမြော်မြင်တတ်သည့်အတိုင်း တွေးတွေးဆဆ ပြောသည်။

"ငါတော့ ကိုစက်ကို အဲဒီလို မထင်ဘူး"

"သူ့ဘက်က အစီအစဉ်တွေ ရယ်ဒီဖြစ်နေပြီးသားမို့ ရွှေသားကို ရအောင်ယူတာနေမှာ"

"နင် ဘယ်လိုသိလဲ"

"ဒီလိုပဲ တွေးကြည့်တာပါ၊ ကိုစက်က လျှို့ဝှက်တယ်၊ သူ့မှာ ဘာအကြံတွေရှိမှန်းမှ မသိတာ"

ဘယ်သူတွေ ဘာပြောပြော ရွှေသားအတွက်တော့ စက်ဟာ ရွှေသားချစ်သူဆိုတာကလွဲပြီး ဘာကိုမှ စိတ်မဝင်စား။

ဘဝတစ်ခုထူထောင်ဖို့ ဖြစ်လာမှတော့ နှစ်ယောက်အတူ



လက်တွဲရင်ဆိုင်ကြရုံရှိသည်။

စက်ကို ရွှေသား ယုံသည်။ အားကိုးမြတ်နိုးသည်။ ချစ်ခြင်းတစ်ခုတည်းဖြင့် တည်ဆောက်ရမည့်ဘဝမှာ စက်ရဲ့ဘဝဟာ ရွှေသားဖြစ်သလို ရွှေသားဘဝဟာလည်း စက်ပဲဖြစ်သည်။

ဆေးရုံက ဆင်းသည်အထိ စက်က ရွှေသားကို သူမ နေရမည့်နေရာကို လျှို့ဝှက်ထားဆဲဖြစ်သည်။

"အိမ်လေးကိုမြင်ရင် ရွှေသား ပျော်သွားမှာပါ"

"ဟုတ်ပါပြီ၊ ဘယ်နေရာလဲဆိုတာ သိချင်လို့"

"ဟိုရောက်ရင် သိရမယ်လေ"

တကယ်လည်း စက်ရဲ့အိမ်လေးကို ရောက်ချိန်မှာ ပျော်ခဲ့ရသည်။ ရွှေသားအပေါ်ထားသည့် စက်အချစ်၊ စက်မေတ္တာကို ပိုသိမြင်လာခဲ့ရတော့ ရွှေသား စက်ကို ပိုချစ်ရသည်။ စက် စီစဉ်ထားသော အိမ်လေးဆီရောက်တော့ ရွှေသားတင်မက အိနိုင်တို့ပါ ရင်သပ်ရှုမော ဖြစ်ကြရသည်။ ခြံကျယ်ကျယ်ထဲ တစ်ထပ်တိုက်ပါးပါးပြားပြားလေးမှာ အိမ်တွင်းအသုံးအဆောင်တွေက အားလုံးဖိတ်ဖိတ်လက်နေပုံက ရွှေသားစိတ်ကူးထဲက အိမ်လေးနှင့် ပုံစံတစ်ထပ်တည်းဖြစ်နေ၍ ရင်ခုန်အံ့သြခဲ့ရသည်။

"ဘယ်လိုလဲ ရွှေသား၊ အိမ်လေးကို သဘောကျရဲ့လားဟင်"

"ချစ်စရာလေးနော်၊ အိမ်အပြင်အဆင်ကလည်း ရွှေသားအကြိုက်ပဲ"

"မောင့်ဘော်ဒါရဲ့အိမ်လေ၊ သဘောတက်တုန်း ရောင်းနေဖို့ သော့ပေးသွားတာ"

www.burmeseclassic.com

www.burmeseclassic.com



"လာ"

စက်က ရွှေသားလက်ကိုဆွဲပြီး ချစ်စရာ အပြင်အဆင်တွေနှင့် လှပသော အိမ်လေးထဲ ရဲရဲဝင်သွား၏။

"ဟယ်… ပန်းတွေကလည်း အများကြီးပဲနော် မောင်"

"သူက ပန်းကြိုက်တယ်"

"ယောက်ျားကြီးဖြစ်ပြီးတော့"

"ဘာဖြစ်လဲ၊ ယောက်ျားရော ပန်းမကြိုက်ရဘူးလား"

"ကြိုက်ရပါတယ်"

"ဒီအိမ်ထောင်ပရိဘောဂတွေကရော ကိုစက်"

စပ်စုခြင်းနေရာမှာ စေ့စပ်တဲ့ အိနိုင်က မေးဖြစ်အောင် ဝင်မေးသည်။

"ဒါတွေက ကိုယ့်အစီအစဉ်လေ၊ အားလုံး ရွှေသားအကြိုက်ဖြစ်မယ်ထင်တာလေးတွေ ရွေးစီစဉ်ထားတာ"

"ဟား… ကိုစက်စိတ်ကူးက မိုက်လှချည်လား၊ အားလုံး အလန်းစားတွေချည်းပဲ ရွှေသားရေ"

"ကိုစက်က သိပ်တော်တာပဲနော်"

တန်ခူးနှင့် အိနိုင်က စက်ကို ချီးကျူးမဆုံး။

"ဒါတောင် အကင်းပဲ ရှိသေးတယ်နော်၊ နောက်ဆို ဟောဒီက ကိုယ့်ဇနီးလေးကို ဒီထက်ပျော်အောင် ထားဦးမှာ"

"ကျေးဇူးတင်ပါတယ် မောင်"

"ဟော့… လင်မယားချင်း သူစိမ်းဆန်တဲ့စကား မပြောရဘူးလေ"



"ဟုတ်ပါပြီရှင်၊ မပြောနဲ့ဆိုလည်း မပြောတော့ပါဘူး"

မီးဖိုချောင်ထဲ အသုံးလိုမဲ့ပစ္စည်းတွေအားလုံး နေရာတကျ။ ရေခဲသေတ္တာ ဖွင့်ကြည့်တော့လည်း အသားငါးကစပြီး အအေးတွေ၊ အသီးအနှံတွေက ထည့်သိုထားပြီးသား။ နောက်ဆုံး အိပ်ခန်းထဲမှာလည်း မင်္ဂလာစုတင်ကြီးက ဟီးထနေတာမို့ တန်းခူးကတော့ မပြန်ခင် သူမနား ကပ်ပြောသွားသည်။

"နင် ကံကောင်းတာလား၊ ကံဆိုးတာလားတော့ မသိဘူးဟေ့၊ ကိုစက်က အိနိုင်တို့ ထင်ထားသလို မဟုတ်တာတော့ အမှန်ပဲ"

"တန်ခူး မပြောဘူးလား၊ ကိုစက်က တော်ပါတယ်လို့"

တန်ခူးက စက်ကို မှတ်ချက်ချသွားသည်။ လက်ထပ်ပြီးတော့ စက် အရင်က လုပ်နေခဲ့ဖြစ်သည့် ကွန်ပျူတာနှင့် အီလက်ထရောနစ်ဆိုင်တာကြီးမှာပဲ ဆက်၍ အလုပ်ဆင်းသည့်အတွက် အစစအရာရာ အဆင်ပြေသော ပျော်ရွှင်ဖွယ်နေ့ရက်များဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"တီ… တောင်"

လူခေါ်ဘဲ(လ်)မြည်သံကြောင့် ရွှေသားက မြင်းခွာရွက်တွေကို ရေစစ်ဇကာထဲထည့်ကာ တံခါးပြေးဖွင့်ရန် ဟန်ပြင်သည်။

"နေ… နေ ရွှေသား၊ မောင် သွားဖွင့်မယ်"

"ဟိုကောင်တွေ အတွဲနေမှာ"

"မောင့်လက်ထဲက ဓားကြီးကိုချပြီးမှ သွားဖွင့်တာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ ချစ်ရဲ့"

"သိချင်ရင် ကိုယ့်ဘာသာ မှန်ထဲသွားကြည့်"

ရွှေသားစကားကြောင့် စက်က သူ ဝတ်ထားသော အေပရွန်ကြီးဝတ်နှင့် လက်ထဲမှာ ကိုင်ထားသည့် သားလှီးဓားကြီးကို တစ်ချက်ငုံ့ကြည့်ပြီး ထမင်းစားခန်းထဲကအတွက်ရှိ ကိုယ်လုံးပေါ်မှန်ကြီးကို ရပ်ကြည့်လိုက်မိတော့ သူ့နှုတ်ခမ်းမှာ အပြုံးသဲ့သဲ့ ထင်သွားသည်။



"ဘာလဲ၊ ဟိုအတွဲတွေ ကြောက်သွားမှာစိုးလို့လား"

"မောင့်ပုံစံက ကြောက်စရာကို"

"ကြောက်ပါစေ"

"ဒါမှ နောက်တစ်ပတ် မလာရဲမှာ၊ ဘယ့်နှယ် တနင်္ဂနွေနေ့တိုင်း လာလာရှုပ်နေတာ၊ သူမှားလင်မယားက အေးအေးဆေးဆေး မနားရဘူး"

"ကဲပါ… သွားဖွင့်ပေးလိုက်ပါဆို"

"တီ… တောင်"

"ဟော… ထပ်မြည်လာပြီ တွေ့လား"

"သွားတော့လေ"

"သွားဆို"

ရွှေသားက နောက်မှ မောင့်ကျောကိုတွန်းရင်း အိမ်တံခါးမကြီးရှိရာသို့ အတူထွက်လာခဲ့သည်။ ခြံတံခါးကတော့ အတွင်းမှ ချက်ချထားတာမို့ အကြောင်းသိတွေက ခြံတံခါးတော့ သူတို့ဟာသူတို့ ဖွင့်ပြီး ဝင်လာတတ်စမြဲ။

"တီ… တောင်"

"အေး… လက်အားတိုင်း စွတ်တီးမနေနဲ့"

"လာပြီဟေ့… လာပြီ"

စက်က ပါးစပ်က ပြောလည်းပြော လက်ကလည်း စိခဲ ထားသည့် တံခါးနှစ်ချပ်ကို ဝုန်းခနဲ ဆွဲအဖွင့်…

"ဟင်"

ဖေဖေ။

www.burmeseclassic.com

www.burmeseclassic.com



မောင့်နောက်မှ ရပ်နေသော ရွှေသားက အာမေဋိတ် အကျယ်ကြီးထွက်သွားသည့် မောင့်ကိုတစ်လှည့်၊ အနက်ရောင် တိုက်ပုံနှင့် ပုဆိုးအနီမှိုင်းမှိုင်းကို တွဲဝတ်ထားသည့် မောင်နှင့် ရပ်ခြင်းတူလှသော ဦးလေးကြီးကို တစ်လှည့်ကြည့်ကာ အံ့သြ နေခိုက် ရပ်ထားသည့် မာစီးဒီးနားမှ ထွက်လာသည့် ဒေါက်တာ ဝေလင်းကိုပါ တွေ့လိုက်ရ၏။

"ဘာကိစ္စရှိလို့လဲ ဖေဖေ"

ဖေဖေတဲ့...

ရွှေသား သိထားတာက မောင်ဟာ မိဘမဲ့တစ်ကောင်ကြွက်။ ရွှေသားနဲ့ ဘဝတူတွေရယ်လို့ပါ။ အခုတော့ မောင်နဲ့ ရုပ်ချင်း တူလှသော ဦးလေးကြီး မောင့်ဖေဖေဖြစ်နေတာကို ငေးကြည့်နေမိ သည်။

"ကိုယ့်သားအိမ်လာတာပဲ ကိစ္စရှိမှ လာရမှာလားကွ၊ မင်း စကားပြောပုံက အခုထိ အချိုးမပြေသေးပါလား"

"ကိုဝေလင်း... ဒါ ခင်ဗျားလက်ချက်ပေါ့ ဟုတ်လား"

"ဝေလင်းကို ဘာမှ အပြစ်တင်စရာမလိုဘူး"

"မင်းကလည်းကွာ ကိုယ့်အဖေကို အိမ်ထဲခေါ်ဦးမှပေါ့"

"ခင်ဗျားနဲ့ ကျွန်တော် ပြီးမှ စာရင်းရှင်းမယ် ကိုဝေလင်း"

"မင်းကတော့ လုပ်ပြီ"

"တွေ့လား အန်ကယ်၊ အန်ကယ့်သားက ဒေါသတွေချည်းပဲ"

"သူ့ဒေါသကို ငါက ဂရုစိုက်ရမှာလားကွ"

"ဒီမှာ ငါ့ချွေးမတစ်ယောက်လုံးရှိတယ်၊ ငါ့ချွေးမခေါ်ရင်



ငါ ဝင်ရမှာပေါ့"

"သမီး"

"ရှင်"

စက်ဖေဖေက ရွှေသားမျက်နှာကို စေ့စေ့ကြည့်ပြီး အပြုံးနှင့် ကြင်နာစွာ ခေါ်လာ၍ ရွှေသားလည်း ယောက္ခမကြီးကို ဖော်ရွေစွာ ကြိုဆိုလိုက်ရသည်။

"အိမ်ထဲကိုကြွပါ အန်ကယ်"

"ဘယ့်နှယ် အန်ကယ်ရမှာလဲ"

"သားခေါ်သလို ဖေဖေလို့ပဲ ခေါ်ပါကွယ်"

"ဟုတ်ကဲ့ ဖေဖေ"

"စက်... ဖေဖေ့ကို အိမ်ထဲခေါ်လေ"

"ဖေဖေပြောတဲ့စကားတွေ ကျွန်တော် အခုပြန်တွေး အခုထိ အသည်းနာနေတုန်းနော်"

"ဒီလိုပဲ ဖြစ်ရမယ်"

"စက်... ဖေဖေ့ကို ဘာတွေပြောနေတာလဲ"

"မောင် ဘာပြောတယ်ဆိုတာ ရွှေသားမသိပေမဲ့ ဖေဖေ သိတယ်ကွ"

"အေး... ငါကလည်း မင်း အသည်းနာအောင် ပြောလိုက် တာ စက်"

"ဘယ့်နှယ် မိဘအလုပ်လည်း မဦးစီး၊ လတ်လျားလေလွင့်လျား နဲ့ အချိန်ပြည့် ရန့်ဖြစ်နေတဲ့ကောင်ကများ၊ အခု မင်းတစ်ယောက် တည်း ဘာနရွက်လွင့်လာတာ သိပြီမဟုတ်လား လူ့လောက

www.burmeseclassic.com



အကြောင်း”

“ဒီကြားထဲ မင်း မယုံကြည်ပါဘူးဆိုတဲ့ အချစ်ပါ ရှာတွေ့သွားတာ၊ ကဲ… အဲဒါ ဘယ်သူ့ကြောင့်လဲ… ပြော”

“ဖေဖေ”

“မအော်နဲ့၊ ငါ့နား အကောင်းကြီးရှိသေးတယ်”

သားအဖကြားမှာရှိခဲ့သော ပဋိပက္ခက မပြင်းထန်ပေမဲ့ မာနကြီးသော မောင့်အတွက်တော့ နာကျည်းစရာတွေချည်း ဖြစ်ခဲ့မယ်ထင်သည်။ အခြေအနေကို ခဏချင်း ခြုံငုံအကဲခတ်လိုက်မိသူက ရွှေသား။

“အိမ်ထဲကြွပါရှင့်”

“အေး… အေး၊ ငါ့ချွေးမက အလိုက်သိသေးသကွယ်”

မောင့်အဖေက ဧည့်ခန်းရှိ ဆက်တီမှာ ဝင်ထိုင်တော့ ဒေါက်တာကြီးပါ မယောင်မလည်နှင့် အနားရောက်လာသည်။ မောင်ကတော့ ရှုပုပ်ပုပ်မျက်နှာနှင့် ဆက်တီမှာ ဝင်ထိုင်သည်။

“ရွှေသား… ဧည့်သည်တွေအတွက် တစ်ခုခု သွားစီစဉ်ဦးမယ်၊ မောင်တို့ စကားပြောကြဦးနော်”

ရွှေသားက သူတို့သားအဖကြားက ရှောင်ထွက်ရန် ကြံစည်ပေမဲ့ ရွှေသားအကြံအစည်က မအောင်မြင်ခဲ့။

“သမီး ထိုင်ပါဦး”

“ဟုတ်”

“ဖေဖေ… တစ်သက်လုံး ကျွန်တော်ဆိုးသမျှ ပြောပြလို့ရတယ်၊ နားနားပြီးပြော”



“ပြောမှာပါ… စိတ်ချ”

“စက်… ဖေဖေ့ကို အဲဒီလို မပြောနဲ့လေ”

စက်က ဖအေကို ရွဲ့တာက အဲဒီလို။ ရွှေသားက သတိပေးသည်။

“ပြောပါစေ… ပြောပါစေ၊ နောက်ဆို သင်း ဖေဖေ့ဝဋ်တွေလည်တော့မှာ၊ မိန်းမရပြီဆိုတော့ သင်းလည်း မိဘနေရာ ရောက်ဦးမှာပါ၊ ပြောပါစေ”

“ဒီလို သမီးရဲ့”

“ဟုတ်ကဲ့… ဖေဖေ”

ဦးလွင်အောင်က စက်နှင့် သူတို့အကြောင်း အစအဆုံး ရှင်းပြသည်။ ဒီတော့မှ မောင်ဟာ လူဆိုးမှန်း ရွှေသား သိရ၏။

“အရင်ဆုံး တောင်းပန်ချင်တာက သမီးအပေါ်မှာ မိသားဖသားပီပီ တောင်းရမ်းခြင်းမပြုခဲ့ရတဲ့ကိစ္စအတွက်ပဲ”

“ဒါလည်း ဖေဖေ အသိနောက်ကျခဲ့ရလို့ပါ၊ သိသိချင်းပဲ အခု သမီးမိဘများဆီ ဖေဖေ့ရှေ့နေကို လွှတ်ထားပြီးပါပြီ”

“ရှင်”

“ရွှေသားမိဘတွေဆီ၊ ဟုတ်လား… ဖေဖေ”

“အေးလေ… သမီးမိဘတွေဆီကို သမီးတောင်းဖို့ လွှတ်လိုက်တာ”

“ဟင်”

ရွှေသားမိဘတွေဆီ စက်ဖေဖေရဲ့ရှေ့နေတွေ လွှတ်ရအောင် ရွှေသားက ဘယ်သူဘယ်ဝါဆိုတာ စက်ကို ပြောပြထားခဲ့တာမှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ။ ဘယ်လိုလုပ်ပြီး စက်ဖေဖေက ရွှေသားမိဘတွေကို သိနေရတာလဲ။ ရွှေသားက အဖြေရှာသလို မောင့်မျက်နှာအား လှည့်ကြည့်တော့ မောင်က အံ့သြသလို ပြန်ကြည့်သည်။

"ရွှေသားပြောတော့ ရွှေသားမှာ မိဘတွေ မရှိဘူးဆို"

"ဘယ့်နှယ် ရွှေသားအသွင်မှာ မိဘမရှိရမှာလဲ၊ ရှိပါ့ဗျာ"

"ဗျာ..."

ဒေါက်တာဝေလင်းက ရွှေသားနေရာက ဝင်ပြောခြင်းဖြစ်၍ စက်က ရွှေသားကို စိုက်ကြည့်သည်။

"သူ့နာမည်က ရွှေသားအသွင်တဲ့လား"

"မင်းယူထားတဲ့ မိန်းမနာမည် မင်း မသိဘူးလား"

"မသိဘူးဗျာ"

ရွှေသားကတော့ သူမ မေ့ထားခဲ့တာ ကြာပြီဖြစ်သော ဒီနာမည်ကို သိနေသူ ဒေါက်တာဝေလင်းကို လှမ်းကြည့်လိုက်သည်။

မောင်ကလည်း အခုမှ တထူးတဆန်းကြီးတွေဖြစ်ကာ ဒေါက်တာ့ကို လှမ်းကြည့်၏။

"ညီမက အစ်ကို့ကို မသိပေမဲ့ အစ်ကိုက ရွှေသားတို့ ညီမကို သိပြီးသားပါဗျာ"

"ရွှေသားတို့ညီမ... ဟုတ်လား"

"အေး... သူ့အစ်မနာမည်က ငွေသားအသွင်တဲ့"

"ကျွန်တော်လည်း ဘာမှမသိရပါလား"

"ရွှေသားက ကိုယ့်ကို ညာထားတာပဲ"



"မောင်လည်း ရွှေသားကို အမှန်ပြောခဲ့လို့လား"

"ဒါဆို ကျေပြီနော်"

"ဒေါက်တာဦးဉာဏ်ထွန်းက ကိုယ့်ရဲ့ဆရာ"

"အိမ်တက်လုပ်တဲ့ပွဲမှာ ညီမတို့မိသားစုကို သတိထားမိတာမျိုး၊ နောက် ငွေသားအသွင်နဲ့ မိုးထက်ညံ့ရဲ့ မင်္ဂလာပွဲမှာ တို့ထပ်ဆုံခဲ့ပေမဲ့ ညီမက မမှတ်မိခဲ့ဘူးလေ"

"ဒါဖြင့် ဒေါက်တာက ရွှေသားကို အစောကြီးကတည်းက သိနေခဲ့တာပေါ့"

"ဟုတ်တယ် ညီမ"

ဒေါက်တာဝေလင်းက ခေါင်းညိတ်သည်။

"ညီမနဲ့ အစ်ကိုတို့ရဲ့မာနမင်းသား စက်ဇာတ်လမ်းကို အစ်ကို သိခဲ့ပြီးတဲ့အချိန်မှာ အန်ကယ့်ဆီ လှမ်းသတင်းပို့ပြီး သူလိုအပ်တာတွေ လိုက်ဖြည့်ဆီးပေးပါလို့ စက်ဖေဖေကပဲ အစ်ကို့ကို တာဝန်ပေးခဲ့တာလေ၊ မင်းလည်း အရင်လို လူပျိုလူလွတ် မဟုတ်တော့ဘူး စက်"

"မကြာခင် မိဘဖြစ်တော့မှာ၊ မိဘမေတ္တာ ဘယ်လောက်နက်ရှိုင်းလည်းဆိုတာသိရင် အန်ကယ့်ကို ကန်တော့ပြီး မင်းအပြစ်တွေကို တောင်းပန်လိုက်"

"လာ... မောင်၊ ဖေဖေ့ကို ကန်တော့ရအောင်"

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဖေဖေ"

စက်က သူ့ဖေဖေကို ရွှေသားနှင့်အတူ ကန်တော့သည်။

"အေး... သား ဘာအပြစ်လုပ်လုပ် ဖေဖေ သားကို

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်တယ်၊ မင်းမေမေက သူ့သားကို ဘယ်လောက်လွမ်းနေပြီလဲဆိုတာ မင်းသိလား''

''ကျွန်တော် သိပါတယ်''

''သိရင်လည်း အိမ်ကို ပြန်လာတော့''

စကားပြောတုန်း ဦးလွင်အောင်ဖုန်းက အသံမြည်လာ၏။

''ဟဲလို''

''ဟုတ်ကဲ့... ဦးဖုန်းအောင်''

''ဩော်... မြန်းရမှာပေါ့ဗျာ၊ ကျွန်တော်က သားရှင်ပဲ၊ ဟုတ်ကဲ့... အခုပဲ လာခဲ့ပါ့မယ်''

''မိန်းကလေးမိဘတွေဘက်ကို တောင်းပန်ပေးထားပါဦးနော်၊ ကျွန်တော် တစ်ခါတည်း လိုက်မလာနိုင်တာက ဒီမှာ ကလေးတွေ နေရေးထိုင်ရေး အဆင်ပြေမပြေ ဝင်ကြည့်နေလို့ပါလို့''

''ဟုတ်ကဲ့ပါခင်ဗျာ၊ အခု လာပါပြီ''

ဦးလွင်အောင်က ဖုန်းပိတ်ရင်း သူ့ရှေ့မှာထိုင်နေသည့် ချွေးမနဲ့ သားကို ကြည့်သည်။

''သမီး''

''ရှင်''

''ဒီကောင့်ကို အခုလိုပဲ အလုပ်များများနိုင်း ကြားလား သမီး၊ စီးပွားရှာတာရော မီးဖိုချောင်ကိစ္စပါ လုပ်ပစေ၊ သမီးကတော့ ဖေဖေ့ကို ပြန်လုပ်ပေးရမှာ တစ်ခုပဲရှိတယ်''

''ဘာများလဲ ဖေဖေ''



''ဖေဖေ့အတွက် မြေးထိန်း၊ မြေးမတွေ အများကြီး မွေးပေးဖို့''

''အို''

''အဲဒါ ဖေဖေ့ချွေးမ တစ်ယောက်တည်းလုပ်လို့ ရတာမှ မဟုတ်တာ၊ အဓိကက ကျွန်တော်''

''ဟော့ကောင်... မင်း ဝင်မပါနဲ့''

''မပါလို့မှ မရဘဲ၊ ဟုတ်တယ်နော် ရွှေသား''

''သွား''

သားအဖတွေရဲ့ ကျီစယ်စကားသံထဲမှာ ရွှေသားက မျက်နှာနီနီနှင့် ခေါင်းငုံ့သည်။ ဒါတောင် ကိုဝေလင်းက ထွက်ခါနီး ကပ်ရိသွားသည်။

''အကူအညီလိုရင် ပြော''

''ဘာဗျ''

စက်က ဒေါသနှင့် ခပ်စိမ်းစိမ်းကြည့်တော့ သဘောကျစွာ ရယ်သံသည်။

''အဟား... ဟား... ဟား''

''ဟ... ငါပြောတာ မွေးရင်ဖွားရင် အကူအညီပေးပါရစေလို့ ပြောတာ''

''မင်းကလည်း မင်းမိန်းမကျတော့ နည်းနည်းမှ အထိမခံဘူး''

''ခင်ဗျားမိန်းမကျမှ ထိချင်တဲ့လူ ထိကြည့်ဆိုပြီး လေလံပစ်ထား''

www.burmeseclassic.com

www.burmeseclassic.com



"အေး"

"အာ… ဒီကောင် တကယ် နောက်တယ်"

ပြောမနာ ဆိုမနာတွေမို့ သူတို့က အေးအေးဆေးဆေး ရယ်နိုင်ကြပေမဲ့ ဘေးကကြားရတဲ့သူကတော့ မျက်နှာတွေပူကာ ရယ်ရအခက်၊ တည်ရအခက်။ စက်ကတော့ သူ့ဖေဖေနဲ့ ကိုဝေလင်း အိမ်ပေါ်က ဆင်းသွားတာနှင့် တံခါးပိတ်ပြီး ရွှေသား ဘက်လှည့်တော့ ရယ်မြူးရိပ်သမ်းသောမျက်နှာနှင့် ဖြစ်သည်။

"လိမ်တဲ့ ညာတဲ့ကောင်မလေး လာခဲ့"

"အံမယ်… မောင်ကရော မလိမ်ခဲ့ မညာခဲ့လို့လား"

"သွား… လူလိမ်"

ရွှေသားက မောင့်ရင်ဘတ်ကို လက်သီးဆုပ်နှင့် မနာကျင် အောင်ထုတော့ မောင်က ရယ်သည်။

"ဖူးစာဆိုတာ အဲဒါပဲ၊ အရင်က အချစ်တို့ ဖူးစာတို့ဆိုတာ မောင် လုံးဝ မယုံဘူး၊ အခုတော့ ယုံသွားပြီ"

"ကဲ… ပစ္စည်းသိမ်းတော့"

"ဘာလုပ်မလို့လဲ"

"အိမ်ပြန်မယ်လေ"

"ဘယ်အိမ်လဲ"

"မောင့်ယောက္ခမကြီးရဲ့အိမ်ကိုလေ၊ သူတို့သမီး အချော အလှလေး လူမသိ၊ သူမသိ ခိုးထားတာ ပြန်အပ်ရအောင်လို့"

"မာမီခမျာ သနားစရာ၊ ရွှေသား အိမ်က ထွက်လာကတည်းက နေ့တိုင်း စိတ်ဆင်းရဲနေမှာ ရွှေသား သိတယ်၊ တကယ်တော့



ရွှေသားက သမီးမိုက်ပါ မောင်ရယ်၊ ကိုယ့်အတ္တကိုပဲ ရှေ့တန်း တင်ခဲ့မိတယ်"

တကယ်လည်း မာမီအတွက် ရွှေသား စိတ်ထိခိုက်ခဲ့ရ တာပါ။ ဒယ်ဒီက ယောကျ်ားဆိုတော့ မာမီလောက်တော့ ခံစား ရမှာ မဟုတ်။ မာမီအချစ်ဆုံးက ရွှေသားဆိုတော့ မာမီ ပိုခံစား ရမှာ ရွှေသား သိသည်။ သိရက်နဲ့ မိုက်ခဲ့တဲ့ ရွှေသားကို ခွင့်လွှတ်ပါ မာမီရယ်။

အနမ်းတွေက နှင်းဆီရောင်နှုတ်ခမ်းဖျားမှာ နွေးထွေးစွာ ချိုမြိန်သွား၏။

"တီ… တောင်"

ရုတ်တရက် ဘဲ(လ်)သံ မြည်လာ၏။

"ဟော့ကောင်… တံခါးပိတ်ပြီး ဘာလုပ်နေတာလဲ၊ ဒီမှာ ငါတို့လာပြီ၊ တံခါးဖွင့်ဦး"

"မောင့်သူငယ်ချင်းတွေ လာနေပြီ၊ ရွှေသားကို လွှတ်ပါဦး"

"အဲဒီကောင်တွေကို ထားလိုက်"

"အို… မဟုတ်တာ"

"ဟုတ်လိုက်စမ်းပါ အချစ်ရာ"

"မောင်နော်… ဘယ်လိုဖြစ်နေတာလဲ"

"ချစ်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ… ကဲ၊ အဲဒါချစ်ဦး… ချစ်ဦး"

"ဟိတ်… ဘာလို့ လူကို ထုရိုက်နေရတာလဲ"

အပြင်ဘက်က သီဟတို့အသံကြားလည်း စက်က တံခါး မဖွင့်ပေး။ သူ့ရင်ခွင်ထဲက ရွှေသားမျက်နှာလှလှလေးကို စိတ်ရှိ လက်ရှိ အနမ်းမိုး ရွာနေသူကို ရွှေသား ထုရိုက်ပစ်သည်။

"မောင်က အခုမှ ကဲနေ၊ သည်းနေရတာကို"

"ဟော့ကောင်… စက်"

သီဟကလည်း အိမ်ပြင်က လှမ်းအော်သည်။

"ခြံထဲမှာနေကြဦးဟေ့၊ ငါ မအားဘူး"

စက်ကလည်း အိမ်ထဲက ပြန်အော်သည်။

"မအားရအောင် မင်းက ဘာလုပ်နေလို့တုန်းဟ"

"ငါ့အတွက် ဒုတိယမြောက် မင်္ဂလာဦးည ကျင်းပနေတယ်"

"ဟေး"

"ဒါမှ စက်ကွ"

"အို"

"ဘတ်ချလာနိုက် ဒီည ထပ်လုပ်ကွ"

ဟေးဟေးဟားဟားအသံတွေထဲ ရွှေသားက မောင့်ရင်ဘတ်ကို အဆက်မပြတ်ထုတော့ စက်က ခေါင်းမော့ရယ်သည်။

"သူတို့တော့ တစ်မျိုးထင်ကုန်တော့မှာပဲ မောင်ရယ်"

"ထင်ပါလေ့စေ"

"မောင်နော်"

"လာစမ်းပါ"



"အခုကစပြီး အချစ်တွေ တစ်ကပြန်စကြစို့"

"မောင်နော်"

"အို"

ရှုတ်နောက်နောက် စကားပေမဲ့ ကတယ်တမ်းကြတော့ သူမ ကိုယ်လေးကို သိမ်းပွေ့တာ တမ်းတသော အနမ်းတွေကို ရှောင်ဖယ်၍ မရတော့။

မောင့်အနမ်း၊ မောင့်နှုတ်ခမ်းနှင့် မောင့်ရင်ခွင် လွင်ပြင်သည်ကား သူမအတွက် အသစ်ဖြစ်သော ရင်ခုန်သံအား ဖန်ဆင်းပေးသည့် အေးမြသော အရိပ်အဖြစ် မောင့်ရင်ခွင်မှာ မြတ်နိုးအားကိုးစွာ မှီတွယ်လိုက်၏။

နှလုံးစိတ်ဝမ်း ငြိမ်းချမ်းပါစေ

ဆုအဉ္ဇလီ

www.burmeseclassic.com